၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၁၀) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် ၊ ကြာသပတေး၊ (မေ ၂၆ ၊ ၂၀၁၁)

# ကုမ္ပဏီအသစ် ထူထောင်ခြင်းနှင့် သက်တမ်းတိုးခြင်းများ တစ်ကြိမ်တည်း တစ်နေရာတည်းနှင့်အပြီး ဝန်ဆောင်မှုပေးပြီ

**အားမာန်**

**နေပြည်တော်၊ မေ - ၂၂**


ကုမ္ပဏီအသစ်မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းများကို အချက်အလက်ပြည့်စုံပါက တစ်ကြိမ်တည်းနှင့်အပြီး ဆောင်ရွက်ပေးသည့်စနစ်(One Stop Service)ကို မေလ ၁၈ ရက်မှစတင်ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဒေါက်တာကံဇော်က ပြောကြားသည်။

"One Stop Service ကို ၁၈-၅-၂၀၁၁က စလုပ်နေပြီ"ဟု နေပြည်တော်တွင် မေလ ၂၀မှ ၂၂ ရက်အထိ ကျင်းပခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၌ ဒေါက်တာကံဇော်က မေ ၂၁ရက်တွင် ပြောကြားသည်။

ထိုဝန်ဆောင်မှုစတင်ချိန်မှ မေ ၂၂ ရက်အထိ ကုမ္ပဏီ ၂၅ခုကို ကုမ္ပဏီစတင်ဖွဲ့စည်းခြင်းနှင့် သက်တမ်းတိုးခြင်းအတွက် ထိုစနစ်ဖြင့် ဝန်ဆောင်မှုပေးခဲ့ပြီဖြစ်ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုက မေ ၂၂ရက်တွင် ပြောကြားသည်။

ထို့ကြောင့် ကုမ္ပဏီသစ် ဖွဲ့စည်းလိုသူများမှာ ကုမ္ပဏီအမည် တူမရှိဘဲ

စာ(၁၂)သို့



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ၎င်း၏စီးပွားရေးအကြံပေးပညာရှင် ဒေါက်တာဦးမြင့်တို့ မေလ ၂၀ရက်က နေပြည်တော်၌ပြုလုပ်ခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ တစ်ဦးကိုတစ်ဦး ရင်းနှီးစွာတွေ့ရစဉ်

ဓာတ်ပုံ - အားမာန်

# မြန်မာဖွံ့ဖြိုးရေး အရင်းအမြစ်အဖွဲ့ MDRI တည်ထောင်ရန် သမ္မတအကြံပေးပညာရှင် ပြောကြား

**အားမာန်**

**နေပြည်တော်၊ မေ - ၂၀**

မြန်မာနိုင်ငံ၏စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် စောင့်ကြည့်ရန်နှင့် ပြန်လည်သုံးသပ်ရန် မြန်မာဖွံ့ဖြိုးရေး အရင်းအမြစ်အဖွဲ့ (MDRI) Myanmar Development Resource Institute ကို နိုင်ငံတော်က ဖွဲ့စည်းရန် သမ္မတစီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်က အကြံပြုပြောကြားသည်။

"လွတ်လပ်ရမယ်၊ နိုင်ငံရေးနဲ့မပတ်သက်ရဘူး၊တရားဝင်ဖြစ်ရမယ်"ဟုဒေါက်တာဦးမြင့်က

စာ(၃၀)သို့

# ကြိုတင် လျှောက်ထားရသော ဆိုက်ရောက်ဗီဇာ လျှောက်ထားရသည့် ပုံစံပြောင်း

**အောင်သူရ**

**ရန်ကုန်၊ မေ - ၂၃**

ကြိုတင်လျှောက်ထားရသော ဆိုက်ရောက်ဗီဇာ(Pre-Arrangement Visa On Arrival)ပြည်ဝင်ခွင့်အား ပြည်ထဲရေးဝန်ကြီးဌာနတွင် လျှောက်ထားစရာမလိုတော့ဘဲဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ တိုက်ရိုက်လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

စာ(၁၂)သို့

## ရန်ကုန်မြို့တွင်အများဆုံးဖြစ်သွားသောမှုခင်းမှာ လောင်းကစားမှုဖြစ်

စာ (၂၅)သို့



၂၀၁၀ပြည့်နှစ် ဇူလိုင်လကပြုလုပ်ခဲ့သော လှော်ကားဥယျာဉ်ဖိတ်ခေါ်သစ်ပင်စိုက်ပျိုးပွဲတွင် ပါဝင်စိုက်ပျိုးနေကြသူများ

ဓာတ်ပုံ - အေးအမ်ကေ

# အစိမ်းရောင်အစီအစဉ် စတင်တော့မည်


**အေးမြကျော်၊ အိဖြူမွန်**

**ရန်ကုန်၊ မေ ၂၃**

နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှုဖြင့် ယခုနှစ်မိုးရာသီကာလတွင် မြန်မာနိုင်ငံတစ်ဝန်း၌ သစ်ပင်ပျိုးပင်ပေါင်းသန်း၃၀ကိုစိုက်ပျိုးသွားရန် စီစဉ်လျက်ရှိကြောင်း သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းကပြောသည်။

"ဒီနှစ်မိုးရာသီမှာနိုင်ငံတစ်ဝန်း သစ်ပင်သန်း၃၀စိုက်သွားမယ်။ ဒါဟာနိုင်ငံရဲ့ပထမဆုံး Green Wave Program (အစိမ်းရောင်အစီအစဉ်)လို့ပြောနိုင်ပါတယ်"ဟုမေလ ၂၃ရက်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများနှင့်တွေ့ဆုံစဉ် ဝန်ကြီးက ပြောကြားခဲ့သည်။

စာ(၃၀)သို့



7 DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011


မေလ ၇ရက်တွင် ရန်ကုန်မြို့၌ မိုးသည်းထန်စွာရွာသွန်းနေစဉ်။

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# အနောက်တောင်မုတ်သုံလေ ဝင်ရောက်ပုံ ထူးဆန်း

**အောင်သူရ**

**ရန်ကုန်၊ မေ - ၂၃**


အနောက်တောင် မုတ်သုံလေသည် ပုံမှန်နှစ်များထက် ထူးခြားသောပုံစံဖြင့် ယခုနှစ်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ကြောင်း မိုးလေဝသပညာရှင်ဒေါက်တာ ထွန်းလွင်ကပြောသည်။

"ဒီနှစ် ဝင်တဲ့ပုံစံက အကုန်လုံးဆက်တိုက်ဆက်တိုက်ဝင်တာ။ ဒေသတစ်ခုနဲ့တစ်ခု တစ်ရက်၊နှစ်ရက်ပဲခြားတယ်။ ဒါက ဆိုးကျိုးထက် ကောင်းကျိုးပိုများပါတယ်။ မိုးကောင်းမယ်ပေါ့"ဟု ဦးထွန်းလွင်ကဆိုသည်။

ထို့အပြင် ယခုနှစ် မုတ်သုံလေစတင်ဝင်ရောက်သောမိုးကြိုကာလတွင် ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းတစ်လုံးမှ မဖြစ်ပေါ်ခဲ့ခြင်းမှာလည်း ထူးခြားခဲ့ပြီး ဝင်ရောက်နေသော မုတ်သုံလေမှာ အားမကောင်းဘဲရှိနေသည်ဟု ဆိုသည်။

မုတ်သုံလေသည် မေလ ၉ ရက်ကစ၍ မြန်မာနိုင်ငံတောင်ပိုင်းသို့ စတင်ဝင်ရောက်ခဲ့ပြီး မေလ ၁၅ရက်တွင်မြစ်ဝကျွန်းပေါ်သို့ ရောက်ရှိကာ မြန်မာနိုင်ငံ အလယ်ပိုင်းသို့ ၂၂ရက်တွင် ရောက်ရှိကာ မေလမကုန်မီ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်မည်ဟု ဦးထွန်းလွင်ကပြောသည်။

ထို့ကြောင့် ယခုရက်ပိုင်းတွင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမိုး ရွာသွန်းနိုင်ကြောင်း မေလ ၂၃ရက် ဦးထွန်းလွင်၏ ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။


မုတ်သုန်လေဝင်ရောက်ပုံကို ပြထားသော သရုပ်ပြပုံ

# ကားပေါ်တင်၍သယ်ဆောင်သော လိုင်စင်မဲ့ဆိုင်ကယ်များကို ဖမ်းဆီးမည်

**ထူးသန့်**

**နေပြည်တော်၊ မေ - ၁၉**

အဝေးပြေးယာဉ်ကြီးများပေါ်တွင် တင်ဆောင်ကာ နေပြည်တော်ကောင်စီနယ်မြေအားဖြတ်သန်း သယ်ယူသော လိုင်စင်မဲ့ဆိုင်ကယ်များကို စစ်ဆေးတွေ့ရှိပါက ဖမ်းဆီးအရေးယူ သွားမည်ဖြစ်ကြောင်း ယနေ့ကျင်းပခဲ့သော နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအစည်းအဝေး (၁၈/၂၀၁၁)မှသိရှိရသည်။

နေပြည်တော် တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးက မန္တလေးဘက်မှလာသော ယာဉ်များပေါ်တွင် ဆိုင်ကယ်များ တင်ဆောင်လာသည်ကိုတွေ့ရှိရကြောင်း၊ ၎င်းဆိုင်ကယ်များတွင် လိုင်စင်မဲ့ဆိုင်ကယ်များလည်း အများအပြား ပါဝင်ကြောင်း တင်ပြဆွေးနွေးရာမှ အဆိုပါလိုင်စင်မဲ့ ဆိုင်ကယ်များအား စစ်ဆေးတွေ့ရှိပါက ဖမ်းဆီးအရေးယူရန် အစည်းအဝေးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ မော်တော်ဆိုင်ကယ်ဈေးကွက်ဝေစုကို ပမာဏအများဆုံး ရယူထားသော တရုတ်နိုင်ငံထုတ်ဆိုင်ကယ်များမှာ မန္တလေးမြို့မှတစ်ဆင့် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့ သယ်ယူဖြန့်ဖြူးလျက်ရှိရာ ထိုကဲ့သို့ ဖမ်းဆီးခြင်းကြောင့် ဆိုင်ကယ်ဈေးနှုန်းများလည်း အပြောင်းအလဲဖြစ်ပေါ်လာနိုင်ကြောင်းဝယ်/ရောင်းသမား တစ်ဦးက သုံးသပ်ပြောသည်။

# ဝန်ကြီးအဆင့်များ ပါဝင်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီတစ်ရပ်ဖွဲ့စည်း

**အေးမြကျော်၊အိဖြူမွန်**

**ရန်ကုန်၊ မေ - ၂၃**

**မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်သွားနိုင်ရန် ဝန်ကြီးဌာန၁၉ခုပါဝင်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းလိုက်ကြောင်း သစ်တောရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောကြားသည်။**

အဆိုပါကော်မတီကိုနိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၁ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဝန်ကြီးဌာန၁၉ခုမှဝန်ကြီး၊ဒုဝန်ကြီးများနှင့်ညွှန်ကြားရေးမှူးချုပ်များနှင့် စုစုပေါင်း ၂၁ဦး ပါဝင်ကာ ဥက္ကဋ္ဌအဖြစ် သစ်တောရေးရာဝန်ကြီးက တာဝန်ယူထားကြောင်းသိရသည်။

ယခင်ကသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်ခဲ့ပြီးသော အတွေ့အကြုံများ အောင်မြင်မှုများ၊ ရလဒ်များသည်လက်ရှိကော်မတီအတွက်အခြေခံကောင်းများဖြစ်သည်ဟု ဝန်ကြီးက ပြောကြားခဲ့ကြောင်း မေလ၁၄ရက်နေ့ထုတ်သတင်းစာတွင် ဖော်ပြထားသည်။ ယခုကော်မတီသည် အစိုးရသစ်လက်ထက်တွင်ဖွဲ့စည်းလိုက်သော အမျိုးသားအဆင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီတစ်ရပ်လည်းဖြစ်သည်။

ယခင်ရှိခဲ့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ဆောင်ရွက်ချက်များကို လေ့လာပြီး လက်တွေ့အကောင်ထည်ဖော်ဆောင်ရွက်နိုင်မည့် Action Planတစ်ခုကိုအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းလည်းသိရသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစိုးရအဖွဲ့အစည်းတစ်ခု အနေဖြင့် အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်(NCEA)ကို၁၉၉၀ခုနှစ်က ဖွဲ့စည်းထားခဲ့ပြီး ယခုအခါ ထိုကော်မရှင်ကိုဖျက်သိမ်းရန် စီစဉ်ဆောင်ရွက်နေကြောင်း သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးကပြောကြားခဲ့သည်။ "ဖျက်သိမ်းဖို့စီစစ်နေတာတော့ရှိတယ်လို့သိရပါတယ်။အစိုးရအဖွဲ့ကပဲ စိစစ်နေဆဲဖြစ်ပါတယ်။ကော်မတီအနေနဲ့ကတော့ တရားဝင်ဖွဲ့စည်းပြီးပါပြီ'ဟု ဝန်ကြီးက မေ ၂၃ရက်တွင် 7DayNews၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

# ပြည်တွင်း ကွန်တိန်နာခများ ဈေးတက်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ မေ - ၂၁**

စက်သုံးဆီဈေးမြင့်ခြင်း၊ ဒေါ်လာ-တန်ဖိုး မတည်ငြိမ်ခြင်းတို့ကို ကာမိစေရန် ပြည်တွင်းကွန်တိန်နာ ငှားရမ်းခများပါ ဈေးနှုန်းမြင့်တက်လာကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်များထံမှ စုံစမ်းသိရသည်။

ယခုကဲ့သို့ ဈေးနှုန်းများမြင့်တက်ခြင်းသည်ကုန်စည်စီးဆင်းမှု အားကောင်းလာခြင်းကြောင့် မဟုတ်ဘဲ သဘော်ခများ ဈေးကြီးခြင်းကြောင့်ဖြစ်ကြောင်း၊ ဈေးနှုန်းများမြင့်တက်လာမှုမှာလည်း ဒေသတွင်းနှင့် အာရှလိုင်းများထက် ဥရောပလိုင်းများ၌ ပိုမိုများကြောင်း သိရသည်။



"လောလောဆယ်ပြည်တွင်း အခြေအနေက တရုတ်ကဝယ်လိုအား ပေါ်မူတည်ပြီး Export များရင် ဒီထက်ဈေးပိုတက်လာနိုင်တယ်" ဟု ကွန်တိန်နာလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ရန်ကုန်မှ ဘေဂျင်းသို့ကွန်တိန်နာ ငှားရမ်းခသည် ယခုလဆန်းပိုင်းက ကန်ဒေါ်လာ ၂၇၀၀ ကျော်သာရှိသော်လည်း ယခုရက်ပိုင်းတွင် ကန်ဒေါ်လာ ၂၉၀၀ ထိ ဈေးတက်လာသည်။

ထို့အပြင် ကွန်တိန်နာဝန်ဆောင်မှုလုပ်ငန်း၏ အခက်အခဲတစ်ခုမှာ သဘော်တင်ရန် ကားများ ငှားရမ်းရမှု ရှားနေခြင်းဖြစ်သည်။ ကားတစ်စီးကို ကွန်တိန်နာ၏ သယ်ယူခမှာ ယခင်က တစ်သိန်းခြောက်သောင်းကျပ်သာ ရှိသော်လည်း ယခုအခါ နှစ်သိန်းနီးပါးထိ ဈေးမြင့်လာသည်။

ယင်းသို့ကွန်တိန်နာကားများ ငှားရမ်းရမှု ခက်ခဲလာခြင်းသည် နယ်သို့ဆင်း၍ အခြားကုန်စည်များ တင်ဆောင်နေခြင်းကြောင့်ဖြစ်သည်။ ယင်းသို့ နယ်၌ သယ်ယူပို့ဆောင်မှု ပြုလုပ်ရခြင်းသည် ရန်ကုန်ထက် ကုန်စည်ပို့ဆောင်ခစရိတ် ပိုရခြင်းကြောင့်ဖြစ်ကြောင်းကို ဘုရင့်နောင်မှ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင် တစ်ဦးက ရှင်းပြသည်။

# ရန်ကုန်ရှိ ဝက်ခြံအချို့အား စတင် ကွင်းဆင်း စစ်ဆေး

**သန်းဌေး**

**ရန်ကုန်၊ မေ - ၂၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တစ်နိုင်တစ်ပိုင်မွေးမြူထားသော ဝက်ခြံများတွင် ဝက်သေဆုံးမှုများ ရှိနေသောကြောင့် သက်ဆိုင်ရာမှ ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း တိရစ္ဆာန်ရောဂါရှာဖွေထိန်းချုပ်ရေးဌာန ဒုတိယ ညွှန်ကြားရေးမှူးဒေါက်တာမောင်မောင်ကြွင်က ပြောသည်။

"မြို့နယ်နဲ့ ခရိုင်က တာဝန်ရှိသူတွေသွားပြီးကွင်းဆင်းစစ်ဆေးနေပါပြီ"ဟု သတင်းကြားသော အင်းစိန်မြို့နယ်အတွင်းရှိ ဝက်ခြံများအား စစ်ဆေးလျက်ရှိကြောင်း ၎င်းက 7Day News သို့ပြောသည်။

အဆိုပါစစ်ဆေးနေသူများက ဓာတ်ခွဲခန်းသို့ နမူနာ ပို့ရသည်။ ဝက်တို့၏ နမူနာပစ္စည်းများအား စစ်ဆေးပြီးမှသာ မည်သည့် ရောဂါကြောင့်ဝက်များသေဆုံးရသည်ကို အဖြေထုတ်ပြန်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ဝက်တွေသေတာ အစာမစားဘဲ မှိုင်နေတာတွေ သူ့ခြံဝန်းကျင်မှာ ရှိနေတယ်"ဟု ဝက်စာများ နေ့စဉ်သိမ်းယူလေ့ရှိသော အင်းစိန်မြို့နယ်ရှိတစ်နိုင်တစ်ပိုင် ဝက်မွေးမြူသူတစ်ဦးက ပြောသည်။ ယခုနှစ်ဆန်းပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မကွေးတိုင်းဒေသကြီး၊ နေပြည်တော် ခရိုင်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝက်နားရွက်ပြာရောဂါဖြစ်ပွားခဲ့သည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ ရောဂါမကူးစက်ရန် ထိန်းချုပ်မှုများ ပြုလုပ်ခဲ့သည်။ ထိုအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးသို့ ဝက်နှင့် ဝက်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်ရောင်းချမှုအား လုံးဝမပြုလုပ်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကနိုင်ငံပိုင် မီဒီယာများမှ နှိုးဆော်ချက် ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

"ပဲခူးမှာ ဝက်သားဈေး တစ်ပိဿာကိုသုံးထောင်ဖြစ်နေတယ်။ ရန်ကုန်မှာတော့ ခုနှစ်ထောင်နဲ့ ရောင်းတုန်းပါပဲ"ဟု နေ့စဉ်ဈေးဝယ်နေရသူတစ်ဦးကပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အခြေခံကျောင်းအချို့တွင် အလှူငွေကောက်ခံမှုများ ရှိနေဆဲဟုဆို

**နေလင်းအောင်**

**ရန်ကုန်၊ မေ - ၂၀**

ကျောင်းအပ်ရာသီကာလအတွင်း ကျောင်းသား ကျောင်းသူမိဘများ ထံမှ အလှူငွေကောက်ခံခြင်းမပြုရန်သက်ဆိုင်ရာက တားမြစ်သတိပေးထားသော်လည်း ရန်ကုန်မြို့တွင်းရှိ ကျောင်းအချို့တွင် အလှူငွေပေးနေရဆဲဖြစ်ကြောင်းကျောင်းသားမိဘများထံမှ စုံစမ်းသိရှိရသည်။

ကျောင်းအပ်ရာသီဖြစ်သည့် မေလအတွင်း ရန်ကုန်မြို့တွင်းရှိ အခြေခံပညာသင်ကျောင်းများ ကျောင်းအပ်လက်ခံလျက်ရှိရာ ယခုနှစ်တွင်လည်း ယခင်နှစ်များကဲ့သို့ ကျောင်းအချို့သည် အလှူငွေကောက်ခံနေဆဲဖြစ်ကြောင်း သိရသည်။

“ပြီးခဲ့တဲ့ အပတ်က အိမ်က ကလေးနှစ်ယောက်အပ်တော့ အလှူငွေဆိုပြီး သက်သက်ပေးခဲ့ရတယ်။ သူတို့က ဘယ်လောက်ဆိုပြီးတော့ အတိအကျမတောင်းဘူး။ ဒါပေမဲ့ အနည်းဆုံး ၃၀၀၀ ပေးရတယ်” ဟု တာမွေမြို့နယ်ရှိ အထက်တန်းကျောင်းတစ်ကျောင်းတွင်သွားရောက်အပ်နှံခဲ့သူကျောင်းသားမိဘတစ်ဦးက ပြောသည်။

အလားတူ ရန်ကုန်မြို့အခြားမြို့နယ်များတွင်လည်း ကျောင်းအချို့ ကျောင်းအပ်နှံချိန်တွင် အလှူငွေကောက်ခံနေဆဲ ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ယင်းနှင့်ပတ်သက်၍ ရွှေပြည်သာမြို့နယ်မှ ကျောင်းသားမိဘတစ်ဦးက “ဒီနှစ်ကျောင်းအမိုးတွေရယ်၊ ပျက်စီးတာတွေပြုပြင်ဖို့ဆိုပြီးတော့ အနည်းဆုံးအလှူငွေ ၁၀၀၀ ဆိုပြီး သတ်မှတ်တယ်။ ကျောင်းသားမိဘတွေကလည်း ကလေးမျက်နှာငယ်မှာစိုးလို့အနည်းဆုံးက၃၀၀၀စီလောက်ထည့်ကြတယ်” ဟု ရွှေပြည်သာမြို့နယ် အထက်တန်းကျောင်းတစ်ကျောင်းတွင်ကျောင်းအပ်နှံခဲ့သည့် ကျောင်းသားမိဘတစ်ဦးက ပြောသည်။

အခြေခံကျောင်းများ၌ကျောင်းအပ်သည့်ကာလအလှူခံမှုများနှင့်ပတ်သက်၍ ကျောင်းအပ်သည့်အချိန်တွင် မည်သည့် အလှူခံခြင်းမှမပြုလုပ်ကြရန်နှင့် ရန်ပုံငွေရရှိရန်ပစ္စည်းရောင်းချခြင်းတို့ မပြုရန် ကျောင်းများအား တားမြစ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မီဒီယာများနှင့်တွေ့ဆုံပွဲတွင် ဖော်ထုတ်ပြောကြားခဲ့သည်။



သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူက ရှင်းလင်းပြောကြားစဉ်

# သမဝါယမအသင်းပိုင် ငွေနှင့်ပစ္စည်းများ ပြန်လည်လွှဲပြောင်းပေးမည်ဟုဆို

**အားမာန်**

**နေပြည်တော်၊ မေ - ၂၂**

သမဝါယမပိုင် ငွေနှင့်ပစ္စည်းများကို စနစ်တကျကိုင်တွယ်၍ အသုံးချနိုင်သောအသင်းများပေါ်ပေါက်လာချိန်တွင် ပြန်လည်လွှဲပြောင်းပေးမည်ဖြစ်ကြောင်း သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးအေးကိုကပြောကြားသည်။

“CDRF (Co-operative Development Revolving Fund-သမဝါယမဖွံ့ဖြိုးရေး အရင်းမပျောက် မတည်ငွေ)နဲ့ပတ်သက်ပြီး အဲဒီ့မှာ ငွေတွေရှိပါတယ်၊ ပစ္စည်းတွေရှိပါတယ်။ ငွေနဲ့ပစ္စည်းတွေက အရင် သမဝါယမဖွဲ့စည်းစဉ်အခါကတည်းကပြည်သူတွေအားလုံးပိုင်ဆိုင်တဲ့ငွေနဲ့ပစ္စည်းများဖြစ်ပါတယ်။ ၁၉၉၂ ဥပဒေကအသင်းများကိုပြန်လည်ကျစ်လျစ်ခိုင်မာအောင်ဖွဲ့စည်းခဲ့တဲ့အနေအထားမှာ ၁၉၇၀ခုနှစ်က ပါဝင်ခဲ့တဲ့ ပြည်သူလူထုများ လုံးဝပါဝင်လာခြင်းမရှိဘဲ အနည်းစုသော အသင်းသားများ ဘီအိုဒီ(ဒါရိုက်တာအဖွဲ့)များ ပါဝင်လာခဲ့ပြီးတော့ ဦးဆောင်တဲ့အပိုင်းမှာ ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ အများပိုင်ပစ္စည်းတွေကို ဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းပြီး ဆောင်ရွက်ထားတာသာဖြစ်ပါတယ်။ ချုပ်ကိုင်ထားခြင်းလည်း မရှိပါဘူး။ အဲဒီ့အပေါ်မှာ အများပိုင်ပစ္စည်းကိုစနစ်တကျကိုင်တွယ်ပြီး အသုံးချနိုင်တဲ့ အသင်းများဖြစ်ပေါ်လာတဲ့နေ့ တစ်နေ့မှာ ဒါတွေကို ပြန်လည်လွှဲပြောင်းပြီးတော့ အသင်းရဲ့ရှင်သန်ဖွံ့ဖြိုးမှုကို ဆောင်ရွက်ပြီးတော့



7 DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011

CRIME CORNER

## ညီမဝမ်းကွဲတော်သူနှင့် အမျိုးသမီးငယ်အား လူကုန်ကူးကာ ပြည့်တန်ဆာအဖြစ် ခိုင်းစေသူကို ထောင်ဒဏ် ၁၀နှစ်ချမှတ်

**အိဖြူလွင်**

**ရန်ကုန်၊ မေ – ၁၉**

ညီမဝမ်းကွဲတော်စပ်သူနှင့် အခြားမိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံတွင်ပြည့်တန်ဆာအဖြစ် လုပ်ခိုင်း၍ လူကုန်ကူးခဲ့သူ အသက် ၂၇နှစ်အရွယ်ရှိအမျိုးသမီးအား တောင်ငူဒုတိယခရိုင် တရားရုံးက ထောင်ဒဏ်၁၀နှစ်ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် ၂၀၀၈ ခုနှစ်ကတည်းက တောင်ငူခရိုင် ဇရပ်ကြီးရဲစခန်းအပိုင်ရှိ . . . ရွာတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟုသိရသည်။

ဖြစ်ပွားခဲ့ပုံမှာ ၎င်းရွာ၌ နေထိုင်သူ အလယ်တန်းပြဆရာမ . . . . သည် နေအိမ်တွင်ရှိနေစဉ်တူမဝမ်းကွဲတော်စပ်သူ တောင်ငူမြို့၌ နေထိုင်သည့် မီးငယ်(ခ)သီတာမိုး ရောက်ရှိလာခဲ့ပြီး တရုတ်နိုင်ငံရှိအလှပြင်ဆိုင်တွင် အလုပ်လုပ်ပါက တစ်လလျှင် စရိတ်ငြိမ်းငွေကျပ်တစ်သိန်းရရှိမည်ဟုပြော၍ ဆရာမ၏ သမီးနှင့် အခြားမိန်းကလေးတစ်ဦးကိုပါ ခေါ်ဆောင်သွားခဲ့သည်။

၂၀၁၀ ဇူလိုင်လတွင် ခေါ်ဆောင်သွားခံရသည့် မိန်းကလေးနှစ်ဦးပြန်ရောက်လာ၍ မေးမြန်းရာ မီးငယ်ခေါ် သီတာမိုးက ရွှေလီမြို့ထိခေါ် သွားခဲ့ပြီး ၎င်း၏ ညီမအိစန္ဒာထံလွှဲပြောင်းခဲ့ကြောင်း၊ အလှပြင်ဆိုင်တွင် အလုပ်မရဘဲ အိစန္ဒာ၏ ခင်ပွန်း တရုတ်လူမျိုး ထန်ဘောဆိုသူက အနှိပ်ခန်းတွင် ပြည့်တန်ဆာအဖြစ် ညှင်းပန်းနှိပ်စက်ကာ အဓမ္မစေခိုင်းသဖြင့် ခုနစ်လခန့် လုပ်ကိုင်ခဲ့ရသည်။

ထို့နောက်အနှိပ်ခန်းမှထွက်ပြေးခဲ့ရာ စီချွမ်ပြည်နယ်ရဲစခန်းတွင် လေးလခန့်အဖမ်းခံခဲ့ရပြီး စီချွမ်ပြည်နယ်၌ပင် ကိုးလခန့် စိုက်ပျိုးရေးလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက်နေထိုင်ခဲ့ရာမှ ထွက်ပြေးလာ၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်းပြောပြခဲ့သည်။ ယင်းနောက် ဇရပ်ကြီးရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်ဟု သိရသည်။

ဇရပ်ကြီး ရဲစခန်းမှ (ပ) ၂၅/ ၂၀၁၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ဖြင့် အမှုဖွင့်ခဲ့ပြီး တရားစွဲတင်ခဲ့ရာ တောင်ငူဒုတိယခရိုင် (၁) တရားရုံးမှ ရာဇဝတ်ကြီးမှု အမှတ် ၄၆/ ၂၀၁၀ဖြင့်လက်ခံစစ်ဆေးခဲ့ပြီး မီးငယ်(ခ)သီတာမိုးအား ၂၀၁၁၊ ဧပြီလ ၂၆ရက်တွင်ထောင်ဒဏ်၁၀နှစ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

## ဟိုတယ်အဲကွန်းအပူလွန်ရာမှ မီးလောင်မှုဖြစ်ပွား

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ – ၂၀**

ကျောက်တံတားမြို့နယ်ရှိBeauty Land -2 ဟိုတယ်တွင် မေလ ၁၅ ရက်က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

အဆိုပါဟိုတယ်မှာကျောက်တံတား –၁ရပ်ကွက်(၃၃)လမ်း အထက်အမှတ် ၁၈၈ / ၁၉၁ လေးထပ်တိုက် လေးလွှာ၊ အခန်း (၄၀၃)မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုမှာ အခန်းတွင်းရှိ အဲကွန်းချို့ယွင်းမှုကြောင့် အပူလွန်ကဲစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း အထက်ပါဌာနမှ တာဝန်ရှိသူကပြောသည်။

မီးလောင်မှုကြောင့် အဲကွန်းနှင့် ပန်ကာတစ်လုံးမီးလောင်ခဲ့၍ ဆုံးရှုံးမှု ကျပ် ၁၀၀၀၀၀ ရှိသည်ဟု မီးသတ်ဌာနက ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါမီးသည် မေ ၁၅ ရက် နံနက် ၃ နာရီ၄၅ မိနစ်တွင် စတင်လောင်ကျွမ်း၍ ၄ နာရီ ၁၀မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်းသိရသည်။ မီးလောင်မှုအား(ပ)၁၄၃/ ၂၀၁၁ ပုဒ်မ ၂၈၅ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

# ထိုင်းသို့ အလုပ်သွားလုပ်မည့် မြန်မာများကို ပွဲစားများက အကြွေးစနစ်ဖြင့်ပို့

**အောင်သူရ**

**ရန်ကုန်၊ မေ – ၁၉**

ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသော မြန်မာရွှေ့ပြောင်းလုပ်သားများအား ပွဲစားများက အကြွေးစနစ်ဖြင့် ပို့ဆောင်ပေးနေကြောင်းသတင်းရရှိသည်။

"မှတ်ပုံတင်နဲ့ သန်းခေါင်စာရင်းရှိရင် ပို့ပေးတယ်။ ပြီးမှ လစာထဲကနေ ဘတ်သုံးသောင်းပြန်ဖြတ်တဲ့ လူရှိတယ်။ ဘတ်လေးသောင်းဖြတ်တဲ့ လူရှိတယ်"ဟု ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် နှစ်နိုင်ငံ အစိုးရချင်း သဘောတူညီချက်အရ မြန်မာနိုင်ငံမှသွားရောက်အလုပ်လုပ်ကိုင်လိုသော လုပ်သားများအား တရားဝင် ခွင့်ပြုချက်ရရှိထားသော အေဂျင်စီများက ပို့ဆောင်ပေးနေမှုများလည်းရှိသည်။

ယခုနှစ်တွင် ကျေးလက်ဒေသများ၌ စပါးနှင့်ပဲရိတ်သိမ်းချိန်တွင် ရာသီဥတုဖောက်ပြန်သဖြင့် တောင်သူများ အရှုံးပေါ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူ အထူးများပြားခဲ့သည်ဟု ပဲခူးဒေသခံ ကားဂိတ်များထံမှသိရသည်။

ထို့အပြင် ထိုင်းနိုင်ငံအစိုးရကလည်း ဇွန်လဆန်းမှစ၍ ထိုင်းနိုင်ငံအတွင်း လာရောက် အလုပ်လုပ်ကိုင်နေသော ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်အသစ်များ ထပ်မံထုတ်ပေးသွားမည်ဖြစ်သည်။

ယခင်နှစ်များက ထိုင်းနိုင်ငံတွင် ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ လာရောက်လုပ်ကိုင်သူ များပြားခဲ့သော်လည်း ယခုနှစ်တွင် ထိုနိုင်ငံများမှ လာရောက်အလုပ်လုပ်ကိုင်သူ နည်းပါးလာသဖြင့် ရွှေ့ပြောင်းလုပ်သားရှားပါးမှုပြဿနာ ကြုံတွေ့နေရသည်ဟု သိရသည်။

# ရွှေလုပ်ကွက်များကြောင့် ဧရာဝတီနှင့် ချင်းတွင်းတွင် မြစ်ရေနောက်ကျိမှုများပိုမိုကြုံတွေ့

**အိဖြူမွန်**

**ရန်ကုန်၊ မေ – ၂၁**

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေဝေရေလဲ ဒေသတွင် သုံးနှစ်တာကာလအတွင်း ရွှေတူးဖော်သည့် လုပ်ကွက် များပြားလာသည့်အပြင် စွန့်ပစ်မြေစာများ တိုက်ရိုက်စွန့်ပစ်ခြင်းများကြောင့် မြစ်ရေနောက်ကျိကာ မသန့်ရှင်းမှုများ ကြုံတွေ့နေရကြောင်း ယင်းမြစ်များနှင့် နီးစပ်သောမြို့နေဒေသခံအချို့က ပြောသည်။



**မြစ်ဆုံအနီး ရွှေတူးဖော်ရေးလုပ်ငန်းများနှင့် နောက်ကျိနေသော မြစ်ရေတို့ကိုတွေ့ရစဉ်။** ဓာတ်ပုံ – အေးမြကျော်

မြစ်အတွင်း တရားဝင်ခွင့်ပြုထားသော ရွှေလုပ်ကွက်များအပြင် ယခုအခါ တရားမဝင် ရွှေတူးဖော်မှုများရှိလာကြောင်း ဧရာဝတီမြစ်တွင်း တရားမဝင် ရွှေတူးဖော်သည့် အမှုများ ဖမ်းဆီးရရှိမှုလျော့နည်းသော်လည်း ချင်းတွင်းမြစ်တွင်း တရားမဝင် ရွှေတူးဖော်သည့် လုပ်ငန်းများ ဖမ်းဆီးရာ၌ တစ်နှစ်လျှင် အမှုသုံးခုထက် မနည်းရှိကြောင်း သက်ဆိုင်ရာ ရေအရင်းအမြစ်ထိန်းသိမ်းရေးနှင့်မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့မှ စုံစမ်းသိရှိရသည်။

ယင်းမြစ်များတွင် တရားဝင် ရွှေတူးဖော်သူ များပြားလာမှုနှင့် တရားမဝင် ရွှေတူးဖော်သူများ၏ စွန့်ပစ်မြေစာတိုက်ရိုက်စွန့်ပစ်ခြင်းကြောင့် ဧရာဝတီမြစ်ဆုံတွင် မေခမြစ်၌ကြည်လင်သော ရေနှင့် နောက်ကျိသော ရေတစ်ဝက်ရှိနေကြောင်း ယင်းအပြင် ဗန်းမော်မြို့ ဆိပ်ကမ်းအား သင်္ဘောများ မဆိုက်ကပ်နိုင်သည်မှာ လေးနှစ်ခန့်ရှိပြီဖြစ်ကြောင်း မင်းကွန်းနှင့် ဗန်းမော်မြို့သို့ ကုန်ကူးနေသူ ကုန်သည်တစ်ဦးကပြောသည်။

"အရင်က ဗန်းမော်မြို့အထိ သင်္ဘောဆိုက်ကပ်နိုင်သေးတယ်။ အခုက တစ်မိုင်သာသာဝေးတဲ့ ညောင်ပင်သာ ဆိပ်ကမ်းကိုပဲ ကပ်နိုင်တော့တယ်။ မိုးအကုန်ဆောင်းဆိုရင် ညောင်ပင်သာကိုတောင် မကပ်နိုင်တော့ဘူး။ ဗန်းမော်က ခေါက်တို စက်လှေကိုပဲ အားကိုးနေရတယ်။ စာ(၁၂)သို့

# မေလအတွင်း ဂြိုဟ်ခြောက်လုံးပူးဖြစ်စဉ်နှင့် နက္ခတ်အရ ဂြိုဟ်စစ်ထိုးသည့် ဖြစ်စဉ်များဖြစ်ပေါ်ခဲ့

**ဥက္ကာကိုကို**

**ရန်ကုန်၊ မေ – ၁၄**

ယခု မေလအတွင်း ဂြိုဟ်ခြောက်လုံး ပူးယှဉ်သည့်ဖြစ်စဉ်များနှင့် နက္ခတ်အရဂြိုဟ်စစ်ထိုးသည့်ဖြစ်စဉ် ငါးကြိမ်ပေါ်ပေါက်ခဲ့သည့်အတွက် မေလအား နက္ခတ်ပိုင်းဆိုင်ရာ ထူးခြားဖြစ်စဉ်ကာလအဖြစ် သတ်မှတ်နိုင်ပြီး မေ ၁၅ ရက်မှ ဇွန် ၁၅ ရက်အတွင်း ဂျပန်၊ တရုတ်တိုင်ပေ၊ ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံ၊ တနင်္သာရီကမ်းရိုးတန်းဒေသတို့ကို သက်ရောက်နိုင်သည့် မုန်တိုင်းနှင့် လေဆင်နှာမောင်းဖြစ်စဉ်အချို့ပေါ်ပေါက်နိုင်ကြောင်း နက္ခတ်သိပ္ပံအဖွဲ့က ပြောသည်။

ဂြိုဟ်စစ်ထိုးခြင်းဆိုသည်မှာ တနင်္ဂနွေနေမင်းနှင့် တနင်္လာလမင်းတို့မှလွဲ၍ ကျန်ဂြိုဟ်များ ပူးယှဉ်ခြင်းကို နက္ခတ်ပညာရပ်အရ ခေါ်ဝေါ်ခြင်းဖြစ်ပြီး ယခုလတွင် ဂြိုဟ်များ ပူးယှဉ်မည်ဖြစ်သည့်အတွက် ရောမတွင် မေ ၁၁ ရက် ငလျင်လှုပ်ခတ်လိမ့်မည်ဖြစ်ကြောင်း နက္ခတ်ပညာရှင် ရာဖေးဘင်ဒန်ဒီက ၁၉၇၉ ခုနှစ်ကတည်းက ၎င်းမသေမီ ဟောကိန်းထုတ်ထားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြခဲ့သည်။

အင်္ဂါဂြိုဟ်အနေနှင့် မေလတွင်နေ၏အနောက်ဖက်ဂြိုဟ်ပတ်လမ်း၊ ကမ္ဘာနှင့် အဝေးဆုံးနေရာတွင် ရပ်တည်နေကာ ဂြိုဟ်အများပူးယှဉ်သော်လည်း အင်အားမရှိသောကြောင့် ငလျင်နှင့်ပတ်သက်သော ကြီးမားသည့် အန္တရာယ် မတွေ့နိုင်ဘဲ မုန်တိုင်းလေပြင်းအချို့ကိုသာ တွေ့ကြုံရနိုင်ကြောင်း နက္ခတ်သိပ္ပံအဖွဲ့မှ အမှုဆောင်အရာရှိချုပ် ဦးဇေယျာကိုကပြောသည်။

"လာမယ့် မေ ၂၀ ရက်မှာ အာရှဒေသ ဖိလစ်ပိုင်အနီးမှာ အင်္ဂါနဲ့ ဗုဒ္ဓဟူးဂြိုဟ်ပူးတဲ့ ဖြစ်စဉ်ဖြစ်ပေါ်မယ်။ ထူးခြားချက်က ဒီဂြိုဟ်နှစ်လုံးပူးတဲ့ မြန်မာစံတော်ချိန်နံနက် ၁၀ နာရီ ၂၈ မိနစ်မှာ ထားဝယ်မြို့အနီးက ဖြတ်သွားဖို့ရှိတယ်" ဟု ဦးဇေယျာကိုက ပြောသည်။

မေလ၏ ဂြိုဟ်ပူးဖြစ်စဉ်များအရ မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာများတွင် ရွှေဈေးနှုန်းများ မြင့်တက်ပြောင်းလဲခြင်းကို မေလ ၂၀ ရက်နောက်ပိုင်းကြုံတွေ့ရမည်ဖြစ်ပြီး မတ်ပဲဈေးနှုန်းများ ၄၀ ရာခိုင်နှုန်းခန့် တစ်ဟုန်ထိုးကျဆင်းသွားမှုကိုလည်း ကြုံတွေ့ကြမည်ဖြစ်သော်လည်း မေ ၂၀ ရက်ကျော်လျှင်ပြန်တက်လာမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ဂြိုဟ်စစ်ထိုးခြင်းများမှာ မေ ၁ ရက်က အင်္ဂါနှင့် ကြာသပတေးဂြိုဟ်၊ ၁၁ ရက်နေ့က ဗုဒ္ဓဟူးနှင့် သောကြာ၊ကြာသပတေးနှင့်သောကြာ၊ ၂၀ ရက်နေ့က အင်္ဂါနှင့် ဗုဒ္ဓဟူး၊ ၂၂ ရက်နေ့က အင်္ဂါနှင့် သောကြာဂြိုဟ်များဖြစ်ကြကြောင်း သိရသည်။

ဂြိုဟ်စစ်ထိုးမှုများတွင် အင်္ဂါဂြိုဟ်အနေဖြလင့် လက်ရှိအလင်းတောက်ပသည့် ရာသီဖြစ်သည့်အတွက် နက္ခတ်ပိုင်းအမြင်အရ အနိုင်ရဂြိုဟ်ဖြစ်နေပြီး အင်္ဂါသားသမီးများ ကံဇာတာကောင်းမွန်မည့်ကာလဖြစ်ကြောင်း ဦးဇေယျာကိုကဆိုသည်။


TRI
LIVES BRILLIANTLY


Giorenzo
COLLECTION
RAIN COAT
THE QUALITY OF DREAM
MEN'S AND LADIES' WEARS
BAG COLLECTION

7DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011



မန္တလေး အိုးဘိုထောင်ရှေ့တွင် လွတ်မြောက်လာသူများကို စောင့်ကြိုနေသူများအား တွေ့ရစဉ်

ဓာတ်ပုံ - ညီညီဇော်

# မနလေးထောင်မှ အကျဉ်းသား ၈၉၁ ဦးလွတ်မြောက်

**ညီညီဇော်**

**ရန်ကုန်၊ မေ-၂၂**

နိုင်ငံတော် သမ္မတသည် ၂၀၁၁ ခုနှစ် မေ ၁၇ ရက်မတိုင်မီက ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ သေဒဏ်ချမှတ်ခံရသူများအတွက် ထောင်ဒဏ်တစ်သက်သို့လည်းကောင်း၊ ထောင်ဒဏ်ကျခံရသူများကို လျှော့ပေါ့ရက်များအပြင် တစ်နှစ် ထပ်မံလျှော့၍ လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ရာ မေ ၁၇ ရက် ကဆုန်လပြည့်နေ့က မန္တလေး ဗဟိုအကျဉ်းထောင်တွင် အကျဉ်းကျနေသူ ၈၉၁ ဦးလွတ်မြောက်လာခဲ့သည်။ ၎င်းနေ့က မန္တလေး ဗဟိုအကျဉ်းထောင်အနီးတွင် နံနက်စောစောပိုင်းကပင် ကြိုဆိုသူများပြည့်ကျပ်နေပြီး အကျဉ်းကျနေသူများကို နံနက်ဆယ်နာရီဝန်းကျင်မှစတင်ကာ အသုတ်ခွဲ၍ လွတ်ပေးခဲ့ရာ ပြည့်တန်ဆာမှု၊ ငွေလိမ်လည်မှု၊ နှစ်လုံး သုံးလုံးရောင်းမှု၊ ရည်းစားအခြားသူနှင့်တွဲ၍ အဆိုပါဓားနှင့်ထိုးမှုစသည် အမျိုးစုံသောအမှုများဖြင့်အကျဉ်းကျသူများ လွတ်မြောက်လာခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ မန္တလေးဗဟိုအကျဉ်းထောင်တွင် သေဒဏ်မှ ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ရရှိသူ အမျိုးသား ၁၁၂ဦး၊ အမျိုးသမီး ၃ဦးရှိပြီးလျှော့ရက် တစ်နှစ်ရရှိပြီး လွတ်မြောက်လာသူများမှာ အကျဉ်းသား ၆၀၃ ဦး၊ အကျဉ်းသူ ၂၈၅ ဦး၊ နိုင်ငံခြားသားအကျဉ်းသား ၃ ဦးတို့ဖြစ်ကြောင်း စုံစမ်းသိရသည်။

## စိတ်ကြွဆေးပြားများ ရောင်းချသူတစ်ဦးအား ထောင်ဒဏ် ၁၅ နှစ်ချ

**ကျော်ဇေယျ**

**နေပြည်တော်၊ မေ- ၂၃**

စင်တင်စားသောက်ဆိုင်များ၌ သီချင်းသီဆိုရင်းမှ ဖောက်သည်ရှာပြီး စိတ်ကြွဆေးများရောင်းချနေသူ အဆိုတော်အမျိုးသမီးအား စိတ်ကြွဆေးပြားများ လက်ဝယ်ထားရောင်းချမှုဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် မေလ ၁၁ ရက်က အမိန့်ချမှတ်ခဲ့ကြောင်းသတင်းရရှိသည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက်နံနက် ၄၅ မိနစ်(မေ ၉ ရက်နေ့ည ၁၂ နာရီ ၄၅မိနစ်)အချိန်ခန့်က နေပြည်တော်ပျဉ်းမနားရဲတပ်ဖွဲ့ စခန်းမှူးရဲအုပ်အောင်သန်းခေါင်းဆောင်သောအဖွဲ့ နေပြည်တော် ပျဉ်းမနားဉယျာဉ်စုရပ်ရှိ အမျိုးသမီးတစ်ဦး ငှားရမ်းနေထိုင်သောနေအိမ်သို့ ဝင်ရောက်စစ်ဆေးဖမ်းဆီးရာ နေအိမ်ခေါင်မိုးသက်ငယ်နှစ်ခုကြားတွင် ပင်နဆလင်ပုလင်းဖြင့်ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၃၇ ပြား(စုစုပေါင်းအလေး ချိန် ၃၇ ဂရမ်)အားတွေ့ရှိရသည်ဟုဆိုသည်။

နေပြည်တော် ပျဉ်းမနား မူး/စိတ် (ပ)၂/ ၂၀၁၀ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ တတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၉ (က)အရ အမှုဖွင့်၍ သက်ဆိုင်ရာတရားရုံးတော်က စစ်ဆေးကာ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ဒီတရားခံ မ---- ဆိုတာက စင်တင်တွေမှာ သီချင်း ဆိုတဲ့ အဆိုတော်တစ်ယောက်ပါ။ သူဟာသီချင်းဆိုရင်းက ပတ်ဝန်းကျင်မှာရှိတဲ့ အမျိုးသား၊ အမျိုးသမီးတွေကို စိတ်ကြွဆေးပြားသုံးဖို့ ဆွယ်ပြီးရောင်းချလေ့ရှိကြောင်း၊ ကိုယ်တိုင်လည်း သုံးကြောင်း သိရပါတယ်"ဟု ရဲအရာရှိက ဆိုသည်။

# သပိတ်ကျင်းမြို့နယ် ရွှေလုပ်ကွက်ရှိ အရက်အဆီသောက်သုံးသူအချို့ ကျန်းမာရေးပြနာများစွာဖြစ်ပေါ်လျက်ရှိ

**စိုင်းသာအောင်**

**မန္တလေး၊ မေ-၂၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွက် ရွှေလုပ်ကွက်မှ ရွှေကျင်လုပ်သားများသည် ဓာတုအဆီများဖြင့် ပြုလုပ်ထားသော ဘီအီးအရက်များကို အသောက်များသဖြင့် အသားအရေများ အရေခွံလဲခြင်း၊ အက်ကွဲခြင်းစသည့်အရေပြားရောဂါများ ဖြစ်ပေါ်လျက်ရှိကြောင်း ချောင်းကြီးရွှေလုပ်ကွက်ရှိ ရွှေကျင်လုပ်သားများထံမှ သိရသည်။

ချောင်းကြီးရွှေလုပ်ကွက်မှ ရွှေကျင်သူ အမျိုးသားတစ်ဦးက "ရွှေလုပ်သားအများစုက ဘီအီးသောက်ကြတယ်။ ဘီအီးတစ်ပုလင်း ၅၀၀ ကျပ်က ၇၀၀ ကျပ်တန်လောက် သောက်ကြတယ်။ ခေါင်ရည်က ၂၀၀ ကျပ်တန်လောက်သောက်ကြတယ်။ အထူးသဖြင့် အရက်အဆီ (ဓာတုပစ္စည်း)တွေနဲ့ ရေရောရောင်းတဲ့ ဘီအီးအရက်ကိုသောက်တဲ့လူတွေ အဖြစ်များတာပါ။ သိသာထင်ရှားတာကအဲဒီအရက်သောက်ပြီး ခြောက်လအကြာမှာ လက်မောင်းက လက်ဖဝါးအထိ အရေပြားတွေ မြွေအရေလဲသလို အရေခွံတွေလဲလာတယ်။ အရေပြားတွေ အက်ကွဲလာတယ်။ ခြေသလုံးနဲ့ ပေါင်တွေမှာလည်း ဖြစ်လာတယ်။ အဲလိုဖြစ်ပြီး မဆင်မခြင်နောက်ထပ် ခြောက်လမှ တစ်နှစ်ဆက်သောက်ရင် အဲဒီလူဟာ အလုပ်မလုပ်နိုင်တော့ဘူး။ အသည်း၊ နှလုံး၊ ဦးနှောက်တွေပါ ပျက်စီးပြီး လူစင်မမီတဲ့ ခွေယိုင်ဖြစ်ကုန်ကြတာ တွေ့ရပါတယ်။ အဲဒီအရက်တွေကအရက်အဆီ(ဓာတုပစ္စည်း)နဲ့ရေရောပြီး ရောင်းတာဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်ဆေးဝါးကွပ်ကဲဌာန၏ စစ်ဆေးချက်လည်းမရှိ။ အဲဒီဘီအီးအရက်တွေထဲ ပိုမူးအောင်၊ အာနိသင်ရှိအောင်ဆိုပြီး အချို့ ဘီအီးရောင်းသူတွေက ဓာတ်မြေဩဇာရောတယ်။ အချို့ကပိုးသတ်ဆေးထည့်တယ်။ ကြက်ပေါင်(ရာဘာ)ဖိနပ်အစုတ်၊ စက်ဘီးတာယာ၊ ဆိုင်ကယ်တာယာတွေကို အရက်စဉ့်အိုး တွေထဲမှာထည့်ပြီး စိမ်ထားတာ တွေ့ရတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"အရက်ဆိုင်တွေပါတော့ အရက်သောက်သူတွေပေါတယ်။ အရက်ဆိုင်တွေက မြို့ပြမှ မဟုတ်ပါဘူး။ ကျေးလက်တောကြိုအုံကြားထိရောက်နေပြီ။ ဒီလို လိုင်စင်မဲ့ ဘီအီးအရက်တွေ ရောင်းတာကို ကျန်းမာရေးဝန်ကြီးဌာနနဲ့ တာဝန်ရှိအဖွဲ့အစည်းအဆင့်ဆင့်က ကွင်းဆင်းစစ်ဆေးအရေးယူသင့်ပါတယ်" ဟု သူ၏အမြင်ကို ဆက်လက်ပြောသည်။



# ယခုနှစ်ကျောင်းအပ်ရာသီတွင် သတ်မှတ်ကြေးသာကောက်ခံရမည်ဟု ညွှန်ကြားချက်ထုတ်ပြန်

**သီဟ**

**ရန်ကုန်၊မေ - ၁၇**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ နာမည်ကြီးကျောင်း ၁၉ ကျောင်းမှ ကျောင်းအုပ်ကြီးများအား ရန်ကုန်တိုင်း ပညာရေးဝန်ကြီးမှ ပညာရေးဝန်ကြီးဌာနမှ အရာရှိများ ဆရာများနှင့် အတူတွေ့ဆုံ၍ ယခုနှစ်ကျောင်းဖွင့်ရာသီတွင် ကျောင်းဝင်ခွင့် ရွေးချယ်ရေးအဖွဲ့ဖွဲ့စည်းကာ ကျောင်းဝင်ခွင့်များအား စနစ်တကျဆောင်ရွက်ရန် စီမံဆောင်ရွက်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးဝန်ကြီး ဦးဉာဏ်ထွန်းဦးကပြောသည်။

ထိုသို့ဆောင်ရွက်ရခြင်းမှာ ကျောင်းအပ်ကာလတွင် ကျောင်းအုပ်ကြီးများအား ငွေကြေးသိန်းချီပေးမှသာ ကျောင်းဝင်ခွင့်ရရှိနိုင်သည်ဟူသည့် ပြည်သူများ၏ ခံစားချက်နှင့် ပတ်သက်၍ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဝန်ကြီး ဦးဉာဏ်ထွန်းဦးကပြောသည်။

ထို့အပြင် ယခုနှစ် ကျောင်းအပ် ကာလတွင် ကျောင်းအပ်စဉ်၌မည်သည့် အလှူငွေမျှပေးအပ်ရန်မလိုဘဲ မိဘဆရာ အသင်းကြေး ၅၀၀ ကျပ်နှင့် အားကစား၊ စာရေးကိရိယာနှင့်စာကြည့်တိုက်ကြေး ၅၀၀ ကျပ်၊ အတန်းအလိုက် သတ်မှတ်ထားသည့်ကျောင်းလခများကိုသာ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ထိုကုန်ကျစရိတ်များအပြင် ဖတ်စာအုပ်ဝယ်ယူရမည်ဖြစ်သဖြင့် အတန်းအလိုက် သတ်မှတ်ထားသည့် တန်ဖိုးများအတိုင်းသာ ဖတ်စာအုပ်များ ဝယ်ယူကြရမည်ဖြစ်သည်။

"ကျောင်းအပ်တဲ့ကာလမှာ အစိုးရက သတ်မှတ်ထားတဲ့ ကျောင်းဝင်ကြေး၊ ကျောင်းလခစသည်တို့ကိုသာ ကောက်ခံရန်ဖြစ်ပြီး အခမ့်အလှူငွေကောက်ခံခြင်း၊ ကျောင်းရန်ပုံငွေအတွက် ပစ္စည်းများ ရောင်းချခြင်းမပြုကြဖို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်၊ ညွှန်ကြားချက်အတိုင်း မလိုက်နာတဲ့ကျောင်း တွေရှိခဲ့ရင်လည်း တိုင်ကြားနိုင်တဲ့ ဖုန်း၊ဖက်စ်၊လိပ်စာတွေကို အဲဒီကျောင်းတွေမှာ ကပ်ပေးထားမှာ ဖြစ်ပါတယ်"ဟု ဦးဉာဏ်ထွန်းဦးက ပြောသည်။



**ကျောင်းအပ်နှံရန်လာရောက်ကြသူများကို ယခုလ ၂၀ရက်နေ့က ရန်ကုန်မြို့လယ်ရှိအထက်တန်းကျောင်းတစ်ကျောင်း၌တွေ့ရစဉ်။**

ကျောင်းအတွက် စေတနာအလျောက် လှူဒါန်းလိုသူများအား ကျောင်းအပ်ပြီးသည့်ကာလနောက်ပိုင်းတွင်သာ သီးခြားလက်ခံရန်ညွှန်ကြားထားကြောင်း သိရသည်။

# အမြင့်ဆုံးဈေးရောက်သော်လည်း ရာသီဥတုကြောင့် ရာဘာအထွက် လျော့ဖွယ်ရှိ

**ပြည်သိမ်း**

**ရန်ကုန်၊ မေ - ၂၁**

သုံးနှစ်တာကာလအတွင်း ရာဘာဈေးနှုန်း အမြင့်ဆုံးရောက်ခဲ့သော်လည်း ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ရာဘာအထွက် လျာထားချက်ထက် အနည်းငယ်လျော့ကျနိုင်ကြောင်း မြန်မာနိုင်ငံရာဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သတင်းရရှိသည်။

ယခုနှစ် မြန်မာနိုင်ငံတွင် မိုးနှောင်းရာသီ၌ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုများ ရှိခဲ့သဖြင့် အစေးခြစ်ရက် ၁၀ ရက်ကျော်နောက်ကျခဲ့သည်။ ထို့အပြင် မိုးဦးတွင် အချိန်စော၍ မိုးရွာသွန်းမှုများကြောင့် မနှစ်ကထက် ရက် ၂၀ ကျော်စော၍ ရပ်နားခဲ့ရကြောင်း အဆိုပါအသင်းမှ အတွင်းရေးမှူးဦးခိုင်မြင့်ကဆိုသည်။

ယင်းအခြေအနေကြောင့် ယခုနှစ် ရာဘာအထွက်နှုန်းမှာမူလ လျာထားသည့်တန်ချိန်တစ်သိန်းကျော်မှာ လျော့ကျနိုင်ကြောင်း ၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင်လျာထားတန်ချိန် ကိုးသောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"ရာဘာအစေးခြစ်ရက် တစ်လကျော်လောက် နည်းသွားတယ်။ ရာဘာဈေးကတော့ ဒီနှစ်အထူးကောင်းတယ်။ ဂျပန်ဆူနာမီဖြစ်လို့ ခဏသာဈေးကျပြီး ပြန်တက်လာတယ်" ဟု ဦးခိုင်မြင့်က ရှင်းပြသည်။

ကမ္ဘာ့ရာဘာထုတ်လုပ်မှုမှာလည်း ရာသီဥတုဖောက်ပြန်မှုကြောင့် အထွက်လျော့ခဲ့သည်။ ထို့နောက်စီးပွားရေးအကျပ်အတည်းကာလကျော်လွန်ပြီး ကားထုတ်လုပ်မှု ပြန်လည်မြင့်တက်ချိန် ရာဘာထုတ်လုပ်မှု ကျဆင်းခြင်းကယခုကဲ့သို့ ဈေးနှုန်းမြင့်တက်မှုဖြစ်စေကြောင်း ပြည်ပသို့ ရာဘာတင်ပို့နေသူ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ကမ္ဘာဈေးကွက်တွင် လက်ရှိရာဘာဈေးနှုန်းသည် ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် တစ်တန်လျှင် မူလဈေးထက် ကန်ဒေါ်လာ ၁၅၀၀ ဝန်းကျင် မြင့်တက်လာသည်။ ဂျပန်ဆူနာမီ မဖြစ်မီက ကမ္ဘာဈေးကွက်တွင် ရာဘာဈေးသည် တစ်တန်လျှင် ကန်ဒေါ်လာ ၆၅၀၀ဖြစ်ခဲ့ပြီး ၄၀၀၀ကျော်ထိ ဈေးကျခဲ့သည်။ လက်ရှိအချိန်တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀၀ ဝန်းကျင်ရှိသည်။

ယင်းကဲ့သို့ကမ္ဘာ့ရာဘာဈေးမြင့်တက်နေမှုကလည်း ပြည်တွင်းဈေးကွက်ကို ဈေးနှုန်းများ မြင့်တက်စေကြောင်း သို့သော် လက်ရှိပြည်တွင်းရာဘာဈေးနှုန်းသည် ဆူနာမီမဖြစ်ခင်က ဈေးနှင့်နှိုင်းယှဉ်ပါက တစ်ပေါင်လျှင်ကျပ်၃၀၀၀ဝန်းကျင်လျော့နည်းနေကြောင်း သိရသည်။ ဂျပန်ဆူနာမီ မဖြစ်ခင်က ပြည်တွင်း၌ RSS.5 အမျိုးအစား ရာဘာ တစ်ပေါင်လျှင် ၁၆၅၀ ကျပ်ဝန်းကျင်ဈေးရှိခဲ့သော်လည်း လက်ရှိအချိန်တွင် တစ်ပေါင်လျှင် ၁၃၅၀ ကျပ်သာ ဈေးရကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011

## ၂၀၁၁ ခုနှစ် မေ ၂၆မှ ဇွန်၁ရက် အထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလတတိယ ၁၀ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅ရက်မှ ၇ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ၄ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေ့အပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင်မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တွင် (၁၂၀)စင်တီမီတာ(၄ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင်(၉၀)စင်တီမီတာ(၃ပေခန့်)၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၇၅)စင်တီမီတာ(၂ပေခွဲခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်နိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့်ဟုမ္မလင်းမြို့တို့တွင် (၉၀) စင်တီမီတာ(၃ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် (၄၅)စင်တီမီတာ(၁ပေခွဲခန့်)လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# နေပြည်တော်တပ်ကုန်းတွင် ဖုံးပေါက်ကွဲကြောင့် နှစ်ဦးသေ ကိုးဦးဒဏ်ရာရ

**ကျော်ဇေယျ**
**နေပြည်တော်၊**
**မေ - ၁၉**

အစိုးရသစ်တက်ရောက်ပြီးနောက် ပထမဆုံးအကြိမ် ဖုံးပေါက်ကွဲမှုအဖြစ် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ရန်ကုန်-မန္တလေး(၃) အဆန် အမြန်ရထားမှာ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ရွှေမြို့နှင့် ဆင်သေဘူတာအကြား၌ ယခုလ ၁၈ ရက်က ဖြစ်ပွားခဲ့ရာ ရထားပေါ်မှ ခရီးသည် နှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါပေါက်ကွဲမှုကြောင့် ရထားပေါ်တွင် စီးနင်းလိုက်ပါလာသောခရီးသည်အမျိုးသားတစ်ဦး အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသားလေးဦး၊ အမျိုးသမီးငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည်။

"ရထားခေါင်မိုးတောင် ပွင့်ပြီး နှစ်ယောက်သေ၊ ခုနစ်ယောက်ဒဏ်ရာရလို့ ဒဏ်ရာရတဲ့ သူတွေကို နေပြည်တော် ခုတင် ၁၀၀၀ တပ်မတော်ဆေးရုံကို ပို့ဆောင်ကုသစေတယ်လို့သိရတယ်။ အခင်းဖြစ်ရပ်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနက ဝန်ကြီးတွေ၊ နေပြည်တော် ကောင်စီဝင်တွေ၊ ရဲချုပ်ကိုယ်တိုင်နဲ့ ဒေသအာဏာပိုင်အဖွဲ့အစည်းတွေလာပြီး စစ်ဆေးတာတို့၊ ကူညီဆောင်ရွက်ပေးတာတို့ကိုမြင်ရပါတယ်"ဟု ဒေသခံသတင်းသမားတစ်ဦးက ဖုန်းဖြင့်ဆက်သွယ်ပြောခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နေပြည်တော်တပ်ကုန်းရဲစခန်း၏ ပထမ သတင်းပေးတိုင်တန်းချက်တွင် အမှုဖွင့်တိုင်တန်းထားပြီး လိုအပ်သည်များကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

# နေပြည်တော်တွင် ပြည့်တန်ဆာအိမ်တစ်အိမ်အား ဖမ်းဆီးအရေးယူ

**ကျော်ဇေယျ**
**နေပြည်တော်၊ မေ - ၂၃**

နေပြည်တော်ပျဉ်းမနားတွင်ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်နေသောအိမ်တစ်အိမ်သို့မေ၁၉ရက်သတင်းအရ ဝင်ရောက်ဖမ်းဆီးရာတွင် ပြည့်တန်ဆာ အမျိုးသမီးငယ် ၆ဦးနှင့် ပြည့်တန်ဆာခေါင်းလုပ်ကိုင်သူ ၃ဦးစုစုပေါင်း ၉ ဦးတို့အား လက်ရဖမ်းဆီးမိခဲ့ကြောင်းသိရှိရသည်။

ဖြစ်စဉ်မှာနေပြည်တော်ပျဉ်းမနားတွင် မေ ၁၉ ရက်ည ၁၁ နာရီအချိန်ခန့်က မြို့နယ် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ ရဲအရာရှိတစ်ဦး ဦးဆောင်သောရဲတပ်ဖွဲ့ဝင် ၄ဦးနှင့် အသိသက်သေများသည် သတင်းရရှိထားသော ပြည့်တန်ဆာအိမ်သို့ ဝင်ရောက် ဖမ်းဆီးရာ အမျိုးသားတစ်ဦးနှင့် နေအိမ်အခန်းတွင်း ပျော်ပါးနေသော ပြည့်တန်ဆာမတစ်ဦးအား လည်းကောင်း၊ ငွေယူပြီး ပျော်ပါးရန်စောင့်ဆိုင်းနေသူ ပြည့်တန်ဆာအမျိုးသမီးငယ် ၆ဦးနှင့်ပျော်ပါးရန်လာရောက်သူအမျိုးသားနှစ်ဦးအား လည်းကောင်း၊ ပြည့်တန်ဆာခေါင်း ၃ဦးအားလည်းကောင်း၊ ပြည့်တန်ဆာလုပ်ငန်းမှရရှိထားသော ငွေများနှင့်အတူ တွေ့ရှိခဲ့ကြောင်း သိရသည်။ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ကြသူ အမျိုးသမီးငယ် ၆ ဦးအား နေပြည်တော် ပျဉ်းမနားရဲစခန်း(ပ)၃၀၅/၂၀၁၁ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေပုဒ်မ၃(က)အရလည်းကောင်း၊ အခကြေးငွေရယူပြီးပြည့်တန်ဆာခေါင်းပြုကြသူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား နေပြည်တော်ပျဉ်းမနားရဲစခန်း(ပ)၃၀၆/၂၀၁၁ ပြည့်တန်ဆာနှိပ်ကွပ်ရေး ဥပဒေပုဒ်မ၅(ဂ)/၈(ဂ)အရလည်းကောင်း အသီးသီး အမှုဖွင့်ထားကြောင်း သိရသည်။

ယခုဖမ်းဆီးရမိသော ပြည့်တန်ဆာများသည်အသက်ငယ်ရွယ်သူများဖြစ်ပြီး အကြီးဆုံး ၂၇ နှစ်ထိသာ ရှိကြောင်းလည်း သိရသည်။

HUAWEI



# သက်တမ်းလွန်ဆေး ရောင်းချခြင်းများကို တားမြစ်

**ကျော်သီဟ**
**ရန်ကုန်၊**
**မေ - ၂၁**

သက်တမ်းလွန် ဆေးဝါးများ နှင့် ပစ္စည်းများ ဈေးလျှော့ရောင်းချခြင်းနှင့် ငွေအကြွေ အစားထိုးပေးအပ်ခြင်းများ မလုပ်ရန် ဆေးဆိုင်ပိုင်ရှင်များကို တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနသို့ အသိပေးရန် တိုင်းဒေသကြီးအစိုးရမှ ညွှန်ကြားထားသည်။

ရန်ကုန်မြို့ဒေသအတွင်း၌ အချို့သော ဆေးဆိုင်များတွင် သက်တမ်းလွန် ဆေးဝါးများနှင့် ပစ္စည်းများကိုလျှော့ဈေးဖြင့်လည်းကောင်း၊ ငွေအကြွေအစားထိုး လဲလှယ်ပေးခြင်းများကိုလည်းကောင်း သက်ဆိုင်ရာမှစစ်ဆေးတွေ့ရှိရသဖြင့် လူထုကျန်းမာရေး ထိခိုက်နိုင်၍ သုံးစွဲမှု မပြုရန် တိုင်းဒေသကြီးကျန်းမာ ရေးဦးစီးဌာနမှ လူထုကိုပညာပေး ရန်နှင့် ဆေးဆိုင်များကိုတားမြစ် ရန် ညွှန်ကြားထားသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရသည် တိုင်းကျန်းမာရေးဦးစီးဌာနသို့ အဆိုပါ သက်တမ်းလွန် ဆေးဝါးများ အများပြည်သူများ မသုံးစွဲရန် အသိပညာပေး၍ သုံးစွဲမိပါက ကျန်းမာရေးထိခိုက်နိုင်ကြောင်း အသိပေးထားသည်။

Life
7DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011

နွေရာသီမှာ မိုးရွာတော့မည်ကိုကြိုသိလျက်နှင့် သူဘာမှ မလုပ်နိုင်ခဲ့။ မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်၏ သတိပေးမှုကြောင့်မိုးရွာမည်ကိုဦးလှစိုးကြိုသိလျက်နှင့် ဘာမှမလုပ်နိုင်ခဲ့။သူစိုက်ထားသော ရင့်မှည့်နေသည့် ပဲခင်းများအား အမိုးမိုးထားချင်ခဲ့သည်။ သို့သော် သူမပြင်ဆင်ခဲ့သည့်အကျိုးဆက်အနေနှင့် အခုသူ ဒုက္ခရောက်နေရပြီဟု ဦးလှစိုးက ပွင့်ပွင့်လင်းလင်းပြောသည်။

ဦးလှစိုးသည်ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် နောင်ပတ္တရားကျေးရွာတွင် နေထိုင်သော လယ် ၁၆ ဧကပိုင်သည့် တောင်သူတစ်ဦးဖြစ်သည်။ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားသော ပဲပင်များ ရိတ်သိမ်းချိန် မတ်လ ၁၀ ရက်မှ ၁၇ ရက်အတွင်း မိုးတွင်းကြီးလို မိုးတွေရွာပြီး ဆောင်းတွင်းလို အေးခဲ့သည်။

“အဲဒီမိုးမိလို့ ပဲတွေ အပင်ပေါက်ပြီး အရောင်ပျက်ကုန်တာ။ အခု ဝယ်မယ့်သူမရှိတဲ့အတွက် အိန္ဒိယကို ပို့မလို့ သဘော်စောင့်နေတာ၊ ရတဲ့ဈေးနဲ့ပဲရောင်းတော့မယ်”ဟုဦးလှစိုးနှင့် တစ်ရွာတည်းနေထိုင်သော တောင်သူတစ်ဦးက ပြောသည်။




# ပဲတောင်သူ့အလွမ်း

■ သူရအောင်ထက်

ပြီးခဲ့သည့်နှစ်က ပဲစိုက်ခင်းမှ ပဲ ၄၅ တင်းရခဲ့သည်။ သို့သော် ယခုနှစ်တွင် တင်း ၃၀သာရသည်။ ပဲအထွက်လျော့သည့်နှစ်တွင်မှ ပဲဈေးက မကောင်းသည့်အပြင် ဝယ်သူကမရှိဖြစ်နေသည်။

“ပဲရောင်းလို့ရရင် အရင်းနီးပါးပြန်ရနိုင်တယ်။ လုပ်အားခရှုံးတယ်။ စားစရာမရှိတော့ဘူး။ မိုးစပါးလုပ်ဖို့ခက်ခဲသွားပြီ”ဟုဦးလှစိုးကဆိုသည်။

ဦးလှစိုးမှာ မိမိပိုင်ငွေကြေးများဖြင့် စိုက်ပျိုးခဲ့သဖြင့် အကြွေးအတွက် မပူရသော်လည်း ကြွေးယူထားသော တောင်သူများမှာ ရှိသည်ကိုထုတ်ရောင်း၍ အကြွေးဆပ်ရန်ပြင်ဆင်နေသည်။ အကြွေးနစ်နေသော တောင်သူအချို့မှာ မိမိပိုင် ခိုင်းနွားများ ရောင်းချရန် အကြွေးဆပ်နေကြလေပြီ။

တောင်သူများ ယခုကဲ့သို့ အခြေအနေမျိုးနှင့် ကြုံတွေ့နေရသည်မှာပဲခူးတိုင်းဒေသကြီးတစ်ခုတည်းမဟုတ်၊ ဆောင်းသီးနှံအဖြစ် စပါးပြီး ပဲစိုက်ပျိုးကြသော ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးမှ တောင်သူများလည်း အပါအဝင်ဖြစ်သည်။

ထိုတောင်သူများမှာ မိုးစပါးရိတ်သိမ်းချိန်ကလည်း ဂီရိမုန်တိုင်းကြောင့် စပါးများ မိုးမိပြီး စပါးအထွက်လျော့နည်းခဲ့သဖြင့် အရောင်း ပျက်သွားခဲ့သည်။ ထို့အပြင် စပါးဈေးမှာလည်း ပြီးခဲ့သည့်နှစ်ကထက် လျော့နည်းခဲ့သည်။

“မိုးစပါးကစပြီး တောင်သူကျိုးသွားတာ၊ ပဲဆိုတာ တောင်သူရဲ့အသက်ကယ်ဆေးပဲ”ဟု ကဝမြို့နယ် အုန်းနဲ့ရွာမှ တောင်သူကြီးတစ်ဦးကပြောသည်။

ပဲခူးတိုင်းဒေသကြီးတွင်စိုက်ဧက စုစုပေါင်း ၁၇ သိန်းကျော်ရှိပြီး စပါးနှင့် ပဲစိုက်ပျိုးသော ဧက ၁၅ သိန်းခန့်ရှိသည်။ မိုးစပါးရိတ်သိမ်းချိန်တွင် စပါးများ မိုးမိ၍ ၅၀ ရာခိုင်နှုန်းခန့် အရောင်ပျက်သွားခဲ့ပြီး ပဲရိတ်သိမ်းချိန်တွင်လည်း ၃၀ ရာခိုင်နှုန်းခန့် မိုးမိပြန်သည်။

ထို့အပြင် ယခုနှစ်၏ မိုးစပါးပေါက်ဈေးမှာ ပြီးခဲ့သည့်နှစ်ထက် တင်းတစ်ရာလျှင်ကျပ်တစ်သောင်းခန့် လျော့နည်းနေပြီး မတ်ပဲနှင့် ပဲတီစိမ်းဈေးမှာလည်း ထိုနည်းတူ တစ်တင်းလျှင် ကျပ်တစ်သောင်းခန့် လျော့နည်းနေသည်။

“ပုံမှန်ဈေးနဲ့ ပုံမှန်အထွက်နှုန်းနဲ့ဆိုရင်ပဲတစ်ဧကမှာခြောက်တင်းထွက်ရင် အရင်းရတယ်။ ပျမ်းမျှတစ်ဧကကို ရှစ်တင်းကနေ ဆယ့်နှစ်တင်းအထိ ထွက်လေ့ရှိတယ်” ဟု ပဲစိုက်တောင်သူကြီး တစ်ဦးက ပြောသည်။

ထိုကဲ့သို့ တောင်သူများ အခြေအနေ ဆိုးနေချိန်တွင် တောင်သူများကငွေထုတ်ချေးနေသော လုပ်ငန်းရှင်များမှာလည်း အခက်အခဲရှိနေကြသည်။ မိုးစပါးအတွက် ချေးထားသောငွေကြေးအားလုံးနီးပါး ပြန်ရကြသော်လည်း ပဲအတွက် ချေးထားသောငွေကြေးမှာမူ ထက်ဝက်ပင် ပြန်မရသေးကြောင်း ပဲခူးမြို့ခံလုပ်ငန်းရှင်များကဆိုသည်။

စာ(၁၁)သို့



## အမျိုးသားစီး မိုးအစိုခံ ဖိနပ်တွေ စုံလင်တဲ့နေရာ

**အိဖြူလွင်**

မိုးရာသီမှာ မရှိမဖြစ် လိုအပ်တာ တစ်ခုက ထီးဆိုရင် နောက်တစ်ခုကတော့ မိုးတွင်းစီးဖိနပ်လို့ခေါ်တဲ့ ရေစိုခံပြီး ပျက်စီးမလွယ်တဲ့ ဖိနပ်တွေပါ။

အမျိုးသားတွေရော၊ အမျိုးသမီးတွေအတွက်ပါ ဒီပစ္စည်းနှစ်ခုက မရှိမဖြစ် လိုအပ်တဲ့ပစ္စည်းတွေဖြစ်ပေမယ့် ထီးကိုင်ရမှာ ပျင်းတတ်တဲ့ အမျိုးသားတွေကတော့ မိုးရေထဲ စီးလို့ရတဲ့ ဖိနပ်ကိုပဲ မရှိမဖြစ်လို့ သတ်မှတ်ပြီး ဝယ်ယူဖို့ စိတ်ကူးရှိကြတဲ့အတွက် ဒီတစ်ပတ်မှာတော့ အမျိုးသားတွေအတွက် မိုးတွင်းမှာစီးလို့ရတဲ့ ဖိနပ်ကောင်းကောင်းတွေရှိတဲ့နေရာကို လမ်းညွှန်ပေးချင်ပါတယ်။

ဒါကြောင့် ထိုင်းနိုင်ငံထုတ် အမျိုးသားဝတ်ဖိနပ်တွေ ရှိတဲ့နေရာကို ဒီတစ်ပတ်မှာ ဈေးဝယ်ထွက်ကြည့်ကြရအောင်ပါ။


Casual ဖိနပ်တွေအားလုံးက ထိုင်းနိုင်ငံက ထုတ်လုပ်ဖြန့်ချိတာဖြစ်ပြီး ဖိနပ်အပါးတွေရော၊ ရှူးဖိနပ်တွေပါ အမျိုးအစားစုံရှိပါတယ်။

ဖိနပ်အပါးတွေဆိုလည်း ရိုးရိုးထသွား ထလာလောက် စီးတဲ့ဖိနပ်တွေရော၊ ဒီဇိုင်းလှလှနဲ့ ဖိနပ်အပါးတွေပါ အမျိုးစုံရှိပြီး ရှူးတွေကတော့လူငယ်တွေရော လူလတ်၊ လူကြီးပိုင်းတွေအတွက်ပါ သင့်တော်တဲ့ ဖိနပ်ပုံစံတွေရှိပါတယ်။

ဖိနပ်အပါးတွေက မိုးရေထဲလည်း စီးလို့ရ။ ခိုင်လည်းခိုင်တဲ့ ဖိနပ်တွေဖြစ်ပြီး လမ်းချော်မှာလည်း မစိုးရိမ်ရတဲ့ ဖိနပ်တွေပါ။

ပုံစံ၊ ဒီဇိုင်းတွေကလည်း လူငယ်ဆန်ဆန်နဲ့ သပ်ရပ်လှပတဲ့ ဒီဇိုင်းတွေဖြစ်တာကြောင့် စီးရတာလည်း သက်သောင့်သက်သာရှိ စတိုင်လေးလည်း မိုက်စေမှာ သေချာပါတယ်။

ဈေးနှုန်းအနေနဲ့လည်း ဖိနပ်အပါးတွေရဲ့ ဈေးနှုန်း ၁၈၀၀၀ ကျပ်လောက်ကနေ အမြင့်ဆုံး ရှူးဖိနပ်က ၁၈၀၀၀၀ ဝန်းကျင်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

လောက်ထိပဲ ရှိတာမို့လို့ထိုင်းနိုင်ငံထုတ် ဖိနပ်တစ်ရံဈေးနှုန်းအနေနဲ့ သင့်တင့်တယ်လို့ ပြောလို့ရပါတယ်။ Casual ဖိနပ်တွေကိုစီးရင်းနဲ့ လေးလတာ မိုးရာသီကို ဖြတ်ကျော်နိုင်ဖို့အတွက် ဒီဖိနပ်တွေရနိုင်တဲ့နေရာက Capital Hyper Mart, Seingayher စူပါမားကက်တွေပဲ ဖြစ်ပါတယ်။



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

### ငါးပိကာန်စွန်းရွက်ကြော်



သည်တစ်ပတ်အတွက်တော့ ကန်စွန်းရွက်ကို ဒီအတိုင်းကြော်စားနေရတာ ရိုးလာတဲ့သူတွေအတွက် တစ်မူထူးတဲ့ပုံစံလေးကြော်ဖို့ပြင်ထားပါတယ်။ အဲဒါကတော့ ငါးပိကန်စွန်းရွက်ကြော် ဖြစ်ပါတယ်။ ငါးပိကန်စွန်းရွက်ကြော်ဖို့အတွက် လိုအပ်တာတွေကတော့ ကန်စွန်းရွက် နှစ်စည်းသုံးစည်း၊ ဆီအနည်းငယ်၊ ထမင်းစားဇွန်းနဲ့ ငါးပိတစ်ဇွန်း၊ ခရုဆီတစ်ဇွန်း၊ ပုစွန်ခြောက်၊ ကြက်သွန်ဖြူ ၃မွှာ၊ ကြက်သွန်နီအနေတော်တစ်လုံး၊ အရောင်အတွက် ငရုတ်သီးအရောင်တင်မှုန့်အနည်းငယ်၊ အစပ်အတွက်က ငရုတ်သီးအနီတောင့်ရှည်လိုသလောက်နဲ့ ဆား၊ သကြားတို့ပဲဖြစ်ပါတယ်။

ပထမဦးဆုံးအနှစ်လုပ်ဖို့အတွက် ငါးပိ၊ ပုစွန်ခြောက်၊ ကြက်သွန်ဖြူ၊ကြက်သွန်နီ၊ ငရုတ်သီး၊ အရောင်တင်မှုန့်တို့ကို ကြေညက်အောင်ဘလန်ဒါနဲ့ကြိတ်ပါမယ်။ ပြီးသွားရင်တော့ မီးအနေတော်နဲ့ ဒယ်အိုးထဲ ဆီအနည်းငယ်ထည့်ပြီး ဆီဆူလာရင် ကြိတ်ထားတဲ့အနှစ်တွေကိုထည့်ကာ အနံ့မွှေးလာတဲ့အထိ မွှေပေးပါ။ အနံ့မွှေးလာရင် ကန်စွန်းရွက်ကို ထည့်ပြီးမီးနည်းနည်းတင်ပါတယ်။

ခရုဆီ၊ ဆားနဲ့ သကြားတို့ကို အရသာအနေတော်ဖြစ်အောင်ထည့်ပြီး မွှေပေးပါ။ ကန်စွန်းရွက်အစိမ်းရောင်မပျောက်ခင် မီးဖိုးကချပြီး ပူပူနွေးနွေး သုံးဆောင်နိုင်ပြီဖြစ်ပါတယ်။ ဒီတစ်ပတ်ဝိုက်ဖီရဲ့လက်ရာငါးပိကန်စွန်းရွက်ကြော်ကို ကြော်လှော်မြည်းစမ်းပြီး နောက်တစ်ပတ်မှာ တင်ဆက်မယ့်လက်ရာလေးတွေကိုလည်း စောင့်မျှော်ဖတ်ရှုပါဦးလို့ . . . ။

7DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011

# ကိုရီးယားတိုက်ကွမ်ဒို ဖျော်ဖြေပွဲကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ - ၂၀

ကိုရီးယားရိုးရာ ယဉ်ကျေးမှုအကများနှင့် ရိုးရာကိုယ်ခံပညာဖြစ်သောတိုက်ကွမ်ဒို အားကစားကို ပေါင်းစပ်၍ စိတ်လှုပ်ရှားဖွယ်ရာ တင်ဆက်မှုများ ပါဝင်မည့် ကိုရီးယားတိုက်ကွမ်ဒို (Association KTA) ၏ဖျော်ဖြေမှု အစီအစဉ်များကို ယခုလ ၂၉ရက်ညပိုင်းတွင် ရန်ကုန်မြို့၊ အမျိုးသားကဇာတ်ရုံ၌ တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရေး၊ ယဉ်ကျေးမှုနှင့် အားကစားပူးပေါင်းဖလှယ်ရေး အစီအစဉ်အဖြစ် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ ဦးဆောင်စီစဉ်သော TAL World Tour 2011 အစီအစဉ် တွင်ကပြဖျော်ဖြေမည့် KTA အဖွဲ့၌ အဖွဲ့သားဦးရေ ၅၀ ကျော် ပါဝင်ကြောင်း မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၎င်းအဖွဲ့၏ ဖျော်ဖြေမှုများတွင် ကိုရီးယားရိုးရာစည်တို(ဗုံ)များဖြင့် တီးခတ်ခြင်းများအပြင် ပါဝင်ကပြသူများက မျက်နှာဖုံးစွပ်များ တပ်ဆင်ကာ အကနှင့် ကိုယ်ခံပညာကို ပေါင်းစပ် တင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။












7 DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011

# ဗုဒ္ဓသာသနာနှစ် (၂၆၀၀)ပြည့် အထိမ်းအမှတ် ရာဟုလာစာကြည့်တိုက်ဖွင့်လှစ်


**မျိုးမင်းဦး**

**မုံရွာ၊ မေ - ၁၈**

ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူရာ သာသနာနှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ်"ရာဟုလာစာကြည့်တိုက်" အားယဉ်ကျေးလိမ္မာရင်သွေးကမ္ဘာ(မုံရွာ)မှ မုံရွာမြို့၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ လှူဒါန်းခြင်းအခမ်းအနားကို ယခုနှစ် မေလ ၁၇ ရက် နံနက်ပိုင်းက ရာဟုလာစာကြည့်တိုက်တည်ရှိရာ ပရဟိတဂေဟာဓမ္မာရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

"ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ(မုံရွာ) သက်တမ်းငါးနှစ်တာကာလအတွင်းမှာ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းပေါင်း ၁၀၀ နီးပါးဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့မှာ ချောင်းဦးမြို့၊ ရေိပ်မွန် (၂)အမျိုးသမီး ထိန်းသိမ်းစောင့်ရှောက်ရေးကျောင်းမှာ "ယသော်ဓရာ"စာကြည့်တိုက်ကို ပထမဆုံးအကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး ဒုတိယမြောက်စာကြည့်တိုက် အဖြစ် မုံရွာမြို့၊ သလ္လာရပ်ကွက်၊ လူငယ်ဖွံ့ဖြိုးရေးပရဟိဂေဟာမှာ ဒီလ ၁၇ ရက်ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ ဗုဒ္ဓဘုရားပွင့်တော်မူရာနှစ် ၂၆၀၀ ပြည့်၊ ဗုဒ္ဓဘုရားပရိနိဗ္ဗာန်ပြုပြီး သာသနာနှစ် ၂၅၅၅ ခုနှစ်ပြည့်အထိမ်းအမှတ်အဖြစ်"ရာဟုလာစာကြည့်တိုက်"ကို ကလေးငယ်တွေအသိပညာ၊အတတ်ပညာတိုးတက်စေရေးအတွက် ဖွင့်လှစ်လှူဒါန်းခြင်းဖြစ်ပါတယ်"ဟုယဉ်ကျေး လိမ္မာရင်သွေးကမ္ဘာ (မုံရွာ) အဖွဲ့ဦးဆောင်သူဒေါ်မဥ္ဇူကပြောကြားသည်။

ရာဟုလာစာကြည့်တိုက်တွင် ဂျာနယ်၊ ကာတွန်း၊ ဝတ္ထု၊ သုတ/ရသ၊ ဓမ္မစာပေ၊ ကျန်းမာရေး အသိပညာ၊ ဘာသာပြန်၊ တက်ကျမ်းစသည့်စာအုပ်ပေါင်း ၃၅၀၀ ကျော်နှင့်အတူ စာအုပ်ဗီရိုသုံးလုံး၊ စာအုပ်စင်ကြီး တစ်စင်၊ စာကြည့်တိုက်စဉ်ဆက်မပြတ် ရှင်သန်ရေး ပဒေသာပင် အလှူငွေ ကျပ် ၆၈၉၀၀၀ ကျပ်၊ ဆေးပဒေသာပင် ကျပ် ၂၀၀,၀၀၀၊ ပညာရေး ပဒေသာပင်ကျပ် ၃၀၀,၀၀၀ စုစုပေါင်း အလှူငွေကျပ် ၁၈၉,၀၀၀ ကိုလှူဒါန်းခဲ့ကြောင်း သိရသည်။ ယဉ်ကျေးလိမ္မာရင်သွေးကမ္ဘာ (မုံရွာ) မှ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ကလေးငယ်များ အာဟာရဒါနပဒေသာပင်ကျပ်သုံးသိန်းအား ယခုနှစ် ဇန်နဝါရီလ ၂၂ ရက်တွင် မတည်လှူဒါန်းခဲ့ကြောင်း သိရသည်။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## တမလွန်ခရီး ဘယ်နည်းနဲ့သွားမလဲ . . .

ချစ်သောသူတို့နှင့်လည်း ရောထွေးယှက်တင်မပြုရာ၊ မုန်းသောသူတို့နှင့်လည်း ဘယ်အခါမှ ရောထွေးယှက်တင်မပြုရာ၊ ချစ်ခင်သောသူတို့ ကိုမမြင်ရခြင်းသည် ဆင်းရဲ၏။ မုန်းသောသူတို့ကို မြင်ရခြင်းသည် ဆင်း ရဲခြင်းဖြစ်ရ၏။ (ဓမ္မပဒ-၂၁၀)

တပ်မက်မောခြင်းကြောင့် စိုးရိမ်ခြင်းဖြစ်ရ၏။ တပ်မက်မောခြင်းကြောင့် ကြောက်ခြင်းဖြစ်ရ၏။ တပ်မက်မောခြင်းမှ ကင်းလွတ်သောသူ မှာ စိုးရိမ်ရခြင်းမရှိ၊ ကြောက်ရွံ့ရခြင်းလည်း အဘယ်မှာရှိအံ့နည်း။ (ဓမ္မပဒ-၂၁၆)

အမျက်ဒေါသကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ် အနှောင်အဖွဲ့အားလုံးကို လွန်မြောက်ရာ၏။ နာမ်ရုပ်၌ ငါ၏စိတ်၊ ငါ၏ကိုယ်ဟူ၍ မငြိမ်တွယ်၊ မကြောင့်ကြသောသူတို့ထံ ဆင်းရဲဒုက္ခတို့မလာကုန်။ (ဓမ္မပဒ-၂၂၁)

ဝေတ်မွတ်ဆာလောင်ခြင်းသည် အကြီးဆုံးရောဂါဖြစ်၏။ ခန္ဓာကိုယ်ကို ရွက်ဆောင်ရခြင်းသည် အကြီးဆုံးဆင်းရဲဖြစ်၏။ ဤသဘောမှန်ကိုသိ၍ နိဗ္ဗာန်သည် အချမ်းသာဆုံးဖြစ်ကြောင်းသိရ၏။ (ဓမ္မပဒ-၂၀၃)

ပြုပြီးသော ကောင်းမှုရှိသောသူသည် ဤဘဝမှ တမလွန်ဘဝသို့ သွားသည်ရှိသော် သူ၏ ကောင်းမှုတို့သည် ချစ်လှစွာသောဆွေမျိုးရောက်လာသကဲ့သို့ ကြိုဆိုချီးမြှောက်ကြပေ၏။ (ဓမ္မပဒ-၂၂၀)

ရည်ညွှန်း - "ဓမ္မပဒ" ဆရာတော် အရှင်သေဋ္ဌိလ(၁၈၉၆-၁၉၉၇)



**Photo News**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၊ မူးမြစ်ကြီး ဒေသတွင် တည်ဆောက်လျက်ရှိသော ကိုယ့်အားကိုယ်ကိုး မူးမြစ်ကူး တံတားတည်ဆောက်ရေး၏ ဘိုးတိုင်တည်ဆောက်ရေး လုပ်ငန်းခွင်ကိုတွေ့ရစဉ်။ အဆိုပါတံတားကို ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လတွင် စတင်ဆောက်လုပ်ခဲ့ပြီး တံတားကို ဒေသခံလယ်သမားများ၏ မတည်ငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။
ဓာတ်ပုံ - စိုင်းသာအောင်

# မြွေအန္တရာယ်အများဆုံးဒေသများကို စင်ကာပူရောက်မြန်မာများ မြွေဆိပ်ဖြေဆေးလှူ

**သီဟ**

**ရန်ကုန်၊ မေ - ၁၇**



မြန်မာနိုင်ငံရှိ မြွေအန္တရာယ်အသင့်ဆုံးဒေသ ၂၅ခုသို့ စင်ကာပူရောက် မြန်မာပရဟိတအသင်းများက မြွေဆိပ်ဖြေဆေးများအား ပထမအကြိမ်အဖြစ် လှူဒါန်းခဲ့သည်။

အဆိုပါမြွေအန္တရာယ်အများဆုံးသင့်ရာဒေသ ၂၅ ခုသို့မြွေဆိပ်ဖြေဆေး ၄၃၆ လုံးကျပ်သိန်း ၅၀ ဖိုး ပေးပို့လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါလှူဒါန်းမှုအား စင်ကာပူရှိ ပရဟိတအသင်းများဖြစ်သည့် စနေဓမ္မမိတ်ဆွေများ အဖွဲ့၊ ဗုဒ္ဓအလင်းရောင် ပါရမီဖြည့်အသင်း၊ သာသနရောင်ခြည်အသင်း၊ ထားဝယ်မိသားစုအသင်း၊ အောင်လံသုခိတာအသင်း၊ PSA မြန်မာမိသားစု၊ Lotus Foundation အဘိဓမ္မာဖောင်ဒေးရှင်း စသည့် ပရဟိတအဖွဲ့များက စုပေါင်းလှူဒါန်းခြင်းဖြစ်သည်။

မြွေဆိပ်ဖြေဆေး အလှူခံရရှိသည့်ဒေသများသည် အဆိုပါ မြွေဆိပ်ဖြေဆေးအား ဘာသာရေးခေါင်းဆောင်၊ ပညာရေးခေါင်းဆောင်၊ကျန်းမာရေးခေါင်းဆောင်၊ ရပ်မိရပ်ဖ၊ ကျောင်းသားဟောင်း စသည့် ငါးဦးကော်မတီဖြင့် ထိန်းသိမ်းထားမည်ဖြစ်ပြီး ဒေသအတွင်း၌လိုအပ်ပါက အဆိုပါအဖွဲ့သို့ အချိန်မရွေးအကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

အဆိုပါမြွေဆိပ်ဖြေဆေးလှူဒါန်းပွဲအား မင်းကွန်းတိပိဋကနိကာယကျောင်းတွင် ယနေ့ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

# အေသင်တွင် ကျင်းပမည့် ကမ္ဘာ့ ဉာဏ်ရည်မမီသူများအားကစားပြိုင်ပွဲသို့ မြန်မာသွားရောက် ယှဉ်ပြိုင်မည်

**မေဝင်းမွန်**

**ရန်ကုန်၊ မေ - ၁၈**

လာမည့်ဇွန်လတွင် ဂရိနိုင်ငံ အေသင်မြို့၌ ကျင်းပမည့် ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ (Special Olympic World Summer Games Athens 2011) တွင် ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံမှ ဉာဏ်ရည်မမီကလေးငယ် ၁၂ဦး ကိုပြိုင်ပွဲအကြို စခန်းသွင်းလေ့ကျင့်မှုအဖြစ် သုဝဏ္ဏအားကစားကွင်းတွင် ဇွန်လ ၆ရက်တွင်ပြုလုပ်မည်ဖြစ်ကြောင်း ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ဥက္ကဋ္ဌဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း)က ပြောကြားသည်။

ဂရိနိုင်ငံ၊ အေသင်မြို့တွင် ဇွန်လ ၂၀ ရက်မှ ဇူလိုင်လ ၄ ရက် အထိကျင်းပမည့် ဉာဏ်ရည်မမီ အားကစားပြိုင်ပွဲသို့ရန်ကုန်၊မန္တလေး၊ မြစ်ကြီးနား၊ တောင်ကြီး၊ ပုသိမ်မြို့မှကလေးများသွားရောက်ကြမည်ဖြစ်ကာ အိုလံပစ်ကစား ၂၂ မျိုးအနက်မှ ပြေးခုန်ပစ်နှင့် ဘောလုံးပစ် အားကစားကိုမြန်မာနိုင်ငံမှ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါအားကစားပြိုင်ပွဲကို နိုင်ငံပေါင်း ၁၈၀ ကျော်မှ အားကစားသမားပေါင်း ၇,၀၀၀ ကျော် လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ဇွန် ၂၀ မှ ၂၄ ရက်အထိမြို့တွင်းလေ့လာရေးခရီးစဉ်သွားရောက်မည်ဖြစ်ကာ ဇွန် ၂၅ ရက်မှ အားကစားပွဲ စတင်ဖွင့်လှစ်မည်ဖြစ်သည်ဟုသိရသည်။

ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်ကလည်း တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင်ကျင်းပသည့် ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲသို့လည်း မြန်မာနိုင်ငံမှ သွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဉာဏ်ရည်မမီသူများအားကစားအဖွဲ့တွင် စာရင်းသွင်းထားသည့် ဉာဏ်ရည်မမီကလေးငယ်ဦးရေမှာ တစ်နိုင်ငံလုံးတွင် ၄၀၀ ကျော်ရှိသည်ဟုသိရသည်။

ကမ္ဘာ့အိုလံပစ်မှ Special Olympic ဟု သတ်မှတ်ပေးခဲ့သည်မှာ အနှစ်၃၀ခန့် ရှိခဲ့သော်လည်းမြန်မာနိုင်ငံတွင် ၂၀၀၄ခုနှစ်ခန့်မှ စတင်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။

စာ - ၉၊ ပဲတောင်သူ့အလွမ်း မှ

ထိုကဲ့သို့ လုပ်ငန်းရှင်ကြီးများပင် အခက်တွေ့နေချိန်တွင် သာမန် တောင်သူများမှာ မိမိတို့အခက်အခဲအား ဖြေရှင်းရန် လမ်းရှာဖွေနေကြပြီး အချို့မှာ မိမိပိုင်လယ်မြေများအား စွန့်လွှတ်၍ ထိုင်းနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်နေကြပေပြီ။

ယခုလပိုင်းမှစ၍ ထိုင်းနိုင်ငံသို့ သွားရောက်သူ အထူးများပြားလာပြီး တစ်နေ့လျှင် ဂိတ်တစ်ခုမှ လူ ၁၀၀ ခန့် နေ့စဉ် သွားရောက်နေပြီး အားလုံးပေါင်းပါက ပဲခူးဒေသမှ တစ်နေ့ လူ ၅၀၀ ခန့်သွားရောက်နေကြောင်းသိရှိခဲ့ရသည်။

နှစ်စဉ် မိုးစပါးစိုက်ပျိုးရန် ငွေချေးနေသော အဖွဲ့အစည်းများမှာလည်း ယခုနှစ် မိုးစပါးအတွက် ငွေချေးရန် မသေမချာဖြစ်နေကြပြီ။ လက်ဝယ်၌ ရှိနေသောပဲမှာ အရောင်းအဝယ်မဖြစ်သည့် အပြင်စပါးဈေးမှာလည်းမကောင်းပေ။

"ကြားက အာမခံပေးမယ့်သူမရှိလို့ဒီနှစ်ငွေမချေးရဲဘူး။ တစ်ယောက်နဲ့တစ်ယောက်မကယ်နိုင်ဖြစ်နေတယ်"ဟု ပဲခူးမြို့ ဆန်စပါးလုပ်ငန်းရှင်အသင်းမှ တောင်သူတစ်ဦးကပြောသည်။

သို့သော် အချိန်က လူကိုမစောင့်ပေ။ မုတ်သုံလေသည်မြန်မာနိုင်ငံသို့ စတင်ဝင်ရောက်နေလေပြီ။ မိုးစပါးစိုက်ပျိုးရန်အတွက် ပြင်ဆင်ရမယ့်အချိန်ရောက်နေပေပြီ။ သို့သော် တောင်သူများ မိုးသီးနှံစိုက်ပျိုးရန် မလုပ်နိုင်ကြသေးပေ။ မနှစ်ကယူထားသော အကြွေးကိုပင်ဆပ်ရန်ကြိုးစားနေကြရသည်။

"ကိုယ့်အားနဲ့ပဲ ရုန်းရမှာပဲ။ မျိုးစပါးရှိတယ်။ မိုးရာသီချိန်မှာတော့ ဖြစ်သလိုလေး လုပ်ရမှာပေါ့"ဟုတောင်သူဦးလှစိုးက ပြောသည်။

ထိုကဲ့သို့ ပြောလာသောသူ၏လေသံမှာ ခပ်တိုးတိုးသာ။ အခု သူနေ့စဉ်လုပ်သော အလုပ်တစ်ခုရှိသည်။ ယင်းမှာ ပဲဝယ်မည့်ကုန်သည်အား စောင့်မျှော်နေခြင်းပင်ဖြစ်၏။

7 DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011

## စာ(၂၈) ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးအတွက် ပထမဦးဆုံးခြေလှမ်း မှ

အစိုးရသစ်မှ ထိပ်တန်းအရာရှိများ ပညာရှင်များအပေါ် လေးစားမှုပြသောထိုမြင်ကွင်းကြောင့် ကျွန်တော် ကြက်သီးမွေးညင်းထသွားသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတစ်ခုလုံးအတွက် လိုအပ်သည်များ ကူညီလုပ်ကိုင်ပေးကြသူ အားလုံးနီးပါးမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ အရာရှိ ကြီးငယ်တို့ဖြစ်သည်။ ဦးတင်နိုင်သိန်းကလည်း ဆွေးနွေးပွဲတစ်ခုလုံးစိတ်အားထက်သန်စွာ တက်ရောက်နားထောင်စီမံလုပ်ကိုင်နေသည်ကိုလည်း တွေ့ရသည်။

လက်ရှိမြန်မာနိုင်ငံ၌ လမ်း၊ တံတားများ၊ ဆည်မြောင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများ များပြားစွာ တည်ရှိနေခြင်းကြောင့် အခြေခံ အဆောက်အအုံကောင်းများ ရှိနေပြီဖြစ်၍ ယင်းတို့ကို ပြည်သူများအတွက် အကျိုးရှိအောင် အသုံးချရမည့်အချိန် ရောက်ပြီဖြစ်ကြောင်း ဦးမြင့်ကအကြံပြုခဲ့သည်။ "ရေကာတာတွေ အများကြီး ဆောက်ပြီးပြီ။ အဲဒီရေတွေလယ်သမားတွေဆီရောက်အောင် လုပ်ရမယ်။ လယ်သမားတွေ ဘယ်လောက် အကျိုးရှိတယ်ဆိုတာ ကြည့်ရမယ်"

ဒေါက်တာ ဦးမြင့်အပြီး သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ဝင်ဖြစ်သော ဦးဆက်အောင်နှင့် ဒေါက်တာစိန်လှဗိုလ်တို့ စာတမ်းများ ဆက်လက်ဖတ်ကြားသည်။ ဦးဆက်အောင်က စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ရာတွင် ရှုထောင့်ပေါင်းစုံမှ သုံးသပ်ချိန်ဆလုပ်ကိုင်ရန်၊ ဘက်ပေါင်းစုံအကျိုးရှိအောင် ဆောင်ရွက်ရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်ဆောင်ရွက်ရေးတို့ကို အလေးထားတင်ပြခဲ့သည်။ ဒေါက်တာစိန်လှဗိုလ်က ဘက်စုံစိုက်ပျိုးရေးမွေးမြူရေးနှင့် အလေအလွင့်များ ပြန်လည်အသုံးချရေးစာတမ်းကိုဖတ်ကြားသည်။

စာတမ်းရှင်တစ်ဦးဖြစ်သော သံအမတ်ကြီးဦးလှမောင်(အငြိမ်းစား) က မြန်မာနိုင်ငံ၏လူဦးရေသန်း ၆၀ ခန့်တွင် ကျေးလက်နေထိုင်သူများမှာ ၃၈ သန်းကျော်ရှိပြီး တောင်သူလယ်သမား ၁၇ သန်းရှိ၍ လယ်ယာကဏ္ဍတွင်ရှိသင့်သော လူဦးရေထက်များနေကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲ ဒုတိယနေ့တွင် အပိုင်းလေးပိုင်းခွဲ၍ စာတမ်း ၁၅ ခု ကို သက်ဆိုင်ရာ ပညာရှင်နှင့် အစိုးရဌာနတာဝန်ရှိသူများက ဖတ်ကြားသည်။ နောက်ဆုံးနေ့တွင် စာတမ်းလေးစောင်ဖတ်ကြားသည်။ စာတမ်းရှင်အများစုမှာ စိတ်အားထက်သန်မှုအပြည့်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့သော်လည်း ၎င်းတို့စာတမ်းများမှာ ၎င်းတို့ဌာနလုပ်ကိုင်နေသော စီမံကိန်းများအကြောင်းသာ အများဆုံး ပါဝင်နေကြောင်း ဆွေးနွေးပွဲတက်ရောက်သူများက သုံးသပ်သည်။

"ဌာနဆိုင်ရာတို့က ပြောရင်ပြောချင်တာပြောလို့ကောင်းပါတယ်။ အဲဒီအပြင် ကျွန်တော်တို့လုပ်နေတဲ့ လုပ်ငန်းတွေဟာ ဆင်းရဲသားတွေကို ဘယ်လိုအကျိုးရှိတယ်။ ဘယ်လိုကောင်းအောင်လုပ်လာနိုင်လဲ။ သိချင်ပါတယ်။ တစ်ခါတလေကျ အဲဒါတွေကမပါဘူးဖြစ်နေတယ်။ နံပါတ်တစ်အချက် ဆင်းရဲသားတွေ အခြေအနေတွေ ဘယ်လိုရှိပါသလဲ။ နံပါတ်နှစ်အချက် ကျွန်တော်တို့လုပ်လို့ သူတို့ဘာများ ကောင်းလာမှာလဲ။ သူတို့မှာ ပြဿနာတွေဖြစ်နေလား၊ အဲဒီပြဿနာတွေကို ဘယ်လိုလုပ် ဖြေရှင်းရမလဲ။ ဘယ်လိုထက်ကောင်းအောင် လုပ်ရမလဲ။ အဲဒါလေးတွေ ပြောစေချင်တယ်။ ဒီထဲမှာ ပြောတော့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော် သိပ်အားမရဘူးဖြစ်နေတယ်။ ဒါလေးတွေကို ကျွန်တော်သုံးတတ်စေချင်ပါတယ်"ဟု ဒေါက်တာဦးမြင့်က စာတမ်းဖတ်ပွဲအပြီး သုံးသပ် ပြောကြားသည်။ ပွဲတက်ရောက်သူအများစုက စာတမ်းအများစုနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးအဖြေရှာသည့်အစီအစဉ်များ မပါဝင်ခြင်းကြောင့် အလုပ်ရုံဆွေးနွေးပွဲထက် စာတမ်းဖတ်ပွဲနှင့်ပိုတူနေကြောင်း ပြောကြသည်။ သို့သော် "ဒါ Good Beginning ပဲ။ ဆက်ပြီးတော့ လုပ်မယ့်ဟာတွေ အများကြီး ရှိသေးတယ်"ဟု၎င်းက ပြောသည်။

နီဘန်း အီလက်ထရွန်နစ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာအောင်သိန်းကလည်း ယခုဆွေးနွေးပွဲမှာ ကောင်းမွန်သော အစပျိုးမှုတစ်ခုဖြစ်ကြောင်း သူ၏အမြင်ကိုပြောသည်။

"ဒီအလုပ်ရုံဆွေးနွေးပွဲက အမျိုးသားအဆင့်မှာ အစပျိုးလိုက်တာပေါ့။ ဒီဆွေးနွေးပွဲနဲ့ စာတမ်းတွေဖတ်ရုံနဲ့တော့ မပြီးသေးပါဘူး"ဟုဒေါက်တာအောင်သိန်းက ပြောသည်။ ဆက်လက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများအထိ အလုပ်ရုံဆွေးနွေးပွဲများ ထပ်မံပြုလုပ်ရန်နှင့် ကဏ္ဍပေါင်းစုံမှ ပညာရှင်များ၏ အကြံဉာဏ်များရယူရန်လိုသည်။ ထို့အပြင် အခြေခံလူတန်းစားများ၏လိုအပ်ချက်များကို သိရန်အဦးဆုံးပြုလုပ်ရန်လိုကြောင်း ၎င်းက သူ၏အမြင်ကို ပြောသည်။

"သမ္မတကြီး ကိုယ်တိုင်လာပြီး အမိန့်ပေးတာမဟုတ်ဘဲ သေသေချာချာ နားထောင်တယ်။ ဝန်ကြီးဌာနတွေ ပေါင်းစည်းပြီးတော့ သူတို့ရှေ့မှာ အဖြေရှာတာတွေ ကောင်းပါတယ်။ ဒါပေမဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုး လုပ်တယ်ဆိုရာမှာတောင် ဒီနေ့ခေတ်တော့ အိုင်တီပလက်ဖောင့်တစ်ခုကောင်းကောင်းလိုပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ပြောသွားတာ မကြားမိဘူး။ တောင်သူတွေ နိုင်ငံတကာမှာ ဒေါ်လာတစ်ရာနဲ့ဝယ်ရတဲ့ ဓာတ်မြေဩဇာကို အဲဒီလောက် အရည်အသွေးမကောင်းတဲ့ ဓာတ်မြေဩဇာကို ဒေါ်လာသုံးရာလောက်နဲ့ ဝယ်နေရလားဆိုတာကို ဘယ်သူမှ မဆွေးနွေးဘူး"ဟု မန္တလေးတိုင်းဒေသကြီးကို ကိုယ်စားပြု၍ တက်ရောက်သူအိုင်တီပညာရှင်ဦးရဲမြတ်သူကလည်း ပြောသည်။

အလုပ်ရုံ ဆွေးနွေးပွဲမှ ကောင်းသောအချက်များမှာ သမ္မတနှင့် ဒုတိယသမ္မတများ ကိုယ်တိုင် စိတ်ဝင်တစားတက်ရောက်ခြင်း၊ ဝန်ကြီးဌာနများ စုစည်းစွာ ပူးပေါင်းဆောင်ရွက်မှုပိုရှိလာရန် အခြေအနေများ ဖန်တီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း အဲလ်ဖာကုမ္ပဏီပိုင်ရှင် ဦးရဲမြတ်သူက ဆက်လက်ပြောသည်။

မေ ၂၁ ရက်မှစ၍ ဆွေးနွေးပွဲတွင် အကြံပြုလွှာများထားပေးခဲ့သည်။ ထိုအကြံပြုချက်များကို ဆင်းရဲမှုလျှော့ကျရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ ရေးဆွဲရာတွင် ထည့်သွင်းအသုံးပြုသွားမည်ဟု ဦးတင်နိုင်သိန်းက ပြောသည်။ ဆွေးနွေးပွဲသို့ လူ ၃၀၀ ဝန်းကျင်တက်ရောက်သော်လည်း မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် အကြံပြုလွှာပေါင်း ၈၀ ကျော်သာ ရောက်ရှိခဲ့သည်။ ရှေ့လုပ်ငန်းစဉ်များကို လာမည့် နှစ်ပတ်၊ သုံးပတ်အတွင်း ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း ဦးတင်နိုင်သိန်းက ဆက်လက်ပြောသည်။

### နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်

"နိုင်ငံတကာ မှာတော့ Cooperative အစုအဖွဲ့များကို အခြေခံပြီး ယနေ့အထိ အောင်မြင်စွာ ဆောင်ရွက်လျက် ရှိကြပေမယ့် မြန်မာနိုင်ငံမှာတော့ သမဝါယမစနစ်ဆိုရင် ယခင်က ရပ်ကွက်လုံးကျွတ်ရွာလုံးကျွတ်မဝင် မနေရ ပါဝင်စေခဲ့ပြီး မမှန်မကန် လုပ်ရပ်ဖြစ်စဉ်များကြောင့် ပြည်သူလူထုက အယုံအကြည်ကင်းမဲ့ခဲ့တဲ့ သင်ခန်းစာကိုယူပြီး အထက်အဖွဲ့အစည်းက ဖွဲ့ပေးခြင်းမျိုးမဟုတ်ဘဲ ယနေ့ခေတ်သစ်စနစ်သစ်မှာ လူသစ်စိတ်သစ်နဲ့ စိတ်တူကိုယ်တူညီညွတ်သူတစ်စုဖြင့်သာ ၎င်းတို့အချင်းချင်း အလုပ်ကြိုးစားသူချင်း၊ ငွေရေးကြေးရေး စိတ်ချသူချင်း ကုန်ထုတ်လုပ်မှုအစုအဖွဲ့များအဖြစ် ဆန္ဒရှိသူ၊ လုပ်ကိုင်လိုသူများဖြင့် စည်းရုံးဖွဲ့စည်းအားပေးတဲ့အသွင်ကို ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒီနေရာမှာ အမျိုးသားအဆင့်ဆွေးနွေးတိုင်ပင်ညှိနှိုင်းဖော်ထုတ်ကြသူ စီးပွားရေးပညာရှင်များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များကိုယ်တိုင် ယုံကြည်မှုခိုင်မာစွာဖြင့် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သလို ပြည်နယ်နှင့် တိုင်းအဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအဆင့်ထိ ယုံကြည်မှုခိုင်မာစွာနဲ့ တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းဆောင်ရွက်မှုသာ အောင်မြင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အပြန်အလှန် Confidence Building ယုံကြည်မှု တည်ဆောက်ခြင်းဟာ အရေးပါတဲ့အတွက်ကြောင့် သေသေချာချာ ပေါင်းစပ်ညှိနှိုင်းကြဖို့မှာကြားချင်ပါတယ်"

### မိုးလေဝသပညာရှင် ဒေါက်တာ ဦးထွန်းလွင်

လူအများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအောင်မြင်နိုင်တဲ့လူမှုရေးသိပ္ပံလုပ်ငန်းတွေ ဥပမာ ဆင်းရဲမွဲတေမှု လျော့ချရေးတို့၊ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှုလျော့ချရေးတို့စတဲ့ လုပ်ငန်းတွေမှာ political support, good governance နဲ့ multi-displeneary approach ဆိုတာတွေဟာ အလွန်အရေးကြီးပါတယ်။ များသောအားဖြင့် မဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေမှာ ဒီကဏ္ဍတွေဟာ အလွန်အားနည်းတတ်ပါတယ်။ ဒါ့အပြင် ဒီလိုနိုင်ငံတွေမှာ ပညာရှင်တွေဟာ အများအားဖြင့် နေရာပေးခြင်း မခံကြရပါဘူး။

ဒီကနေ့ ၂၁ ရာစုကမ္ဘာဟာ ၂၀ ရာစုကမ္ဘာကနေပါလာတဲ့ ဝန်ထုပ်ဝန်ပိုးကြီး ၂ ခုရှိနေပါတယ်။ ဒါကတော့ ဆင်းရဲမွဲတေခြင်းနဲ့ ရာသီဥတုပြောင်းလဲခြင်းဘဲဖြစ်ပါတယ်။ ဒါကို ကမ္ဘာ့လူသားတွေ အားလုံးဟာ ရင်ဆိုင်ဖြေရှင်းသွားကြဖို့ တာဝန်ရှိနေပါတယ်။ ဒီ ကနေ့ အစိုးရသစ်ဟာ ဒီကဏ္ဍတွေကို ဦးစားပေးတဲ့အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမွဲတေမှုပပျောက်ရေးအလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံတော်အဆင့်နဲ့ နေပြည်တော်မှာကျင်းပခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးဦးဆောင်ပြီး တာဝန်ရှိကြတဲ့ ပုဂ္ဂိုလ်များ တက် ရောက်ခဲ့တယ်။ အထူးသဖြင့်ပညာရှင်တွေကို ဦးစားပေးတယ်။ နိုင်ငံတကာအတွေ့အကြုံများတဲ့ပုဂ္ဂိုလ်များကို ဦးဆောင်စေခဲ့တယ်။ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ဆွေးနွေးပွဲကို အစအဆုံးဦးစီးဦးဆောင်တက်ရောက်ခဲ့တယ်။ ဆွေးနွေးမှုတွေဟာ လွတ်လပ်ပွင့်လင်းပြီး ရိုးသားခဲ့တယ်။ တာဝန်ရှိကြတဲ့ ပြည်ထောင်စုဝန်ကြီးတွေရဲ့ ဆွေးနွေးချက်တွေမှာ အမှန်တကယ် ဆောင်ရွက်လိုကြတဲ့ ဆန္ဒတွေရှိနေကြတယ်ဆိုတာကို ခံစားလို့နေရတယ်။ အလွန်လည်းပွင့်လင်းကြတယ်။ သိပ်ကောင်းတယ်ဗျာ။ ဒါမျိုးကို ပြည်သူတွေစောင့်နေကြတာကြာပါပြီ။ ဒါဟာပြီးခဲ့တဲ့ ကာလတွေနဲ့ အလွန်ကွဲပြားခြားနားလာတဲ့ အချက်ဖြစ်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲရဲ့ အထူးခြားဆုံးကတော့ ဘက်စုံပူးပေါင်းပါဝင်မှုကို အလေးပေးထားတယ်။ ဌာနတွေမှာ အရင်က အားနည်းနေတဲ့ cooperation နဲ့ coordination တွေကို လမ်းဖွင့်လာတယ်။ ဒါတွေအားလုံးဟာ လမ်းမှန်တဲ့ချဉ်းကပ်မှုတွေလို့ဘဲ မြင်ပါတယ်။ ဒါပေမဲ့အချို့ဌာနဆိုင်ရာနဲ့ အဖွဲ့အစည်းတွေကတော့ mind set တွေပြင်ဖို့တော့ လိုဦးမယ်ထင်ပါတယ်။ အရေးကြီးဆုံးကတော့ ဒီကျင်းပတဲ့ ဆင်းရဲမွဲတေမှု ပပျောက်ရေးလုပ်ငန်းတွေအောက်မှာ ဆင်းရဲတဲ့လူတွေကို ကူညီရင်း ဝိသမလောဘသားတွေ ချမ်းသာအောင် လုပ်မသွားကြဖို့တော့ အရေးကြီးဆုံးပါပဲ။

### စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်

"ပွင့်လင်းဖို့ ကိစ္စအဲဒီမှာ အရေးကြီးဆုံးက အကြံပေးပညာရှင်တွေပဲ။ ပညာရှင်တွေကလည်း ပြီးခဲ့တဲ့ နှစ်တွေမှာ ဆင်းရဲနွမ်းပါးမှုကိစ္စက ထိခိုက်လွယ်တော့ ကိုယ်ဘာသာ ကိုယ်ဆင်ဆာလုပ်ကြတယ်။ ဥပမာပေးမယ်ဆိုရင် GDP ကလည်း တိုးတက်သင့်သလောက် မတိုးတက်ဘူးလို့ ပြောရင် လုံးဝမတိုးတက်တော့ဘူးလို့ မှတ်ပေတော့။ အဲဒါမျိုးပေါ့။ ပွင့်ပွင့်လင်းလင်း ပြောပါ။ နောက်တစ်ခု ငွေကြေးဖောင်းပွနှုန်းကလည်း သူရဲ့တက်နှုန်းလေးတွေက အထိုက်အလျောက်ဦးမော့လာတယ်လို့ မြင်ရတယ်။ အဲဒါဆိုရင် သွားပြီး ငွေကြေးဖောင်းပွနှုန်းတက်ပြီ။ ဒါမျိုးတွေမပြောတော့နဲ့။ တိတိကျကျပြော။ ။

## မျက်နှာဖုံး-ကုမ္ပဏီအသစ် ထူထောင်ခြင်းနှင့်သက်တမ်းတိုးခြင်းများကို တစ်ကြိမ်တည်း၊ တစ်နေရာတည်းနှင့်အပြီး ဝန်ဆောင်မှုပေးပြီမှ

အခြားလိုအပ်သောအချက်အလက်များဖြစ်သည့် သင်းဖွဲ့စည်းမျဉ်း နှင့် သင်းဖွဲ့မှတ်တမ်းများ၊ ဒါရိုက်တာအမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ အပြည့်အစုံစသော အချက်အလက်များပြည့်စုံပြီး မှန်ကန်ပါက တစ်ကြိမ်တည်း တစ်နေရာတည်းအပြီး နာရီပိုင်းအတွင်းခြောက်လသက်တမ်းရှိ ယာယီကုမ္ပဏီလိုင်စင်ကို ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ဦးအေးကိုကဆက်လက်ရှင်းပြသည်။ ကုမ္ပဏီအသစ်ဖွဲ့စည်းခြင်းအတွက် မှတ်ပုံတင်ကြေးမှာ ပြောင်းလဲခြင်းမရှိဘဲ ကျပ်၁၀သိန်းကို တစ်ပါတည်း ပေးဆောင်ရန်လည်းလိုသည်။ ထိုကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ကုမ္ပဏီနောက်ခံသမိုင်းကိုစစ်ဆေးပြီးပါက မူရင်းကတ်ကိုဆက်လက်ထုတ်ပေးမည်ဖြစ် သည်။

ယခင်က ကုမ္ပဏီအသစ်မှတ်ပုံတင်ပါက ခြောက်လသက်တမ်းရှိ ယာယီလိုင်စင် ရရှိရန်ကိုပင် နှစ်လခန့်ကြာမြင့်ကြောင်း ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ထို့ကြောင့် တစ်ကြိမ်တည်းတစ်ထိုင်တည်းနှင့် လိုင်စင်ထုတ်ပေးခြင်းမှာ ကုမ္ပဏီထူထောင်လိုသူများအတွက် အလွန်ကောင်းကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။ ထို့အတူကုမ္ပဏီလိုင်စင်သက်တမ်းတိုးခြင်းများကိုလည်း အဆိုပါဝန်ဆောင်မှုတွင်ပါဝင်ပြီး အချက်အလက်ပြည့်စုံကာ ကျပ်ငါးသိန်းပေးသွင်းပါက တစ်ကြိမ်တည်းတစ်နေရာတည်း ဆောင်ရွက်နိုင်သည်။ အထက်ပါဝန်ဆောင်မှုများအတွက်ငွေပေးသွင်းခြင်းများကို နေပြည်တော်ရုံးအမှတ်-၃၂ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရုံးမှာပင် ဆောင်ရွက်နိုင်ရန် စီစဉ်ပေးထားကြောင်း ဦးအေးကိုက ဆက်လက်ပြောသည်။

ကုမ္ပဏီထူထောင်မည့်သူမှာ နိုင်ငံခြားသားဖြစ်ပါက မှတ်ပုံတင်ကြေး အမေရိကန်ဒေါ်လာ ၂,၅၀၀ သတ်မှတ်ထားပြီး သက်တမ်းတိုးပါက ဒေါ်လာ ၅၀၀ သတ်မှတ်ထားသည်။ ဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်မည့် နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ရင်းနှီးမတည်ငွေမှာအမေရိကန်ဒေါ်လာ၃၀၀,၀၀၀ ရှိရန် သတ်မှတ်ထားပြီး၊ ကုန်ထုတ်လုပ်မှုကုမ္ပဏီဖြစ်ပါက ရင်းနှီးမတည်ငွေအမေရိကန်ဒေါ်လာ၅၀၀,၀၀၀ ရှိရန် သတ်မှတ်ထားသည်။

ယခင်ကကုမ္ပဏီအသစ်မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းများ ဆောင်ရွက်ရာတွင် အချိန်ကြာခဲ့ခြင်းမှာ အချက်အလက်မပြည့်စုံခြင်း၊ အခွန်ငွေများ မရှင်းလင်းခြင်း စသောအကြောင်းများကြောင့်ဖြစ်သည်ဟု ဦးအေးကိုက ဆိုသည်။ အဆိုပါဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီပေါင်း နှစ်သောင်းကျော်ရှိသည်။ ထိုထဲမှ အမှန်တကယ် အလုပ်လုပ်ကိုင်လိုသော ပို့ကုန်၊ သွင်းကုန်ကုမ္ပဏီပေါင်းသုံးထောင်ခန့်ရှိသည်။

ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်သော နိုင်ငံပေါင်း ၃၀ ကျော်ရှိပြီး၊ ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု ပမာဏစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံဝန်းကျင်ရှိသည်။

## မျက်နှာဖုံး-ကြိုတင် လျှောက်ထားရသော ဆိုက်ရောက်ဗီဇာ လျှောက်ထားရသည့် ပုံစံပြောင်းမှ

"ဒီမနက်(မေ ၂၃ရက်)ပြည်ထဲရေးရုံးမှာ သွားလျှောက်တော့ နေပြည်တော်ဟိုတယ်၊ခရီးကိုတိုက်ရိုက်လျှောက်ပါလို့ပြောတယ်"ဟု ခရီးသွားကုမ္ပဏီတစ်ခုမှ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးကပြောသည်။ ပြည်ထဲရေးဝန်ကြီးဌာနတွင်ဗီဇာရရှိရန်လျှောက်ထားရစဉ်က ဌာနတစ်ခုတည်းတွင် လျှောက်ထားရသဖြင့် တစ်ပတ်အတွင်း ရရှိကြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင် လျှောက်ထားပါက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ထပ်မံလျှောက်ထားရသဖြင့် ပိုမိုကြာမြင့်နိုင်ကြောင်း ခရီးသွားလုပ်ငန်းရှင်များက ပြောသည်။

မိုးတွင်းကာလတွင် စပိန်နိုင်ငံသားများ မြန်မာနိုင်ငံသို့လာရောက်လေ့ရှိကြပြီး စပိန်နိုင်ငံတွင် မြန်မာသံရုံးမရှိသဖြင့် ကြိုတင်လျှောက်ထားရသောဆိုက်ရောက်ဗီဇာဖြင့် လာရောက်ကြသူများသည်။ ပြီးခဲ့သည့်နှစ် ခရီးသွားရာသီတွင် မေလ လဆန်းမှစ၍ ဆိုက်ရောက်ဗီဇာခွင့်ပြုပေးခဲ့သဖြင့် စပိန်နိုင်ငံသားများ လာရောက်မှု နှစ်ဆနီးပါးမြင့်တက်ခဲ့ပြီး အခြားသော နိုင်ငံသားများ လာရောက်မှုပါမြင့်တက်ခဲ့သည်။ ကြိုတင်လျှောက်ထားရသော ဆိုက်ရောက်ဗီဇာမှာ သံရုံးမရှိသောနိုင်ငံသားများကိုသာ အဓိကထုတ်ပေးခြင်းဖြစ်သည်ဟု သိရှိရသည်။

## စာ-၄၊ ရွှေလုပ်ကွက်များကြောင့် ဧရာဝတီနှင့် ချင်းတွင်းတွင် မြစ်ရေနောက်ကျိမှုများ ပိုမိုကြုံတွေ့ မှ

စက်လှေတောင် ရေတိမ်လွန်းလို့ ရုန်းရတယ်"ဟု ယင်းပုဂ္ဂိုလ်က ပြောသည်။ ချင်းတွင်းမြစ်သည် နှစ်စဉ်ဧပြီလတွင် ရေကြည်လာသော်လည်း ယခုအခါ မြစ်ရေသည် နောက်ကျိလာကြောင်း၊ လွန်ခဲ့သော သုံးနှစ်က ယင်းမြစ်၌ ရွှေတူးဖော်သည့် လုပ်ကွက်နည်းသော်လည်း ယခုအခါများလာကြောင်း မြစ်ကို စောင့်ကြည့်လေ့လာသူ မုံရွာမြို့နေမြို့ခံတစ်ဦးက ပြောသည်။ ယခုနှစ်အတွင်း တရားမဝင် ရွှေတူးဖော်သူများကို သက်ဆိုင်ရာ အာဏာပိုင်က လိုက်လံဖမ်းဆီးရာ ဟုမ္မလင်းမြို့အနီး ခေါင်ခန့်ကျွန်းတွင် တရားမဝင်ရွှေတူးဖော်သူ ၆၀ ကျော်ဖမ်းဆီးရမိကြောင်းသက်ဆိုင်ရာ ရေအရင်းအမြစ် ထိန်းသိမ်းရေးနှင့် မြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ "မြစ်ကြောင်းဥပဒေရှိပေမယ့်ဌာနက လုပ်ပိုင်ခွင့်မရှိသေးဘူး။ သက်ဆိုင်ရာ တရကကို အကြောင်းကြားရတယ်။ ဆိုင်ရာက ခွင့်ပြုထားပေမယ့်လည်း တချို့က ရေအရင်းအမြစ်ထိန်းသိမ်းဖို့ ခွင့်ပြုထားတာပါ။ ရွှေတူးတာက တော့ သတ္တုတွင်း ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်တောင်းရတယ်"ဟု သက်ဆိုင်ရာတာဝန်ရှိသူက ဆိုသည်။

# Health

7 DAY NEWS JOURNAL

Vol.10, No.10 • MAY 26, 2011


## သက်တမ်းကုန်ခါနီးအစားအစာများ သီးသန့်ရောင်းချစေရန်စီစဉ်

သီဟ

ရန်ကုန်၊မေ-၁၇

ရက်လွန်ခါနီး အစားအသောက်များအား စတိုးဆိုင်များတွင် ရောင်းချမည်ဆိုပါက သီးခြားကောင်တာ တစ်ခုဖွင့်၍ ရက်လွန်ခါနီး၍ ရောင်းချသည်ဆိုသည်ကို ထင်ရှားစွာ ရေးသား၍ ရောင်းချရန် အစီအစဉ်များအား ပြုလုပ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ရူပါမားကက်တစ်ခုရှိ စားသောက်ကုန်အရောင်းကောင်တာအားတွေ့ရစဉ်

"ရက်လွန်ခါနီး အစားအသောက်တွေကို စတိုးဆိုင်တွေမှာ ရောင်းရင်ကုန်ဆုံးရက်ကပ်နေတဲ့ ပစ္စည်းတွေကို ဝယ်သုံးမိပြီး ရက်လွန်တာကို မသိလိုက်ရင် စားသုံးသူတွေအန္တရာယ်ဖြစ်စေပါတယ်။ အဲဒီလိုတွေမဖြစ်အောင် ပြည်သူတွေက သတိထားဖို့လိုပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီး ဦးဉာဏ်ထွန်းဦးက ပြောသည်။

အလားတူ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ညောင်ပင်လေးဈေးတွင် ရောင်းချလျက်ရှိသည့် စားသောက်ကုန်ပစ္စည်းများအား ရှောင်တခင်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ အဆိုပါ ရောင်းကုန်ပစ္စည်းများထဲမှ လူကို အန္တရာယ်ဖြစ်စေသည့် ပိုးများပါရှိသည့် ငါးပိစိမ်းစား၊ ငါးပိထောင်း၊ လက်ဖက်၊ ငရုတ်သီးအမှုန့်၊ ငရုတ်ဆီ၊ ပဲကြီးလှော်များအား သိမ်းဆည်းဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

နောက်နောင်တွင်လည်း အဆိုပါ စားသောက်ကုန်ပစ္စည်းများ ရောင်းချသည်ကို တွေ့ရှိပါက အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဦးဉာဏ်ထွန်းဦးက ဆက်လက်ပြောကြားသည်။

## ကာယသာမက စိတ္တပါကျန်းမာသည့် ကလေးများဖြစ်စေရန်

သီဟ



ကလေးငယ်များသည် ဖယောင်းနှင့်တူသည်ဟု ရှေးလူကြီးများက ဆိုကြသည်။ အကြောင်းမှာ ဖယောင်းသည် ပူနေစဉ်အချိန်တွင် လိုသလိုပုံသွင်းယူနိုင်သည့် အတွက်ပင်ဖြစ်သည်။ ထိုနည်းတူ ကလေးများသည်လည်း ငယ်ရွယ်စဉ်အချိန်တွင် လိုသလိုပုံသွင်းယူနိုင်ကြပါသည်။

ထို့ကြောင့်မိဘများသည်မိမိတို့၏ ကလေးများအား ငယ်ရွယ်စဉ်အချိန်ကပင်လူတော်လူကောင်းများဖြစ်လာစေရန်၊ လိမ္မာစေရန်၊ လူ့လောကအတွက် တန်ဖိုးရှိသည့်လူသားများဖြစ်လာရန်ပုံသွင်းယူကြသည်။

သို့သော် မိဘများသည် သားသမီးများအပေါ် ဖြစ်လိုဇောကြီးမားလှသဖြင့်တစ်ခါတစ်ရံတွင် ပုံစံသွင်းမှုများသည် အံဝင်ခွင်ကျဖြစ်မလာဘဲ ဆိုးသွမ်းလူငယ်လေးများ ဖြစ်သွားတတ်ကြသည်လည်းရှိသည်။


အချို့သောမိဘများသည်လည်း မိမိတို့၏ သားသမီးများအား ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများအား လိုလေသေးမရှိထားသော်လည်း မိဘများကိုယ်တိုင်ကမူ စီးပွားရေးကိစ္စများနှင့် လုံးပန်းနေရသဖြင့် သားသမီးများအား အချိန်ပေးကာ နွေးထွေးမှု မပေးနိုင်ကြသည့် မိဘများလည်း ရှိသည်။ အဆိုပါမိဘများ၏ သားသမီးများသည် မိသားစုဘဝ နွေးထွေးမှုကို မရရှိသဖြင့် အသက်ကြီးလာချိန်တွင် ဆိုးသွမ်းသူများ ဖြစ်လာနိုင်ဖွယ်ရှိသည်ဟု ကလေးစိတ်ပညာဆိုင်ရာ ပညာရှင်များကပြောသည်။

မည်သို့ပင်ဆိုစေ လူကြီးမိဘများသည် မိမိတို့၏ ကလေးအား ငယ်ရွယ်စဉ်အချိန်တွင် ဂရုစိုက်ပြုစုစောင့်ရှောက်လေ့ရှိကြသည်။ သို့သော်ကလေးငယ်များ၏ ကိုယ်ကာယ ကျန်းမာရေးကိုသာ အများအားဖြင့် အလေးထားဂရုစိုက်လေ့ရှိကြပြီး စိတ်ကျန်းမာရေးကိုမူ ဂရုပြုမိသူ ရှားပါးသည်။

စာ(၁၄)သို့

## မျက်ကြည်လွှာရောင်ရမ်းခြင်း

"အမှုန်တွေနဲ့ထိတွေ့နေရတဲ့သူတွေနဲ့ လယ်သမားတွေအဖြစ်များကြတယ်"



■ဝတ်ရည်

လူ့ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုချင်းစီသည် တန်ဖိုးမဖြတ်နိုင်သော အသုံးအဝင်ဆုံးအစိတ်အပိုင်းများဖြစ်ကြပြီး ထိုအစိတ်အပိုင်းများသည် သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို လုပ်ဆောင်လျက်ရှိပါသည်။

ထိုအစိတ်အပိုင်းများထဲမှ အမြင်အာရုံသည် အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ထိုအမြင်အာရုံ ပျက်စီးသွားပါက ထိုသူသည် နေ့စဉ်နေထိုင်မှုများအတွက် အခက်အခဲအများအပြားကြုံတွေ့ရမည်ဖြစ်သည်။

အမြင်အာရုံဆုံးရှုံးမှုသည် မွေးရာပါချို့ယွင်းချက်များကြောင့် ဖြစ်ပွားနိုင်သကဲ့သို့နေ့စဉ်ဆောင်ရွက်နေသည့်အလုပ်အကိုင်၊ နေထိုင်မှုပုံစံ၏ အကျိုးဆက်ကြောင့်လည်း အမြင်အာရုံ ထိခိုက်မှုများလည်းရှိကြောင်း သိရသည်။

မျက်လုံးအတွင်းမျက်ကြည်လွှာရောင်ရမ်းမှုသည်မျက်စိအမြင်အာရုံအား ထိခိုက်စေနိုင်သည့် အကြောင်းအရင်းများထဲတွင် ပါဝင်ကြောင်း မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးတင်ဝင်းကပြောသည်။

"မျက်ကြည်လွှာရောင်ရမ်းမှုက ကုသမှုနောက်ကျရင် အမြင် အာရုံကိုပါ ပျက်စီးစေနိုင်တယ်။ ဒါပေမဲ့ တစ်နေ့တစ်နေ့ဆေးရုံကို ရောက်လာတဲ့ လူနာ ၂၀လောက်က အပြင်မှာကုသလို့ မနိုင်တော့မှ ဆေးရုံရောက်လာကြတာပါ" ဟု ဒေါက်တာဦးတင်ဝင်းကပြောသည်။

မျက်ကြည်လွှာရောင်ခြင်းသည် ရောဂါပိုးဝင်ရောက်ခြင်းကြောင့်ဖြစ်ပွားခြင်း ရှိသလိုရောဂါပိုးကြောင့်မဟုတ်ဘဲ တခြားအခြေအနေများကြောင့်လည်း ဖြစ်ပွားနိုင်ကြောင်း သိရသည်။

စာ(၁၄)သို့




7 DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011

# သွေးချိုရောဂါထက် သွေးတိုးရောဂါ ပိုမိုအဖြစ်များဟု ဆရာဝန်ကြီးတစ်ဦးပြောကြား

မြတ်စုမွန်

ရန်ကုန်၊ မေ - ၁၇

သွေးတိုးရောဂါသည် သွေးချိုရောဂါထက် ပိုမိုဖြစ်နှုန်းများပြီး စစ်ဆေးရန် လွယ်ကူသော်လည်း လူအများစုမှာ သွေးချိုရောဂါကို ပိုမိုအလေးထားကြောက်ရွံ့ကြပြီး သွေးတိုးရောဂါနှင့်ပတ်သက်လျှင် အတွေးအခေါ်မှားများ ရှိနေသေးကြောင်း အထွေထွေရောဂါကုသမားတော်ပါမောက္ခဦးနေဝင်းက ပြောသည်။

"ကမ္ဘာပေါ်မှာ သွေးတိုးရောဂါသည် တစ်ဘီလီယံရှိနေချိန်မှာ သွေးချိုရောဂါသည်က သန်း ၂၀၀ လောက်ပဲ ရှိတယ်။ ဒါပေမဲ့ လူတွေက သွေးပေါင်ချိန်ရုံနဲ့သိနိုင်တဲ့ သွေးတိုးရောဂါကို မကြောက်ဘဲ သွေးဖောက်စစ်မှ သိနိုင်တဲ့ သွေးချိုရောဂါကို ပိုကြောက်နေကြတယ်။ အသံတိတ်လူသတ်သမားဖြစ်တဲ့ သွေးတိုးကို ပေါ့ပေါ့ဆဆထားကြတယ်"ဟု ပါမောက္ခဦးနေဝင်းက ၎င်းရေးသားပြုစုသော "သွေးတိုးရောဂါနှင့်အသက်ရှည်ကျန်းမာစွာနေထိုင်ခြင်း" စာအုပ်မိတ်ဆက်ဖြန့်ချိပွဲတွင် ပြောသည်။

ထို့အပြင် လူတိုင်းသည် အသက် ၄၀ ကျော်ပါက သွေးတိုးရောဂါရှိ၊ မရှိကို စစ်ဆေးသင့်ပြီး သာမန်လူများထက် သွေးချိုရောဂါရှိသူများသည် သွေးတိုးရောဂါဖြစ်နိုင်သည့် အလားအလာပိုများသဖြင့် ကျောက်ကပ်မပျက်စီးအောင် ဂရုစိုက်သင့်ကြောင်း ၎င်းကအကြံပြုသည်။

"သွေးချို-၁ သမားတွေက ကျောက်ကပ်ပျက်မှ သွေးတိုးဖြစ်ပေမယ့် သွေးချို-၂ သမားတွေက ကျောက်ကပ်အနည်းငယ်ထိခိုက်ရုံနဲ့ သွေးတိုးဝင်လာတတ်တယ်။ ကျောက်ကပ်မပျက်အောင် ကာကွယ်တယ်ဆိုတာ သွေးချိုမတက်အောင် လုပ်တာကိုပြောတာ"ဟု အထက်ပါ သမားတော်ကြီးက အကြံပြုသည်။

သွေးတိုးရောဂါနှင့်ပတ်သက်၍ သွေးပေါင်ချိန်တိုင်း ကိရိယာ သုံးစွဲမည်ဆိုပါကလည်း အရည်အသွေးမီသော သွေးပေါင်ချိန်တိုင်းကိရိယာကို သုံးစွဲရန် သတိပြုသင့်ကြောင်း၊ မာကျူရီသွေးပေါင်ချိန်တိုင်းနှင့် ဒစ်ဂျစ်တယ်သွေးပေါင်ချိန်တိုင်း ကိရိယာများသည် တန်းတူညီမျှတန်ဖိုးရှိသော်လည်း ဒစ်ဂျစ်တယ်သည် အသုံးပြုရန်အသင့်တော်ဆုံးဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"တချို့ ဆေးရုံကြီးတွေမှာဆိုရင် မာကျူရီအစား ဒစ်ဂျစ်တယ်ကို သုံးနေကြပြီ။ တချို့ဆေးခန်းတွေမှာ ဟိုးအရင်တုန်းကပဲဝယ်ထားတဲ့ ဒိတ်လွန်သွေးပေါင်ချိန်တိုင်းတွေကိုသုံးနေတာရှိတယ်။ အိမ်တွေမှာဆိုရင်လည်း မိဘဘိုးဘွားခေတ်ကပဲ သုံးနေတာတွေကို ဆက်သုံးနေတယ်။ အဲဒါတွေက စိတ်မချရတော့ သွေးတိုးနေတယ်ဆိုပြီး ဆေးသောက်မိတယ်။ တကယ်သွေးတိုးနေပေမယ့် ကိရိယာက မပြတော့ ဆေးသောက်စရာမလိုဘူးဆိုပြီးနေမိတယ်။ ဒါတွေကို သတိပြုသင့်တယ်" ဟု အထွေထွေရောဂါကုသမားတော် ပါမောက္ခဦးနေဝင်းက ပြောသည်။

# ဈေးသက်သာဝက်သား သတိထားစားရန်လို

သီဟ

ရန်ကုန်၊မေ - ၁၇

ဝက်နားရွက်ပြာရောဂါနှင့်ပတ်သက်၍ ပညာပေးမှု၊တားဆီးအရေးယူမှုများဆက်လက် လုပ်ဆောင်နေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ပြည်သူများအနေနှင့်လည်း ဈေးပေါပေါနှင့် ရောင်းချသည့်ဝက်သားများအား ဝယ်ယူစားသုံး ခြင်းမပြုလုပ်ကြစေလိုကြောင်း အ ထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

"ဝယ်ယူစားသုံးတဲ့သူတွေ ကဈေးပေါပေါနဲ့ရောင်းတဲ့ ဝက် သား မသေချာတဲ့ဝက်သားတွေကို မစားမိအောင် သတိပြုပါ"ဟုရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျန်းမာရေးဝန်ကြီး ဦးဥာဏ်ထွန်းဦးကပြောသည်။ အလားတူရောဂါရှိသည့် ဝက်များအား ရောင်းချသည်ကို တွေ့ရှိပါကလည်း သတင်းတိတိကျကျပေးပါက ချက်ချင်းအရေးယူမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

## စာ-၁၃၊ ကာယသာမက စိတပါကျန်းမာသည့် ကလေးများဖြစ်စေရန် မှ

အလားတူ ပညာသင်ချိန်တွင်လည်း မိဘများသည် မိမိတို့ ကလေး အတန်းထဲတွင် ပထမရရှိရေး၊ စာတော်သောကလေး တစ်ယောက်ဖြစ်လာစေရေးအတွက် ကျောင်းချိန်အပြင် အခြားပြင်ပအချိန်များတွင်လည်း ကျောင်းစာအထောက်အကူပြုသင်တန်းများထားပေးကာ ပညာရေးကို အားပေးသမှုပြုကြသည်။

မိဘများအနေဖြင့် အတန်းထဲတွင် မိမိတို့ကလေး အောင်မြင်နေလျှင်ကျေနပ်နေကြသည်။သို့သော် ငယ်စဉ်က စာတော်ခြင်း အတန်းထဲတွင်အောင်မြင်ခြင်း စသည်များသည် အသက်အရွယ်ကြီးရင့်လာချိန်တွင် လူကောင်းများဖြစ်လာရန် မသေချာနိုင်ကြောင်း ကလေးအထူးကု ဆရာဝန်ကြီး တွဲဖက်ပါမောက္ခဒေါက်တာယုဇနစောမြင့်ကပြောသည်။

"လူတော်ဖြစ်ရုံနဲ့ ဘဝမှာမပြည့်စုံနိုင်ဘူး။ မိဘတွေက တစ်ခါတလေကျရင် အဲဒါကို မေ့မေ့သွားတတ်ကြတယ် စာတော်တဲ့ အတွက်လူတော်တော့ဖြစ်လာနိုင်တယ်။ ဒါပေမဲ့ လူတော်ဆိုတဲ့ အဓိပ္ပာယ်ကလည်း ကောင်းတဲ့ဘက်မှာလည်း တော်နိုင်သလို မကောင်းတဲ့ဘက်မှာ လည်းတော်နိုင်တယ်"ဟု ဒေါက်တာယုဇနစောမြင့်ကပြောသည်။

တော်ခြင်းမတော်ခြင်းသည် Intelligence Quotient (IQ) နှင့် သက်ဆိုင်ပြီး အဆိုပါ IQ သည် လူတို့ပြုပြင်၍မရသည့် မွေးရာပါဗီဇနှင့်သက်ဆိုင်သည်ဟု သိရသည်။

IQ သည် ကောင်းသည့်ဘက်တွင်လည်း မြင့်မားနိုင်သကဲ့သို့ မကောင်းသည့်ဘက်တွင်လည်းမြင့်မားနိုင်သည့်အတွက် ကောင်းသည့်ဘက်တွင် မြင့်မားပါက အလွန်တော်သည့် ပညာတတ်ပုဂ္ဂိုလ်ကြီးများဖြစ်လာနိုင်ပြီး မကောင်းသည့်ဘက်တွင် IQ မြင့်သူတို့သည် လောကကြီးအား အန္တရာယ်ပြုနိုင်သည့် ပုဂ္ဂိုလ်များဖြစ်လာနိုင်ကြောင်း သိရသည်။

ထို့ကြောင့် IQ မြင့်ခြင်းသည် ကောင်းခြင်း၊ မကောင်းခြင်းကို ခွဲခြားမသိနိုင်ကြောင်း ဒေါက်တာယုဇနစောမြင့်ကပြောသည်။ IQ မြင့်ခြင်းသည် ငွေ၊ ဂုဏ်၊ မျိုးရိုး စသည်တို့နှင့် မဆိုင်ဘဲ အတိတ်ကံ၊ တစ်နည်းအားဖြင့် မွေးရာပါဗီဇနှင့်သာဆိုင်ကြောင်း သိရသည်။

အကောင်းနှင့် အဆိုးခွဲခြားသိစေရန် IQ သာမက Emotional Intelligence Quotient ဟုခေါ်သည့် EQ ပါ ပံ့ပိုးပေးရန်လိုကြောင်း သိရသည်။ IQ သည် အတိတ်ကံ တစ်နည်းအားဖြင့် မွေးရာပါဗီဇနှင့်သက်ဆိုင်ပြီး ပြုပြင်၍မရနိုင်သော်လည်း EQ သည်ပတ်ဝန်းကျင်နှင့်ဆိုင်သဖြင့် ပတ်ဝန်းကျင်ကောင်းလျှင်ကောင်းသကဲ့သို့ ကလေး၏EQသည်လည်းကောင်းမွန်လာမည်ဖြစ်သည်။

ပတ်ဝန်းကျင်ဟုဆိုရာတွင်လည်း ကလေးငယ်များနှင့်မွေးကတည်းက ထိတွေ့ဆက်ဆံရသည့် မိဘသည် ကလေး၏ EQ ဆိုင်ရာမြှင့်တင်မှုတွင် အဓိကကျသည့် ပတ်ဝန်းကျင်ဖြစ်သည်။

ထို့ကြောင့် လက်ဦးဆရာများဖြစ်ကြသည့် မိဘများသည် ကလေးငယ်များအား IQ သာမက EQကိုပါမြှင့်တင်ပေးနိုင်မည်ဆိုလျှင် ကလေးငယ်သည် ကြီးပြင်းလာသည့်အခါမှဲ့ လူကောင်းတစ်ဦး အဖြစ်ရပ်တည်နိုင်မည်ဖြစ်သည်။

IQ မြင့်သော်လည်း EQ မြင့်မားစေရန်ပြုစုခြင်းမခံခဲ့ရသည့်ကလေးများသည် အသက်အရွယ်ကြီးရင့်လာချိန်တွင် လမ်းကြောင်းအမှားများပေါ်သို့ လျှောက်လမ်းသွားနိုင်ဖွယ်ရှိကြောင်း သိရသည်။

"ဥပမာအားဖြင့် IQ မြင့်လို့ ဆေးကျောင်းရောက်သွားတယ်၊ ဆေးကျောင်းလည်း ရောက်ရောလွတ်သွားပြီး ကျောင်းမတက်တော့ဘဲ အပေါင်းအသင်းမှား၊ နောက်ဆုံး လုပ်ချင်ရာလုပ်ပြီး ဆေးပညာကို ဆက်မသင်ကြားဘဲ ဆရာဝန် မဖြစ်တော့တာတွေ အများကြီးရှိတယ်။ အဲဒါဘာလဲဆိုတော့ EQ မမြင့်လို့ပေါ့"ဟု ဒေါက်တာယုဇန စောမြင့်ကပြောသည်။

" IQ ကတော့မြင့်ပါရဲ့ ဒါပေမဲ့ EQ နိမ့်တဲ့အခါကျတော့ မကောင်းတဲ့ဘက်ကို ပါသွားတာပေါ့"ဟုဒေါက်တာယုဇနစောမြင့်က ဆက်လက်ပြောကြားသည်။

EQ မြင့်မားမှုကို တိုင်းတာရာတွင် ကလေးတစ်ဦးသည် ငယ်စဉ်ကပင် မိမိ၏ စိတ်လှုပ်ရှားမှုနှင့် အခြားသူတစ်ဦး၏ စိတ်လှုပ်ရှားမှုကို သိနိုင်စွမ်းရှိမှု(စာနာတတ်ခြင်း)၊ တတ်စွမ်းသမျှလည်း သိနိုင်စေရန်ကြိုးစားခြင်း၊ ထိုသို့ သိသည့်နေရာတွင်လည်း ကျွမ်းကျင်မှု (အကင်းပါးခြင်း)၊ မိမိ၏ စိတ်လှုပ်ရှားမှုအား ဆန်းစစ်နိုင်ခြင်း (ထိုသို့ ဆန်းစစ်နိုင်မှသာလျှင် အကောင်းအဆိုး ခွဲခြားနိုင်မည်ဖြစ်သည်။)များ ဖြစ်သည်ဟု ဒေါက်တာယုဇနစောမြင့်က ပြောသည်။

မိဘ၏ အလိုလိုက်ခြင်းကို များစွာရရှိထားသည့် ကလေးများသည် ပတ်ဝန်းကျင်အား လေ့လာနိုင်စွမ်းနည်းပါးကာ သူတစ်ပါးအားရှေ့တန်းမတင်တော့ဘဲ မိမိ၏လိုအင်ဆန္ဒတစ်ခုကိုသာ ရှေ့တန်းတင်ကာ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်နိုင်စွမ်းနည်းသွားတတ်သည်ဟုသိရသည်။ ထိုအချင်းအရာသည်လည်း EQ နိမ့်ပါးခြင်းတစ်ခုဖြစ်ကြောင်း သိရသည်။

ကလေးငယ်စဉ်ကပင် EQ မြင့်စေရန် လေ့ကျင့်ပေးနိုင်ရန်အတွက်မူ မိဘကိုယ်တိုင်ကပင် EQ မြင့်မားရန်လိုအပ်ပြီး ထိုမှသာလျှင် ကလေးအား လေ့ကျင့်ပေးနိုင်မည်ဖြစ်သည်။

"မိဘကလည်း ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ငါလုပ်ချင်တာလုပ်မယ်ဆိုတဲ့ မိဘမျိုးဆိုရင် ကလေးကလည်း ဒီမိဘကိုပဲ ကြည့်နေတာဆိုတော့ သူလည်းပဲ EQ မြင့်စရာအကြောင်းမရှိတော့ဘူး"ဟု ဒေါက်တာယုဇနစောမြင့်ကပြောသည်။

ထို့အပြင် ကလေးများအား EQ မြင့်စေရန် လေ့ကျင့်ပေးနိုင်မည့် အခြားနည်းလမ်းများမှာ ကလေးနှင့်မိဘ ရင်းနှီးမှုများများရယူကာ နွေးထွေးနေစေခြင်း၊ မိသားစုဘဝအားအကောင်းဆုံးအကောင်အထည်ဖော်ဆောင်နိုင်ခြင်း၊ ကလေး၏ အပြုအမူ လိုအင်ဆန္ဒများကို မိဘများ သိရှိအောင် လုပ်ခြင်း စသည့်နည်းလမ်းများဖြင့် ငယ်စဉ်ကပင် ကလေးငယ်များအား EQ မြင့်မားသူများဖြစ်လာစေရန်လေ့ကျင့်ပေးနိုင်ကြောင်း သိရသည်။

ကလေး၏ စိတ်ဓာတ်အား ခိုင်မာတည်တံ့၍ ကောင်းသည့်ဘက်သို့ ရောက်ရှိသွားစေရန် လေ့ကျင့်ပေးခြင်းသည် EQ မြင့်စေရန် လေ့ကျင့်ပေးခြင်းပင်ဖြစ်သဖြင့် မိဘများသည် မိမိတို့၏ ရင်သွေးငယ်များ ကိုယ်ကာယကျန်းမာရေးကိုသာ ဂရုစိုက်နေခြင်းသာမက စိတ်၏ ကျန်းမာရေးဖြစ်သော EQ မြင့်မားမှုကိုပါ တွဲဖက်ပြုစုနိုင်ကြစေရန် အရေးကြီးကြောင်း ပညာရှင်များက ပြောကြားသည်။

## စာ-၁၃၊ မျက်ကြည်လွှာရောင်ရမ်းခြင်း မှ

ရောဂါပိုးကြောင့်ဖြစ်ပွားခြင်းသည် ဘက်တီးရီးယားပိုးမွှားများကြောင့်လည်းကောင်း၊ နေ့စဉ် စားဝတ်နေရေးကြောင့် လှုပ်ရှားနေရသည့်ပတ်ဝန်းကျင်အနေအထားများကြောင့်လည်းကောင်း၊ ဗိုင်းရပ်စ်ပိုးများကြောင့်လည်းကောင်း၊ သန်ကောင်၊ တုတ်ကောင်များ ခန္ဓာကိုယ်အတွင်းရှိနေခြင်းမှ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပွားနိုင်ကြကြောင်းသိရသည်။

"မျက်ကြည်လွှာရောင်တာက မျက်လုံးထဲအမှိုက်တွေဝင်ရာကတစ်ဆင့်ဖြစ်ပွားမှုရှိတဲ့အတွက် လယ်ယာလုပ်ငန်းလုပ်တဲ့သူတွေ၊ အမှုန်အမွှားတွေနဲ့ ထိတွေ့နေရတဲ့သူတွေ အဖြစ်များကြတယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။ အများအားဖြင့် လယ်ယာလုပ်ငန်းလုပ်သူများ၊ အမှုန်များဖြင့် နေ့စဉ်ထိတွေ့နေသူများ ဖြစ်ပွားမှုများပြားသည်ဟုဆိုပြီး ဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားခြင်းမှာ ယခုနောက်ပိုင်းတဖြည်းဖြည်းများပြားလာကြောင်း သိရသည်။

"အခုနောက်ပိုင်းမှာ လူတော်တော်များများက ကိုယ်ခံအားကျပြီး ဗိုင်းရပ်စ်ပိုးကူးစက်ခံရတာများလာတော့ မျက်ကြည်လွှာရောင်ရမ်းမှုမှာ ဗိုင်းရပ်စ်ပိုးကြောင့်လည်းများလာတယ်"ဟုဒေါက်တာဦးတင်ဝင်းကပြောသည်။

ရောဂါပိုးကြောင့်မဟုတ်ဘဲဖြစ်သည့် မျက်ကြည်လွှာရောင်ရမ်းခြင်းတွင် ခန္ဓာကိုယ်သည်။ တခြားရောဂါတစ်ခုခုကြောင့် ကိုယ်ခံအားစနစ်များ ကျဆင်းမှုကြောင့် နောက်ဆက်တွဲ အကျိုးဆက်အနေဖြင့် မျက်ကြည်လွှာအား ထိခိုက်မိခြင်းဖြစ်ကြောင်း သိရသည်။

" ဥပမာ- လေးဘက်နာရောဂါ ခံစားရတဲ့သူတွေမှာဆို အဲဒီရောဂါပိုးကြောင့် ခုခံအားစနစ်တွေ ထိခိုက်ပြီး မျက်ကြည်လွှာ ရောင်ရမ်းတာတွေလည်း ဖြစ်ကြတယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။

မျက်ကြည်လွှာရောင်ခြင်း၏ ရောဂါလက္ခဏာသည် သာမန်မျက်စိနာခြင်း၏ လက္ခဏာများနှင့်ဆင်တူသည့်အတွက် ရောဂါခံစားရသူများမှာ ဂရုမမူဘဲနေထိုင်ရာမှ မျက်လုံးထိခိုက်သည့်အခြေအနေများအထိ ရောက်ရှိသွားခြင်းဖြစ်သည်။ မျက်ကြည်လွှာရောင်သည့် လက္ခဏာများမှာ မျက်လုံးနီခြင်း၊ အလင်းရောင်မကြည့်နိုင်ခြင်း၊ မျက်လုံးမှုန်ခြင်း၊ မျက်လုံးကိုက်ခြင်းတို့ဖြစ်သည်။

"ရာသီဥတုအပြောင်းအလဲဆိုတော့ မျက်လုံးနာကြတဲ့သူများတယ်လို့ပြောကြတော့ ကိုယ့်မျက်လုံးနီပြီး ကိုက်နေတာကိုလည်း ရိုးရိုးမျက်လုံးနာတယ်ပဲထင်တာ။ နောက်တော့မျက်လုံးနာတာ ရက်ကတစ်ပတ်ကျော်လာတော့ ဆေးရုံသွားပြတော့မှ မျက်ကြည်လွှာရောင်တာ အရမ်းအရေးကြီးတယ်။ အခန့်မသင့်ရင် မျက်စိပါကွယ်နိုင်တယ်လို့ပြောတယ်"ဟု မျက်ကြည်လွှာရောင်ခြင်းအား ကိုယ်တိုင်ခံစားခဲ့ရသူ ဒေါ်မြင့်မြင့်ကပြောသည်။

မျက်ကြည်လွှာရောင်ရမ်းခြင်းအား ကုသရာတွင် ရောဂါဖြစ်ပွားသည့်အခြေအနေပေါ် မူတည်ကာကုသရပြီး ရောဂါပိုးဝင်ခြင်းကြောင့်ဖြစ်ပွားသည့် မျက်ကြည်လွှာရောင်ခြင်းအား စတီးရွိုက်ဆေးဝါးများလုံးဝအသုံးမပြုရဘဲ ပိုးဝင်ခြင်းမဟုတ်သည့်မျက်ကြည်လွှာရောင်ခြင်းမှသာ စတီးရွိုက်ဆေးဝါးများ အသုံးပြုခြင်းဖြင့် ကုသရကြောင်း သိရသည်။

"ဘယ်လိုအခြေအနေကြောင့်ဖြစ်လဲပေါ် မူတည်ပြီး ဆေးကုသရတာဖြစ်တဲ့အတွက် အမှားခံလို့မရပါဘူး။ စတီးရွိုက်မသုံးရတဲ့ ကုသမှုမျိုးပါ စတီးရွိုက်ပါတဲ့ဆေးဝါးမျိုးသုံးမိရင် မျက်လုံးပေါက်ပြီး မျက်စိကွယ်သွားတယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။

သာမန်မျက်စိနာသည့်ပုံစံနှင့်ဆင်တူသည့်အတွက် အချို့သူများသည် ဆေးရုံ၊ဆေးခန်းများသို့ သွားရောက်ပြသမှုမရှိဘဲ နီးစပ်ရာနေရာများမှ မျက်စဉ်းဆေးများ ဝယ်ယူအသုံးပြုခြင်းကြောင့် မျက်စိဆေးရုံသို့ ရောက်လာသည့်အချိန်တွင် နောက်ကျပြီးမှရောက်လာသည့်လူနာများပြားကြောင်း သိရသည်။

မျက်ကြည်လွှာရောင်ခြင်းမှတစ်ဆင့် မျက်လုံးပါကွယ်စေနိုင်သည့်အတွက် အမှုန်များပျံ့နှံ့မှုများသော အလုပ် လုပ်ကိုင်နေရသည့်အချိန်တွင် (လယ်သမားများ၊ စက်ရုံလုပ်သားများ) အနေဖြင့် မျက်စိအကာအကွယ်ပေးသည့်ပစ္စည်းများအသုံးပြုကာကွယ်ထားသင့်ကြောင်း ဒေါက်တာဦးတင်ဝင်းကပြောသည်။

## ရွှေထနောင်းကုမ္ပဏီက စိုက်ပျိုးစရိတ်ကျပ်သိန်းကိုးထောင်ကျော်ထုတ်ချေး

**လှမြင့်**

**မကွေး၊ မေ- ၁၇**

၂၀၁၀-၁၁ ဘဏ္ဍာနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို ယခုလ ၃ ရက်မှစ၍ မကွေးမြို့ အမှတ်(၆)ရန် ကင်း(၇)လမ်းရှိ ရွှေထနောင်း ကုမ္ပဏီရုံးခန်း၌ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မကွေးမြို့ ရွှေထနောင်း စိုက်ပျိုးထုတ်လုပ်မှု ကုမ္ပဏီကို အဖွဲ့ဝင် ဒါရိုက်တာ ၃၄ ဦးဖြင့် ဖွဲ့စည်းထားပြီး မတည်ငွေကျပ်သိန်း ၁၀,၀၀၀ ဖြင့် စတင်လုပ်ကိုင်ခဲ့သည်။ ချေးငွေများကို မကွေး၊ တောင်တွင်းကြီး၊ နတ်မောက်၊ မြို့သစ်နှင့် ဆင်ပေါင်ဝဲမြို့နယ်များမှ ကျေးရွာပေါင်း ၁၂၂ ရွာ၊ တောင်သူဦးရေ ၄,၅၀၀ ကျော်အား တစ်ဧကကျပ် ၅၀,၀၀၀ နှုန်းဖြင့် စိုက်ဧက ၁၈,၀၀၀ ကျော်ကို ထုတ်ချေးမည်ဖြစ်ပြီး အတိုးနှုန်း ၁၀၀ ကျပ်လျှင် ၂ ကျပ်ဖြစ်ကြောင်း သိရသည်။

ရွှေထနောင်းစိုက်ပျိုးထုတ်လုပ်မှု ကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာဦးဖိုးနီက "တောင်သူတွေအတွက် စိုက်ပျိုးစရိတ်ချေးငွေကို ကျပ်သိန်း ၉၀၂၀ ထိထုတ်ချေးမှာဖြစ်ပါတယ်။ လာမယ့် ဇူလိုင်လ ၁ ရက်မှာ တောင်သူတွေကို ရိတ်သိမ်း စရိတ်ထပ်မံထုတ်ချေးသွားဦးမှာပါ။ ဒီချေးငွေတွေကို ဟိုဖြတ်ဒီဖြတ်မလုပ်ဘူး။အဖြတ်အတောက် မရှိတင်းပြည့်ကျပ်ပြည့် တောင်သူ လက်ထဲအပြည့်အဝ ထည့်ပေးမှာပါ။ မေလ ၈ ရက်က စ၍ အလှမ်းဝေးတဲ့ ကျေးရွာများအထိ အရောက်သွားပြီးအိမ်တိုင်ယာရောက် ထုတ်ချေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ မကွေးတိုင်းဒေသကြီး ဆိတ်ဖြူမြို့နယ်ရေဘေးသင့်ခဲ့တဲ့ ရွာမကျေးရွာက တောင်သူ ၃၁ ဦး၊ ဧက ၆၃ ဧကကုလားပဲမျိုးအတွက် ကာလတန်ဖိုး ကျပ် ၇၇၁၇၅၀ ကို အတိုးမဲ့ထုတ်ချေးခဲ့ပြီး မီးလောင်သွားတဲ့ မကွေးမြို့နယ် ဆူးပစ်စမ်းကျေးရွာက တောင်သူ ၈၃ ဦးစိုက်ဧက ၇၇၄၈ အတွက်နှမ်းမျိုးကျပ်ငွေ ၆,၄၇၂, ၇၅၀ ကို အတိုးမဲ့ ထုတ်ပေးကူညီခဲ့ပါတယ်။ ကျွန်တော်တို့ မကွေးဒေသတွင်း ပုဂ္ဂလိက အဖွဲ့အစည်းများအနေနဲ့ တောင်သူတွေကို အတိုးနည်းနည်းနဲ့ ထုတ်ချေးနိုင်ခဲ့တာ ဒါဟာပထမအကြိမ်ဖြစ်ပါတယ်" ဟုရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

## ကိုယ်ပိုင်ယာဉ်များ ကုန်တင်ပြေးဆွဲခွင့်လုပ်ငန်းလိုင်စင်မရှိဘဲ ကုန်တင်ခြင်းကြောင့် အရေးယူခံရ

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ- ၁၈**




မုံရွာမြို့ပေါ်တွင် ပြေးဆွဲလျက်ရှိသော ကိုယ်ပိုင်လိုက်ထရပ်ယာဉ်၊ သုံးဘီးဆိုင်ကယ်နှင့် မော်တော်ယာဉ်များအနေဖြင့် ကုန်တင်ပြေးဆွဲခွင့်လုပ်ငန်းလိုင်စင်မပါရှိဘဲကုန်သယ်ယူပြေးဆွဲပါက သတ်မှတ်ထားသည့် ယာဉ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း မုံရွာဒေသခံ ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

"ဒီလဆန်းပိုင်းမှာ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်တွေအပြင် ယာဉ်နံပါတ်အနက် (ကိုယ်ပိုင်ယာဉ်) တွေက အငှားယာဉ်နံပါတ်အနီတွေလို ကုန်တင်ပြေးဆွဲတာတွေကို ဥပဒေအရ အရေးယူတာတွေပိုများလာတယ်။ မော်တော်ဆိုင်ကယ်တွေကိုအရင်တုန်းက ယာဉ်အမှုတစ်မှုကျပ်တစ်သောင်းနှုန်း ပေးဆောင်ရတာကနေ ဒီလအတွင်းမှာ ယာဉ်အမှုတစ်မှုကျပ်တစ်ထောင့်ငါးရာနှုန်းနဲ့ တရားရုံးမှာ သတ်မှတ်ဒဏ်ကြေးပေးဆောင်ခဲ့ရတယ်။ နံပါတ်အနက်ကိုယ်ပိုင်ယာဉ်တွေအများစုက လုပ်ငန်းသုံးကုန်တင်ယာဉ်တွေအဖြစ် ပြေးဆွဲလာတဲ့အတွက် ကုန်တင်ပြေးဆွဲခွင့်လုပ်ငန်းလိုင်စင်(အငှားယာဉ်)အဖြစ်ပြောင်းလဲပြေးဆွဲစေပြီး ကိုယ်ပိုင်ယာဉ်နဲ့ ကုန်တင်ပြေးဆွဲပါက ဥပဒေအရ ဒဏ်ကြေးပေးဆောင်ရတဲ့အတွက် ကိုယ်ပိုင်ယာဉ်တွေ ယာဉ်စစ်ဆေးရေးအဖွဲ့တွေကို ရှောင်တိမ်းမောင်းတဲ့သူ ပိုများလာတယ်"ဟု မုံရွာဒေသခံ လိုက်ထရပ်ယာဉ်မောင်းတစ်ဦးကပြောသည်။

သက်ဆိုင်ရာက တရုတ်နိုင်ငံထုတ်သုံးဘီးယာဉ်များအား ယာဉ်မောင်းလိုင်စင်များ တရားဝင်လျှောက်ထားခွင့်ပြုခဲ့သော်လည်း အဆိုပါ သုံးဘီးယာဉ်လိုင်စင်များမှာ နံပါတ်အနက်

စာ(၁၈) သို့



## မန္တလေးမြေဈေး ရောင်းအားကောင်းဆဲ

**စိုင်းသာအောင်**

**မန္တလေး၊ မေ-၂၀**

မန္တလေးမြို့ မြေဈေးကွက် စက်မှုမြေဈေးကွက်များ အရောင်းအဝယ်အေးပြီး ပြည်ကြီးတံခွန်မြို့နယ် ညည၊ စစ၊ တတ၊ ထထ၊ နန၊ လလ၊ ဝဝ မြေကွက်များ သကြင်္ကန်ပြီး ပိုမိုရောင်းအားကောင်းဆဲဖြစ်ကြောင်း သန့်စင်အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ရေးမှ အကျိုးဆောင်တစ်ဦးကပြောသည်။

ဆက်လက်၍ ၎င်းက "မန္တလေးစက်မှုဇုန်မြေကွက်တွေက ပိုင်ရှင်အပြောင်းအလဲလုပ်လို့မရဘူး။ စက်မှုဇုန်က မီးမမှန်ဘူး။ တစ်ရက်မှ ၈ နာရီခန့် မီးရတာ။ ဒါကြောင့်မို့အခြားမြို့သစ်၊ မြေကွက်တွေက အရောင်းအဝယ် အားလုံးဖြစ်ပါတယ်။ ပေ ၄၀×ပေ ၆၀ မြေတစ်ကွက် အနည်းဆုံးကျပ်သိန်း ၁၅၀ ကနေ ကျပ်သိန်း ၁၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ကြီးတံခွန်မြို့နယ် တောင်မြောက် ၅၈ လမ်းမှ ၆၂ လမ်းအထိ ၊ အရှေ့ အရှေ့အနောက်မင်းကြီးရန် နောင်လမ်း၊ ဘုရင့်နောင်လမ်း၊ အောင်ဇေယျလမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း အားလုံး အရောင်းအဝယ်ဖြစ်ပါတယ်။ မဟာဗန္ဓုလလမ်းကတော့ ပြည်ကြီးတံခွန်မြို့နယ်ရဲ့ အလယ်ဗဟိုလမ်းဖြစ်နေတာရယ်၊ ပေ ၁၀၀ ကျယ်တဲ့လမ်းဖြစ်နေတာကြောင့် မြေအဝယ်လိုက်ပြီး အချိန်တိုတိုအတွင်းဈေးအတက်မြန်တာပါ" ဟု ပြောသည်။

မန္တလေးမြို့လယ် ၂၆ လမ်း မှ ၃၅ လမ်းအတွင်း၊ ၅၈ လမ်းမှ ၈၉ လမ်းအတွင်းရှိ ဘိုးဘွားပိုင်မြေများလည်း အရောင်းအဝယ်ဖြစ်ပြီး အဝယ်လိုက်လျက်ရှိကြောင်း၊ ၂၆ လမ်း၊ ၅၈ လမ်းနှင့် လမ်း ၆၀ ကြား၊ ပေ ၂၀၀ ပတ်လည်မြေတစ်ကွက်ကျပ်သိန်း ၉၅၀၀ နှင့် အရောင်းအဝယ်ဖြစ်သွားကြောင်း သိရသည်။

## လမ်းဘေးတွင် စက်သုံးဆီမှောင်ခိုရောင်းချနေသူများအား ဖမ်းဆီးအရေးယူ

**ကျော်ဇေယျ**


**နေပြည်တော်၊ မေ- ၁၈**

နေပြည်တော် ပျဉ်းမနားတွင် လမ်းဘေး၌ စက်သုံးဆီများတရားမဝင်ရောင်းချသူများအား ဖမ်းဆီးအရေးယူမှု ယခုလ ၁၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့နယ်အုပ်ချုပ်ရေးမှူး၏ မြို့ပေါ်ရပ်ကွက်အတွင်း စက်သုံးလောင်စာဆီများအား တရားမဝင် သိုလှောင်ရောင်းချမှုမရှိစေရန်နှင့်တွေ့ရှိက ဥပဒေအရ အရေးယူဆောင်ရွက်ရန် ညွှန်ကြားချက်အရ မေလ ၁၃ ရက်နေ့လယ် ၁၁ နာရီ မိနစ် ၄၀ အချိန်ခန့်က နေပြည်တော်ပျဉ်းမနား ရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင်နှင့် အသိသက်သေအဖွဲ့တို့သည် သတင်းအရရှာဖွေရာ နေပြည်တော်ပျဉ်းမနားကင်ပွန်းတန်းအုပ်စု တပ်ပိုးရပ်ကွက်ရှိမ. . . (၂၅)နှစ်၏ ဓာတ်ဆီဆိုင်အတွင်း တွင်လည်းကောင်း၊ ဆက်လက်၍ ၎င်းဆိုင်အနီးတွင်ရှိသော မ. . . (၂၃)နှစ်၏ ဆိုင်အတွင်းသို့ဝင်ရောက်ရှာဖွေရာတွင်လည်းကောင်း၊ ဆိုင်နှစ်ဆိုင်အတွင်းမှတရားမဝင်သိုလှောင်ထားသော ဓာတ်ဆီများနှင့် ဒီဇယ်ဆီများတွေ့ရှိခဲ့သည်။

အမှုဖြစ်စဉ်နှင့် ပတ်သက်၍ ဥပဒေအရအရေးယူနိုင်ရန် မ. . (၂၅)နှစ်အား နေပြည်တော်ပျဉ်းမနားရဲစခန်း(ပ)၂၉၅/၂၀၁၁ အရေးကြီးကုန်ပစ္စည်းအက်ဥပဒေပုဒ်မ၈(၁)အရလည်းကောင်း၊ မ. . . (၂၃)အား နေပြည်တော် ပျဉ်းမနားရဲစခန်း(ပ)၂၉၆/ ၂၀၁၁ အရေးကြီးကုန်ပစ္စည်းအက်ဥပဒေပုဒ်မ၈(၁)အရလည်းကောင်းအသီးသီးအမှုဖွင့်လျက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

"လမ်းဘေးဆိုင်တွေမှာ တရားမဝင်လောင်စာဆီတွေ သိုလှောင်ရောင်းချတဲ့ကိစ္စနဲ့ပတ် သက်ပြီး ဒီလိုဖမ်းဆီးအရေးမယူဖြစ်တာ ပုဂ္ဂလိက စက်သုံးဆီဆိုင် မဖွင့်ခင်ကတည်းကဆိုတော့ ၂ နှစ်လောက်တော့ ရှိသွားပြီပေါ့။ မကြားရတာလည်း တော်တော်ကြာပြီ။ အခုဒီလိုဖမ်းဆီး ဖြစ်တယ်ဆိုတာလည်း လွန်ခဲ့တဲ့ ရက်သတ္တပတ်ခန့်က ဖြစ်သွားတဲ့ စတိုးဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွားပြီးတော့မှ မီးဘေးအန္တရာယ်ဆိုင်ရာ လုံခြုံရေးစီမံချက်ကြောင့် ဖမ်းတယ်လို့ ယူဆရပါတယ်" ဟု နေပြည်တော် ပျဉ်းမနားမှ ပုဂ္ဂိုလ်တစ်ဦးက ပြောသည်။



7DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011

# တိုက်ရိုက်လုပ်ကိုင်ခွင့်ရအင်းများအား အငှားဂရန်အင်းအဖြစ် ပြောင်းလဲလုပ်ကိုင်ခွင့်ကို ငါးလုပ်ငန်းရှင်များစိတ်ဝင်စား

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ- ၁၆**

ယခင် မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနက အထူးအခွင့်အရေးဖြင့် လေလံယှဉ်ပြိုင်ရန်မလိုဘဲ တိုက်ရိုက်လုပ်ကိုင်ခွင့်ပြုထားသောအင်းများအား ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် ငါးမွေးမြူရေးလုပ်ငန်းရှင်များသို့ အငှားဂရန်အင်းအဖြစ် ပြောင်းလဲလုပ်ကိုင်ခွင့်ပြုလိုက်သည့်အတွက်ယခုနှစ်အင်းလေလံတင်ရောင်းချပွဲများတွင် ငါးမွေးမြူရေးလုပ်ငန်းရှင်များ စိတ်ဝင်စားမှုပိုများလာကြောင်း သိရသည်။

"အရင်နှစ်တွေတုန်းက အင်းလေလံကို ငါးလုပ်ငန်းဦးစီးဌာနက တိုက်ရိုက်ဆောင်ရွက်တယ်။ အစိုးရသစ်လက်ထက်ပထမအကြိမ် အင်းလေလံပွဲကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရက လုပ်ကိုင်ခွင့်ရရှိခဲ့သည့်အတွက် အရင်တုန်းက အထူးအခွင့်အရေးနဲ့ အခွင့်ထူးခံအဖွဲ့အစည်းတွေတိုက်ရိုက်လုပ်ကိုင်ခွင့်ပြုထားတဲ့အင်းတွေကို အမှန်တကယ်ငါးမွေးမြူရေးလုပ်ကိုင်သူတွေဆီ ပြောင်းလဲလုပ်ကိုင်ခွင့်ပေးတာကိုငါးလုပ်ငန်းရှင်တွေအားလုံးကြိုဆိုပါတယ်။ တိုက်ရိုက်ချအင်းတွေက ငါးမွေးမြူရေးလုပ်ငန်းစံပြအင်းတွေ ဖြစ်တဲ့အတွက် အခွင့်ထူးခံ အဖွဲ့အစည်းတွေဆီက တစ်ဆင့်ငါးမွေးမြူခွင့်ကို အခွန်အခစျေးကြီးကြီးနဲ့ ပြန်လည်ဝယ်ယူ လုပ်ကိုင်သူတွေရှိလာတယ်။ ဒီနှစ်တော့ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတွေမှာ တိုက်ရိုက်လုပ်ကိုင်ခွင့်ရအင်းအချို့ကို အမှန်တကယ် ငါးမွေးမြူသူတွေကို လုပ်ကိုင်ခွင့်ရရှိစေဖို့လေလံတင်ရောင်းချခဲ့ပေမယ့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက တိုက်ရိုက်ချလုပ်ကိုင်ခွင့်ရ အင်း ၅၀ ခန့်ကို ငါးမွေးမြူရေးလုပ်ကိုင်သူတွေလုပ်ကိုင်ခွင့်ရရှိဖို့ မျှော်လင့်နေကြတယ်"ဟု စစ်ကိုင်းဒေသကြီးငါးမွေးမြူရေးလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနမှ လေလံယှဉ်ပြိုင်ရန်မလိုဘဲ တိုက်ရိုက်လုပ်ကိုင်ခွင့်အင်းများအား(၁၉၉၉-၂၀၀၀)ဘဏ္ဍာနှစ်မှစတင်လုပ်ကိုင်ခွင့်ပြုခဲ့ပြီး ယခင်က တစ်နှစ်တစ်ကြိမ် လုပ်ကိုင်ခွင့်ပြုစနစ်မှ (၂၀၀၈-၀၉) ဘဏ္ဍာရေးနှစ်မှစ၍ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း တိုက်ရိုက်ချလုပ်ကိုင်ခွင့်အင်း (၅၀)ခန့်အား နှစ်ရှည်အငှားဂရန်အင်း (ကြေးတိုင်အင်း)အဖြစ် သုံးနှစ်အထိ ပြောင်းလဲလုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းရှင်များပြောကြားချက်အရ သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ် အတွင်း ငါးမွေးမြူရေး လုပ်ကိုင်ခွင့်ရရှိသောအင်း ၄၀၀ ခန့်ရှိကြောင်း သိရသည်။

အင်းများအား အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘုံငါးဖမ်းအင်းနှင့် ကန့်သတ်အင်း ဟူ၍ ရှိရာ ဂရန်အင်းတစ်မျိုးတည်းသာ နှစ်ရှည်ငှားရမ်းကြေးတိုင်စနစ်ဖြင့် ငါးမွေးမြူလုပ်ကိုင်ခွင့်ပြုခြင်းဖြစ် သည်။

ရေချိုငါးလုပ်ငန်း ဥပဒေ ပုဒ်မ-၂၃ ပုဒ်မခွဲ (ဂ) နှင့်အညီ အင်းအိုင်များရေရှည်တည်တံ့စေရန်ရည်ရွယ်ချက်ဖြင့် အင်းအိုင်များအတွင်း အင်းရာသီကုန်ဆုံးသည့်အခါ ငါးမျိုးများချန်လှပ်ရန် နောင်နှစ်များအတွက် မွေးမြူထားစေပြီး အင်းများအတွင်းရေဝင်ချောင်းများ ရေစီးရေလာကောင်းရေး အင်းများမတိမ်ကောစေရေး လုပ်ငန်းများဆောင်ရွက်၍ ငါးမျိုးကောင်းမျိုးသန့်များစိုက်ထည့်ခြင်းများဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ ငါးလုပ်ငန်းဦးစီးဌာနက နှစ်ရှည်ဂရန်ပေးသည့်ကြေးတိုင်စနစ်ကျင့်သုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်း ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်အတွင်း နှစ်ရှည်ဂရန်ကြေးတိုင် အင်းအဖြစ် လေလံတင်ရောင်းချမည့်အင်းများမှာ မုံရွာမြို့နယ်အတွင်း လှေကူးအင်း၊ မြစ်ထုံးကြီး၊ ဆင်သောက်ကန်မှ လှေကူးအနီးတာကျင်းအင်း၊ မြစ်ထုံးကြူထုံးအင်း၊ ဘုမ္မိုးဓမ္မပါလအင်း၊ မအူပင်ချောင်းအင်း၊ ကနီမြို့နယ်အတွင်းကျော်ရွာအင်း၊ ဝက်ချောင်းလေးအင်း၊ ချောင်းဦးမြို့နယ်အတွင်း သဖန်းကွေ့အင်း၊ ပေါက်အင်း၊ အင်းကူးအင်း၊ မီးသွေးဆည်အင်း၊ ယင်းမာပင်မြို့နယ်အတွင်း စုန်းချောင်းအင်း၊ ပင်လယ်အင်း၊ စုန်းကျင်းအင်း၊ ဆားလင်းကြီးမြို့နယ်အတွင်း လက်ပန်းတောင်းအင်း၊ နတ်စင်အင်းစသည်တို့အား ယခုနှစ် မေလအတွင်း ငါးမွေးမြူရေးလုပ်ငန်းရှင်များအား လေလံစနစ်ဖြင့်လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း သိရသည်။




## ရွှေတချောင်းမြောင်းအတွင်း သကြားစက်ရုံများမှ ရေဆိုးစွန့်ပစ်မှုများကြောင့် အနံ့အသက်ဆိုးများထွက်ပေါ်

**ယဉ်ယဉ်လှ**

**မန္တလေး၊ မေ- ၂၁**

မန္တလေးမြို့တော် ဧရိယာအတွင်း မြောက်မှတောင်သို့စီးဆင်းသော ရွှေတချောင်းမြောင်းအတွင်း ၈၆ လမ်းနှင့် ၁၄ လမ်းစုံတွင် သကြားစက်ရုံများမှ ရေဆိုးများ စွန့်ပစ်မှုကြောင့် ၈၆ လမ်း၊ ၁၄ လမ်းနှင့် ၁၆ လမ်းကြား နေပြည်သူများ ဆိုးဝါးသော အနံ့အသက်များကို ခံစားနေရကြောင်း ရပ်ကွက်နေပြည်သူများထံမှ သိရသည်။

၎င်းသကြားစက်ရုံများမှ စွန့်ပစ်သော ရေဆိုးပွန်များသည် အမက(၁၇)စံပြကျောင်းနှင့်လည်း နီးစပ်သဖြင့် အဆိုပါ စွန့်ပစ်ရေဆိုး အနံ့အသက်များကို မူလတန်းကျောင်းသားကလေးငယ်များပါ ခံစားနေရကြောင်း ကျောင်းသားမိဘတစ်ဦးကပြောသည်။

"အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်ရှိသကြားစက်နှစ်စက်မှ ရေဆိုးစွန့်ပစ်ရေများကို ရွှေတချောင်းမြောင်းထဲ စွန့်ပစ်နေတာပါ။ သကြားစက်ရုံတွေက ရေဆိုးတွေ စွန့်ပစ်တဲ့နေ့ဆိုရင်နေလို့မရပါဘူး။အနံ့အသက်များ အလွန်ဆိုးပြီး အသက်ရှူကျပ်အနေခက်တယ်။ စက်မှုဇုန်ကို မပြောင်းရွှေ့နိုင်ရင် ရေဆိုးများကို ရွှေတချောင်းမြောင်းအတွင်း တိုက်ရိုက်မစွန့်ပစ်ဘဲ စနစ်တကျစွန့်ပစ်သင့်ပါတယ်"ဟု သူ၏အမြင်ကို ပြောသည်။

၎င်းအပြင် အမက(၁၇) မှ မိဘဆရာအသင်း အမှုဆောင်တစ်ဦးက "အမက(၁၇)က ရွှေတချောင်းမြောင်း အရှေ့ဘက် ၈၆ လမ်း၊ ၁၄×၁၅ လမ်းကြားမှာ ရှိပါတယ်။ သကြားစက်ရုံတွေက စွန့်ပစ်ရေဆိုးတွေကို ၈၆×၁၄ လမ်းဆုံမှာ ပိုက်တွေနဲ့ ရွှေတချောင်းမြောင်းထဲကို တိုက်ရိုက် စွန့်ပစ်တယ်။ မကြာခင် ကလေးတွေ ကျောင်းပြန်ဖွင့်တော့မယ်။ ကျောင်းသားလေးများ ကျန်းမာရေးအတွက် ရွှေတချောင်းမြောင်းအတွင်း သကြားစက်ရုံတွေက ရေဆိုးစွန့်ပစ်နေမှုကို ကျောင်းကျန်းမာရေးဌာနတို့၊ မြို့တော်စည်ပင်သန့်ရှင်းရေးဌာနတို့က ကျောင်းသား လူငယ်များ ကျန်းမာရေးထိခိုက်နိုင်မှု ရှိ၊ မရှိ ရပ်ကွက်လူထုကျန်း မာရေး ထိခိုက်နိုင်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးသင့်ပါတယ်" ဟု သူ၏အမြင်ကို ပြောသည်။

# ဘင်္ဂလားဒေ့ရှ် ဆိုနာလီဘဏ်က ထုတ်ပေးသော BANK Draft တစ်စောင် ကန်ဒေါ်လာနှစ်သောင်းထိဖြစ်လာ

မောင်ကံ

**မောင်တော၊ မေ- ၁၈**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ကုန်သွယ်ရာတွင် အသုံးပြုသည့် BANK Draft တစ်စောင်၏ တန်ဖိုးကို အမေရိကန်ဒေါ်လာ ငါးသောင်းထိတိုးမြှင့်သတ်မှတ်ထားသော်လည်း ဆိုနာလီဘဏ်က ထုတ်ပေးသော BANK Draft တစ်စောင်၏တန်ဖိုးမှာကန်ဒေါ်လာ တစ်သောင်းဖိုးသာ ထုတ်ပေးနေရာမှ ယခုအခါ ကန်ဒေါ်လာနှစ်သောင်းအထိ ပေးလာကြောင်း ကုန်သွယ်သူများက ပြောသည်။




*ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး တာကာငွေ ၁၀၀၀ တန်*

"BANK Draft တစ်စောင်ရဲ့တန်ဖိုးကိုအများဆုံးဒေါ်လာငါးသောင်းဖိုးထိ သတ်မှတ်ထားပေမယ့် ဆိုနာလီဘဏ်ကဝင်လာတဲ့ BANK Draft တွေက တစ်စောင်ကို ဒေါ်လာတစ်သောင်းဖိုးသာ သတ်မှတ်ထားတာတွေ့ရတယ်။ ခွင့်ပြုထားတဲ့တန်ဖိုးနဲ့ ဝင်လာတဲ့ BANK Draft တန်ဖိုးက ဘာမှမဆိုင်သလိုဖြစ်နေတယ်။ အခုတော့ BANK Draft တစ်စောင်ရဲ့တန်ဖိုးကို ဒေါ်လာနှစ်သောင်း သတ်မှတ်ထုတ်ပေးထားပါတယ်" ဟု ရေထွက်ပစ္စည်းတင်ပို့သူတစ်ဦးကပြောသည်။

ကန်ဒေါ်လာငါးသောင်းတန် BANK Draft များကို အထူးပို့ကုန်များအတွက်သာ ထုတ်ပေးပြီး သာမန်ပို့ကုန်များအတွက်တစ်သောင်းတန်၊ နှစ်သောင်းတန် BANK Draft များကိုသာ ထုတ်ပေးကြောင်းနှင့် BANK Draft မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆိုနာလီဘဏ်မှ ထုတ်ပေးသော ဘဏ်အာမခံစာရွက်ဖြစ်ကြောင်း သိရသည်။

# မုံရွာဒေသအတွင်း နံ့သာဖြူအပင်များ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်သူပိုများလာ

မျိုးမင်းဦး

**မုံရွာ၊ မေ- ၁၈**

ယခင်နှစ်များက မုံရွာဒေသတွင်းသစ်မွှေး (Agawood) စိုက်ပျိုးရေးလုပ်ငန်းများအား စီးပွားဖြစ် စိုက်ပျိုးလာပြီးနောက်ပိုင်း နံ့သာဖြူပင်များတွင် ကျယ်စွာ စိုက်ပျိုးလာကြကြောင်း မုံရွာဒေသခံ စိုက်ပျိုးရေးပညာရှင်များက ပြောသည်။

"မုံရွာမြို့နယ်က မြို့သစ်ရပ်ကွက်က နေအိမ်ခြံဝင်းတွေမှာ တစ်ပိုင်တစ်နိုင်စိုက်ခင်းတွေအဖြစ် အရင်နှစ်တွေတုန်းက သစ်မွှေးစိုက်ပျိုးရေးတွင်ကျယ်ခဲ့တယ်။ သစ်မွှေးပျိုးပင်တွေကို ကချင်ပြည်နယ်နဲ့စစ်ကိုင်းတိုင်း အထက်ပိုင်းဒေသတွေကတစ်ဆင့် ဝယ်ယူရတဲ့အတွက် ပျိုးပင်ဈေးနှုန်းကများတယ်။ နံ့သာဖြူပင်ကတော့ မုံရွာအနီးတစ်ဝိုက် ညောင်ဖြူပင်ကျေးရွာလို ဥယျာဉ်ခြံစိုက်ပျိုးရေးခြံတွေမှာ အလွယ်တကူ ဝယ်လို့ရတဲ့အတွက် ပျိုးပင်စရိတ် သက်သာတယ်။ စိုက်စရိတ်သက်သာတာရော ပြည်တွင်းပြည်ပဈေးကွက်ဝယ်လိုအားအရရောကြောင့် နံ့သာဖြူစိုက်ပျိုးရေးကို စီးပွားဖြစ်လုပ်ကိုင်သူပိုများလာတာဖြစ်တယ်" ဟု မုံရွာမြို့ သစ်မွှေးနှင့် နံ့သာဖြူပျိုးပင်ဖြန့်ဖြူးရေးလုပ်ငန်းရှင်ဦးမြင့်သိန်းကပြောသည်။

ကျောက်စရစ်မြေနှင့်သဲမြေနီတွင် စိုက်ပျိုးသော နံ့သာဖြူအပင်မှာ ပင်စည်ကျစ်လျစ်ပြီး သစ်ပင်၏သက်တမ်းမှာ ၁၀ နှစ် မှ ၁၅ နှစ်အတွင်းပင်စည်အနှစ်ထည့်ကြောင်းသိရသည်။ အပင်သက်တမ်း၊ နေရာဒေသ၊မြေအမျိုး အစားပေါ်မူတည်၍ ပင်စည်အနှစ်ဖြစ်ပေါ်မှုကွာခြားသည်။ နံ့သာဖြူပင်စည်အနှစ်မှာဈေးကွက်ဝယ်လိုအားအများဆုံးဖြစ်ပြီး နံ့သာဖြူပင် အနှစ်ရှိမရှိသိရှိနိုင်ရန်အတွက် အပင်၏လက္ခဏာကိုလည်းကောင်း ပင်စည်အပေါက်ဖောက်၍လည်းကောင်းသိရှိနိုင်သည်။ အပင်သစ်ကိုင်းများ ညိုးခြောက်လာခြင်း၊ပင်စည်အခေါက်မာကျောလာခြင်း၊ အက်ကွဲလာခြင်းစသည့် နံ့သာဖြူပင်၏ အနှစ်ရှိသည့်လက္ခဏာများကြုံတွေ့ရသည်။ နံ့သာဖြူပင်သက်တမ်း ၁၀ နှစ်မှ ၁၅ နှစ်အတွင်း ပင်စည်အနှစ်ပါရှိမှုပေါ်မူတည်ပြီး နံ့သာဖြူပင်တစ်ပင်လျှင် ကျပ်ငါးသောင်းမှ ကျပ်သိန်းဆယ်ဂဏန်းအထိ ဈေးကောင်းရရှိကြောင်း သိရသည်။

မုံရွာအနီးတစ်ဝိုက်ကျောက်ကုန်းမြေများတွင် သနပ်ခါးစိုက်ပျိုးမှုမှာ ရာစုနှစ်တစ်ခုခန့်အထိ ကြာမြင့်ခဲ့ပြီးနောက်ပိုင်း သစ်မွှေးစိုက်ပျိုးရေးအား ဆယ်စုနှစ်တစ်စုနီးပါးစိုက်ပျိုးခဲ့သည်။ ယခုနှစ်တွင် ကျောက်ကုန်းမြေများအတွင်း သနပ်ခါး၊ သစ်မွှေးနှင့်နံ့သာဖြူ စိုက်ပျိုးရေးလုပ်ငန်းအား ပဲစင်းငုံ၊ ဝါ၊ပြောင်း၊ ပဲနီစသည့် သီးညှပ် စိုက်ပျိုးသူပိုမိုများပြားလာကြောင်း သိရသည်။

ယင်းမာပင်မြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ ပုလဲမြို့နယ်အတွင်း ကျောက်ကုန်းမြေများတွင်လည်း သနပ်ခါး၊ သစ်မွှေး၊ နံ့သာ ဖြူစသည့်နှစ်ရှည်စိုက်ခင်းများ စိုက်ပျိုးသူပိုမိုများပြားလာပြီး သစ်မွှေးပျိုးပင်တစ်ပင်လျှင် ကျပ် ၂,၀၀၀ မှ ၃,၀၀၀ ထိ အရှိပြီး နံ့သာဖြူပျိုးပင်တစ်ပင်လျှင် ၂၀၀ ကျပ် မှ ၁၀၀၀ ကျပ်အထိ ပျိုးပင်သက်တမ်းအလိုက်ဈေးအမျိုးမျိုးရှိကြောင်း သိရသည်။

# ပဲစိုက်ခင်းအချို့ အထွက်လျော့ခဲ့သော်လည်း လာမည့်နှစ်တွင် ပုံမှန်စိုက်မည်ဆို

မျိုးမင်းဦး

**မုံရွာ၊ မေ- ၁၈**

ယခုနှစ်အတွင်း မုံရွာဒေသတစ်ဝိုက်ပဲစိုက်ခင်းများအချို့မှာ ရာသီဥတုကြောင့် ပဲအထွက်နှုန်းလျော့နည်းခြင်း၊ စိုက်ပျိုးစားရိတ်ကြီးမြင့်ခြင်းများကြုံတွေ့ခဲ့ရသော်လည်း လာမည့်နှစ်တွင် ပဲစိုက်ခင်းများ လျော့နည်းဖွယ်မရှိကြောင်း မုံရွာဒေသခံတောင်သူကြီးများကပြောသည်။

"ချင်းတွင်းရေဝင်ဒေသမှာ အများဆုံးစိုက်တဲ့ ပဲတီစိမ်းစိုက်ခင်းတွေမှာ ဒီနှစ်မိုးဦးစောတာရော၊ မကြာခဏမိုးအုံ့တာကြောင့် ပိုးသတ်ဆေးအများဆုံးသုံးရပြီး ပိုးမွှားတွေကြောင့်ပဲအထွက်လျော့တာတွေလည်းရှိတယ်။ ပဲအထွက်လျော့တယ်ဆိုပေမယ့် ပိုးသတ်ဆေးပက်၊ ရေသွင်းနဲ့ သုံးသီးကောက်ရမယ့် နေရာ နှစ်သီးလောက်တော့တောင်သူတွေပြန်ရသေးတယ်။ ပဲစိုက်ခင်းတွေက ရာသီပြောင်းလဲမှုကြောင့်ပဲအထွက်လျော့လျော့၊ ဈေးကွက်မှာ ဒီနှစ်ပဲဈေးမကောင်းလို့ဘဲဖြစ်ဖြစ် ပဲစိုက်တောင်သူတွေအမြတ်နည်းတာပဲရှိတယ်။ အရင်းပြန်မရတဲ့ အထိရှုံးတာမရှိဘူး။ ပဲစိုက်တဲ့တောင်သူတွေကတော့ နည်းပညာအရပဲမျိုးစိတ်တွေသာ ပြောင်းလဲသွားမယ်။ ပဲစိုက်ခင်းတွေကတော့ ဘယ်တော့မှ လျော့သွားမှာမဟုတ်ဘူး။ ဈေးကွက်ဝယ်လိုအားရော ဒေသတွင်းစားသုံးဖို့ပဲစိုက်သူတွေရှိနေမှာပါ" ဟု မုံရွာမြို့နယ်ချင်းတွင်းမြစ်ရေဝင်ဒေသ ပဲစိုက်တောင်သူတစ်ဦးကပြောသည်။



မုံရွာမြို့နယ်၊ ချင်းတွင်းမြစ်ရေဝင်ဒေသတွင် ပဲတီစိမ်း၊ မတ်ပဲ၊ မြေပဲ၊ ကုလားပဲစသည့် ပဲစိုက်ခင်းများအဓိက စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ ချင်းတွင်းမြစ် အထက်ပိုင်းမင်းကင်းမြို့နယ်နှင့် ကနီမြို့နယ်အတွင်း အဓိကစိုက်ပျိုးသော မြေပဲစိုက်ခင်းများတွင် ပြီးခဲ့သည့်နှစ်က မိုးနှောင်းကောင်းခြင်း၊ နှင်းဖွဲဖွဲကျခြင်းကြောင့် မြေပဲအထွက်နှုန်းကောင်းမွန်ခဲ့ကြောင်းသိရှိရသည်။ မူးမြစ်တစ်လျှောက်အဓိကစိုက်ပျိုးသော ပဲနီကြားပဲစိုက်ခင်းများတွင်လည်း ပြီးခဲ့သည့်နှစ်မိုးနှောင်းကောင်းခဲ့သဖြင့် အထွက်နှုန်းပိုခဲ့ကြောင်းသိရှိရသည်။ မုံရွာအရှေ့ဘက်ကုန်းမြင့်ဒေသမှာ အဓိကစိုက်သော ပဲစင်းငုံစိုက်ခင်းများမှာလည်း အထွက်နှုန်းသိသိသာသာကောင်းခဲ့သည်။

"ပြီးခဲ့တဲ့နှစ်တုန်းက ပြည်တွင်းပြည်ပပဲဝယ်လိုအားကြောင့် ပဲဈေးကွက်မှာ ထိပ်ဆုံးရောက်ခဲ့တာတွေရှိခဲ့ပေမယ့် ဒီနှစ်ပဲဈေးကွက်မှာအတက်အကျသိပ်မများဘူး။ ဒီနှစ်ပဲဈေးမကောင်းဘူး ဆိုပေမယ့် ပဲဈေးကွက်မှာ အရင်နှစ်အောက်ဈေးထက်ပိုရတယ်။ ပဲဈေးကငြိမ်နေတဲ့အတွက် တက်ဈေးကိုတောင်သူတွေစောင့်နေတာလည်းရှိတယ်" ဟု မုံရွာဒေသခံ ပဲကုန်သည်တစ်ဦးကပြောသည်။

## နယ် သ တင်း တို မျာ း

# မောင်တောနယ်စပ် တာကာငွေတန်ဖိုး အကျဘက်သို့ ဦးတည်နေ

မောင်ကံ

**မောင်တော၊ မေ- ၁၈**

၂၀၁၁-၁၂ ဘဏ္ဍာနှစ်သစ်တွင် စီးပွားရေးအခြေအနေများ ပိုမိုကောင်းမွန်လာမည်ဟု မျှော်လင့်နေခဲ့ကြသည့် မောင်တောနယ်စပ်မှ ကုန်သွယ်သူများအနေဖြင့် ဘင်္ဂလားဒေ့ရှ်တာကာငွေတန်ဖိုးများ ဆက်လက်ကျဆင်းနေမှုကြောင့် ပို့ကုန်၊ သွင်းကုန်တင်ပို့/ တင်သွင်းရာ၌ မရှိသလောက်နည်းပါးနေကြောင်း သိရသည်။

၂၀၁၁-၁၂ ဘဏ္ဍာနှစ်အစ ဧပြီလတွင် ဘင်္ဂလားဒေ့ရှ်တာကာငွေတစ်ရာလျှင် မြန်မာကျပ်ငွေ ၁၁၃၀၊ ၁၁၄၀ ဈေးရှိနေခဲ့ရာမှ သင်္ကြန်အလွန်ဧပြီလကုန်ပိုင်းတွင် တာကာငွေတစ်ရာလျှင် မြန်မာကျပ် ငွေ ၁,၁၀၀၊ ၁,၁၁၀ ကျပ်သို့ ကျဆင်းခဲ့သည်။

"တာကာငွေတန်ဖိုးကျလို့ ပို့ကုန်မတင်ပို့ကြသလို ကုန်သွယ်မှုနည်းနေခြင်းကလည်း တာကာငွေတန်ဖိုးကျခြင်း၏အကြောင်းအရင်း တစ်ခုပါပဲ။ အဓိကတော့ တာကာငွေတန်ဖိုးကျတာနဲ့အတူ မိမိဘက်က ပို့ကုန်ဈေးနှုန်းတွေလည်းကျဖို့လိုပါတယ်။ ဒီလိုမှ မဟုတ်ရင်တော့ ဒီနှစ်ကုန်သွယ်မှု အခြေအနေကလည်း အတက်ဘက်ကို ဦးမတည်နိုင်ပါဘူး" ဟု ကုန်သွယ်သူတစ်ဦးကပြောသည်။

# မြန်မာ-ဘင်္ဂလားဒေ့ရှ်ကုန်သွယ်မှုမြှင့်တင်ရေး တစ်လတစ်ကြိမ် ဆွေးနွေးပွဲပြုလုပ်မည်

မောင်ကံ

**မောင်တော၊ မေ- ၁၈**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် မောင်တောနယ်စပ်မှ အိုအက်စ်အက်စ် (OSS) အဖွဲ့၊ ကုန်သွယ်သူများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကုန်သွယ်မှုဆိုင်ရာ တာဝန်ရှိသူများသည် ကုန်သွယ်သူများ၏ တွေ့ဆုံဆွေးနွေးပွဲကို တစ်လတစ်ကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံဘက်မှ နယ်စပ်ကုန်သွယ်မှု ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးဆောင်ကာမောင်တောနယ်စပ်မှ OSS အဖွဲ့ဝင်များ၊ ကုန်သည်များအသင်းဥက္ကဋ္ဌနှင့်စစ်တွေမှ ဘင်္ဂလားဒေ့ရှ်စီးပွားရေးကောင်စစ်ဝန်တို့သည် မေလ ၁၂ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတက္ကနက်ဖ်သို့ သွားရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့အား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ စီးပွား/ကူးသန်း အတွင်းဝန်ခေါင်းဆောင်သော အဖွဲ့ကလက်ခံတွေ့ဆုံဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲတွင် အကောက်ခွန်ကိစ္စနှင့်ပတ်သက်၍ အလေးထားဆွေးနွေးခဲ့ပြီးလာမည့်လတွင် နှစ်နိုင်ငံဆွေးနွေးပွဲကို မောင်တောနယ်စပ်၌ လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

# မန်ကျည်း အထွက်နည်းသော်လည်း ဈေးမြင့်

မောင်ကံ

**မောင်တော၊ မေ- ၁၈**

ကျောက်ပန်းတောင်းဒေသမှ အများဆုံးစိုက်ပျိုးထွက်ရှိသည့် မန်ကျည်းသီးများ ယခုနှစ်အထွက်နည်းသော်လည်း ဈေးကောင်းရလျက်ရှိကြောင်းသိရသည်။

လက်ရှိဒေသဈေးကွက်တွင် မန်ကျည်းအသား (အစေ့မပါ) တစ်ပိဿာလျှင် ကျပ် ၂,၂၀၀ ဝန်းကျင်ဈေးရှိကြောင်း မန်ကျည်းစေ့ တစ်ပိဿာကျပ် ၂၅၀ ဝန်းကျင်ဈေးရှိကြောင်း သိရသည်။ လက်ရှိကျောက်ပန်းတောင်းဒေသသည် နတ်မောက်၊ တောင်တွင်း၊ ချောက်စသည့် ဒေသများမှ ထွက်ရှိသည့် မန်ကျည်းများနေ့စဉ်ပုံမှန်ကားကြီး၊ ကားငယ်များဖြင့် တင်ပို့မှုရှိနေကြောင်း မန်ကျည်းဈေးကွက်မှ သိရသည်။ ယမန်နှစ်ယခုအချိန် မန်ကျည်းသား(အစေ့မပါ) တစ်ပိဿာလျှင်ကျပ် ၇၅၀ ဝန်းကျင်သာဈေးရှိခဲ့ကြောင်း လက်ရှိကျောက်ပန်းတောင်း မန်ကျည်းပွဲရုံတန်းမှတစ်ဆင့် ရန်ကုန်သို့ပုံမှန်တင်ပို့မှုရှိနေသလို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်း ကားလမ်းကြောင်းဖြင့် ပုံမှန်တင်ပို့မှုရှိနေကြောင်း စုံစမ်းသိရသည်။

7 DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011

## ကားပေါ်မှပျဥ်များ မနိုင်မနင်းသယ်ရာက ပျဥ်ပိ၍သေဆုံး

ရွှေလင်းပြည့်စုံ

**ကောလင်း၊**

**မေ - ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးကောလင်းမြို့ ဈေးရုံဗိုလ်တဲရပ်ကွက်နေသူ တစ်ဦးသည် စပါးတိုက်ဆောက်လုပ်ရန် ကားပေါ်မှ ပျဥ်များအား ထမ်းချရင်း ပျဥ်များပိ၍ သေဆုံးခဲ့ကြောင်းသိရသည်။

မေ ၁၈ ရက်နံနက် ငါးနာရီအချိန်ခန့်က အခင်းဖြစ်ပွားရာဝန်းကျင်ရှိပုဂ္ဂိုလ်တစ်ဦးက ကောလင်းရဲစခန်းသို့ သတင်းပေးပို့ရာ စခန်းမှူးရဲအုပ် ဘစုနှင့်အဖွဲ့က သွားရောက်စစ်ဆေးကြည့် ရှုရာတွင် ဈေးရုံဗိုလ်တဲရပ်ကွက်နေအောင်ဆန်းဦး၏ နေအိမ်ဝင်းအတွင်း နေဝင်း၊ ကျော်မျိုးဝင်း၊ သန်းထွန်းဝင်းတို့သည် စပါးတိုက်ဆောက်လုပ်ရန်ဝယ်ယူထားသောသစ်များ၊ ပျဥ်များအား ကားပေါ်မှ သစ်ပုံရှိရာသို့ ချစဥ် သန်းထွန်းဝင်း အသက်(၃၁)နှစ် တောင်သူ ကိုင်းကြီးကုန်းကျေးရွာနေသူသည် ပျဥ် ၆ လက်မ ပတ်လည် ၉ ပေပျဥ်အား တစ်ယောက်တည်းမနိုင်မနင်းထမ်း၍ သစ်ပုံသို့ ပစ်ချရာ ပျဥ်က ပျဥ်ပုံသို့မကျဘဲ ကိုယ်ပေါ်သို့ပြုတ်ကျပြီး ဖိမိ၍ နှာခေါင်းနှင့်ပါးစပ်တို့မှ သွေးများပန်းထွက်ကာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးကြောင်းသိရသည်။ အမှုကို ကောလင်းရဲစခန်းမှ သေမှုသေခင်း အမှတ် ၇/ ၂၀၁၁ ဖြင့် အမှုကိုဖွင့်ကာ စုံစမ်း စစ်ဆေးကြောင်း သိရသည်။

## အရိုးတောင်း ဦးကျော်သိန်း ရွှေတံဆိပ်ဆုချီးမြှင့်ခံရ

ညီညီဇော်

**မန္တလေး၊ မေ - ၂၂**

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော် အသင်းကြီးတွင်(၂၄)တိုင်တိုင်ဥက္ကဋ္ဌကြီးအဖြစ် အသင်းသားများက ရွေးချယ်တာဝန်ပေးအပ်ခြင်းခံခဲ့ရသော အရိုးတောင်းလက်ဖက်နှင့် အကြော်စုံလုပ်ငန်းပိုင်ရှင်ဦးကျော်သိန်းအား အသင်းသားအသင်းသူများက ရွှေတံဆိပ်ဆု ချီးမြှင့်ခဲ့သည်။ ရွှေတံဆိပ်သည် အလေးချိန် သုံးကျပ်သား ငါးရွေးခန့်ရှိပြီး ယင်းရွှေတံဆိပ်တွင် မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း၏ အမှတ်တံဆိပ်ဖြစ်သော“က”ဒေါင်းသည်နှစ်ဖက်ညီ ချိန်ခွင်ကို နှုတ်သီးဖြင့် ကိုက်ချီထားသည့်ပုံကို ရိုက်နှိပ်ထားသည်။ အဓိပ္ပာယ်မှာ “က” ဒေါင်းသည် တည်ကြည်ရဲရင့်ခြင်းကို ဖော်ဆောင်ပြီး နှစ်ဖက်ညီချိန်ခွင်ကို နှုတ်သီးဖြင့် ကိုက်ချီထားသည်မှာ သမာသမတ်ရှိခြင်း၊ သမာဓိရှိခြင်း၊ ဘက်မလိုက်ဘဲ တစ်ပြေးညီလုပ်ဆောင်မည်ဖြစ်ကြောင်းဖော်ပြထားသည်ဟု သိရသည်။

ယင်းရွှေတံဆိပ်ကို မေလ ၂၀ ရက် နံနက်ဆယ်နာရီခွဲတွင် မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်းကြီး၏ ခန်းမ၌ ချီးမြှင့်ခဲ့သည်ဟုသိရသည်။ ဦးကျော်သိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ အမြင့်ကျေးရွာတွင် အဘဦးမောင်ကြီး အမဒေါ်လှိုင်တို့မှ ၁၉၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်တွင် မွေးဖွားခဲ့ပါသည်။ ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဗမာ့အမျိုးသားတပ်မတော်၊မြန်မာ့မျိုးချစ်တပ်မတော်တို့တွင် ပါဝင်ခဲ့ပါသည်။ ဂျပန်ခေတ်၊ မင်္ဂလာဒုံစစ်တက္ကသိုလ်၊ ပထမပတ်မူလတန်းစစ်ကျောင်းတက်ရောက်ပြီး ထူးချွန်သဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်ပြုလက်မှတ်နှင့်လက်ပတ်နာရီဆုရရှိခဲ့သည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် မင်းလှစည်သူတိုင်း၊ တိုင်းအမှတ် (၁)၊ တပ်ရင်း ၁၀၃ ၌ ပါဝင်ခဲ့ပြီး ကိုယ်ပိုင်အမှတ်မှာ ၁၀၇ ဖြစ်သည်။ ဖက်စပ်ကော်ပိုရေးရှင်းအမှတ်(၄) ဥက္ကဋ္ဌ၊ ပထမပုဂ္ဂလိကဘဏ် ဒါရိုက်တာ၊ မန္တလေးတိုင်းကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ ဥက္ကဋ္ဌ၊ သီတဂူသာသနာပြုအဖွဲ့၊ အထက်မြန်မာပြည်ဥက္ကဋ္ဌ၊ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းနာယကစသည့် လူမှုရေး၊ ဘာသာရေး၊ စီးပွားရေး အသင်းများတွင် ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ အသက် ၈၇ နှစ်ရှိပြီဖြစ်ပြီး မဟာကထိန်တော်အသင်းကြီး၏ နာယကကြီးအဖြစ်ဆောင်ရွက်လျက်ရှိသည်။

## အိမ်ရှေ့မင်းထန်းတော အပန်းဖြေ လာရောက်သူများပြားလာ

စိုင်းသာအောင်

**မန္တလေး၊ မေ-၂၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သခင်မတောင်ခြေ အိမ်ရှေ့မင်းထန်းတောတွင်သင်္ကြန်အပြီးမှစ၍ ထန်းပင်ရိပ်၌ အရိပ်ခိုလာရောက် အပန်းဖြေသူများကြောင်း အိမ်ရှေ့မင်းထန်းတောမှ ကိုဖက်တီးကပြောသည်။

သခင်မတောင်ခြေအိမ်ရှေ့မင်းထန်းတော်သို့ ယခုအခါ မန္တလေးမြို့မှ အလှည့်စုံလာရောက်အပန်းဖြေနေကြပြီဖြစ်ကြောင်း၊ ၂၀၁၀ပြည့်နှစ်မေလတွင်မန္တလေးမြို့၌ အပူလွန်ကဲသဖြင့် အပူရှောင်ရင်း မန္တလေးမြို့မှ လူများ သခင်မတောင်နှင့် အိမ်ရှေ့မင်းထန်းတော်သို့ လာရောက်အပန်းဖြေကြသဖြင့် ပိုမိုစည်ကားလာကြောင်း၊ အချို့က မွေးနေ့ပွဲများ၊ အခမ်းအနားပွဲများကိုပင် အိမ်ရှေ့မင်းထန်းတောတွင် လာရောက်ကျင်းပလာကြကြောင်း ရန်ကုန်မြို့မှ စာနယ်ဇင်းဆရာများ၊ ကုန်သည်များနှင့် အလှည့်စုံမှမန္တလေးသို့ လာရောက်လည်ပတ်သူများလည်း အိမ်ရှေ့မင်းထန်းတောသို့ လာရောက်အပန်းဖြေသူပိုမိုများပြားလာကြောင်း ဒေသခံများထံမှ သိရသည်။



## ဖားကန့်ဒေသရောက် ချောင်းဦးကျေးရွာသားများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းဖွဲ့စည်းလှူဒါန်း

မျိုးမင်းဦး

**မုံရွာ၊ မေ- ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ချောင်းဦးကျေးရွာမှ ဖားကန့်ဒေသကျောက်မျက်ရတနာတူးဖော်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသူများ စုပေါင်းပြီး ချောင်းဦးကျေးရွာဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းအလှူတော်ကို မေလ ၁၇ ရက်တွင် ဖားကန့် ရတနာမြေရှိ လုံးခင်းမြို့၊ ဦးကျော်စိုး၊ ဒေါ်မြင့်မြင့်အေး (စိုးဘက်ထရီလုပ်ငန်း)၌ကျင်းပခဲ့ကြောင်း သိရသည်။


“ပုလဲမြို့နယ်၊ ချောင်းဦးကျေးရွာမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းအတွက် မတည်ငွေကျပ်ဆယ်သိန်းနဲ့ ဖားကန့်ဒေသရောက် အိုင်းမကျေးရွာနဲ့ ချောင်းဦးကျေးရွာဒေသခံတွေစု ပေါင်းပြီး မင်းတိုင်ပင်-ချောင်းဦး ကျေးရွာကျေးလက်လမ်းရှိ အိုင်းမချောင်းကူးကွန်ကရစ်တံတား တည်ဆောက်ရေးအတွက် အလှူငွေကျပ် ၁၆၆ သိန်းကျော်လှူဒါန်းပွဲကို ကျင်းပခဲ့ပါတယ်”ဟု အဆိုပါလမ်းပိုင်းတွင် လမ်းတံတားတည်ဆောက်ရေးဦးဆောင်နေသော ဆရာတော်အရှင်ဝိစိတ္တ(သာသနာ့ ဓဇဓမ္မာစရိယ)က မိန့်ကြားသည်။


မင်းတိုင်ပင်-ချောင်းဦးကျေးလက်လမ်းတွင် စတုတ္ထမြောက်တံတားအဖြစ် တည်ဆောက်မည့် အိုင်းမချောင်းကူးတံတားသည် အလျားပေ ၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၈ ပေရှိသော သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။


ချောင်းဦးကျေးရွာလျှပ်စစ်မီးလင်းရေး၊ သောက်သုံးရေဖူလုံရေး၊ စာသင်ကျောင်းဆောင်များ တိုးချဲ့နိုင်ရေးစသော ကဏ္ဍအလိုက်ဆောင်ရွက်နိုင်ရန် ဒေသအသီးသီးသို့ သွားရောက်လုပ်ကိုင်လျက်ရှိသော ပုလဲမြို့နယ် ချောင်းဦးကျေးရွာဒေသခံများအား ချောင်းဦးကျေးရွာဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်းအဖွဲ့မှ နှိုးဆော်ထားကြောင်းသိရှိရသည်။ ပုလဲမြို့နယ်အတွင်း ကျေးလက်လမ်းအချို့အား သက်ဆိုင်ရာဌာနများ၏ ပံ့ပိုးကူညီမှုနှင့်အတူ ဒေသခံဆရာတော်များဦးဆောင်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## *စာ(၁၅) ကိုယ်ပိုင်ယာဥ်များ ကုန်တင်ပြေးဆွဲခွင့်လုပ်ငန်းလိုင်စင်မရှိဘဲ ကုန်တင်ခြင်းကြောင့် အရေးယူခံရ မှ*

(ကိုယ်ပိုင်ယာဉ်)အဖြစ်သာ ခွင့်ပြုခဲ့သဖြင့် အငှားယာဥ်(ကုန်တင်ယာဥ်)အဖြစ် လျှောက်ထားခြင်းအား ခွင့်မပြုသေးကြောင်း သိရသည်။ လိုက်ထရပ်ယာဥ်အများစုမှာလည်း လူစီးယာဥ်နှင့် ကုန်တင်ယာဥ်အဖြစ် အသုံးပြုရန် ဝယ်ယူသူပိုများပြီး ကိုယ်ပိုင် လိုက်ထရပ်ယာဥ်ငယ်များဖြင့် လုပ်ငန်းသုံးကုန်တင် ပြေးဆွဲသောယာဥ်များအား ယာဥ်စည်းကမ်းအရသတ်မှတ်ဥပဒေနှင့် အညီအရေးယူဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် လုပ်ငန်းသုံး ကိုယ်ပိုင်ကုန်တင်ယာဥ်အချို့ကုန်တင် ပြေးဆွဲခြင်းမှ ရပ်နားခဲ့ရကြောင်း လိုက်ထရပ်ယာဥ်ပိုင်ရှင်များ၏ ပြောကြားချက်အရသိရသည်။ မုံရွာ စက်မှုဇုန်ထုတ်လိုက်ထရပ်ယာဥ်များ၊ ဂျစ်ကားများမှာ ကိုယ်ပိုင်ယာဥ်အဖြစ် လျှောက်ထားသူပိုများပြီး ကုန်တင်၊ လူတင် လုပ်ငန်းလိုင်စင်လျှောက်ထားသူမှာ နည်းပါးသည်။ စက်မှုဇုန်ထုတ် သုံးဘီးယာဥ်အများစုမှာ ယာဥ်လိုင်စင်လျှောက်ထားချိန်မှစ၍ လုပ်ငန်းလိုင်စင်တစ်ပါတည်း လျှောက်ထားခွင့်ပြုကြောင်းသိရှိရသည်။ ယခုနှစ်မေလလယ်ရက်ပိုင်းအတွင်း မော်တော်ကား၊ မော်တော်ဆိုင်ကယ်များအပြင် လိုက်ထရပ်ယာဥ်ငယ်များ၊ သုံးဘီးယာဥ်များပါယာဥ်စည်းကမ်းချက်များအရ အရေးယူဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်အတွင်း ကျေးလက်ဒေသများတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးတစ်ပိုင်တစ်နိုင်သယ်ယူပို့ဆောင်ရေးယာဥ်များအဖြစ် သုံးဘီးယာဥ်များနှင့် လိုက်ထရပ်ယာဥ် ပြေးဆွဲမှုပိုမိုများပြားလာကြောင်း သိရသည်။





# မန်းပဲဈေးကွက်ဆက်လက်အေးစက်

ညီညီဇော်

မန္တလေး၊ မေ – ၂၁

မန္တလေးပဲနှမ်းမျိုးစုံနှင့် စားဆီဈေးကွက်တွင်ပဲနှမ်းအများစုမှာ အရောင်းအဝယ်အေးနေဆဲပင်ဖြစ်ကြောင်း သတင်းရရှိသည်။ ပဲတီစိမ်းခရမ်းရွှေဝါသည် တရုတ်လိုင်းအဝယ်ရပ်သွားမှုကြောင့် လွန်ခဲ့သည့်နှစ်ရက်ထက်စာလျှင် ကျပ် ၅၀၀၀ ခန့်ကျဆင်းလာပြီး ၅၆ ပိဿာ ၂၅ ကျပ်သားပါ တစ်အိတ်လျှင်၉၀,၀၀၀ ကျပ်ဈေးပေါက်နေသည်။ အညာပဲတီစိမ်းမှာမူ အခြားပဲများနှင့်စာလျှင် အရောင်းအဝယ်တက်နေပြီး လွန်ခဲ့သည့်နှစ်ရက်ထက်စာလျှင် ကျပ် ၅၀၀၀ ခန့်ကျဆင်းလာကာ ကျပ်၈၅,၀၀၀ မှ ၈၆,၀၀၀ အတွင်းပေါက်နေသည်။ ပဲစင်းငုံအနီမှာ အရောင်းအဝယ်အေးနေပြီးဒ ၆၀ ပိဿာ တစ်အိတ်လျှင် ၄၇,၅၀၀ ဈေးပေါက်နေသည်။ ဗိုတူးကုလားပဲမှာရန်ကုန်အဝယ်ပုံမှန် ရှိနေပြီး ၅၇ ပိဿာ ၂၅ သားပါ တစ် အိတ်လျှင် ကျပ် ၅၅,၀၀၀ ဈေး ပေါက်နေသည်။ လျှော်လက်သမားအဝယ်လိုက်သောကြောင့် အရောင်းအဝယ်သွက်နေသော ထိုင်ဝမ်ကုလားပဲမှာ ကျပ် ၄၆,၈၀၀ ဈေး ပေါက်နေသည်။ မတ်ပဲဈေးမှာ ပုံမှန်အတိုင်း စက်သမားပဲ ဝယ်နေပြီးကျပ် ၅၁,၀၀၀ ဈေးပေါက်နေသည်။ နှမ်းဈေးကွက်တွင် မိုးနှမ်းညိုအသစ်ပေါ်လာပြီး ပစ္စည်းနည်းနေသေးကာ ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ်၆၆,၀၀၀ ဈေးပေါက်နေသည်။

နှမ်းဖြူအရောင်းအဝယ်အေးနေပြီး ၄၅ ပိဿာတစ်အိတ်လျှင် ၇၂,၀၀၀ ဈေးပေါက်နေသည်။ တရုတ်လိုင်း အဝယ်ပုံမှန်ရှိနေသော ကြက်ဆူစေ့မှာ ၃၆ ပိဿာ တစ်အိတ်လျှင် ကျပ် ၅၁,၀၀၀ ဈေးပေါက်နေသည်။ ကုန်းမြေပဲဆန်တစ်ပိဿာလျှင် ၁၇၂၅ ကျပ်၊ ကျွန်းမြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၁၆၀၀ ကျပ်၊ မိုးမိအညာမြေပဲဆန်များမှာ တစ်ပိဿာလျှင် ၁၃၅၀ ကျပ်မှ ၁၆၅၀ ကျပ်အတွင်း ပေါက်နေပြီး ၎င်းမိုးမိမြေပဲဆန်ကို လူတိုင်းမဝယ်ကြောင်း သိရသည်။ စားအုန်းဆီဈေးကွက်တွင် ကန်ဆီတစ်ပိဿာ ၂၃၅၀ ဈေးဖြစ်နေပြီး ၉ ပိဿာ ၈၇ ကျပ်ခွဲသားပါ ကော်ဝါတစ်ပုံးမှာ ၂၇,၀၀၀ ဈေးပေါက်နေသည်။

တရုတ်စားဆီများမှာ တစ်ပိဿာ ၂၉၀၀ ကျပ်ဈေးပေါက်နေပြီး အရည်အသွေးညံ့ဖျင်းစွာ ဝင်ရောက်နေကြောင်း မန္တလေးတိုင်းဒေသကြီးဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းမှ အမှုဆောင်လူကြီးတစ်ဦးက ပြောသည်။

ပဲနှမ်းအများစုမှာ အရောင်းအဝယ်အေးနေသည့်အပြင်ရောင်းရလျှင်လည်း အကြွေးသာ ရောင်းနေရသည့် အတွက် ကုန်သည်အချို့ ညည်းညူနေကြောင်း မန္တလေးမြို့ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



# အရက်သောက်မူးယစ်ပြီး ခြောက်လသားအရွယ် သားဖြစ်သူအား လွှင့်ပစ်မှုဖြင့် အရေးယူ

ကျော်ဇေယျ

နေပြည်တော်၊ မေ– ၁၈

အိမ်ပေါ်မှ ဆင်းသွားသော ယောကျ်ားဖြစ်သူက အရက်သေစာသောက်စားမူးယစ်ပြီး သားဖြစ်သူအား လွှင့်ပစ်၍ ခြောက်လသားအရွယ်သားလေးမှာ ဒဏ်ရာရရှိခဲ့သဖြင့် အမှုဖွင့်အရေးယူခဲ့သော ဖြစ်စဉ်တစ်ခု ယခုလ ၁၆ ရက်က နေပြည်တော်ပျဉ်းမနား၌ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယခုလ ၁၅ ရက် ည ၁၁း၀၀ နာရီအချိန်ခန့်က နေပြည်တော်ပျဉ်မနား၊ပေါင်းလောင်း ၁၀ လမ်းနေ မ. . (၃၀)နှစ်သည်ခင်ပွန်းဖြစ်သူ စောမူဟဲ (၂၇)နှစ်နှင့် စကားများရန်ဖြစ်ပြီး စောမူဟဲမှာ ၎င်းတို့၏သားဖြစ်သူ မောင်ကောင်းခန့်ငြိမ်း အသက်ခြောက်လသားလေးအား ခေါ်ဆောင်ကာ အိမ်ပေါ်မှဆင်းသွားခဲ့ရာနာရီဝက်အကြာစောမူဟဲလည်း အရက်သေစာများ သောက်စားမူးယစ်လာခဲ့သည်ဟုဆိုသည်။ အရက်မူးပြီး အိမ်ပြန်လာစဉ် အိမ်ရှေ့မှနေ၍ စောမူဟဲက၎င်း၏ဇနီးမ. . . အားအော်ဟစ်ခေါ်ဆိုနေ၍ စောမူဟဲ၏ ယောင်းမကဟန့်တားရာ စောမူဟဲက ၎င်း၏ ဇနီးအိမ်ရှေ့ထွက်မလာလျှင် ခြောက်လသားအရွယ်ကလေးငယ်အား လွှင့်ပစ်မည်ဖြစ်ကြောင်း ပြောဆိုပြီး စောမူဟဲလည်း အပြင်သို့ပြန်ထွက်သွားခဲ့သည်ဟု သိရသည်။

ခဏအကြာတွင် စောမူဟဲသည် အိမ်ရှေ့ပြန်ရောက်လာ၍ ကလေးငယ်ကိုမေးမြန်းရာ စောမူဟဲက ကလေးငယ်အား ချီပိုးထားရာမှ လွှဲ၍လွှင့်ပစ်ခဲ့ကြောင်းပြောသဖြင့် သွားကြည့်ရာတွင် ကလေးမှာ လွှဲပစ်ထားသော အရှိန်ကြောင့် ဦးခေါင်းထိပ်ဝဲဘက်တွင် ဖူးရောင်ဒဏ်ရာများ ရရှိခဲ့၍ စောမူဟဲအား နေပြည်တော်ပျဉ်းမနားရဲ စခန်း(ပ) ၃၀၀/ ၂၀၁၁ ဥပဒေ ပုဒ်မ ၃၀၇(သေကြောင်းကြံစည်မှု)အရ အမှုဖွင့်ဖမ်းဆီးထားကြောင်း ရဲမှတ်တမ်းများအရ သိရ သည်။

# ကုန်တင်ယာဉ်များ မန္တလေးကားဈေးကွက်တွင် ပြန်လည်ဈေးကွက်ဝင်

စိုင်းသာအောင်

မန္တလေး၊ မေ–၂၀

မန္တလေးပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်မော်တော်ယာဉ် ထုတ်လုပ်ရေးဈေးကွက်တွင် ကုန်တင်ကားများပြန်လည်၍ အဝယ်လိုက်လာကြောင်း စက်မှုဇုန်မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းများမှ သိရသည်။ ယခင်နှစ်တန်ကားသည်ယခင်တစ်စီးကျပ်သိန်း ၂၀၀ မှ ကျပ်သိန်း ၃၀၀ အထိလည်းကောင်း၊ ယခင် ၁၂ ဘီး၊ ၁၂ တန်ကုန်တင်ကားကြီးများသည်ယခင်ကားတစ်စီးကျပ်သိန်း ၆၀၀၊ ကျပ်သိန်း ၇၀၀ မှ ယခုအခါ ကျပ်သိန်း ၁၀၀၀ ထိ အဝယ်လိုက်လာကြောင်း စက်မှုဇုန်(၁) KTS မော်တော်ယာဉ်ထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကုန်တင်ကားများဈေးတက်ရခြင်းမှာ ယခုအခါ မူဆယ်- မန္တလေးလမ်းတွင် ဓာတ်မြေဩဇာနှင့် တရုတ်ပစ္စည်းများ အဝင်များ၍ ကုန်တင်ကား အရေးအတွက်က နည်းပြီး ကုန်ပစ္စည်းက များသဖြင့် ကုန်တင်ကားများ လိုအပ်တာ ပြန်လည်၍ ဈေးကွက်ဝင်လာရခြင်းဖြစ်ကြောင်း၊ မူဆယ်-မန္တလေးပြေးဆွဲနေသောကုန်တင်ကားအသင်းမှ သိရသည်။

မန္တလေးစက်မှုဇုန် မော်တော်ကား ထုတ်လုပ်ရေးတွင် ဘက်စုံသုံး(MPV)ကားများ တစ်စီးကျပ်သိန်း ၃၀၀ ခန့်၊ လိုက်ထရပ် ၂၀၀၀ ၊ မိုဒယ် ကျပ်သိန်း ၁၉၀ ခန့် အဝယ်လိုက်ပြီး ဂျစ်ကားထုတ်လုပ်ရေးမှာ ဈေးကွက်ပျောက်နေသဖြင့် ထုတ်လုပ်မှုမရှိတော့ကြောင်း သိရသည်။

# မေ ၁၁ ရက်က တိုက်ခတ်ခဲ့သော လေပြင်းကြောင့် မောင်တောဒေသခံများ ထိတ်လန့်တကြားဖြစ်

မောင်ကံ

မောင်တော၊ မေ– ၁၈

မေလ ၁၁ ရက်ညနေ ငါးနာရီမိနစ်ငါးဆယ်ခန့်တွင် တိုက်ခတ်ခဲ့သည့်လေပြင်းကြောင့် မောင်တောမြို့ရှိသစ်ပင်များ အကိုင်းကျိုးကျကာ နေအိမ်များရှိထရံများ ပြိုလဲပျက်စီးခဲ့ကြောင်း သိရသည်။ အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ဒေသခံများထိတ်လန့်တကြားဖြစ်ကာ ဘေးလွတ်ရာသို့ ပြေးရန်ကြိုတင်ပြင်ဆင်မှုများရှိခဲ့ ကြောင်းသိရသည်။ “ညနေဈေးပိတ်တဲ့အချိန်ဖြစ်နေတော့ ဆိုင်ကို အမြန်ဆုံးသိမ်းပြီး အိမ်ကိုပဲအပြေးလာခဲ့ပါတယ်။ ရာဟုထောင့်က တက်လာတဲ့မိုးရိပ်မိုးသားတွေက မြင်တဲ့သူအားလုံးကို ထိတ်လန့်တကြားဖြစ်စေခဲ့ပါတယ်။ ပြီးတော့ ဘင်္ဂလားဒေ့ရှ်မှာ ကိန်းဝပ်လို့ရှိတဲ့ စိန်မောင်ဗုဒ္ဓရုပ်ပွားတော်မြတ်ပလ္လင်ပေါ်က အောက်ကိုကျပြီးတဲ့အချိန်ကစလို့ သဘာဝဘေးအန္တရာယ်ဖြစ်မှာကို စိုးရိမ်နေခဲ့ကြတာဖြစ်ပါတယ်”ဟု မြို့ခံတစ်ဦးကပြောပြသည်။

မောင်တောနယ်စပ်ဒေသမှာ ဘင်္ဂလားပင်လယ်အော်အနီးတွင် တည်ရှိနေသော်လည်း မုန်တိုင်းဝင်ရောက်မှုမှကင်းလွတ်သည့်ဒေသ တစ်ခုအဖြစ် ဒေသခံများ က ယုံကြည်နေကြသည်။ ထိုသို့ယုံကြည်ခြင်းမှာ မောင်တောမြို့၌ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရားများကြောင့်ဖြစ်ကြောင်း ဒေသခံများကပြောကြားသည်။

# မန္တလေးမြို့တော် စည်ပင်လုံခြုံရေးအဆင့်လေးဆင့်ပါသော မြေဂရန်အသစ် မြန်မာလိုရေးသားထား

စိုင်းသာအောင်

မန္တလေး၊ မေ– ၂၁

မန္တလေးမြို့တော်ဧရိယာတွင် မြေဈေးများတန်ဖိုးကြီးမြှင့်မှုကြောင့် မြေဂရန်အတုများပေါ်ပေါက်ကာ ပေါင်နှံရောင်းချမှုများဖြစ်ပေါ်လာသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ၂၀၁၀ပြည့်နှစ် မတ်လမှ စတင်၍ လုံခြုံရေးအဆင့်လေးဆင့်ရှိသော မြေဂရန်အသစ်များကိုစတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ 7Day News ဂျာနယ်မှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနဌာနမှူး ဦးတင်ထွဋ်ကျော်သို့ တွေ့ဆုံမေးမြန်းရာ၎င်းက“ကျွန်တော်တို့ဘိုးဘွားပိုင်မြေနဲ့ဂရန်မြေတွေကိုဂရန်အတုမဖြစ်ပေါ်ရေးအတွက် မြို့တော်ဝန်ညွှန်ကြားချက်နဲ့ပြောင်းလဲဆောင်ရွက်တာပါ။ ဂရန်တွေ အတုမလုပ်နိုင်အောင်တိုးတက်လာသော ကွန်ပျူတာစနစ်၊ မိတ္တူစနစ်များဖြင့် ကော်ပီများ၊ အတုများ မပြုလုပ်နိုင်ရေးအတွက် လုံခြုံရေးအဆင့် လေးဆင့်ပါပြီး အဆင့်မြှင့်ပုံနှိပ်စနစ်နဲ့ ရိုက်ထားပြီး မူရင်းဂရန်ကို ကဒ်ထူသရေအနီဖုံးပြီး ပိုင်ရှင်ကိုပေးတယ်။ မိတ္တူကို ရုံးမှာ လုံခြုံမှုရှိတဲ့ကျောက်



တိုက်မှာ သိမ်းထားပါတယ်။ ကျွန်တော်တို့ဂရန်အသစ်မှာ ထူးခြားတာက ယခင်ဂရန်တုံးကဂရန်ပါအချက်အလက်တွေကို အင်္ဂလိပ်လိုရေးထား ပါတယ်။ ယခုဂရန်အသစ်မှာ“မြန်မာ” လို ရေးထားပါတယ်။ဂရန်နဲ့ပတ်သက်ပြီး မြန်မာစာတတ်သူတိုင်း၊နိုင်ငံသားတိုင်းနားလည်အောင်အတွက်ပါ။ ယခင်ကဖြစ်ခဲ့တဲ့ဂရန်အတုပြဿနာတွေက တိုးတက်လာတဲ့ကွန်ပျူတာစနစ်နဲ့ မိတ္တူများပြုလုပ်ပြီး ဆောင်ရွက်ထားတာကိုတွေ့ရတယ်။ လူတွေရဲ့ လောဘကြောင့် အလိမ်ခံရတာလို့ပဲ ပြောနိုင်တယ်။ ဥပမာမြို့သစ် ၁ ရပ်ကွက်မှာ ကာလပေါက်ဈေး ကျပ်သိန်း ၆,၀၀၀ ခန့်တန်တဲ့မြေကွက်ကို ကျပ်သိန်း ၁,၀၀၀ နဲ့လာပေါင်ရင် အပေါင်ခံလိုက်တာမျိုးဖြစ်ပါတယ်။ မန္တလေးမြို့တော်ဧရိယာအတွင်းမှာ ဂရန်အတုတွေနဲ့ ပေါင်တာတွေ၊ ရောင်းတာတွေမဖြစ်ဖို့အတွက် တန်ဖိုးရှိပြီး ကျပ်သိန်း၅၀၀နှင့်အထက်မြေဝယ်မယ်ဆိုရင် မှန်ကန်မှုရှိမရှိ ကျွန်တော်တို့ဆီ လာစုံစမ်းပါ”ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေယာစီမံခန့်ခွဲရေးဌာနမှူးဦးတင်ထွဋ်ကပြောသည်။

မန္တလေးမြို့ဝါရင့် မြေပွဲစားကြီးတစ်ဦးက “ယခုမြို့တော်စည်ပင်ရဲ့ ဂရန်အသစ်က မြန်မာလိုရေးထားတာဆိုတော့ လူတိုင်းနားလည်နိုင်တယ်။ ဂရန်နဲ့ ပတ်သက်ပြီး ဘယ်လိုထိန်းသိမ်းထားရမယ်၊ဂရန်သက်တမ်းကုန်ရင်ဘယ်လို ဆောင်ရွက်ရမယ်ဆိုတာကအစပါတော့ ဂရန်အသစ်လုပ်တဲ့လူတွေအတွက်လည်း အဆင်ပြေတယ်။ အတုမလုပ်နိုင်အောင် လုံခြုံရေးအစီအမံတွေပါတော့ ပိုပြီးကောင်းပါတယ်”ဟု ၎င်း၏အမြင်ကိုပြောသည်။

မန္တလေးပြည်ကြီးတံခွန် မြို့သစ်မြေဂရန်အသစ်ပြုလုပ်သူ တစ်ဦးက “မြေဂရန်အသစ်လုပ်တာလုပ်ထုံးလုပ်နည်းနဲ့ညီရင် သိပ်မကြာပါဘူး။ မြေဂရန်အသစ်လုပ်မယ်ဆိုရင် မြေနေရာချထားပေးမှုမူရင်း၊ လမ်းမြေပေးသွင်းမှု၊ မြေဖိုးပေးသွင်းမှုမူရင်း၊မှတ်ပုံတင် မူရင်းတို့ပါရင်နှစ်ပတ်အတွင်းရပါတယ်” ဟုအတွေ့အကြုံကိုပြောပြသည်။

Education

7DAY NEWS JOURNAL

Vol.10, No.10 · MAY 26, 2011


# မြန်မာနိုင်ငံ နိုင်ငံတကာပညာရေးဈေးကွက်တွင်အိန္ဒိယဝင်ရောက်လာ

**နေလင်းထွန်း**

**ရန်ကုန်၊ မေ - ၂၁**

ပြည်ပနိုင်ငံများ၌ ပညာသင်ယူနိုင်ရန် မြန်မာကျောင်းသားများအားလာရောက်ဈေးကွက်ရှာဖွေသောနိုင်ငံများတွင် အိန္ဒိယနိုင်ငံပါဝင်လာကြောင်း သိရသည်။ အိန္ဒိယမှ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများနှင့် တက္ကသိုလ်အချို့အပါအဝင် ကျောင်း ၁၅ ကျောင်းသည် ကုန်သည်ကြီးများဟိုတယ်၌ အိန္ဒိယပညာရေးပြပွဲအား ပထမဆုံးအကြိမ်ကျင်းပခဲ့သည်။

၎င်းပညာရေးပြပွဲတွင် လေယာဉ်မောင်းသင်တန်း၊ အင်ဂျင်နီယာ၊ စီမံခန့်ခွဲမှု၊ ဈေးကွက်ရှာဖွေမှု၊ ဟိုတယ်ဝန်ဆောင်မှု၊ သံဂဟေဆက်သင်တန်းမှအစ ဗုဒ္ဓစာပေသင်တန်းများကို တက်ရောက်နိုင်သည့်သင်တန်းကျောင်းများပါဝင်ပြသခဲ့ကြသည်။ အိန္ဒိယပညာရေးပြပွဲအား မြန်မာ-အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအသင်းမှ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး နောင်တွင်လည်း ပညာရေးပြပွဲများ ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။



မြန်မာကျောင်းသားများ အိန္ဒိယနိုင်ငံရှိ ကျောင်းများတွင် တက်ရောက်ပညာသင်ယူလိုပါက ပညာရေးဆိုင်ရာ ဝန်ဆောင်မှုအားပြည်တွင်းကုမ္ပဏီတစ်ခုမှ ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်တန်းအချို့အား ပြည်တွင်း၌ သင်ကြား၍ လက်မှတ်ရယူနိုင်မည်ဖြစ်ကြောင်းဆိုသည်။

အနောက်နိုင်ငံများ သာမက အာရှနှင့် အိမ်နီးချင်းနိုင်ငံများမှ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများသည်မြန်မာနိုင်ငံတွင် ပညာရေးပြပွဲများ လာရောက်ကျင်းပ၍ ကျောင်းသားဈေးကွက်ရှာဖွေလျက်ရှိရာ အိန္ဒိယနိုင်ငံသည်လည်း တစ်နိုင်ငံပါဝင်လာခဲ့ပြီဖြစ်သည်။

# ပုဂ္ဂလိက ပညာရေးကဏ္ဍများမှ ဖွင့်လှစ်လာမည့် MBA နှင့် ရှေ့အလားအလာ

**နေလင်းထွန်း**

**ပုဂ္ဂလိကပညာရေးကဏ္ဍတွင် စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်းများအား ပြည်ပတက္ကသိုလ်များနှင့်ချိတ်ဆက်၍ ဖွင့်လှစ်သင်ကြားရန် လုပ်ငန်းရှင်အချို့က ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

ကျောင်းသားများအတွက် အခွင့်အလမ်းကောင်းများ ဖြစ်လာနိုင်မည့်စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်းများမကြာမီမြင်တွေ့ရဖွယ်ရှိနေသည်။ ထို့ပြင်အားနည်းချက်နှင့် သတိပြုဆင်ခြင်ရမည့်အချက်များရှိနေကြောင်းပညာရေးနယ်ပယ်မှ ကျွမ်းကျင်သူများကဆိုသည်။

လက်ရှိချိန်တွင် အစိုးရတက္ကသိုလ်များမှ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်းများသင်ကြားပို့ချနေသလို ပညာရေးလုပ်ငန်းအချို့သည်လည်းပြည်ပတက္ကသိုလ်နှင့် ချိတ်ဆက်ကာ မဟာဘွဲ့သင်တန်း ဖွင့်လှစ်နေခြင်းလည်း ရှိသည်။

ကျောင်းသားများ၏ပညာရေးရည်မှန်းချက်မြင့်တက်လာခြင်းသည်ပုဂ္ဂလိကသင်တန်းများအားလိုအပ်မှုကိုထင်ရှားစေခဲ့သည်။

စီးပွားရေး တက္ကသိုလ်တွင် ဖွင့်လှစ်ထားသောမဟာဘွဲ့သင်တန်း၏ကျောင်းသားလက်ခံနိုင်မှုသည်အကန့်အသတ်ဖြစ်လျက်ရှိသောကြောင့် ကျောင်းဝင်ခွင့် အတွက်ယှဉ်ပြိုင်ရမှုသည်လည်းခက်ခဲလျှက်ရှိသည်။

ကျောင်းသားလက်ခံသင်ကြားနိုင်သောစွမ်းရည်ပမာဏထက်ပိုမိုလက်ခံသင်ကြားနေခြင်းသည် ကျောင်းသားများ၏ အရည်အသွေးကိုကျဆင်းစေကြောင်း သုံးသပ်ထောက်ပြမှုများလည်းရှိနေသည်။

"ဟိုတုန်းကတော့ ကျောင်းသားလေးဆယ်လောက်ပဲ ရွေးတယ်။ အခုရာကျော်ရွေးတယ်။ အရေအတွက်ကိုရှေ့တန်းတင်ရင် အရည်အသွေးကျသွားမှာပါပဲ။ စည်းကမ်းထိန်းသိမ်းရေးပါကျသွားနိုင်တယ်"ဟု ရန်ကုန်စီးပွားရေး တက္ကသိုလ်ပါမောက္ခချုပ်ဟောင်းတစ်ဦးဖြစ်သော ဦးမော်




သန်း ကသုံးသပ်သည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ဆိုလျှင် အကန့်အသတ်ဖြင့်သာ သင်ယူခွင့်ရရှိနေသော မဟာဘွဲ့သင်တန်းအား ပုဂ္ဂလိကသင်တန်းကျောင်းများ ဖွံ့ဖြိုးလာမှုကြောင့် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သည်။

သင်တန်းအသစ်များ တိုးပွားလာမှုသည်ကျောင်းသားများအတွက် ပညာသင်ယူမှုဆိုင်ရာ အခွင့်အလမ်းရွေးချယ်စရာများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

"ပြည်တွင်းစီးပွားရေး လုပ်ငန်းနဲ့ပြည်တွင်းအသိအမြင်တွေကို ပေါင်းစပ်သင်ကြားပေးနိုင်ရင် ပြည်တွင်းအမ်ဘီအေက အရမ်းအား ကောင်းမှာပါ။ ကျွန်တော်တို့နိုင်ငံခြားမှာသွားသင်တာ အဲ့ဒါတွေမရပါဘူး။ နိုင်ငံတကာအတွေ့အကြုံလိုချင်ရင်တော့ယူကေဘွဲ့တက်ပေမယ့် ဒီမှာမရနိုင်ဘူးပေါ့"ဟု မလေးရှားနိုင်ငံရှိနော့တမ်ဟမ်တက္ကသိုလ်တွင်ပညာသင်ယူခဲ့ပြီး ပြည်တွင်း၌ စီးပွားရေးသင်တန်းတည်ထောင်ထားသောကိုအောင်ချစ်ခင်ကဆိုသည်။

ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများပေါ်ထွက်လာခြင်းသည် ပြိုင်ဆိုင်မှုများကို အရှိန်ကောင်းစေမည်ဖြစ်ပြီး အရည်အသွေးဆိုင်ရာ တိုးတက်မှုများဖြစ်လာစေနိုင်ကြောင်း ပညာရေးလေ့လာသူများကဆိုသည်။

"နိုင်ငံတကာကကျောင်းတွေ ဘယ်လိုရည်ရွယ်ချက်နဲ့လာလာ ဒီမှာ အပြိုင်အဆိုင်ဖြစ်ပါပြီ။ သူတို့ပုဂ္ဂလိကကျောင်း အချင်းချင်းလည်း ပြိုင်မယ်၊


စာ(၂၂)သို့


## ထွန်းဖောင်ဒေးရှင်းစာကြည့်တိုက်တွင် အင်္ဂလိပ်၊ မြန်မာ သုတ၊ ရသစာအုပ်များ အခမဲ့ဖတ်ရှုနိုင်

**ရန်ကုန်၊ မေ - ၂၀**

ထွန်းဖောင်ဒေးရှင်း မြန်မာ့အရင်းအမြစ်ဖွံ့ဖြိုးမှုစင်တာ စာကြည့်တိုက်တွင် အင်္ဂလိပ်၊ မြန်မာသုတ၊ ရသ၊ ဘာသာရပ်နှင့် ရည်ညွှန်းစာအုပ်များကို လာရောက်ဖတ်ရှုလေ့လာနိုင်ကြောင်း စာကြည့်တိုက်တာဝန်ရှိသူတစ်ဦးက ဆိုသည်။ တနင်္လာမှ သောကြာနေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီနှင့် စနေတွင် နံနက် ၉ နာရီခွဲမှ နေ့လယ် ၁၁ နာရီအချိန်တွင် အမှတ် ၂၂၄ (ဘီ) ဦးဝိစာရလမ်းနှင့် တော်လှန်ရေးပန်းခြံ၊ ဗဟန်းမြို့နယ်၌ အခမဲ့ဝင်ရောက်ဖတ်ရှုနိုင်ကြောင်း သိရသည်။

## ယူကေပညာရေး ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ မေ - ၁၉**

ယူကေ ပညာရေးဆိုင်ရာ ဟောပြောပွဲကို ဇွန် ၁ရက်တွင် ကုန်သည်ကြီးများဟိုတယ်၌ကျင်းပမည်ဖြစ်ကြောင်းဗြိတိသျှကောင်စီ (မြန်မာ) မှသိရသည်။ နံနက် ၁၀ နာရီမှ နေ့လယ် ၁၂နာရီထိ ဆွေးနွေးမည်ဖြစ်ပြီး ယူကေကျောင်းဝင်ခွင့်နှင့် ပြည်ဝင်ခွင့်ဆိုင်ရာ အချက်အလက်အချို့အား ရှင်းလင်းဟောပြောမည်ဖြစ်ကာ စိတ်ဝင်စားသော ကျောင်းသားများ တက်ရောက် လေ့လာနိုင်ကြောင်း သိရသည်။

## YIUS နှင့် Bellerdys College ပညာရေးဟောပြောပွဲ ပြုလုပ်မည်

**ရန်ကုန်၊ မေ - ၂၀**

အင်္ဂလန်ရှိ ကောလိပ်၊ တက္ကသိုလ် များ၌ သွားရောက်ပညာသင်ယူနိုင်မည့် ပညာရေးဟောပြောပွဲအား မေ ၂၈ရက်တွင် ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲအား နေ့လယ်၁နာရီမှ၃နာရီထိဆွေးနွေးရှင်းလင်းမည်ဖြစ်ပြီးပြည်တွင်းရှိ YIUS သင်တန်းနှင့် အင်္ဂလန်ရှိ Bellerbys Collegeတို့ ပူးပေါင်း ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။







7 DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011

# Abe သင်တန်းတွင် အပြောင်းအလဲအချို့ရှိ

နေလင်းထွန်း

ရန်ကုန်၊

မေ - ၁၈

ပြည်တွင်း၌ မြန်မာကျောင်းသားများ လေ့လာသင်ယူနေသော စီမံခန့်ခွဲမှုဆိုင်ရာဘာသာရပ်များဖြစ်သည့် Abe သင်တန်းအပြောင်းအလဲအချို့ဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။

Abe သင်တန်းတွင် ယခင်က အသိအမှတ်ပြုလက်မှတ် (Certificate)သည် ဒီပလိုမာအဆင့်ဖြစ်သွားမည်ဖြစ်ပြီး၊ Diploma Level (I) နှင့် (II) တို့ သည် Higher Diploma ၊ Advance Diploma သည် Graduate Diploma ဖြစ်သွား မည်ဖြစ်သည်။ ထို့ပြင် Abe၏လိုဂိုတံဆိပ်အား ပြောင်းလဲသွားမည်ဖြစ်သည်။

"အေဘီအီးသင်တန်းအစအဆုံးဆိုရင်တော့ ၂နှစ်ကြာမြင့်ပါတယ်။ ဒီပလိုမာသင်တန်းအတွက် မှတ်ပုံတင်ကြေး ၃၅ စတာလင်ပေါင်၊ နှစ်စဉ်ကြေး ၂၅ စတာလင်ပေါင်နဲ့တစ်ဘာသာစာမေးပွဲကြေး ၂၀ စတာလင်ပေါင်ပေးသွင်းရပါတယ်။ သင်တန်းကြေးက ခြောက်လစာအတွက် တစ်ဘာသာ ၁၂၀,၀၀၀ ကျပ်ကျပါတယ်" ဟု PS စီးပွားရေး သင်တန်းကျောင်းမှ တာဝန်ရှိသူကပြောသည်။ ထို့ကြောင့် သင်တန်းမှတ်ပုံတင်ကြေးနှင့် စာမေးပွဲကြေးတို့မှာ ပြောင်းလဲမှုမရှိပေ။

Abe စီမံခန့်ခွဲမှုဆိုင်ရာဘာသာရပ်များကိုဗြိတိန်အဖွဲ့အစည်း၏ အသိအမှတ်ပြုသင်တန်းအဖြစ် ပြည်တွင်း၌ဖွင့်လှစ်သင်ကြားလျက်ရှိပြီး စာမေးပွဲဌာနအဖြစ် ဗြိတိသျှကောင်စီ(မြန်မာ)မှ တာဝန်ယူစစ်ဆေးလျက်ရှိသည်။

## တရုတ်ဘာသာ ပါရဂူဘွဲ့သင်တန်း စတင်ဖွင့်လှစ်မည်

### သို့သော် ထိုသင်တန်းသို့ ပညာရေးဝန်ထမ်းများသာ တက်ရောက်နိုင်

နေလင်းထွန်း

ရန်ကုန်၊ မေ - ၁၆

ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် တရုတ်ဘာသာ ပါဂူဘွဲ့သင်တန်းစတင်ဖွင့်လှစ် မည်ဖြစ်သော်လည်း ပညာရေးဝန်ထမ်းကိုသာ တက်ရောက်ခွင့် ပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၁- ၂၀၁၂ ပညာသင်နှစ်အတွက် တရုတ်ဘာသာပါရဂူဘွဲ့သင်တန်းဝင်ခွင့်ခေါ်ယူမှု လျှောက်လွှာများကိုမေ ၁၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ ဝင်ခွင့်လျှောက်ထားသူများ၏ အရည်အချင်းသတ်မှတ်ချက်တွင် ပညာရေးဝန်ထမ်းဖြစ်ရန် လိုအပ်ကြောင်း ဖော်ပြထားပြီး ပါရဂူဘွဲ့အကြိုသင်တန်းအား အချိန်ပြည့်တစ်နှစ်တက်ရောက်နိုင်သူဖြစ်ရမည်ဟု သိရသည်။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် နိုင်ငံခြားဘာသာ သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး တရုတ်ဘာသာစကားအား ပါရဂူဘွဲ့အဆင့် ပထမဆုံးစတင်ဖွင့်လှစ်သင်ကြားခြင်းဖြစ်သည်။

## စာ- ၂၁၊ ပုဂ္ဂလိက ပညာရေးကောလိပ်များမှ ဖွင့်လှစ်လာမည့် MBA နှင့် ရှေ့အလားအလာ မှ

အစိုးရကျောင်းကလည်း ပြိုင်ရမယ်။ ဒါပေမဲ့ကျောင်းတွေ ဖွင့်လို့လိုက်ဖွင့်ကြတာမှာကိုတော့ စိုးရိမ်တယ်"ဟု ဦးမော်သန်းကဆိုသည်။

နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်များသည် ငွေကြေးအကျိုးအမြတ်ဦးတည်နေကာပညာရေးလုပ်ငန်းကိုချဲ့ထွင်လျက်ရှိပြီး နိုင်ငံတကာ ကျောင်းသားဈေးကွက် ရှာဖွေနေသည်ကိုလည်း တွေ့ရသည်။

"ကျောင်းသားတွေက အမ်ဘီအေကိုသိပ်လိုချင်လာတယ်။ အသက် ၂၁ နှစ်၊ အသက် ၂၂ နှစ်ပေါ့။ နိုင်ငံတကာမှာတော့ ယေဘုယျအားဖြင့် အသက် ၂၈ နှစ် သတ်မှတ်ထားတယ်။ အကျိုးအမြတ်အတွက်ဖွင့်ရင်တော့ကျောင်းသားပိုက်ဆံပေးချင်နေချိန် အသက်ကလည်း ၂၃နှစ်ဆိုရင် ကျွန်တော်တော့ လက်ခံချင်မှာပဲ။ နိုင်ငံခြားတက္ကသိုလ်တွေလိမ်နေတာအများကြီးပါပဲ။ ဒီမှာက ပညာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းဥပဒေနဲ့အသိအမှတ်ပြုတဲ့အပိုင်းလည်းမလာသေးဘူး။ လူတွေကိုယ့်ဘာသာဆင်ဆင်ခြင်ခြင် လုပ်ရမှာပေါ့။ သေချာတာတစ်ခုကသိပ်ပေါ်နေရင်သတိထားဖို့နဲ့ သိပ်ဈေးကြီးနေရင်တော့ကြည့်လုပ်ဖို့ပါပဲ။ သိပ်တော့ မထူးပါဘူး"ဟု နိုင်ငံတကာပညာရေး အတွေ့အကြုံရှိသူတစ်ဦးက အကြံပြုသည်။

မြန်မာအင်ဖိုတက်ခ်တွင် ဖွင့်လှစ်ထားသောထိုင်းနိုင်ငံမှ တက္ကသိုလ်၏မဟာဘွဲ့သင်တန်းကြေးမှာအမေရိကန်ဒေါ်လာကိုးထောင်နီးပါးရှိကြောင်းသိရသည်။

နိုင်ငံတကာတွင်လည်း ပညာရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်အတုပြဿနာများရှိနေပြီးပြည်တွင်းတွင်လည်း အမေရိကန်တက္ကသိုလ်တစ်ခု၏ အမ်ဘီအေဘွဲ့ပြဿနာတစ်ခုဖြစ်ပွားခဲ့ပြီး ကျောင်းလခများပြန်အမ်းကာ သင်တန်းပိတ်သိမ်းလိုက်ရကြောင်း ကြားသိရသည်။

"နိုင်ငံတကာမှာကိုကပညာရေးနဲ့ စီးပွားရှာလာပါပြီ။ ရှင်းရှင်းပြောရရင်သူတို့ရဲ့ရုပ်အမြင်ကောင်းကိုပြပြီးတော့စီးပွားရှာတာတွေ အများကြီးပါ။ ကျွန်တော်တို့အနေနဲ့ ဒါတွေကိုနားလည်သဘောပေါက်ထားရမယ်။ နိုင်ငံခြားကလာတိုင်း သိပ်အဆင့်မြင့်မယ်လို့ မျှော်လင့်ထားလို့မရပါဘူး"ဟု ဦးမော်သန်းကဆိုသည်။


ပညာသင်ယူလေ့လာခြင်းနှင့်ပတ်သက်၍ မြန်မာကျောင်းသားများ၏သဘောထားအမြင်အား နည်းချက်များကို တွေ့မြင်ရကြောင်း ပညာရေးလုပ်ငန်းလုပ်ကိုင်သူများကဆိုသည်။

"ကျောင်းသားတွေကို သံသယရှိနေတယ်။ ပညာလိုချင်တဲ့ကျောင်းသားနဲ့လက်မှတ်လိုချင်တဲ့ကျောင်းသားမှာတော်တော်များများ ကလက်မှတ်လိုချင်နေတာရှိတယ်။ ကျောင်းသားတွေအနေနဲ့ ကျောင်းကပေးတဲ့လက်မှတ်ထက် သင်တန်းမှာပါဝင်တဲ့ပညာရပ်ကို လိုချင်လို့ တက်တာမျိုးဖြစ်ဖို့လိုတယ်။ ဒီမှာလည်းစာတမ်းတွေ အငှားနဲ့ ရေးခိုင်းတာရှိတယ်"ဟု စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းများသင်ကြားပို့ချနေသောဆရာတစ်ဦးကဆိုသည်။

ပညာရေးဆိုင်ရာ အခွင့်အလမ်းကောင်းများရှိလာနိုင် သလိုအားနည်းချက်နှင့်လိုအပ် ချက်များရှိနေချိန်တွင် ပေါ်ထွက်လာမည့် ပုဂ္ဂလိက သင်တန်းများတွင် ပညာသင်ယူကြမည့်ကျောင်းသားများအနေဖြင့် ကိုယ်တိုင်လေ့လာဆင်ခြင်ရွေးချယ်ကြရမည်ဖြစ်သည်။

နိုင်ငံခြားတက္ကသိုလ်နှင့်ချိတ်ဆက်ကာ မဟာဘွဲ့သင်တန်းဖွင့်လှစ်သင်ကြားရန် အမ်စီစီသင်တန်းကျောင်း၊ အမ်အိတ်ချ်အာသင်တန်းကျောင်း၊ယူအမ်အက်ဖ်စီစီအိုင်၊ တရုတ်ကုန်သည်ကြီးများအသင်းစသည့်တို့နှင့်လုပ်ငန်းရှင်များကစီစဉ်လျက်ရှိကြောင်း သတင်းများထွက်ပေါ်နေသည်။



Technology

7DAY NEWS JOURNAL

Vol.10, No.10 • MAY 26, 2011

# ပြည်တွင်းဝက်ဘ်ဆိုက်များ လုံခြုံရေးအားနည်းမှုများရှိနေ

**နေလင်းအောင်**

**ရန်ကုန်၊ မေ - ၁၉**

ပြည်တွင်းရှိ အင်တာနက်ဝက်ဘ်ဆိုက်အများစု တိုက်ခိုက်ဖျက်ဆီးခံနေရမှုမှာ အဓိကအားဖြင့် ဝန်ဆောင်မှုပေးသည့် အပိုင်းတွင် လုံခြုံရေးဆိုင်ရာ အားနည်းမှုများရှိနေခြင်းကြောင့်ဖြစ်ကြောင်း အင်တာနက်လုံခြုံရေးဝန်ဆောင်မှုပေးနေသော ကုမ္ပဏီတာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုနှစ်များအတွင်းပြည်တွင်းရှိစီးပွားရေးလုပ်ငန်းဝက်ဘ်ဆိုက်များအား ပြည်ပမှ ဟက်ကာအဖွဲ့များ ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးမှုများပြားလာခဲ့ပြီး ယင်းတိုက်ခိုက်ခံရမှုများအတွက် ဝက်ဘ်ဆိုက်ဝန်ဆောင်မှုပေးသည့်ကုမ္ပဏီများအနေဖြင့် လုံခြုံရေးအပိုင်းအား ပိုမိုဂရုပြုသင့်ကြောင်း Myanmar Inspiration ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောကြားသည်။


"အခုဒီမှာက လုပ်ငန်းရှင်က ဝက်ဘ်ဆိုက်တင်ချင်ရင် Providers ကတင်ပေးလိုက်တယ်။ ဒါပေမဲ့ ဒီဝန်ဆောင်မှုမှာ နောက်ပိုင်းဆိုက်ကို Attack အလုပ်မခံရအောင် လုံခြုံရေးအစီအမံတွေ လုပ်ပေးမထားတော့ ဟက်ကာတွေဖောက်လို့ အရမ်းလွယ်တဲ့ အခြေအနေဖြစ်နေတာ။ တခြားမကြည့်နဲ့ အမျိုးသားအဆင့်ဆိုတဲ့ပေါ်တယ်ကြီးတောင် တိုက်ခိုက်ခံရတာဆိုတော့ တော်ရုံဆိုက်တွေဆို လွယ်လွယ်နဲ့ ဖောက်ဝင်လို့ရတာပေါ့" ဟုအင်တာနက်လုံခြုံရေးဝန်ဆောင်မှုပေးနေသည့်Myanmar Inspiration မှကိုလှမျိုးထွန်းကဆိုသည်။

ဆက်လက်၍ ယင်းက "ဒီမှာဟက်လုပ်ခံရရင် ဝက်ဘ်ဆိုက်တင်ပေးတဲ့ကုမ္ပဏီက ဆိုက်ကို Shut Down လုပ်ချလိုက်တယ်။ ပြီးရင် Reinstall ပြန်လုပ်လိုက်တယ်။ ဒါက ဖြေရှင်းတဲ့နည်းမဟုတ်ဘူး။ ပြောရရင်တော့ ကိုယ့်ဘက်ကညံ့ဖျင်းလို့ဖြစ်နေကြတာ။ ဒီကကုမ္ပဏီတွေက လုံခြုံရေးနဲ့ပတ်သက်ရင် ဘာမှသေချာလုပ်ပေးနိုင်တာမရှိဘူး။ ဖြစ်သင့်တာကတော့ အင်တာနက်လုံခြုံရေးကိုသီးသန့်လုပ်နေတဲ့အဖွဲ့တွေဆီမှာအပ်သင့်တယ်" ဟုဆိုသည်။

လက်ရှိတွင် ပြည်တွင်း၌ ဝက်ဘ်ဆိုက်တင်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းအများအပြား ပေါ်ပေါက်လျက်ရှိရာ နောက်ပိုင်းတွင် ဈေးနှုန်းအပြိုင်လျှော့ချဆောင်ရွက်ပေးမှုများကြောင့်လည်း ဝက်ဘ်ဆိုက်များ အရည်အသွေးညံ့ဖျင်းလာကြောင်း ဝက်ဘ်ဆိုက်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေသူ တစ်ဦးကပြောသည်။

လုပ်ငန်းရှင်များအနေဖြင့် လက်ရှိတိုက်ခိုက်ခံရမှုများနှင့်ပတ်သက်၍ မိမိ၏ဝက်ဘ်ဆိုက်အား လုံခြုံရေးအဖွဲ့များနှင့်တိုင်ပင်၍ ဝက်ဘ်ဆိုက်လုံခြုံရေးအား ပိုမိုဂရုပြုသင့်ကြောင်း သိရသည်။

# PAC များအား External Data Storage ပစ္စည်းများသုံးစွဲခွင့် မပြုတော့ဟုဆို



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ယုဇနကိုကို**

**ရန်ကုန်၊မေ-၁၇**

အများပြည်သူသုံး အင်တာနက်ဆိုင်များဖြစ်သည့် (Public Access Centre- PAC) များတွင်ပြင်ပသိုလှောင်ရေးနည်းပညာပစ္စည်းများကို အသုံးပြုခွင့်ပေးတော့မည်မဟုတ်ကြောင်း ရန်ကုန်မြို့တွင်းဖွင့်လှစ်ထားသည့် အဆိုပါဆိုင်များမှ စုံစမ်းသိရှိရသည်။

PAC လုပ်ကိုင်ခွင့် များကို မြန်မာ့သတင်းအချက်အလက်နှင့်နည်းပညာကော်ပိုရေးရှင်းဖြစ်သည့် မြန်မာအင်ဖိုတက်ခ်ထံမှ လွှဲပြောင်းရယူလုပ်ကိုင်ခဲ့ချိန် တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သို့သော် အဆိုပါကြေညာချက်သည် အသစ်ထွက်ပေါ်လာသည့်စည်းကမ်းချက်မျိုးမဟုတ်ဘဲ မြန်မာနိုင်ငံတွင် အင်တာနက်ကဖေးလိုင်စင်များ စတင်ချထားပေးခဲ့သည့်အချိန်ကတည်းက ထုတ်ပြန်ထားခဲ့ခြင်းဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

"ခုအစိုးရက ထုတ်ပြန်ထားတဲ့ဒီတားမြစ်ချက်တွေ၊ ကြေညာချက်တွေမှာ အသစ်တစ်ခုမှတော့ မပါဘူး။ အရင်ကတည်းကရှိခဲ့တဲ့ ကြေညာချက်တွေကို အခုပြန်ပြီး တင်းကျပ်တဲ့သဘောပါ။ အရင်ကတည်းက ရှိခဲ့ပေမယ့်လည်း တကယ်တမ်း တင်းကျပ်တာမျိုးတွေလည်းမရှိခဲ့ပါဘူး။ အဲဒီလို တင်းကျပ်ခဲ့ရင်လည်းအခုအနေအထားလောက်ကိုအင်တာနက်တွေ အသုံးပြုနိုင်မှာ မဟုတ်ပါဘူး" ဟု မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း(မန္တလေး)မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယင်းကဲ့သို့ အများပြည်သူသုံးအင်တာနက်ကဖေးဆိုင်များတွင်အချက်အလက်သိုလှောင်ရေးနည်းပညာပစ္စည်းများဖြစ်သည့် CD Drive, USB Drive နှင့် အခြားသော External Drive ပစ္စည်းများသုံးစွဲခွင့်ကို အမှန်တကယ် တင်းကျပ်လာမည်ဆိုပါက အင်တာနက်အသုံးပြုသူများအတွက် အခက်အခဲများဖြစ်ပေါ်လာစေမည်ဖြစ်ပြီး နိုင်ငံ၏ အင်တာနက် သုံးစွဲနိုင်နှုန်းပါ နောက်ဆက်တွဲအကျိုးသက်ရောက်မှုများဖြစ်ပေါ်လာနိုင်ကြောင်း ပြည်တွင်းကွန်ပျူတာပညာရှင်များ က သုံးသပ်ပြောကြားသည်။

"ဒီလိုသာ အင်တာနက်ဆိုင်တွေမှာ မမ်မိုရီစတစ်လိုမျိုး ပြင်ပအချက်အလက်သိုလှောင်တဲ့ ပစ္စည်းတွေအသုံးပြုခွင့်ကို တကယ် တင်းကျပ်လာမယ်ဆိုရင် အဆင်မပြေဘူး။ အဲ့ဒီလိုသာဆိုရင် အင်တာနက်ဆိုင်ကို တကူးတကသွားပြီး အလုပ်ကိစ္စ၊ လူမှုရေးကိစ္စတွေနဲ့ပတ်သက်တဲ့ ကိုယ်ရေးကိုယ်တာအချက်အလက်တွေကို စာရွက်နဲ့ ထုတ်ယူရမှာလား။ အင်တာနက်ပေါ်ကဒေါင်းလော့ဒ်ဆွဲတာတွေကိုရော ဘယ်လိုလုပ်ယူရတော့မလဲ။ ဒါဆို အင်တာနက်ကိုအလုပ်ကိစ္စအတွက်သုံးနေတဲ့သူတွေအတွက် တော်တော်အဆင်မပြေဖြစ်မှာသေချာတယ်" ဟု အင်တာနက် ပုံမှန်အသုံးပြုသူ အသက် ၂၇နှစ် အရွယ် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုမှ အမျိုးသားဝန်ထမ်းတစ်ဦးက ဆိုသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြန်လည်ထုတ်ပြန်လိုက်သည့်အဆိုပါစည်းကမ်းချက်နှင့် ပတ်သက်သည့်စာကြောင်းအပြည့်အစုံမှာ "PAC အတွင်းရှိကွန်ပျူတာများတွင် Floopy Drive, CD Drive, USB Port နှင့် အခြားသော External Drive များတပ်ဆင်ထားခြင်း၊ အသုံးပြုခြင်းမပြုရ" ဟူ၍ဖြစ်သည်။

ယခင်ကတည်းက ထုတ်ပြန်ထားခဲ့သည့် စည်းကမ်းချက်ဖြစ်ခဲ့သော်လည်းသုံးစွဲသူနှင့် အင်တာနက်ဆိုင်များကလိုက်နာခြင်းများမရှိခဲ့ခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်သတင်းအချက်အလက်များ ပေါက်ကြားခြင်းများကို ဖြစ်ပေါ်စေနိုင်သဖြင့် ယခုကဲ့သို့အစိုးရသစ်ကပြန်လည်လွှဲပြောင်းရယူပြီး တားမြစ်ချက်ကိုပြန်လည်သတိပေးထုတ်ပြန်ရခြင်းဖြစ်ကြောင်း အထက်ပါလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် PAC များတွင်ဒင်းတို့မှတားမြစ်ထားသည့် ဆော့ဖ်ဝဲများ၊ ပရိုဂရမ်များနှင့် အခြားသောနည်းပညာများကိုအသုံးမပြုရန်တားမြစ်ချက်များထုတ်ပြန်ထားကြောင်းလည်း သိရသည်။

# မြန်မာနိုင်ငံတွင် ကွန်ပျူတာသုံးစွဲမှုနှုန်း တစ်ရာခိုင်နှုန်းသာရှိ

**ယုဇနကိုကို**

**ရန်ကုန်၊မေ-၁၇**

မြန်မာနိုင်ငံ၏ကွန်ပျူတာသုံးစွဲနိုင်မှုနှုန်းမှာလူဦးရေတစ်ရာတွင် တစ်ယောက်နှုန်းသာ သုံးစွဲနိုင်သေးကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ၎င်း၏ကုမ္ပဏီမှ ကွန်ပျူတာပစ္စည်းသစ် မိတ်ဆက်ပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

အဆိုပါကွန်ပျူတာသုံးစွဲနိုင်သည့် ရာခိုင်နှုန်းမှာ နိုင်ငံလူဦးရေသန်း ၆၀ တွင် တစ်ရာခိုင်နှုန်းသာအသုံးပြုနိုင်ခြင်းဖြစ်သည်ဟု အထက်ပါတာဝန်ရှိသူက ဆက်လက်ဆိုသည်။ ထိုသုံးစွဲနိုင်မှု ရာခိုင်နှုန်းမှာဖြစ်နိုင်ခြေရှိကြောင်းကိုလည်း ရန်ကုန်မြို့အခြေစိုက်ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များကသုံးသပ် ပြောကြားကြသည်။

သို့သော်အဆိုပါ အသုံးပြုနိုင်မှုပမာဏသည်အလွန်နည်းပါးနေသေးသော်လည်း ဈေးကွက်ပမာဏဖြင့်ကြည့်လျှင်မူ ရောင်းလိုအား ပမာဏမှာကြီးမားနေသေးကြောင်း ရန်ကုန်အခြေစိုက်ကွန်ပျူတာလုပ်ငန်းရှင်များထံမှ သိရသည်။

"ဈေးကွက်ဘက်ကကြည့်မယ်ဆိုရင် တစ်ရာခိုင်နှုန်းကသာသုံးနိုင်သေးတာဖြစ်တဲ့အတွက် ကျန်တဲ့ ကိုးဆယ့်ကိုးရာခိုင်နှုန်းကကွန်ပျူတာမရှိကြသေးဘူး။ ဒီအတွက်ဈေးကွက်ကအရမ်းကြီးနေတယ်လို့ပြောလို့ရတယ်။ ကျန်သေးတဲ့ကွန်ပျူတာမသုံးနိုင်သေးတဲ့ပမာဏကအရမ်းများနေတော့ ဝယ်လိုအားတွေကို အများကြီးမျှော်လင့်လို့ရသေးတယ်" ဟု အထက်ပါ ကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူက ဆက်လက်ဆိုသည်။



**ဘားကမ့်ရန်ကုန်ပွဲမှ လက်ပ်တော့ကိုယ်စီနှင့်လူငယ်များ။** ဓာတ်ပုံ - အောင်အောင်

လူဦးရေသန်းခြောက်ဆယ်ရှိသည့်နိုင်ငံတွင် ခြောက်သိန်းသော ပမာဏသာ ကွန်ပျူတာကို အသုံးပြုနိုင်သော်လည်း ယခုပမာဏသည်ဆယ်စုနှစ်တစ်ခုအတွင်းအတိုးတက်ဆုံးအနေအထားတစ်ခုဖြစ်ပြီး လာမည့်သုံးနှစ်မှ ငါးနှစ်တာကာလအတွင်း ပြည်တွင်း ကွန်ပျူတာသုံးစွဲနိုင်မှု ပမာဏမှာ ငါးရာခိုင်နှုန်းမှ ဆယ်ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ကြောင်း ကွန်ပျူတာပညာရှင် အချို့နှင့်စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ပြောကြားကြသည်။

"လွန်ခဲ့တဲ့ဆယ်နှစ်လောက်တုန်းကမန်နေဂျာတစ်ဦးရဲ့လခ ဆယ်လစာလောက်မှ ကွန်ပျူတာတစ်လုံးလောက် ဝယ်နိုင်ဖို့တောင်အနိုင်နိုင်။ အခုအခြေအနေက မန်နေဂျာအဆင့်မဟုတ်တဲ့ အချို့ဝန်ထမ်းတွေတောင် တစ်လစာ၊ နှစ်လစာနဲ့ကွန်ပျူတာတစ်လုံးဝယ်နိုင်တဲ့အနေအထားဖြစ်နေပါပြီ။ ဒါကအမှန်တကယ်တိုးတက်တဲ့ ရလဒ်တစ်ခုမဟုတ်ပေမယ့် ဖွံ့ဖြိုးမှုဖြစ်လာမယ့် လမ်းစတစ်ခုပါ" ဟု ပြည်တွင်းကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြား သည်။

ပြည်တွင်းရှိ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းဈေးကွက်တွင်အလွယ်တကူသယ်ဆောင်သွားနိုင်သည့် လက်ပ်တော့၊ နုတ်ဘွတ်ခ်၊ နတ်ဘွတ်ခ်နှင့် Tablet အစရှိသည့် နည်းပညာပစ္စည်းများသည် လူသုံးအများဆုံးဖြစ်နေပြီး အသုံးပြုသူများတွင်ဆယ်ကျော်သက်ကျောင်းသားများ၊ ကုမ္ပဏီဝန်ထမ်းလူငယ်များက အများဆုံးဖြစ်နေကြောင်း ရန်ကုန်အခြေစိုက် ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

7DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011

# အင်တာနက်ကဖေးဆိုင်အားလုံး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် လုပ်ငန်းလိုင်စင်အသစ်ပြန်လျှောက်ရမည်

ယုဇနကိုကို

**ရန်ကုန်၊မေ-၁၇**

တစ်နိုင်ငံလုံးရှိ အများပြည်သူသုံး အင်တာနက်ကဖေးဆိုင်များအားလုံးသည် လက်ရှိကာလတွင် အကျုံးဝင်မည်မဟုတ်တော့ဘဲ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ပြန်လည်ပြီးလိုင်စင်အသစ်လျှောက်ထားခြင်းများကိုပြုလုပ်ရတော့မည် ဖြစ်ကြောင်းသတင်းရရှိသည်။

ယခုလက်ရှိ ဖွင့်လှစ်ပြီးဖြစ်သည့် တစ်နိုင်ငံလုံး အင်တာနက်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဆိုင်များအားလုံးအား နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှလိုင်စင်ကြေးများကောက်ခံပေးနေပြီးကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အဆိုပါဆိုင်များအတွက်မူ သက်ဆိုင်ရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အခြေစိုက်စခန်း (စခတိုက်) များမှ ဆောင်ရွက်ပေးသွားရန်ရှိသည်ဟု သိရသည်။

ယခုလက်ရှိအချိန်ထိ အစိုးရကတိုက်ရိုက်လိုင်စင်ထုတ်ပေးနေသည့် အင်တာနက်ကဖေးဆိုင်ပေါင်း ၁၄၀ ကျော်ရှိပြီဖြစ်ပြီး မြန်မာအင်ဖိုတက်ခ်ကုမ္ပဏီမှဖွင့်လှစ်ပေးခဲ့သည့် PAC အရေအတွက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၇၂၉ ဆိုင်ရှိကြောင်း သတင်းရရှိသည်။

ယခင်က အများပြည်သူသုံး အင်တာနက်ဆိုင်လျှောက်ထားခွင့်များအားမြန်မာအင်ဖိုတက်ခ်ကုမ္ပဏီတွင်ရယူနိုင်ခဲ့ပြီးယခုအခါ အစိုးရက လွှဲပြောင်းရယူပြီး ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်ဟု သိရသည်။






7 DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011

"မှုခင်းများ ပိုမိုဖြစ်ပွားရတဲ့ အကြောင်းအရင်းများ အနက် လောင်းကစားမှု ဖြစ်ပြုခြင်းကြောင့် စည်းစိမ်ဥစ္စာဆုတ်ယုတ်ခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊ အများသူငှာ၏ အထင်သေးမှုခံရခြင်း၊ လောင်းကစားနဲ့ဆက်နွယ်၍ ခိုးမှု၊ လုယက်မှု၊ လူသတ်မှုများပါ ကျူးလွန်လာနိုင်တဲ့အတွက် လောင်းကစားမှုဟာ ပါဝင်ကျူးလွန်နေတဲ့ သူတွေကို ဒီကောင်တွေ သူ့ရဲ့ ပတ်ဝန်းကျင်ကိုသာ မကဘူး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုကိုပါ ထိခိုက်စေပါတယ် "



ဘောလုံးပွဲလောင်းကစားကို ပုံဖော်ရိုက်ကူးထားသည့် သတင်းဓာတ်ပုံ။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ရန်ကုန်မြို့တွင် လောင်းကစားမှုအများဆုံးဖြစ်ပွားနေ

သတင်းအဖွဲ့

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မေလ ၁၀ ရက်တွင် ပထမဆုံးအကြိမ်အဖြစ်ပြည်တွင်းမီဒီယာများနှင့်တွေ့ဆုံပြီး ၎င်းတို့၏ဆောင်ရွက်နေမှုများကိုရှင်းပြကာ သတင်းထောက်များ၏ မေးမြန်းမှုများကိုလည်းပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါတွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လူထုအားကိုယ်စားပြုသော မေးခွန်းများကို မီဒီယာများက ၎င်းတို့အား မေးမြန်းနိုင်ကြောင်း အသိပေးပြောကြားခဲ့သည်။ ထို့ကြောင့် 7Day News ဂျာနယ်သတင်းအဖွဲ့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား မေလ ၁၁ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် မေးခွန်းပေါင်း ၄၀ ကျော် ပေးပို့မေးမြန်းခဲ့ပါသည်။ ထိုမေးခွန်းများထဲမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဦးညဏ်ထွန်းဦးက မေလ ၁၇ ရက်တွင် သတင်းထောက်များနှင့် ဒုတိယအကြိမ်တွေ့ဆုံစဉ် မေးခွန်း ၅ ခုကို ပြန်လည်ဖြေကြားသွားပါသည်။ ထိုမေးခွန်းနှင့်အဖြေများကို စာဖတ်သူများအတွက် ပြန်လည်ကောက်နုတ်ဖော်ပြအပ်ပါသည်။

**■ ယခုနောက်ပိုင်းနိုင်ငံသားသက်သေခံလက်မှတ်များရရှိရန် ယခင်ထက် ပိုမိုမြန်ဆန် အဆင်ပြေလာသည်ဆိုသော်လည်း အချက်အလက်ပြည့်စုံပြီး မှတ်ပုံတင်ရရှိရန် အခက်အခဲကြုံတွေ့နေရသူများရှိနေဆဲဖြစ်ကြောင်း သိရပါတယ်။ နိုင်ငံသားသက်သေခံလက်မှတ်ကိုပိုမိုအဆင်ပြေမြန်ဆန်အောင် ထုတ်ပေးရန် အစီအစဉ် ရှိပါသလား။**

နိုင်ငံသားမှတ်ပုံတင်များကို ထုတ်ပေးရန် အစီအစဉ်ရှိပါတယ်။ နိုင်ငံသားလက်မှတ်တွေအတွက် အချက်အလက်တွေကိုတော့ကျွန်တော်တို့ စိစစ်ဖို့လုပ်ရပါတယ်။ နိုင်ငံတော်အတွက် အလွန်အရေးကြီးတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ နိုင်ငံသားစစ်စစ်တစ်ယောက် နိုင်ငံသားလက်မှတ် လျင်မြန်စွာရရှိစေရေးအတွက် လ. ဝ. က အနေနဲ့ တာဝန်ရှိသလိုပဲ ကျွန်တော်တို့ နိုင်ငံသား မဖြစ်သင့်တဲ့သူ တစ်ယောက် နိုင်ငံသားလက်မှတ်မရရှိဖို့ကလည်း လ. ဝ. က ဂရုပြုထားတဲ့ အဓိက တာဝန်တစ်ခုပါပဲ။ လ. ဝ. က မှာ အခုတာဝန်ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်တွေကိုလည်း သင်တန်းတွေပေးပြီး မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန်နဲ့ ပြည်သူလူထုရဲ့ နိုင်ငံသားလက်မှတ်တွေကိုလည်း စနစ်တကျထုတ်ပေးနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**■ ရန်ကုန်မြို့တွင်ယခုနောက်ပိုင်း အလှပြင်ဆိုင်အမည်ခံ အနှိပ်ခန်းများ၊ ပြည့်တန်ဆာလုပ်ငန်းများ ပိုမိုများပြားလာပါတယ်။ နိုင်ငံတကာတွင် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်သူများနှင့် လူထုကျန်းမာရေးအတွက် ယင်းလုပ်ငန်းများကို ကျန်းမာရေးနှင့်ညီညွတ်အောင် သက်ဆိုင်ရာဌာနများက တရားဝင်စိစစ်ခွင့်ပြုပြီး အမြဲကြပ်မတ်ပေးနေသည်ကို တွေ့ရပါတယ်။ ရန်ကုန်မြို့မှာရော ထိုလုပ်ငန်းလုပ်ကိုင်သူများကို စိစစ်ကြပ်မတ်၍ တရားဝင်လုပ်ကိုင်ခွင့်ပြုရန် အစီအစဉ်ရှိပါသလား။ အသေးစိတ်ဖြေကြားပေးပါရန်။**

အနှိပ်ခန်း၊ ပြည့်တန်ဆာလုပ်ငန်းတို့နဲ့ပတ်သက်ပြီးတော့ ရန်ကုန်မြို့မှာ အလှပြင်ဆိုင်အမည်ခံပြီး အနှိပ်ခန်းတွေပြုလုပ်နေတာ စစ်ဆေးတွေ့ရလို့ ၂၀၁၀ ခုနှစ်မှာ ၇၉ မှု၊ ၂၀၁၁ ခုနှစ်မှာ ၃၂ မှု၊ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ အလှပြင်ဆိုင်အမည်ခံပြီးတော့ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်နေတဲ့ အလှပြင်ဆိုင်တွေကိုလည်း ၂၀၁၀ ခုနှစ်မှာ ၆၁ မှု၊ ၂၀၁၁ ခုနှစ်မှာ ၆ မှု ဖမ်းဆီးအရေးယူ ဆောင်ရွက်နေပါတယ်။ ရဲတပ်ဖွဲ့အနေနဲ့ ခိုင်မာတဲ့ သတင်းရရှိရင် ချက်ချင်းအရေးယူဆောင်ရွက်နေပါတယ်။ တရားမဝင် ဥပဒေမဲ့လုပ်ရပ်တွေကို ဝိုင်းဝန်းထိန်းချုပ်နိုင်ဖို့အတွက် ရဲတပ်ဖွဲ့နဲ့အတူ ပြည်သူလူထု အားလုံးရဲ့ ပူးပေါင်းကူညီမှု မှန်ကန်သော သတင်းပေးမှုများလိုအပ်ပါတယ်။ ဒီလိုပဲ မီဒီယာများကလည်း ပြည်သူများနဲ့အတူ ကျွန်တော်တို့ကို သတင်းတွေပေးမယ်ဆိုရင်လိုအပ်တဲ့ အရေးယူဆောင်ရွက်ရင်း ချက်ချင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်းဖြေကြားပါတယ်။

**■ ရန်ကုန်တိုင်းဒေသကြီးအတွင်း အများဆုံးဖြစ်ပွားနေသော မှုခင်းအမျိုးအစားကိုသိလိုပါတယ်။ အသေးစိတ်ဖြေကြားပေးစေလိုပါတယ်။ ပြီးခဲ့သည့် ငါးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ဖြစ်ပွားခဲ့သည့် မှုခင်းအရေအတွက်စုစုပေါင်းကိုလည်းသိလိုပါတယ်။**

ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ မှုခင်းများ ပိုမိုဖြစ်ပွားရတဲ့ အကြောင်းအရင်းများအနက် လောင်းကစားမှုပြုခြင်းကြောင့် စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊ အများသူငှာ၏ အထင်သေးမှုခံရခြင်း၊ လောင်းကစားနဲ့ဆက်နွယ်၍ ခိုးမှု၊ လုယက်မှု၊ လူသတ်မှုများပါ ကျူးလွန်လာနိုင်တဲ့အတွက်လောင်းကစားမှုဟာ ပါဝင်ကျူးလွန်နေတဲ့ သူတွေကို ဒီကောင်တွေ သူ့ရဲ့ပတ်ဝန်းကျင်ကိုသာမကဘူး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုကိုပါ ထိခိုက်စေပါတယ်။ ဒါကြောင့်မို့ လောင်းကစားခြင်းဖြင့် စီးပွားရေး ဖြတ်လမ်းလိုက်သူများ ထွက်ပေါ်နေခြင်းကို လောင်းကစားမှုနဲ့ဆက်နွယ်နေတဲ့ ပြစ်မှုများဖြစ်ပွားနေခြင်းကို မဖြစ်ရလေအောင် လောင်းကစားကိစ္စများကို အရေးယူဆောင်ရွက် ဖမ်းဆီးလျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ၂၀၁၁ ခုနှစ် ပထမလေးလပတ်အခြေအနေမှာအောက်ပါအတိုင်း ဖြစ်ပါတယ်။ ၂ လုံးထီ အမှုပေါင်း ၁၆၂၊ တရားခံ ၃၂၃၊ ချဲထီ ၅ ဦး၊ တရားခံ ၈ ဦး၊ ဖဲ ၁၃ မှု တရားခံ ၅၂ ဦး၊ ဂျင် ၁ မှု တရားခံ ၆ ဦး၊ ဘောလုံး ၉ မှု တရားခံ ၁၃ ဦး၊ တခြားလောင်းကစား ၇ မှု တရားခံ ၃၂ ဦး၊ စုစုပေါင်း လောင်းကစား ၂၁၇ မှုမှာ တရားခံ ၃၀၄ ဦးကို ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းဖြစ်ပွားမှုတွေ လူသတ်မှု၊ မုဒိမ်းမှုတွေ၊ ခိုးမှုတွေသာမက၊ နာကျင်စေမှုတွေ ယာဉ်တိုက်မှုတွေ ပိုမိုဖြစ်ပွားခဲ့တဲ့ ကိစ္စတွေမှာ လောင်းကစားခြင်းကြောင့်ဖြစ်တာများ။ ဒါကြောင့် လောင်းကစားနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေကို ထိထိရောက်ရောက် နှိမ်နင်းပေးမှာဖြစ်ပါတယ်။ ဒီအမှုတွေ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့နဲ့ အားဖြည့်ပြီး ပြည်သူလူထုနဲ့ သတင်းမီဒီယာ ပုဂ္ဂိုလ်တွေက သတင်းပေးပါ။ ကျွန်တော်တို့ မှုခင်းလျော့နည်း ကျဆင်းရေးကို ဆောင်ရွက်သွားမှာပါ။

**■ ဧပြီလကုန်ပိုင်းက UMFCCI တွင် ပြုလုပ်သော ဆန်စပါးအထွက်တိုးရေး အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်း စိုက်ပျိုးရေးမန်နေဂျာက ဓာတ်မြေသြဇာအတုများ ဈေးကွက်အတွင်းရှိနေသည်ဟု ပြောဆိုသွားပါသည်။ ထို့ကြောင့် အဆိုပါ ဓာတ်မြေသြဇာအတုများ ပပျောက်အောင် ဆောင်ရွက်မည့် အစီအစဉ်များရှိပါကသိပါရစေ။**

ဓာတ်မြေသြဇာအတုများပပျောက်ရေး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာမြို့နယ်များမှာ မှတ်ပုံတင်ပြီးတော့ ဖွင့်လှစ်ခွင့်ရပြီးသော ဓာတ်မြေသြဇာဆိုင်များကသာ ဒီ စိုက်ပျိုးရေးအဖွဲ့တွေက ဓာတ်မြေဇာဝယ်ပါ။ အဲဒီက ဝယ်တဲ့ဓာတ်မြေဇာတွေမှာ ခုနကပြောထားတဲ့ အတုတွေပါလို့ရှိရင် တိတိကျကျ တိုင်ပါ။ အရေးယူဆောင်ရွက်သွားပါမယ်။ တရားဝင်ခွင့်ပြုထားတဲ့ ဓာတ်မြေသြဇာ ဆိုင်တွေမှာသာ တောင်သူလယ်သမားများက ဝယ်ဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံပါတယ်။

**■ ပြည်ပမှလာရောက်ဖွင့်လှစ်ထားတဲ့ ကုမ္ပဏီ၊ ဟိုတယ်လုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နေရတဲ့မြန်မာလုပ်သားတွေရဲ့ လစာကို နိုင်ငံခြားသားတွေရတဲ့ လစာနှုန်းထားမျိုး မရရင်တောင် ရသင့်ရထိုက်တဲ့ လစာမျိုးရအောင်ညှိနှိုင်းပေးဖို့ အစီအစဉ်ရှိပါသလား။**

ပြည်ပလာရောက်ဖွင့်လှစ်တဲ့ ကုမ္ပဏီ၊ ဟိုတယ်၊ လုပ်ငန်းများမှာ ဝင်ရောက် လုပ်ကိုင်နေကြတဲ့ မြန်မာလုပ်သားတွေရဲ့ လစာကို နိုင်ငံခြားသားတွေ ရတဲ့လစာနှုန်းထားမျိုးမရတောင် ရသင့်ရထိုက်တဲ့နှုန်းထားမျိုးရအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီအပြင် ထပ်ပြီးတော့ လိုအပ်လာလို့ဖြည့်စွက်ဆွေးနွေးတဲ့ ကိစ္စတွေရှိရင်လည်း အလုပ်သမားဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်ရှင်အများစုကနေပြီးတော့ အလုပ်သမားများအပေါ် အလုပ်ချိန်အပေါ် ခေါင်းပုံဖြတ်တဲ့လုပ်ရပ်မျိုးမဖြစ် ပေါ်ရလေအောင် အလုပ်ချိန် တစ်နေ့ ၈ နာရီသတ်မှတ်ထားပါတယ်။ ၈ နာရီထက်ကျော်လွန်ရင် ကျော်လွန်ချိန် အချိန်ပိုဟု သတ်မှတ်ပြီးတော့ ရိုးရိုးအလုပ်ချိန် ၁ နာရီရဲ့ လုပ်အားခထက် နှစ်ဆပိုပြီးတော့ ပေးရန် ညွှန်ကြားထားပြီးဖြစ်ပါတယ်။

တကယ်လို့ အလုပ်ချိန်လုပ်ငန်း လိုအပ်ချက်အရ တနင်္ဂနွေအလုပ်ဆင်းရလို့ရှိရင် ၎င်းနေ့ရဲ့ အရှေ့ ၃ ရက်အတွင်း အနောက် ၃ရက်အတွင်း တစ်ရက်ရက်မှာ အလုပ်သမားများကို တစ်ရက် အနားပေးဖို့လည်း ညွှန်ကြားထားပါတယ်။ ။

7 DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011





သင်းရီ

# ကလောအလွန် တစ်ဘူတာ

ကျွန် တော်ကတောအုပ်တောင်တန်းညို့ပြာမှိုင်းမှိုင်းကြီးတွေကို ချစ်၏။ ထို့ကြောင့် တောညို့ မှိုင်းတဲ့ မောတို့တိုင်းရဲ့ ရှမ်းတောင်တန်းသို့ အရောက်သွားချင်နေမိခဲ့သည်မှာ ကျွန်တော့်အသက်နှင့်အမျှပင် ကြာမြင့်ခဲ့ပြီဖြစ်၏။

အသက်နှစ်ဆယ်လောက်ကတည်းကစလို့မကြာခဏဆိုသလိုခံတွင်းတွေ့စွာ ဆိုဆိုနေမိသည့် "ကလောအလွန်တစ်ဘူတာဝယ်တွေ့ခဲ့ကြရတယ်××မောမြေသူဇာရယ်မမေ့တဲ့ဘဝဝယ် ရုတ်တရက်ထွက်ခွာ နှုတ်ဆက်လျက်သာ ××လက်ကလေးများဝှေ့ကာရမ်းကာကလောမြို့စခန်းကခွာလေတယ်××" ဆိုသည့် အဆိုတော်ကိုကြည်တိုး၏ 'ကလောအလွန် တစ်ဘူတာ' သီချင်းကလည်း ကျွန်တော့်စိတ်ထဲမှာ တစ်မှောက်။

ထို့ကြောင့် အဲ့သည့် ဒေသကို အရမ်းကို ရောက်ချင်နေခဲ့မိ၏။ သို့သော်မရောက်ဖြစ်ခဲ့။ နှစ်ပေါင်းများစွာကြာအောင်ပင် မရောက်ဖြစ်ခဲ့။ ကလော အလွန်တစ်ဘူတာဆိုသည်ကလည်းဘာဘူတာမှန်းမသိခဲ့။ အဲ့သည့်ဘူတာဘာဘူတာလဲ ဆိုသည်ကိုသိချင်မိရောက်ချင်နေမိသည်ကလည်း အကြိမ်ကြိမ်အထပ်ထပ်။

သို့သော် နှစ်ပေါင်းများစွာကြာသည့်တိုင် မရောက်ဖြစ်ခဲ့။

ယခု ၂၀၁၁ ခုနှစ်ဆိုတော့ ကျွန်တော့်အသက် ၆၂။

ရှမ်းရိုးမကြီးဆီသည် တစ်သက်ရောက်မှရောက်ဖြစ်ပါဦးတော့မှာလားဟု တွေးရပြီဖြစ်သည့် အရွယ်သို့ရောက်ခဲ့ပြီ။

သည်တုန်း ၂၀၁၁ မေလ ၁၀ ရက်နေ့တွင် အသက် ၉၂ နှစ်ပြည့်မည့်ဆရာကြီး ဒဂုန်တာရာ၏ ၉၂နှစ်ပြည့်မွေးနေ့၌ဆရာကြီးကို ဂါရဝပြုရန် ဆရာကြီးနေထိုင်ရာ ရှမ်းပြည်နယ် အောင်ပန်းမြို့သို့ စာသမား ကဗျာသမားတွေ သိုက်သိုက်ဝန်းဝန်း သွားကြဖို့ရှိသည့် အကြောင်းကြားရသည့်အခါ အတိုင်းမသိဝမ်းမြောက်ဝမ်းသာဖြစ်မိလျက် လိပ်ဥလည်းတူးရင်း ဆိုသလိုထိုခရီးကိုလိုက်ဖို့စိတ်ကူးဝင်မိတော့သည်။

ဆောင်းတွင်း ဆိုလျှင် ရှမ်းကုန်းမြင့်၏ အအေးဒဏ်ကိုရှောင်ရန် နေထိုင်ရာအောင်ပန်းမြို့မှ ရန်ကုန်မြို့သို့ ဆင်းလာလျှက် ဆောင်းခိုနေထိုင်တတ်သောဆရာကြီး ဒဂုန်တာရာ နှင့် ရန်ကုန်မှ ဆရာကြီး ပါရဂူတို့နှစ်ဦးကို ရန်ကုန်စာပေအသိုင်းအဝိုင်းကဇန်နဝါရီလ ၄ ရက်(လွတ်လပ်ရေးနေ့)၏ ညဥ့်ဦးပိုင်းတို့၌ စုပေါင်းဂါရဝပြုပွဲများနှစ်စဉ်ကျင်းပခဲ့ကြသည်မှာကြာပြီ။ ထိုဂါရဝပြုပွဲများ သို့လည်း နှစ်စဉ်မပျက် တက်ဖြစ်အောင်တက်လျက် ဆရာကြီးများကို ကျွန်တော်ဂါရဝပြုကန်တော့ဖြစ်ခဲ့၏။

လာမည့်နှစ် ဆိုလျှင် တော့ ဆရာကြီး ပါရဂူကို ကျွန်တော်တို့ ကန်တော့ခွင့် ရတော့မည် မဟုတ်တော့။ ဧပြီလထဲတုန်းက ဆရာကြီးကွယ်လွန်သွားခဲ့လေပြီ။

ရသစာပေကို တနင့်တပိုး ထမ်းရွက်ဖြည့် ဆည်းပေးခဲ့ကြသောကျေးဇူးရှင်ကြီးများတဖြည်းဖြည်းနှင့် မရှိကြတော့ပြီဟု စဉ်းစားမိရင်း နောက်ကြောင်းကိုပြန်ကောက်မိတော့. . .

အမျိုးသားစာဆိုကြီးများဖြစ်ကြသည့် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့နှင့်အတူ အမေလူထုဒေါ်အမာ၊ဆရာဒေါက်တာသန်းထွန်း၊ ဆရာမြသန်းတင့်၊ ဆရာတင်မိုးတို့လည်း ယခုလက်မတင်ဆယ်စုနှစ်တစ်ခုလေး အတွင်းမှာပင် ရှေ့ဆင့်နောက်ဆင့် ဆိုသလိုကျွန်တော်တို့ကို ထားရစ်ထွက်ခွာသွားနှင့်ခဲ့ကြပြီ။

ဆယ်စုဟိုဘက် အလွန်နှစ်များက ဆိုလျှင်လည်း မြန်မာစာပေလောက၏တန်ဖိုးမဖြတ်နိုင်သည့်ရတနာမွန်များဖြစ်ကြသော ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီး ဒဂုန်ရွှေမျှား၊ ဆရာကြီးပီမိုးနင်း၊ ဆရာကြီးမဟာဆွေတို့မှ အစပြုလျက် ဆရာသိန်းဖေမြင့်၊ ဆရာသခင်မြသန်း၊ ဆရာဗန်းမော်တင်အောင်၊ ဆရာမင်းကျော်၊ ဆရာမောင်နေဝင်း၊ဆရာကျော်အောင်၊ ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ဆရာသော်တာဆွေ၊ ဆရာသာခု၊ ဆရာနိုင်ဝင်းဆွေ၊ဆရာမောင်သိန်းဆိုင် ဆရာငြိမ်းကျော်၊ ဆရာမကြီးဂျာနယ်ကျော်မမလေး၊ ဆရာမကြီး ခင်နှင်းယု. . . စသည်ဖြင့် များစွာ. . . ရသစာပေလက်ရာမွန်အကျော်အမော်များကိုကျွန်တော်တို့ဆုံးရှုံးခဲ့ကြရပြီးလေပြီ။

ဆုံးရှုံးခဲ့ရသော ထိုစာပေပညာရှင်များ၏နေရာများ၌လည်း ထင်သာမြင်သာ ရှိလွန်းလှသည့် ကွက်လပ်ကြီးတွေသာကျန်ခဲ့လေတော့ပြီ။

ထိုကွက်လပ်များကို ကျွန်တော်တို့ နှောင်းလူများက အစားထိုးဝင်ရောက်တာဝန်ယူလျက်စာပေတာဝန်ကို ထမ်းဆောင်နိုင်ကြပြီလားဟု တိတိလင်းလင်း အမေးရှိခဲ့ပါလျှင် ဝမ်းနည်းပွင့်လင်းစွာ ပင်ခေါင်းခါကြရတော့မည်ထင်ပါ၏။

ခေတ်အဆက်ဆက်တို့ဖြစ်ထွန်းရာ၌တစ်ခေတ်ပြီးတစ်ခေတ် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဖြစ်ထွန်းလာခဲ့ကြ၏ဟု ဆိုသည်။ ထို အဆို နှင့် ကျွန်တော်တို့ အဘယ့်ကြောင့်များ မကိုက်ညီရပါသနည်း။ ကျွန်တော်တို့၏သည်ဘက်ခေတ်၌ရသစာပေ၏အခန်းကဏ္ဍသည် တိုးတက်လာမှု မရှိသည်သာမက ရသစာပေ ဖန်တီးထုတ်လုပ်နိုင်မှုအားတွေ ကျဆင်းလာနေသည်ဟုပင်ထင်သည်။

စာဖတ်သူတွေဘက်မှ မူ ရသစာပေအပေါ် စိတ်ဝင်စားမှုထူးခြားသိသာလွန်းစွာ ကျဆင်းမသွားသေးဟုထင်သည်။ အကြောင်းမှာ သွားလေသူ ကျေးဇူးရှင် ဆရာကြီး ဆရာမကြီးတို့၏ လက်ရာမွန်ရသစာပေများကိုတတိယအကြိမ် စတုတ္ထအကြိမ်၊ ပဥ္စမအကြိမ်များအထိ အကြိမ်ကြိမ်ထပ်မံ ရိုက်နှိပ်နေရသောကြောင့် ဖြစ်၏။ ရိုက်နှိပ်ထုတ်ဝေသမျှသည်လည်း စာဖတ်ပရိသတ်၏ ကြိုဆိုအားပေးမှုကိုရရှိနေဆဲဖြစ်၏။

အသစ်ဘယ်လိုကောင်း အဟောင်းတလည်လည် ဆိုသလိုအသစ်အကောင်းတွေ ရှိပါလျက်နှင့် အဟောင်းကို တမင်တဆင် တမ်းတမိခြင်းမျိုးကားမဟုတ်။ အသစ်အကောင်းမရှိသဖြင့်သာ ဟောင်းသော်လည်းသစ်ဆဲရှိနေသည့်သွားလေသူဆရာကြီးဆရာမကြီးတို့၏ လက်ရာမွန် များကို တမ်းတမ်းတတ တရှိုက်မက်မက် ဖြစ်နေကြရခြင်းဖြစ်သည်ဟု ထင်သည်။

ထို့ကြောင့်ပင် ထိုထို သောဆရာကြီးဆရာမကြီးတို့ကွယ်လွန်ဆုံးရှုံးခဲ့ကြရခြင်းတို့သည် မြန်မာစာပေလောကအဖို့ ရသတောင်တန်းတောအုပ်ကြီးတွေ ပြိုသလိုပါပဲဟု ကျွန်တော်မြင်၏။

ဇရာ သို့ရောက်သည်မက ဗျာဓိနှင့်ပင်ရင်ဆိုင်နေကြရပြီဖြစ်သည့်တိုင် စေတနာမေတ္တာ အနန္တဖြင့်စာပေဖွဲ့မာန်မလျှော့တမ်းအားထုတ်ရေးသား ဟောပြောနေဆဲရှိကြသည့် ဆရာကြီးဒဂုန်တာရာ၊ ဆရာကြီးလူထုစိန်ဝင်း၊ ဆရာကြီးအောင်သင်းတို့ကဲ့သို့သော အစားထိုးနိုင်ဖွယ်မရှိသည့်စာဆိုကြီးများကိုလည်း ဆထက် ထမ်းပိုးတိုးကာ ပိုမိုလေးစားတန်ဖိုးထားမိရ၏။ ဆရာကြီးများ ကျန်းကျန်းမာမာ နှင့် စာပေတာဝန်များကို စိတ်ရှိတိုင်း ဆက်လက်ထမ်းဆောင်နိုင်ကြပါစေဟုလည်းဆုတောင်းရ၏။

ထိုစိတ်နှင့်ပင် ဆရာထက်မြက်ဦးဆောင်သည့်ကျွန်တော်တို့ ရန်ကုန် စာပေအုပ်စုသည် မေလ ၆ ရက်နေ့ နံနက် ၈ နာရီခွဲ တွင် ထွက်သော သာစည်-ရွှေညောင် ရထားဖြင့် ဆရာကြီးဒဂုန်တာရာ ရှိရာအောင်ပန်းမြို့သို့ပျော်ရွှင်စွာ ချီတက်ခဲ့ကြတော့သည်။

သည်နှစ်ကျင်းပမည့် ဆရာကြီးဒဂုန်တာရာ၏မွေးနေ့ပွဲ သို့ ပျဉ်းမနား ကဗျာဆရာတွေလည်း လာကြမည်။ မန္တလေးကဗျာဆရာ၊ စာရေးဆရာတွေလည်း လာကြမည်။

၉၂နှစ်ရှိပြီဖြစ်သည့် ဆရာကြီး၏အသက်နှင့် စာပေသိက္ခာ စာပေဝါတို့ကိုဂုဏ်ပြုတန်ဖိုးထားသောအားဖြင့် မဖြစ်မနေရောက်အောင်သွား၍ ဂါရဝပြုကြမည်ဟု ပိုမိုအားထုတ်ကြပုံရ၏။

ရန်ကုန်မှ ဆရာအံ့ မောင်နှင့်ဆရာအောင်ဇင်မင်းတို့က သုံးလေးရက်ကြို၍ ရောက်နှင့် နေကြသည်။

မေလ ၇ ရက် နေ့လယ်တွင်မှရထားဖြင့်ရောက်လာသည့် ကျွန်တော်အပါအဝင် ရန်ကုန်မှ လာကြသူက စုစုပေါင်း ၂၅ ယောက်ရှိသည်။ ရထားလက်မှတ် တစုတဝေးတည်း အဆင်ပြေအောင်စီစဉ်ပေးသည့် ရန်ကုန်ဘူတာကြီး ဒုရုံပိုင်ချုပ် စာရေးဆရာ ရဲသျှမ်းကိုကျေးဇူးတင်ရ၏။ စာပေသမားချင်း တစ်တွဲတည်းတစုတဝေးစီးရတော့ပျော်စရာကောင်းနေတော့၏။ စာအကြောင်းပေအကြောင်း ကဗျာအကြောင်း ရှေးဟောင်းနှောင်းဖြစ်တွေ ဖွေးထွေးစွာလမ်းတစ်လျှောက်လုံးပြောကြလို့။

ဆရာထက်မြက်က မြေးမလေးတွေအထိမိသားစုတစ်စုလုံး။ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းအယ်ဒီတာ ဆရာမဒေါ် တင်တင်ဦးတို့ကလည်းတူတူမတွေနှင့်မနည်းမနော။ အလင်္ကာဝတ်ရည်မဂ္ဂဇင်း အယ်ဒီတာဆရာလင်းထင်။ ကဗျာဆရာကိုခါးတို့ သားအဖ။ ပန်းချီဆရာယဉ်မင်းပိုက်။ ကဗျာဆရာညွန့်သစ်။ နှစ်နှစ်အရွယ်သမီးငယ်လေး "ပီတိ" ကိုပါ ခေါ်လာခဲ့သေးသည့်ရန့်သစ်မဂ္ဂဇင်းတာဝန်ခံအယ်ဒီတာ ဆရာပြည်သွေးနိုင်နှင့်ဘာသာပြန်ဆရာမအမရာဇော်တို့လင်မယား။ ဝတ္ထုတိုဆရာ နီဟိန်းမော်၊ လွတ်လပ်ရေးနေ့တိုင်း ရန်ကုန်တွင် ကျင်းပသည့်ဆရာကြီးဒဂုန်တာရာဂါရဝပြုပွဲ များကို တာဝန်ယူ ဦးဆောင်သူ ဦးဇော်သိန်းတို့ ညီအစ်ကို မိသားစု။

ညနေစောင်းတော့နေပြည်တော် ပျဉ်းမနားမှ ဆရာမောင်သင်းခိုင် ဦးဆောင်သည့် ကဗျာဆရာလှိုင်းထက်၊ ဆရာအိုအောင်တို့လည်းရောက်လာကြသည်။ နေပြည်တော်တွင် အလုပ်တာဝန်ဖြင့်ရောက်နေသော ကဗျာဆရာမောင်စမ်းအေး(သဲကုန်း) လည်း ဆရာမောင်သင်းခိုင်တို့နှင့် အတူပါလာ၏။

ဆရာကြီး ဒဂုန်တာရာ၏ မွေးနေ့က ၈-၅-၂၀၁၁ ဖြစ်သော်လည်း မွေးနေ့အထိမ်းအမှတ်ပွဲကို ၂ရက်စော၍ကျင်းပသဖြင့် ကျင်းပသည့် ၇၊၅၊၂၀၁၁ နေ့နံနက်တွင် တော့မုံရွာနှင့်မန္တလေးတို့မှကဗျာဆရာစာရေးဆရာတွေထပ်ရောက်လာကြပြန်သည်။

မုံရွာမှကဗျာဆရာမင်းဆွေနှစ်၊ မန္တလေးမှ ဆရာ မောင်နွေထက်၊ ဆရာမောင်ကိုကို (အမရပူရ)၊ ဆရာမော်မင်းသန်း၊ ဆရာစံငြိမ်းဦး၊ ဆရာဥက္ကာကျော်၊ ဆရာအောင်ဘညို၊ ဆရာမောင်သင်းပန်၊ ဆရာဇော်ခိုင်ဦး၊ ဆရာမချောအိမာန်. . . စသည်ဖြင့်မန္တလေးမှ ကဗျာဆရာ၊စာရေးဆရာတွေလည်း တစ်အုံတစ်မ။

ဆရာကြီးဦးဝင်းတင်လည်း ဆရာကြီးဒဂုန်တာရာ၏မွေးနေ့တွင် နှုတ်ခွန်းဆက်ဖို့ အပင်ပန်းခံကာတမင်ရောက်လာသေးသည်ဆိုတော့ စာဆိုရှင်ကြီး၏ မွေးနေ့ပွဲကစည်ကားသိုက်မြိုက်နေတော့၏။ ဆရာကြီး၏ ၄ပင် ၃ ခန်းအိမ်အပေါ် ထပ်ကအတော်ကျယ်ကျယ်ပေမင့်ဒူးတင်ပေါင်တင်ထပ်၍ကြပ်ညပ်နေအောင်ထိုင်ကြရသည်။

စာ(၄၀) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.10 • MAY 26, 2011

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အမေရိကန်ပြည်ထောင်စု၊ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစတာဂျိုးဇက်ယွန်းတို့ တွေ့ဆုံဆွေးနွေးမှုများမှ ကောက်နုတ်ချက်

**နိုင်ငံခြားရေးဝန်ကြီး**

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ပြည်တွင်းနှင့်ပြည်ပရှိတရားမဝင်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်အချို့တို့သည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မခံကြကြောင်း၊ မြန်မာနိုင်ငံသားဖြစ်လျှင် မြန်မာနိုင်ငံသားများဖြင့်ဖွဲ့စည်းထားသည့် အစိုးရသစ်ကို အသိအမှတ်ပြုကြရမှာဖြစ်ပါကြောင်း၊

ထို့အပြင် မိမိတို့အစိုးရအသစ်သည် မြန်မာနိုင်ငံသမိုင်းတွင် နိုင်ငံရေးမျက်နှာစာအသစ်ကို စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့သည် ခေတ်သစ်ကို ရောက်ရှိနေပြီဖြစ်သလို ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သစ်ကိုလည်း စတင်ကျင့်သုံးနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ၎င်းတို့၏ ဒီမိုကရေစီအခွင့်အရေးများကို အသုံးချ၍ ၎င်းတို့သဘောကျအစိုးရကို ရွေးချယ်တင်မြှောက်ကြမှာဖြစ်ပါကြောင်း ပြောကြားသည်။

**မစ္စတာဂျိုးဇက်ယွန်း**

မြန်မာနိုင်ငံနှင့်အမေရိကန်နိုင်ငံနှစ်နိုင်ငံအကြား အတိတ်ကပြဿနာများစွာရှိပါကြောင်း၊ ယခု မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် ကောင်းသောတိုးတက်ဖြစ်ပေါ်မှုများ ဖြစ်ထွန်းနေသည်ကိုယုံကြည်ပါကြောင်း၊ နိုင်ငံသားတစ်ဦးချင်းစီ၏ အခွင့်အရေး၊ စီးပွားရေးတိုးတက်မှုစသည်တို့နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု ယုံကြည်ပါကြောင်း၊

မိမိတို့နှစ်နိုင်ငံတွင် အတိတ်ကာလကတည်းက မကျေလည်မှုများရှိခဲ့ကြပါကြောင်း၊ အဆိုပါနှစ် နိုင်ငံဆက်ဆံရေးကို အဟန့်အတားဖြစ်စေသည့် အတားအဆီးများကျော်ဖြတ်နိုင်ရေးအတွက် နှစ်နိုင်ငံစလုံး စေ့စပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ပါကြောင်းပြောကြားသည်။

**နိုင်ငံခြားရေးဝန်ကြီး**

အမေရိကန်နှင့်လည်း နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးမြှင့်တည်ဆောက်ရန်အတွက် နှစ်ဖက်ယုံကြည်မှုတည်ဆောက်ရန်လိုအပ်ပါကြောင်း၊ ဥပမာအားဖြင့် အမေရိကန်ဘက်မှ အပြည်ပြည်ဆိုင်ရာနယ်ပယ်များတွင် မိမိတို့နိုင်ငံအား တရားဝင်သတ်မှတ်ထားသည့် Myanmar ဟူသည့်တရားဝင်အမည်ကိုသာ အသုံးပြုသွားရန်လိုအပ်ပါကြောင်း၊ ယခုကိစ္စသည် သေးငယ်သည့်ကိစ္စဟု အဆွေတော်တို့အနေဖြင့်ယူဆမည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် အမည်အခေါ် အဝေါ်သည် နိုင်ငံ၏ပြယုဂ်ပင်ဖြစ်ပါကြောင်း၊ နိုင်ငံအမည်ကို မှန်ကန်စွာခေါ်ယူမှသာ မိမိတို့နိုင်ငံအပေါ် တန်းတူညီတူရှိစွာလေးစားမှုပြသရာရောက်ပါကြောင်း၊ လူတစ်ဦးအား ၎င်း၏အမည်မှန်ကိုမခေါ်ဘဲ အခြားအမည်တစ်ခုဖြင့်ခေါ်ဆိုပါက မည်သို့ခံစားရမည်ကို ကိုယ်ချင်းစာကြည့်နိုင်ကြောင်း၊ ထိုကဲ့သို့သော ပထမအဆင့် နှစ်ဖက်ယုံကြည်မှုတည်ဆောက်သည့် ကိစ္စအားဆောင်ရွက်ကြရန်မှာ အဓိကအရေးကြီးပါကြောင်း၊

နှစ်နိုင်ငံဆက်ဆံရေးတွင် ထိခိုက်စေသည့် ကိစ္စရပ်များမှာ အမေရိကန်ဘက်က တစ်ဖက်သတ်ပိတ်ဆို့ကန့်သတ်မှုများပြုလုပ်ခဲ့ခြင်းအပေါ်တွင်အခြေခံကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်လာစေရန် အမေရိကန်ဘက်က လက်တွေ့ကျကျစတင်ဆောင်ရွက်ပြသရမည်ဖြစ်ကြောင်း ပြောကြားသည်။

**မစ္စတာဂျိုးဇက်ယွန်း**

နှစ်နိုင်ငံကြားအထင်အမြင်လွဲမှားနေမှုများရှိပါကြောင်း၊ အဆိုပါအထင်လွဲမှားနေမှုများ ပပျောက်ရန်အတွက် နှစ်နိုင်ငံအကြိမ်ကြိမ် အမြင်ချင်းဖလှယ်ဆွေးနွေးသင့်ပါကြောင်း၊ သို့မှသာ မိမိတို့နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း ပြောသည်။

**နိုင်ငံခြားရေးဝန်ကြီး**

မိမိတို့အနေဖြင့် ယုံကြည်မှုတည်ဆောက်ရေးကို ပထမဦးစွာလုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း၊ နှစ်ဦးနှစ်ဖက် နားလည်မှုတည်ဆောက်ပြီးမှသာ ပွင့်လင်းစွာဆွေးနွေးနိုင်မှာဖြစ်ပါကြောင်း၊ ယုံကြည်မှုတည်ဆောက်နိုင်မှသာ နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း ပြောသည်။

**မစ္စတာဂျိုးဇက်ယွန်း**

မိမိတို့အနေဖြင့်မြန်မာနိုင်ငံနှင့် အပြန်အလှန်အကူအညီပေးနိုင်ရန်အတွက် နည်းလမ်းများရှာဖွေဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## အစိုးရသစ်လက်ထက်တွင် ပထမဆုံးအကြိမ် အမေရိကန်ထိပ်တန်းအရာရှိ လာရောက်



**ရန်ကုန်၊ မေ - ၂၂**

အစိုးရသစ်လက်ထက်တွင် ပထမဆုံးအကြိမ် အမေရိကန်ထိပ်တန်းတာဝန်ရှိသူတစ်ဦး လာရောက်ကာ အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

အရှေ့တောင်အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျိုးဇက်ယွန်းသည် အစိုးရသစ်လက်ထက်တွင် အမေရိကန်ထိပ်တန်းအရာရှိတစ်ဦးလာရောက်မှုအဖြစ် မေလ ၁၈ မှ ၂၀ ရက်နေ့အထိ မြန်မာနိုင်ငံသို့ သုံးရက်ကြာ လာရောက်ခဲ့သည်။ အစိုးရတာဝန်ရှိသူများ၊ ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရန်ကုန်အခြေစိုက် အမေရိကန်သံရုံး၏ သတင်းထုတ်ပြန်ချက်များအရသိရသည်။

လက်ထောက်နိုင်ငံခြားရေးဝန်ကြီးယွန်းသည်အစိုးရအဖွဲ့တာဝန်ရှိသူများနှင့်တွေ့ဆုံရာတွင် ချမှတ်ထားသော အပြုသဘောဆောင်သည့် ဆက်ဆံရေးမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့ကြောင်းသိရသည်။

ထိုတိုးတက်ဖြစ်တည်မှုသည် မြန်မာအစိုးရ၏ ဒီမိုကရေစီနည်းကျအုပ်ချုပ်မှုသို့ အဓိပ္ပာယ်ရှိရှိ၊ လက်ဆုပ်လက်ကိုင်ပြနိုင်အောင် ဆောင်ရွက်နိုင်မှု၊ လူ့အခွင့်အရေးလေးစားလိုက်နာမှု၊ မြန်မာပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက လိုလားလျက်ရှိသော အကျဉ်းသားများ လွှတ်ပေးမှုတို့အပေါ်တွင်မူတည်နေကြောင်း ဝန်ကြီးယွန်းကပြောကြားခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင်ပါရှိသည်။

## ဗီယက်နမ်က မြန်မာနိုင်ငံတွင် ရာဘာစိုက်ပျိုးမည်

**ဥက္ကာကိုကို**

**ရန်ကုန်၊ မေ-၂၁**

ဗီယက်နမ်နိုင်ငံက ပထမဆုံးစိုက်ပျိုးရေး စီမံကိန်းအနေဖြင့် မြန်မာနိုင်ငံတွင် ရော်ဘာခြံများစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ဗီယက်နမ်နိုင်ငံက စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက် အဓိကစိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေကို ဦးစားပေးပူးပေါင်းသွားပါမယ်။ ပထမဆုံးစိုက်ပျိုးရေးစီမံကိန်းအနေနဲ့ မြန်မာနိုင်ငံမှာ ရော်ဘာစိုက်ဖို့စီစဉ်ထားပါတယ်။ မြန်မာနိုင်ငံမှာ ရော်ဘာစိုက်တာ ဖွံ့ဖြိုးတိုးတက်လိမ့်မယ်လို့ ယုံကြည်ပါတယ်”ဟု ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ နိုင်ငံခြားဆက်ဆံရေးဗဟိုကော်မရှင်၊ ဒုတိယဥက္ကဋ္ဌ မစ္စတာဖောင်သာဖွန်က မေလ ၁၆ ရက်က ရန်ကုန်မြို့၊ ပြည်ခိုင်ဖြိုးပါတီရုံးချုပ်တွင်ပြည်ခိုင်ဖြိုးပါတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအပြီး ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ ချစ်ကြည်မှုပိုမိုတိုးတက်ရေး၊ ပြည်ခိုင်ဖြိုးပါတီနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီတို့အကြား ဆက်ဆံမှု ပိုမိုကောင်းမွန်စေရေးတို့ကို အလေးပေးဆွေးနွေးခဲ့ကြသည်ဟု ပြည်ခိုင်ဖြိုးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြောသည်။

“ကျွန်တော်တို့ နိုင်ငံရဲ့ မြေပေါ်မှာ လာစိုက်မယ်ဆိုရင် နိုင်ငံတော်နဲ့သဘောတူညီချက်ယူရမှာပေါ့။ ခိုင်မာမှု ရှိ၊ မရှိ စိစစ်တယ်။ တချို့ကုမ္ပဏီတွေက မရိုးသားတာတွေရှိတယ်။ အဲဒါတွေက အစိုးရနဲ့ပဲလုပ်ရမယ်။ ထွက်တဲ့သီးနှံထွက်ပေါ်မှုတည်ပြီး အချိုးကျခွဲဝေယူတဲ့စနစ်နဲ့ သွားနေတယ်။ မြေငှားခက တစ်ကေကို ဆယ်ဒေါ်လာပဲ။ နည်းပါတယ်။ ပူးပေါင်းပြီး လုပ်မယ့်လုပ်ငန်းမှန်သမျှ အားပေးထောက်ခံပါတယ်”ဟုဦးဌေးဦးက သတင်းထောက် အချို့အား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဗီယက်နမ် ကွန်မြူနစ်ပါတီမှ Mr.Vuang Thua Phong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ခိုင်ဖြိုးပါတီမှ ဦးဌေးဦးခေါင်းဆောင်သော တာဝန်ရှိသူများ တွေ့ဆုံခဲ့ကြပြီး ဗီယက်နမ်နိုင်ငံသည် ယခုအကြိမ်နှင့်ဆိုလျှင် မြန်မာနိုင်ငံသို့ (၁၁) ကြိမ်လာရောက်ခဲ့ပြီးဖြစ်ကာ မြန်မာနိုင်ငံမှလည်း (၈) ကြိမ်သွားရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ႏုအဖွဲ့အကြီးအကဲ မစ္စတာဗီဂျေနမ်ဘီးယားတို့ တွေ့ဆုံဆွေးနွေးမှုများမှ ကောက်နုတ်ချက်

**မစ္စတာဗီဂျေနမ်ဘီးယား**

အတွင်းရေးမှူးချုပ်၏အကျိုးဆောင်မှု ကဏ္ဍသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အကျိုးစီးပွားတို့ကို ရည်ရွယ်ထားသည့်အတွက် မိမိတို့အနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အကျိုးဆောင်မှုကဏ္ဍမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

**နိုင်ငံခြားရေးဝန်ကြီး**

မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းနိုင်ငံရေးလုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံလိုသော လူပုဂ္ဂိုလ်အချို့နှင့်အဖွဲ့အစည်းများ ပြည်တွင်းပြည်ပ၌ရှိနေကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးကိုလိုလားပါက နိုင်ငံတော်၏ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ပြီး နိုင်ငံ၏ အနာဂတ်ကိုပြည်သူမှ ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်များအဖြစ် လွှတ်တော်အသီးသီးတွင်ပါဝင်ဆွေးနွေးနိုင်ပါကြောင်း၊ ယခုအချိန်အခါတွင် လွှတ်တော်သည်သာ သင့်မြတ်လျော်ကန်မှုရှိသည့် တစ်ခုတည်းသော Level-playing field ဖြစ်ကြောင်း၊

မြန်မာနိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ထပ်မံအတည်ပြုပြောကြားလိုသည်မှာ နိုင်ငံနှင့် ပြည်သူအကျိုးအတွက် လိုလားသည့် မည်သူမဆို ပြည်သူမှ ရွေးကောက်သောကိုယ်စားလှယ်အဖြစ်နှင့် လွှတ်တော်အသီးသီးတွင် လွတ်လပ်စွာပါဝင်ဆွေးနွေးဆောင်ရွက်နိုင်ပါကြောင်း၊

မြန်မာနိုင်ငံအစိုးရအနေဖြင့် FDI များကို ဖိတ်ခေါ်ထားလျက်ရှိပြီး ဒေသတွင်း အခြားနိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွင်း လိုက်လျောညီထွေရှိမည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများကို ချမှတ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေများကို ပြန်လည်သုံးသပ်မှုများပြုလုပ်နေကြောင်း၊

ယခင်ကပြောကြားနေသည့် UNDP ၏ အဓိကအလျှုရှင်တစ်နိုင်ငံ၏ အမြင်ကြောင့် Normal Country Programme ရပ်ဆိုင်းထားသည်ဆိုပါက ကုလသမဂ္ဂအနေဖြင့် အဆိုပါနိုင်ငံအား မြန်မာနိုင်ငံ၏ဖြစ်ပေါ် တိုးတက်မှုများကို ရှင်းလင်းပြောကြားပြီး Normal Country Programme ကို ပြန်လည်ဆောင်ရွက်ပေးသင့်ကြောင်း၊

မြန်မာနိုင်ငံအနေဖြင့်လည်း ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ကူးပြောင်းနိုင်ခဲ့သည်ဆိုသော်လည်း ဆင်းရဲချမ်းသာကွာဟမှု၊ ကျေးလက်မြို့ပြနှင့် နယ်စပ်ဒေသတို့ ဖွံ့ဖြိုးရေးကွာဟမှု၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး စသည်တို့ကို ဆက်လက်ဆောင်ရွက်ရဦးမည်ဖြစ်ပါကြောင်း၊ ယင်းသို့သော အခြေအနေမျိုးတွင် ကုလသမဂ္ဂအနေဖြင့် ထိရောက်စွာကူညီပေးဖို့ အချိန်အခါဖြစ်ပါကြောင်း ပြောကြားသည်။

**မစ္စတာ ဗီဂျေနမ်ဘီးယား**

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအပါအဝင် အခြားသော ပြုပြင်ပြောင်းလဲမှု များကို ပြင်ပမှ ဖိအားပေးခြင်းထက် ပြည်တွင်းမှ ပြုလုပ်ဖို့သာ သင့်တော်သည်ကို နယူးယောက်ရှိကုလသမဂ္ဂဌာနချုပ်တွင် ဆွေးနွေးမှုများပြုလုပ်နေကြောင်း၊ ဂျီနီဗာရှိ လူ့အခွင့်အရေးကောင်စီတွင်မူ ပြင်ပအဖွဲ့အစည်းများမှ ဖိအားပေးမှုများရှိနေပါကြောင်း ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011

# ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးအတွက် ပထမဦးဆုံးခြေလှမ်း

အားမာန်

အဝါဖျော့ဖျော့အခန်းနံရံနှင့် ငွေရောင်ခြယ်သထားသော မျက်နှာကြက်တို့မှာ ရွှေရောင်မီးပန်းဆိုင်းများနှင့် လိုက်ဖက်ညီစွာ ခန့်ညားနေသည်။ အပြာရင့်ရင့် အောက်ခံတွင် အဖြူဖြင့်အကွက်ဖော်ထားသော ကော်ဇောနှင့် အစီအရီရှိနေသော တန်ဖိုးကြီးကုလားထိုင်များကြောင့် ခန်းမကျယ်ကြီးတစ်ခုလုံးတည်ငြိမ်စွာလှပနေသည်။ ထိုခန်းမကျယ်ရှိ ထိုင်ခုံများ၌ မေ ၂၀ ရက် မွန်းလွဲပိုင်းက စတစ်ကော်လာရှပ်အကျီ၊ တိုက်ပုံနှင့် လုံခြည်ဝတ်ထားသော အမျိုးသားများ၊ မြန်မာဝတ်စုံဆင်ယင်ထားသော အမျိုးသမီးအချို့ရောက်ရှိနေသည်။

မွန်းလွဲတစ်နာရီတွင် အပြာရောင်လုံခြည်၊ အဖြူရောင်စတစ်ကော်လာရှပ်အကျီနှင့် တိုက်ပုံဝတ်ဆင်ထားသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ခန်းမအတွင်းသို့ဝင်ရောက်လာသည်။ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် ပြည်ထောင်စုဝန်ကြီးအချို့လည်းပါသည်။ ပြည်ထောင်စုဝန်ကြီးအများစု၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊စီးပွားရေးပညာရှင်များမှာ ခန်းမအတွင်းကြိုတင်နေရာယူထားကြသည်။

နိုင်ငံတော်သမ္မတက ခန်းမအတွင်းရောက်ရှိပြီးခဏအကြာ၌ ခန်းမရှေ့စင်မြင့်ညာဘက်ထောင့်ရှိ စကားပြောစင်မြင့်ခုံသို့သွားကာသူ၏ မိန့်ခွန်းကို ပုံမှန်အသံဖြင့် ဖြည်းဖြည်းချင်းပြောကြားသည်။ နိုင်ငံတော်သမ္မတဖြစ်လာပြီးနောက် စတုတ္ထအကြိမ်မြောက်ပြောကြားသော သမ္မတမိန့်ခွန်းမှာ ၁၇ မိနစ်ကြာမြင့်သည်။ ရှေ့တွင်ပြောခဲ့သော မိန့်ခွန်းသုံးခုနှင့် ခြားနားသည်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးအတွက် မြန်မာပြည်သူများ၏ အများစုဖြစ်သောတောင်သူလယ်သမားများဘဝတိုးတက်ရန် အသေးစိတ်ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဒီအလုပ်ရုံဆွေးနွေးပွဲကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ ကျေးလက်ဒေသများမှ စီးပွားရေးအခွင့်အလမ်းတွေ ပိုမိုဖြစ်ထွန်းအောင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ပြည်သူများနဲ့ လူမှုစီးပွားရေးတိုးတက်စေရန်နှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန် ဦးတည်ဆောင်ရွက်ခြင်းဖြစ်တယ်"ဟုဦးသိန်းစိန်ကကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို အဖွင့်မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။ ရည်ရွယ်ချက်အောင်မြင်ရန် အလုပ်ရုံဆွေးနွေးပွဲတွင်စီးပွားရေးပညာရှင်များ၊ အစိုးရများနှင့် ဌာနအသင်းအဖွဲ့များမှ တာဝန်ရှိသူများ ဆွေးနွေးရာမှရရှိလာသော အကြံဉာဏ်ကောင်းများကို လက်တွေ့အကောင်အထည်ဖော်ရန်နည်းလမ်းများဖော်ထုတ်ကြရန် သမ္မတက ဆက်ပြောသည်။



ဓာတ်ပုံ - အားမာန်

*ဒေါက်တာဦးမြင့်စာတမ်းဖတ်ကြားနေသည်ကို စိတ်ဝင်တစားနားထောင်နေသော သမ္မတဦးသိန်းစိန်နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ*

ဖွံ့ဖြိုးတိုးတက်မှုများကိုသာ အစဉ်အဆက်ပြောခဲ့သော မြန်မာနိုင်ငံတွင် ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျော့ကျရန် အစိုးရသစ်လက်ထက်တွင် ယခုကဲ့သို့ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းမှာ ပထမဆုံးနှင့် အကြီးဆုံးအရေးပါသော အချက်ဖြစ်ကြောင်း သမ္မတကြီး၏ စီးပွားရေးအကြံပေးခေါင်းဆောင် ဒေါက်တာဦးမြင့်ကပြောသည်။ "First biggest Significant" ။

"တစ်နိုင်ငံလုံးရဲ့ စီးပွားရေးအဆောက်အအုံကြီး တစ်ခုလုံးပြောင်းလဲတိုးတက်ဖို့ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒတွေကို အခြေခံကျကျလေ့လာသုံးသပ်ပြီး နိုင်ငံတော်နဲ့ ပြည်သူတို့အတွက်ပြုပြင်သင့်တဲ့ ဥပဒေစည်းမျဉ်းလုပ်ထုံးလုပ်နည်းတွေကို သက်ဆိုင်ရာကဏ္ဍများအလိုက်လေ့လာပြုစုပြင်ဆင်ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် မကြာမီကာလမှာ ယခုလို စီးပွားရေးပညာရှင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနဲ့ ဆွေးနွေးအကြံဉာဏ်ရယူဖို့ရှိမှာဖြစ်ပါတယ်"ဟုလည်း ဦးသိန်းစိန်ကပြောသည်။

"ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးမှုသာလျှင် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးမှာ အဟန့်အတားနှောင့်နှေးမှုတွေအဖြစ် ရှိနေဆဲဖြစ်တာကိုတွေ့မြင်ရမှာဖြစ်ပါတယ်" ဟု ဦးသိန်းစိန်က ပြောသည်။

ထုတ်လုပ်မှုစရိတ်လျော့ချရန်၊ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းကို ထိထိရောက်ရောက်ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ သွင်းအားစုနှင့်နည်းပညာများစနစ်တကျဖြန့်ဖြူးရန်၊အထွက်နှုန်းတိုးရန်၊ မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးရန်၊ဒုတိယဝင်ငွေရရှိရေးဆောင်ရွက်ရန် စသောအချက်များပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရန်ဆောင်ရွက်သင့်သော အချက် ၁၀ ချက်ကို ၎င်းက ပြောသည်။

"ဆင်းရဲနွမ်းပါးသူအများစုဟာ ကျေးလက်များမှာ နေထိုင်သူများဖြစ်ကြပါတယ်။ ၎င်းတို့ဟာ အလုပ်မလုပ်ချင်လို့မဟုတ်ဘဲ အများစုမှာ အလုပ်လုပ်ကိုင်လိုကြပါတယ်။ အလုပ်လုပ်ကိုင်နိုင်ရန် လုပ်ခင်းကိုင်ခင်းများလည်းရှိကြပါတယ်။ ၎င်းတို့ရဲ့ အဓိကလိုအပ်ချက်ဟာ ငွေအရင်းအနှီးဖြစ်ပါတယ်"

"ဆင်းရဲမွဲတေမှု ဆိုရာမှာ အစားအစာ ဖူလုံမှုမရှိခြင်း၊ နေထိုင်စရိတ်လုံခြုံမှုမရှိခြင်း၊ မကျန်းမမာဖြစ်နေပါလျက် ဆေးဝါးကုသမှု မခံယူနိုင်ခြင်း၊ ကျောင်းထားချိန်တန်ပါလျက် သားသမီးများကို ကျောင်းမထားနိုင်ခြင်းတို့ကြောင့် အနာဂတ်အရေးတွေးပြီး ကြောက်ရွံ့ထိတ်လန့်နေခြင်းတို့ ဖြစ်ပါတယ်။ ဒီလိုဆင်းရဲတွင်းနက်မှုကို လျော့ပါးစေရေးအတွက် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်း






7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011

ဟာလက်နက်ကောင်းတစ်ခု ဖြစ်ပါတယ်” ဟု သမ္မတကြီးက ထည့်သွင်းပြောသည်။

နိုင်ငံတော်သမ္မတဖြစ်လာပြီး ၅၂ ရက်အကြာတွင် မြွက်ကြားသော သမ္မတဦးသိန်းစိန်မိန့်ခွန်းမှာ အခြေခံလူတန်းစားများအရေးအဓိကထား၍ လုပ်ကိုင်သင့်သည်များကို အသေးစိတ် ထည့်သွင်းပြောကြားခဲ့၍ ကြိုက်နှစ်သက်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်က သူ၏အမြင်ကိုပြောသည်။

ဖွင့်ပွဲအပြီး ခေတ္တရပ်နား၍မေ ၂၀ ရက်မွန်းလွဲနှစ်နာရီအကျော်တွင် အလုပ်ရုံဆွေးနွေးပွဲကို စတင်သည်။ နေပြည်တော်ဇမ္ဗူသီရိမြို့တွင် တရုတ်နိုင်ငံမှ ဆောက်လုပ်လှူဒါန်းထားသော သုံးထပ်အဆောက်အဦမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာမှာ ခေတ်မီလှပလွန်းလှသည်။ ဆင်းရဲနွမ်းပါးမှုလျှော့ကျရေးအတွက် ပညာရှင်များ၊ အစိုးရဌာနနှင့်အဖွဲ့အစည်းများ ဆွေးနွေး တိုင်ပင်အဖြေရှာသည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကိုခမ်းနားလှသော ထိုစင်တာ၌ ကျင်းပခဲ့သည်။ လူနှစ်ရာ့ငါးဆယ်ကျော်အတွက်ထိုင်ခုံများစီစဉ်ထားခဲ့သော ခန်းမမှာအလုပ်ရုံဆွေးနွေးပွဲ စသည်နှင့်ပြည့်သွားတော့သည်။ တက်ရောက်သူ သုံးရာကျော်ရှိ၍ အချို့မတ်တပ်ရပ်ကာ စိတ်ဝင်တစား တက်ရောက်နားထောင်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် အထူးအစီအစဉ်ဖြင့်ပညာရှင်ခြောက်ဦးက စာတမ်းဖတ်ကြားသည်။ သမ္မတဦးသိန်းစိန်ကလည်း အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ပြီးသည်အထိ စာတမ်းများကို စိတ်ဝင်တစား တက်ရောက်နားထောင်ခဲ့သည်။ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းလည်း အလားတူပင်။

အဖွင့်စာတမ်းမှာ ဒေါက်တာဦးမြင့်၏ “မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု လျှော့ကျရေး လမ်းပြစာတမ်း” ဖြစ်သည်။ သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင်က ဆင်းရဲနွမ်းပါးမှု လျှော့ကျရေးနှင့်ပတ်သက်၍ “အရှေ့သွားတယ်ဆိုတာ ကိုယ်အရှေ့သွားသွား၊ အနောက်သွားသွား၊ ကိုယ်ဘယ်နေရာရောက်ပြီလဲဆိုတာ အရေးကြီးပါတယ်။ ဘယ်သွားချင်သွားချင် ကိုယ်ဘယ်နေရာရောက်ပြီလဲဆိုတာ အရေးကြီးတယ်။ ကိုယ့်ဘယ်နေရာ ရောက်မှန်းသိရင် လယ်သမားတွေ သူတို့ အခြေအနေ ဘယ်လိုဖြစ်နေတယ်။ ဘာဖြစ်နေတယ်။ သူတို့လိုအင်ဆန္ဒတွေသိဖို့ ဒါကျွန်တော်တို့လိုအပ်ပါတယ်။ ဒါပထမဆုံးအချက်ပါ”

“ဒုတိယအချက်အလက်ကဘယ်ကို သွားချင်တာလဲ။ ဘယ်ကိုသွားမှာလဲ။ ခေါင်းထဲမှာ အကြံဉာဏ်ရှိရပါမယ်။ မဟာဗျူဟာ ချရမယ်။ မဟာဗျူဟာချပြီးရင် ဘာတွေလုပ်ကြမလဲ။ခရီးဘယ်လောက်ရောက်ပြီလဲ။ တကယ်ပဲခရီးကသွားရတာ အဆင်ပြေရဲ့လား။ ပြန်သုံးသပ်ဖို့လို ပါတယ်။ဒါတွေအားလုံးက ဘယ်သူလုပ်မှာလဲ။ Myan-marDevelopment Resource Institute (MDRI-မြန်မာဖွံ့ဖြိုးရေးအရင်းအမြစ်အဖွဲ့) ကျွန်တော်အဆို ပြုထားပါတယ်။ နည်းဗျူဟာနဲ့ ပတ်သက်လို့ ဘာတွေများစဉ်းစားမလဲ။ ကျွန်တော်ပြောချင်တာက အရင်တုန်းက လုပ်ခဲ့တာတွေနဲ့ အင်မတန်ကွာခြားတာတွေ လုပ်ရမယ်။ ဆင်းရဲနွမ်းပါးမှုဆိုတာ တော်တော်လေး ညင်ညင်သာသာ လုပ်ရတဲ့ကိစ္စ။ မြန်မာပြည်မှာဆိုရင် ဒီကိစ္စကို သိပ်ပြီး ဆွေးနွေးခွင့်မရှိဘူး။ အခုလုပ်တာက ဘာပြနေသလဲဆိုရင် First Biggest Significant” ဟု ပြောကြားသည်။

နိုင်ငံအများစုတွင်ရှိသော ဖွံ့ဖြိုးရေးအရင်းအမြစ်ထူထောင်နိုင်ပါက စီးပွားရေးနှင့် သက်ဆိုင်သော အချက်အလက်များ ကောက်ယူခြင်း၊ နိုင်ငံ၏ ဆင်းရဲမွဲတေမှုအား သတ်မှတ်တိုင်းတာခြင်း(Poverty Line သတ်မှတ်ရေးဆွဲခြင်း)၊ ဆောင်ရွက်နေသောလုပ်ငန်းများ ထိရောက်မှု ရှိ၊ မရှိ သုံးသပ်ခြင်းစသော လုပ်ငန်းများ စနစ်တကျလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ဒေါက်တာဦးမြင့်က ရှင်းပြသည်။ ထိုအဖွဲ့တည်ထောင်ရန်အတွက် လိုအပ်သော ပညာရှင်နှင့် ဝန်ထမ်းများရရှိရန် နည်းလမ်းများကိုလည်း ဒေါက်တာဦးမြင့်က ပြောကြားခဲ့သည်။ အဆိုပါ အဖွဲ့တည်ထောင်ရေးကို မဖြစ်မနေဆောင်ရွက်သင့်ကြောင်း အကြံပြုသွားသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဒေါက်တာဒေါ်ခင်စန်းရီကလည်း ဦးမြင့်ပြောသကဲ့သို့ မြန်မာဖွံ့ဖြိုးရေးအရင်းအမြစ် အဖွဲ့တည်ထောင်ရန် လိုပြီဖြစ်ကြောင်းလက်ရှိအခြေအနေတွင် အရေးတကြီးဆောင်ရွက်သင့်သည်မှာ ဘာပါလဲဟု 7 Day News ၏ မေးမြန်းမှုကိုဖြေကြားသည်။

“သမ္မတကြီး မိန့်ခွန်းတွေမှာပါခဲ့တဲ့ နောက်ဆက်လုပ်ရမယ့်ပေါ်လစီအသစ်တွေကို ပြည်တွင်းကရော ပြည်ပကရော အားလုံးကထောက်ခံတယ်။ ဝမ်းသာကြတယ်။ ကိစ္စက တကယ်လုပ်နိုင်မလားဆိုတဲ့ကိစ္စပဲ။ Poverty Issue ကိုတကယ်လုပ်နိုင်တယ်ဆိုတာကမ္ဘာကိုလည်း ပြချင်တယ်။ တိုင်းပြည်ကိုလည်း ပြချင်တယ်။ တိုင်းပြည်မှာ ဆင်းရဲသားတွေရှိတယ်ဆိုတာ အားလုံးကလည်း လက်ခံပြီး သမ္မတကြီးက Political Will နဲ့ လုပ်မယ်ဆိုတာပေါ်နေပြီ” ဟု စီးပွားရေးပညာရှင်ကပြောသည်။

ဒေါက်တာဦးမြင့်က ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုတို့နှင့်ပတ်သက်၍လည်း အောက်ပါအတိုင်းပြောသည့် “ပွင့်လင်းဖို့ကိစ္စ၊အဲဒီမှာ အရေးကြီးဆုံးက အကြံပေးပညာရှင်တွေပဲ။ ပညာရှင်တွေကလည်း ပြီးခဲ့တဲ့ နှစ်တွေမှာ ဆင်းရဲနွမ်းပါးမှုကိစ္စက ထိခိုက်လွယ်တော့ ကိုယ်ဘာသာ ကိုယ်ဆင်ဆာလုပ်ကြတယ်။ ဥပမာပေးမယ်ဆိုရင် GDP ကလည်း တိုးတက်သင့်သလောက် မတိုးတက်ဘူးလို့ ပြောရင် လုံးဝမတိုးတက်တော့ဘူးလို့ မှတ်ပေတော့။ အဲဒါမျိုးပေါ့။ ပွင့်ပွင့်လင်းလင်းပြောပါ။ နောက်တစ်ခု ငွေကြေးဖောင်းပွနှုန်းကလည်း သူရဲ့တက်နှုန်းလေးတွေက အထိုက်အလျောက်ဦးမော့လာတယ်လို့ မြင်ရတယ်။ အဲဒါဆိုရင် သွားပြီ ငွေကြေးဖောင်းပွနှုန်းတက်ပြီ။ ဒါမျိုးတွေ မပြောတော့နဲ့။ တိတိကျကျပြော။ ကျွန်တော်တို့မှာလိုလာပြီ”

ဆင်းရဲနွမ်းပါးမှု လျှော့ကျရေးဆောင်ရွက်ရာတွင် လက်တွေ့ကျသော ချဉ်းကပ်မှုလိုအပ်ပြီး ဘယ်လောက် လုပ်ကိုင်နေပါသည်ဆိုခြင်းထက် ပြည်သူများအကျိုးရှိ၊ မရှိကသာ အရေးကြီးကြောင်းပြောသည်။ ယခင်အလုပ်ရုံဆွေးနွေးပွဲများနှင့် စာတမ်းဖတ်ပွဲများတွင် ကြားရလေ့မရှိသော စကားများကိုလည်း ဦးမြင့်က နိုင်ငံတော်သမ္မတနှင့် ဌာနဆိုင်ရာအကြီးအကဲများရှေ့ရဲဝံ့စွာ ပြောကြားခဲ့သည်။

“လယ်ယာမြေက ဘယ်လောက်စိုက်တယ်။ လယ်ကွင်းတွေက ဘယ်လောက်ရှိတယ်။ ဆန်တွေက ဘယ်လောက်ထွက်တယ်။ ဒါတွေပဲ ပြောခဲ့တယ်။ ဒါနဲ့မပြီးဘူးဗျ။ စိုက်ပျိုးရေးမှာ စိတ်ဝင်စားရမှာကကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့လူအများစုက ကျေးလက်တွေမှာရှိတယ်။ သူတို့ဆီမှာဆင်းရဲနွမ်းပါးမှုဖြစ်တယ်။ အဲဒီတော့ သူတို့ကိုကြည့်ရမှာ။ လယ်ယာက ဖွံ့ဖြိုးမှုဆိုတာလယ်ကွက်တွေပြောပြီးမှ သစ်ပင်တွေ ပြောနေရုံနဲ့မပြီးဘူး။ တကယ်ပြောရမှာက လယ်သမား တွေဘဝပြောရမှာ။ အရင်တုန်းက ကျွန်တော်တို့ ပြောတာက လယ်ယာကဏ္ဍမှာစိုက်တာတွေ၊ ပျိုးတာတွေ၊တက်လာတာတွေပဲ။ဒါလည်းကောင်းပါတယ်။ ဒါပေမဲ့ အဲဒီထက်အရေးကြီးတာက လယ်သမားတွေပဲ။လယ်သမားတွေဘယ်လောက်အကျိုးရှိသလဲ။ ကျွန်တော်တို့ရဲ့အလေးထားမှုပြောင်းရမယ်”ဟုဒေါက်တာဦးမြင့်က ပြောသည်။

၎င်းက ဆက်လက်၍လည်း “အရင်ကအစည်းအဝေးတွေမှာဆိုရင် အစိုးရဝန်ထမ်းတွေ၊ ဌာနတွေက သူတို့လုပ်ခဲ့တာတွေပဲပြောနေတယ်။ ဘာတွေလုပ်ခဲ့တယ်ဆိုတာ၊ ဘာလုပ်ခဲ့တယ်ဆိုတာထက် ကျွန်တော်ဖြစ်စေချင်တာက သူတို့လုပ်ခဲ့တာက ဆင်းရဲသားတွေအပေါ်မှာ ဘယ်လောက်အကျိုးပြုခဲ့တယ်ဆိုတာပဲ။ ဒါတွေလည်း ပြောပါ။ သူတို့လုပ်ခဲ့တာတွေက ဆင်းရဲနွမ်းပါးတဲ့သူတွေအတွက် ဘယ်လိုအကျိုးရှိတယ်။ ဘယ်လိုထပ်ကောင်းအောင် လုပ်မယ်။ ဒါမျိုးတွေပြောစေချင်တာ” ဟု ပြောသည်။

ဒေါက်တာဦးမြင့်ပြောကြားချက်များကို နိုင်ငံတော်သမ္မတကြီး အပါအဝင် အခန်းတွင်းရှိသူအားလုံး စိတ်ဝင်တစား နားထောင်ကြသည်။ ဒေါက်တာဦးမြင့် ရေသောက်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးတင်နိုင်သိန်းကသွား၍ ရေငှဲ့ပေးသည်ကိုလည်း တွေ့ရသည်။

*စာ(၁၂) သို့*



7 DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011



CHICKEN SOUP

*'သင့်ပိုင်ဆိုင်မှုတွေထဲကပေးတာဆိုရင် ဘာကြီးပဲပေးပေး အဲဒါဟာ မဆိုစလောက် ပေးတာသာဖြစ်တယ်။ သင့်အတ္တကို စွန့်ပြီး သင့်ဘဝတစ်ခုလုံးနဲ့ပေးဆပ်တဲ့အခါမှသာ တကယ့်အစစ်အမှန်ပေးခြင်း မည်ပါတယ်'*

*ကာလီဂီဘရင်*

# နောက်ဆုံးလက်ဆောင်



လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက အသက် ၇၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကျွန်တော့်ယောက္ခမကြီးက အကြီးစားနှလုံးခွဲစိတ်မှုလုပ်ရတယ်။ ခွဲစိတ်မှုကမအောင်မြင်ခဲ့တော့ တိုတိုပြောရရင်ခွဲပြီးကတည်းကသူသတိကောင်းကောင်းပြန်မလည်လာတော့ဘဲနောက်ဆုံးဆေးရုံပေါ်မှာပဲဆုံးသွားခဲ့တယ်။

သူ့ဈာပနပြီးတော့ ကျွန်တော်နဲ့ ကျွန်တော့်အမျိုးသမီးတို့နှစ်ဦးသား သချိုင်းကနေ သူနေခဲ့တဲ့ တိုက်ခန်းကျဉ်းကလေးဆီကိုတန်းပြီးသွားခဲ့တယ်။ ကျန်ခဲ့တဲ့ သူ့ပစ္စည်းပစ္စယကလေးတွေကို သင့်သလိုစီစဉ်ပေးဖို့ပါပဲ။ ကျွန်တော်တို့နှစ်ယောက်သူ့ရဲ့ ဘီရိုတွေ၊ အံဆွဲတွေနဲ့ သေတ္တာတွေအားလုံးကို ဖွင့်ပြီး သူကျန်ခဲ့တဲ့ ပစ္စည်းကလေးတွေကို တစ်ခုချင်းထုတ်ကြည့်ကြတယ်။ အဝတ်အစားတွေ၊ ဓာတ်ပုံကလေးတွေ၊ အမှတ်တရပစ္စည်းကလေးတွေအများကြီးထွက်လာပါတယ်။ ကျွန်တော်တို့က ထိန်းသိမ်းသင့်တာကို ထိန်းသိမ်း၊ စွန့်ပစ်သင့်တာကိုလည်း စွန့်ပစ်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။

တကယ်တော့ ကျွန်တော့်ယောက္ခမကြီးဟာ သူ့ဘဝတစ်လျှောက်လုံးကိုယ်ပိုင်ဥစ္စာပစ္စည်းပိုင်ဆိုင်မှုနည်းနည်းကလေးနဲ့နေခဲ့ရတယ်ဆိုတာကို ကျွန်တော်တို့ အသေအချာ သိပြီးသားပါ။ ဒါကြောင့် သူ့ဆီကနေ အဖိုးထိုက်အဖိုးတန်ပစ္စည်း တစ်စုံတစ်ရာထွက်လာလိမ့်မယ်လို့လည်း ကျွန်တော်တို့ အစကတည်းက မျှော်လင့်မထားခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ထင်တာမှားတယ်။ ကျွန်တော်တို့ သူ့ရဲ့ ရေခဲသေတ္တာကို ဖွင့်လိုက်တော့ သူလုပ်ထားတဲ့ ပန်းသီးကိတ်မုန့်ကလေးတွေ အကောင်းပကတိအတိုင်း ကျန်နေတာကိုတွေ့ရတယ်။

ကျွန်တော်တို့က ဒီလိုတွေ့ရလိမ့်မယ်လို့ မထင်ထားဘူးလေ။ နှစ်စဉ်နှစ်တိုင်းနွေဦးပေါက်ရာသီရောက်ပြီဆိုရင် သူက ပန်းသီးကိတ်မုန့်လုပ်ရတော့မယ့်အချိန်မို့လို့သူမအားတော့ဘူး၊ သူ့ကိုလာမနှောင့်ယှက်ကြနဲ့တော့လို့သားသမီးမြေးမြစ်တွေကို ကြေညာလေ့ရှိတယ်။ အဲ သူ့နာမည်ပြောဖို့မေ့သွားတယ်။ သူ့နာမည်က အန်တိုနီနက်တီတဲ့။ အားလုံးက သူ့ကို နက်တီလို့ပဲခေါ်ကြတယ်လေ။ သူကအီတလီအနွယ်ဖွားပေါ့။

ဒီပန်းသီးကိတ်မျိုးက အီတလီလူမျိုးတွေရဲ့ရိုးရာအစားအစာတစ်မျိုးပဲ။ ဒီမုန့်လုပ်နည်းကိုနေပယ်မြို့ကနေ အမေရိကကိုပြောင်းလာတဲ့ သူ့အမေကသယ်ဆောင်လာတာဖြစ်ပြီး မျိုးရိုးစဉ်ဆက်ထိန်းသိမ်းလာတဲ့ နည်းလည်းဖြစ်ပါတယ်။ ဒီတော့နက်တီငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက သူ့အမေမုန့်လုပ်နေတာကိုမီးဖိုချောင်ထဲမှာစိတ်ဝင်တစားလာကြည့်နေခဲ့ဖူးမှာပေါ့။ သူ့အမေက အသားတွေ၊ အသီးအရွက်တွေနဲ့ ဂျုံဖျော်ထားတဲ့အရည်တွေကိုရော၊ မီးဖိုပေါ်တင်၊ နောက်ပြီးတော့မှ အပေါ်ကနေခေါက်ထားတဲ့ ကြက်ဥကို တဖြည်းဖြည်းချင်းလောင်းထည့် ကျက်လာတဲ့အခါ အရောင်ကလေးကရဲတက်လာပြီး အနံ့ကလည်း သွားရည်ယိုချင်စဖွယ်မွှေးပျံ့လာပါလိမ့်မယ်။ သူကြီးလာတော့လည်း ဒီနည်းအတိုင်းပဲဆက်လုပ်ပြီး မျိုးရိုးစဉ်ဆက်အမွေတစ်ခုကို သူထိန်းသိမ်းခဲ့တယ်။ နက်တီဟာ နှစ်စဉ်ဧပြီလရောက်ပြီဆိုရင် ဒီလိုမုန့်မျိုး ဆယ့်ငါးခု၊ အခုနှစ်ဆယ်လောက်ကိုနှစ်တိုင်းလုပ်နေကျ။ နှစ်ပေါင်းလေးဆယ်ကျော်အစဉ်အလာမပျက်ဘဲ ဒီနည်းလမ်းကို ထိန်းသိမ်းပြီး ဒီမုန့်ကိုသူလုပ်လာခဲ့တယ်။ တကယ်တော့ဒီမုန့်လုပ်နည်းက အတော်လက်ဝင်တယ်။ အထက်မှာ ကျွန်တော်မှတ်မိတာထက် အဆင့်တွေအများကြီးပိုသေးတယ်။ နက်တီရဲ့အမေက သူ့ကို ဒီမုန့်လုပ်နည်းကို စာရွက်နဲ့သေသေချာချာရေးပေးခဲ့တယ်။ ဒါပေမဲ့ နက်တီမုန့်လုပ်ရင် ဘယ်တော့မှ စာရွက်ကို ကြည့်စရာမလိုဘူး။ နက်တီဟာ ကျွန်တော်တို့နောက်မျိုးဆက်လို ပညာကောင်းကောင်းသင်ခဲ့ရတဲ့ သူမဟုတ်ဘူးလေ။ သူ့သမီးကျွန်တော့်မိန်းမတောင် စာရွက်ကို အခါတစ်ရာလောက်ပြန်မကြည့်ဘဲနဲ့ ဒါကိုမလုပ်တတ်ဘူး။ နက်တီကတော့ဒီမုန့်လုပ်ရမယ့်အချိန်ရောက်လာတိုင်းခေါင်းထဲကနေအစီအစဉ်အတိုင်းတစ်ဆင့်ပြီးတစ်ဆင့်ထွက်လာတော့တာပဲ။ ကျွန်တော်ကတော့သူမီးဖိုထဲမှာ ဂျုံမှုန့်တွေပေပွပြီး စိတ်ပါလက်ပါမုန့်လုပ်နေပုံတွေကို ပြန်မြင်ယောင်လာတယ်။ သူက ဒါကို အလုပ်ကြီးတစ်လုပ်လိုသဘောထားပြီး တခမ်းတနားလုပ်တာလေ။ သူမုန့်လုပ်နေရင် ကျွန်တော်တို့က အနှောင့်အယှက်မပေးဘဲ အသာကလေးငြိမ်နေရတယ်။

ဒီမုန့်တွေက ကျက်သွားရင် နှစ်လက်မလောက်ထူတယ်။ အိုမလက်နဲ့လည်းခပ်ဆင်ဆင်ပဲ။ ချိစ်တွေ၊ အသားတွေကလည်းအများကြီးပဲဆိုတော့စားလိုက်ရင်အီဆိမ့်သွားတာပဲ။ အဲဒီအထဲမှာကျွန်တော်တို့ နာမည်မခေါ်တတ်တဲ့ ဟာတွေလည်း အများကြီး ပါသေးတယ်။ မုန့်တွေအားလုံးလုပ်ပြီးရင် သူက ဒါတွေကို သင့်လျော်သလို စိတ်ပိုင်း၊ ခဲစက္ကူနဲ့သေသေချာချာထုပ်ပြီး အပေါ်မှာ နာမည်တပ်လို့ သားသမီးဆွေမျိုးသားချင်းတွေကို ဝေတယ်။ သင့်လျော်သလိုဆိုတာက သူချစ်တဲ့သူတွေဆိုရင် အတုံးကြီးကြီးရတာကို ပြောတာပဲ။ အဲဒီနေ့ရောက်ရင် သူ့တိုက်ခန်းရှေ့ကလူခေါ်ခေါင်းလောင်းကလေးဟာ နေ့လယ်လောက်ကစပြီး မအားမလပ်ရလေအောင်မြည်တော့တာပဲ။ ဆွေမျိုးသားချင်းတွေက သူတို့ရမယ့်မုန့်ဝေစုကိုတစ်ယောက်ပြီးတစ်ယောက်လာယူကြရတယ်လေ။

အခုမှ ကျွန်တော်တို့က နက်တီရဲ့ ထူးဆန်းတဲ့ ဓလေ့တစ်ခုကို သွားတွေ့လိုက်တယ်။ နက်တီက မုန့်ဝေတဲ့အခါသူ့အတွက်ဝေစုတစ်ခုကိုလည်း သူဘာသာထည့်ပြီးဝေတယ်။ သူ့မုန့်ထုပ်မှာလည်း သူ့နာမည်ကလေးနဲ့သူတပ်ထားပြီးသားပဲ။ သူ့ရဲ့ ရေခဲသေတ္တာထဲမှာ သူ့နာမည်နဲ့ မုန့်ထုပ်ကိုတွေ့ရတော့ ကျွန်တော့်မိန်းမနဲ့ ကျွန်တော်အံ့အားသင့်ပြီးတစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြတယ်။

ပြီးတော့ မုန့်ထုပ်မှာကပ်နေတဲ့ရေခဲအမှုန်တွေကိုခွာပြီး မုန့်အတုံးကလေးတွေကို တစ်ခုစီထုတ်လို့ ပလတ်စတစ်အိတ်ထဲကို ပြောင်းထည့်လိုက်တယ်။

ကျွန်တော်တို့ သူ့ရဲ့လက်ကျန်ပစ္စည်းလေးတွေကိုစီစဉ်စရာရှိတာ စီစဉ်ပြီးတဲ့နောက် သူ့အခန်းကနေ နောက်ဆုံးအနေနဲ့ ပြန်ထွက်လာခဲ့ကြတယ်။ လက်ထဲက သူ့ရဲ့ နောက်ဆုံးအမွေမုန့်ထုပ်ကလေးကိုလည်း တယုတယနဲ့ ကိုင်လာခဲ့ကြတယ်။

အဲဒီအပတ်တနင်္ဂနွေနေ့လည်းရောက်ရော ကျွန်တော့်မိန်းမက ကျွန်တော်တို့ရဲ့ ဆယ်ကျော်သက်သားနဲ့ သမီးရယ် ကျွန်တော်တို့နှစ်ယောက်ရယ် မိသားစုစုံညီညီစားကြတဲ့အချိန်မှာ နက်တီဆီက နောက်ဆုံးလက်ဆောင်မုန့်ကလေးတွေကိုအားလုံးကိုအညီအမျှထုတ်ကျွေးတယ်။ ကျွန်တော့်မိန်းမက ဒီမုန့်ကလေးတွေကိုမကျွေးခင်မှာ ရေခဲနွေးငွေ့နဲ့ ပြန်နွေးပေးထားတဲ့အတွက် ပူနွေးပြီး ပင်ကိုမွှေးကြိုင်လှတဲ့ ရနံ့ကလေးတွေသင်းပျံ့လို့နေတယ်။ သားနဲ့သမီးဆိုကြိုက်လွန်းလို့ ဝမ်းသာအားရစားကြတယ်။

ကျွန်တော်ဟာ ယောက္ခမကြီးရဲ့ အထူးလက်ရာကို နှစ်စဉ်နွေဦးပေါက်အီစတာပွဲတော်ကာလရောက်တိုင်းစားလာခဲ့ရတာ နှစ်ပေါင်းနှစ်ဆယ်နီးပါးရှိပါပြီ။ ဒီလိုစားရတိုင်းလည်း သူ့လက်ရာကိုကျွန်တော်ချီးမွမ်းမိစမြဲပါပဲ။ ဒါပေမဲ့ ဒီတစ်ခါစားရတဲ့နောက်ဆုံးလက်ရာကတော့ ကျွန်တော့်တစ်သက်စားဖူးတဲ့အထဲမှာ အကောင်းဆုံးလို့ဆိုရမယ်။ ဒီတစ်ခါမှာ သူ့အပေါ် ကျွန်တော်တို့အားလုံးက လွမ်းဆွတ်သတိရတာတွေနဲ့ပါ ထုံမွမ်းထားသလိုဖြစ်နေတော့အနံ့အရသာတွေကအထူးပဲလေးနက်ကောင်းမွန်နေသလိုခံစားရတယ်။ တစ်ကိုက်စားလိုက်တိုင်း သူ့ရဲ့ ချစ်စရာကောင်းတဲ့ စရိုက်လက္ခဏာတွေ၊ ကောင်းကွက်တွေကို တစ်ကွက်ချင်းပြန်လည်မြင်ယောင်မိလာတယ်။ သူဟာမုဆိုးမဘဝနဲ့တစ်နေကုန်တစ်နေခန်းစက်ရုံမှာ ပင်ပန်းဆင်းရဲစွာလုပ်ကိုင်ပြီး သားသမီးတွေကို လူတန်းစေ့ ကြီးပြင်းလာအောင် မွေးမြူစောင့်ရှောက်ပေးခဲ့တယ်။ မြေးကလေးတွေ ရလာတော့လည်း တတ်နိုင်သလောက်ကြည့်ရှုစောင့်ရှောက်ပေးခဲ့တယ်။

သူသေဆုံးပြီးတဲ့အခါကျမှ သူ့ရဲ့ ကြင်နာတတ်မှုနဲ့ဖွဲ့လုံ့လဝီရိယကိုပိုလို့ကွက်ကွက်ကွင်းကွင်းမြင်ယောင်လာခဲ့တာဖြစ်တယ်။ သူနောက်ဆုံးလုပ်ပေးခဲ့တဲ့မုန့်ကလေးကို အမြတ်တနိုးနဲ့ တစ်ကိုက်စားလိုက်တိုင်း သူ့ရဲ့ မေတ္တာတရားကို အသည်းထဲငြိမ့်သွားအောင်ခံစားလိုက်ရသလိုဖြစ်ခဲ့ရတယ်။ ကျွန်တော့်မိန်းမကတော့ စားနေရင်းမျက်ရည်တွေဝဲလာလို့ ကလေးတွေမသိအောင်ခိုးပြီး သုတ်နေရတယ်။

အားလုံးစားသောက်လို့ပြီးစီးတဲ့အခါ ကျွန်တော့်မိန်းမက ကျွန်တော်တို့အားလုံးကိုမီးဖိုထဲခေါ်သွားပြီးရေခဲသေတ္တာကိုဖွင့်ပြတယ်။ အဲဒီမှာနောက်ဆုံးလက်ကျန်မုန့်အတုံးသေးသေးကလေးကိုပလတ်စတစ်နဲ့အသေအချာထုပ်ထားတာတွေ့ရတယ်။ အဲဒီအထုပ်ပေါ်မှာတော့ နက်တီရဲ့လက်ရေးကလေးနဲ့ရေးထားတဲ့နက်တီဆိုတဲ့နာမည်ကလေးကို ကျွန်တော်တို့တွေ့ကြရပါတယ်။ ။

*Ref: 'The Miracle of the Easter Pies' by Bob Brody*

7 DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011

**တစ်** နေ့သ၌ ကျွန်ုပ်သည် မေြ လ မွေးနေ့မွေးရက်ဖြစ်သည်နှင့်အညီ ကောင်းမှုကုသိုလ်ပြုလုပ်မည်ဟု စိတ်ကူးရည်မှန်းလျက်စမ်းချောင်းအရပ် နေအိမ်မှနေ၍လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ဖက်ဆီသို့ လှမ်းလျှောက်လို့လာခဲ့ပါပေ၏။ မေြ ၂၁ မှမေ ၂၂ ကြား ပြိဿရာသီဖွား အတိုက်အခိုက်အတားအဆီး များပြားလွန်းလှသည့် သောကြာသား ကျွန်ုပ်အဖို့ ဘုရားခြေတော်ရင်းသို့ မရောက်ရှိသည်မှာ ကာလအတန်ကြာခဲ့ပြီဖြစ်ပါ၏။

ကျွန်ုပ်အိမ် ဝရန်တာမှ မျှော်ကြည့်လျှင် ရွှေတိဂုံစေတီတော်ကြီးကိုမြင်နိုင်ပါပေ၏။ ထင်ရှားကျော်ကြား ကမ္ဘာ့အံ့ချီးဖွယ်တစ်ပါးတွင် ရွှေတိဂုံလည်း ပါဝင်ပါပေ၏။ ရန်ကုန်မြို့တော်မှ ပင်လယ်ဖက် ရေမိုင် ၂၀ အကွာမှပင်လျှင် ရွှေတိဂုံစေတီတော်ကိုမြင်နိုင်ပါပေ၏။ ဆည်းကပ်ကော်ရော်ပူဇော်သူပေါင်း၏ သဒ္ဓါယိုဖိတ်ကြည်ညိုစိတ်တို့ဖြင့် ခေတ်အဆက်ဆက် ထုံမွှမ်းထိန်းသိမ်းမှု အစုစုတို့ကြောင့် ရွှေတိဂုံစေတီတော်ကြီးမှာ ရွှေသားအတိဝင်းဝင်းအိလျက် ထင်ရှားနေမည်သာဖြစ်ပါ၏။

ကျွန်ုပ်လည်း စမ်းချောင်းလမ်းအတိုင်း လျှောက်လှမ်းလာပြီးသကာလ မြေနီကုန်းအရောက်တွင်ကား ရှင်စောပုလမ်းသို့ထွက်ပြည်သူ့ရင်ပြင်ဘက် ပလက်ဖောင်းသို့ကူးကာ ပြည်သူ့ဥယျာဉ်ကိုပတ်လျက်ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်မှ တက်မည်ဟု စိတ်အကြံပြုမိသည့်အတိုင်း အချိန်မဆိုင်းဘဲ ဖြည်းဖြည်းမှန်မှန်လျှောက်ခဲ့ပါပေ၏။ ပြည်သူ့ ဥယျာဉ်အတွင်းတွင်ကားအချို့နေ ရာကျယ်ကျယ်များတွင် သစ်ပင် တို့မရှိတော့မူဘဲ ခုတ်ထွင်ရှင်းလင်းကာ ကလေးကစားကွင်းမဟာများကို တည်ဆောက်လို့နေပါ၏။ အချို့နေရာများတွင်ကား ကြွားကြွားရားရား အချိန်နှင့်အမျှ ထွားထွားလာမည့် ကျွန်းပင်ပျိုတို့ကို တစ်အုပ်တစ်မတွေ့ရလေရာ သဘာဝပတ်ဝန်းကျင်အတွက် တအားတက်မိပါပေ၏။ သို့လေသော်ငြား အပင်မြင့် အပင်ကြီးမျိုးဖြစ်သည့် ဤကျွန်းပင်များကား နောင်ငါးနှစ်သားခန့်ဖြစ်လျှင်ပင် ကျွန်ုပ်တို့၏ ရွှေတိဂုံစေတီတော်ကို ကွယ်ချင်ချင်ဖြစ်လာမည်ကို စိတ်မှန်းဖြင့် ရမ်းရော်မှန်းဆကာ ဝမ်းနည်းရပါပေ၏။ ရွှေတိဂုံ စေတီတော်၏ အနီးကပ် ပတ်ဝန်းကျင်တွင် ဤသို့သော မြင့်မားသည့်အပင် မြင့်မားသည့်အဆောက်အအုံ တစ်ပြုံတစ်မကြီးရှိမနေစေချင်သည့်စိတ်စေတနာ လူတိုင်းမှာရှိနေပါလိမ့်မည်။

သို့ဖြင့် ကျွန်ုပ်လည်း ဝန်းကျင်ကို စေ့ငုလျက် ဆက်လက်လျှောက်လှမ်းလာခဲ့သည်ရှိသော် အချို့ အုပ်အုပ်ဝိုက်ဝိုက် သစ်ပင်ကြီးများပေါ်တွင်အသံစုံလွင်လျက် ကျေးငှက်သာရကာတို့ အိပ်တန်းတက်ဖို့ အစပျိုးလို့ နေတာကိုကြည်နူးစရာမြင်ရပါပေ၏။ ‘သစ်တစ်ပင်ကောင်းငှက်တစ်သောင်းနား’ဆိုသည့် စကားကား အလကားမဟုတ်ပါလေ။ သူတို့အတွက် စိတ်ချလက်ချ နားခိုစရာ ဤအုပ်အုပ်ဆိုင်းဆိုင်း၊ ညို့ညို့မှိုင်းနေသည့် ‘သစ်ပင်ဒကာ’ များပေါ်မှာ မာဂဓ ဘာသာများဖြင့် တစ်နေ့တာ၏ အတွေ့အကြုံ အဖုံဖုံကို အုံလိုက် ကျင်းလိုက် သံစုံပိုက်၍ ‘ကျွလွီကျွလံ’ ပြောဆိုသံများကား သဘာဝတရားထဲမှအလှတရားပဲဖြစ်ပါပေ၏။

ကိုယ်သွားချင်သည့်နေရာကို ကိုယ့်အတောင်နှင့်ကိုယ် အားစိုက်ပျံသန်းမည်။ ကိုယ်နှင့် သင့်တော်ရာနေရာမှာ ကိုယ့်အတွက် အစားအစာကို လွတ်လပ်မှုတစ်ခွာ တစ်နေ့တာ ရှာဖွေစားသောက်မည်။ ယခုလို နေညိုညိုအချိန်မှာ ဇိမ်ကျကျ အနားယူနိုင်မည့် ကိုယ်နှစ်သက်ရာ သစ်ပင်မဟာသို့ရွေးချယ်နားနေကာ အိပ်စက်အနားယူမည်။ လွတ်လပ်စွာ ပျံသန်း၊ လွတ်လပ်စွာရှာဖွေ၊ လွတ်လပ်စွာ အနားယူ တေးဆို . . . အို . . ကျေးငှက်သာရကာအပေါင်းတို့ လေးညို့ကိုတော့ ရှောင်ပါလေ။

သည့်နောက် ကျွန်ုပ်လည်း အလုံလမ်းကိုအရောက် အရှေ့ဘက်ဆီသို့ချိုးကာ ဆက်လက်လျှောက်လှမ်းခဲ့ရာ များမကြာမီ သမိုင်းဝင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ပေါက်သို့ ရောက်ရှိလို့လာခဲ့ပါ၏။ အနောက်ဘက်မုခ်ကား ထည်ထည်ဝါဝါခန့်ခန့်ညားညား ခေတ်အဆက်ဆက် ရှေးမူမပျက် ဆက်လက်ထိန်းသိမ်းခဲ့သူများကိုဦးညွှတ်ပါ၏။ ရွှေတိဂုံစေတီတော်၏ ဤအနောက်ဘက်မုခ်ကိုမြင်လျှင် ကျွန်ုပ်၏ စိတ်သဏ္ဍာန်မှာ အတိတ်သာ ပြန်ပြန်ရောက်သွားပါပေ၏။ ခြသေ့်ကြီးနှစ်ကောင်ကား ဘာအဆီးအတားမှမရှိ၊ ပကတိ လွတ်လပ်လျက်တကယ့်ကိုအသက်ဝင်နေပါပေ၏။

ကျွန်ုပ်လည်း စေတီတော်ပေါ်သို့မတက်သေးဘဲ အနောက်ဘက်မုခ်၏ အဟုတ်ကို ခန့်ညားသည့် ဗိသုကာကိုကြည့်ရှုလာခဲ့သည်မှာ မည်မျှကြာသွားသည်မသိ။ သတိရလို့ ဘေးနားကြည့်လိုက်တော့ အပြုံးဖျော့ဖျော့နှင့် သူငယ်လေးတစ်ဦးကို ဈေးဆစ်နေသည့် အမျိုးသမီးတစ်ဦးနှင့် တွေ့လိုက်ရပါ၏။ သူငယ်၏လက်ထဲမှာကား ငှက်များစွာကို ပြည့်ကျပ်စွာ ထည့်ထားသည့် ငှက်လှောင်အိမ်တစ်ခု ရှိနေပါ၏လေ။

လှောင်အိမ်ထဲမှာကား ချိုးငှက်ကြီးများက သုံးလေးကောင်၊ ကျန်တာကတော့ မြင်တွေ့နေကျ စာကလေးများနှင့် စာဘုန်းကြီးများကား အကောင်ရေများစွာ။ ရသမျှ ကျဉ်းထဲကျပ်ထဲလေးမှာ ဟိုပျံသည်ပျံ ထိတ်လန့်နေဟန်များဖြင့်မြင်ရသည်မှာ တကယ့်ကို စိတ်မသက်သာစရာပါပေ။

ငှက်လွှတ်မည့် အမျိုးသမီးက ဈေးဆစ်၊ ငှက်သူငယ်ကလည်း လျှော့လို့မရဖြင့် ညှိမရ နှိုင်းမရ အခြေအနေသာဖြစ်ပုံ ရပါ၏။ နောက်ဆုံးတွင်ကား ဆုံမှတ်တစ်ခုတွင် အံဝင်သွားပြီဖြစ်သည့်အတွက် နှစ်ဦးနှစ်ဖက် ညှိနှိုင်းချက်ကို အကောင်အထည်ဖော်ကာ သံလှောင်အိမ်အတွင်းမှ ငှက်ငယ်အချို့ အတောင်တို့ဖြန့်ကာ အပြင်သို့ ပျံတက်ခွင့်ရသွားပါပေတော့၏။ သို့လေသော်ငြား ဝေးဝေးကား မသွားနိုင်သေး။ နီးစပ်ရာ အပင်နိမ့်နိမ့်ကလေးများဆီသို့သာ ယိုင်တိယိုင်ချာဖြင့် ခိုဝင်နားခိုပုန်းလျှိုနေပါတော့၏ မိတ်ဆွေ။

**‘နောက်လည်း လာခဲ့ပါ အစ်မရယ်၊ နောက်တစ်ခါဆိုရင် ဒီ့ထက် လျှော့ပေးနိုင်အောင် ကြိုးစားပါ့မယ်။ အစ်မတို့လည်း ကုသိုလ်ရ၊ ကျွန်တော်တို့လည်း ဝမ်း ဝ၊ ညဘက်ကျရင်တော့ အပင်တွေပေါ်တက် အိပ်ပျက်ခံပြီး ဖိဖိစီးစီး ပြန်ဖမ်းရဦးမယ်ခင်ဗျ။ ဒီကောင်တွေက ဝေးဝေးပြေးလို့ မရပါဘူး”**။ ။

> လှောင်အိမ်ထဲမှာကား ချိုးငှက်ကြီးများက သုံးလေးကောင်၊ ကျန်တာကတော့ မြင်တွေ့နေကျ စာကလေးများနှင့် စာဘုန်းကြီးများကား အကောင်ရေများစွာ။ ရသမျှ ကျဉ်းထဲကျပ်ထဲလေးမှာ ဟိုပျံသည်ပျံ ထိတ်လန့်နေဟန်များဖြင့် မြင်ရသည်မှာ တကယ့်ကို စိတ်မသက်သာစရာပါပေ . . .




## JOKE

### မေးပါရစေ

တစ်ကြိမ်တွင် လေယာဉ်မှူးတစ်ဦးသည် ၎င်းမောင်းနှင်ပျံသန်းလာသည့်ခရီးသည်တင်လေယာဉ်အားလေယာဉ်ကွင်းသို့အဆင်းတွင် ချောမွေ့မှုမရှိဘဲ ခပ်ကြမ်းကြမ်း ဆင်းသက်လိုက်ရသည်။ ၎င်းတို့လေယာဉ်လိုင်း၏ ပေါ်လစီအရလည်း ခရီးသည်များဆင်းသက်ချိန်တွင် လေယာဉ်မှူးက တံခါးဝ၌ မတ်တပ်ရပ်ကာ ခရီးသည်များအား ပြုံးပြ၍ ကျေးဇူးတင်ကြောင်းပြောရပြန်ရာ လေယာဉ်မှူးမှာ ခရီးသည်များ မျက်လုံးကိုရဲရဲမကြည့်ရဲဖြစ်နေသည်။

ခရီးသည်များက မည်သို့မျှမှတ်ချက်မပေးဘဲ ဆင်းသွားကြရာလေယာဉ်မှူးမှာ စိတ်သက်သာရာရနေချိန် နောက်ဆုံးခရီးသည် အဘွားကြီးအလှည့်အရောက်တွင် အဘွားကြီးက အခုလိုမေးသည်။

“သားရယ် အမေတစ်ခုလောက်မေးစမ်းပါရစေ”

“ဟုတ်ကဲ့၊ မေးပါ ဒေါ်ဒေါ်” လေယာဉ်မှူးက ပြုံး၍ပြောသည်။ “ငါတို့ရဲ့လေယာဉ် ကွင်းထဲကို ပုံမှန်အတိုင်းဆင်းလာတာလား။ ပစ်ချခံရတာလားကွယ်” ဟူ၍ အဘွားကြီးက မေးပါတော့သည်။

### ဖောက်သည်တွေ

အမေရိကန်တစ်ဦးသည် ၎င်း၏ မိတ်ဆွေများအား ၎င်းအကြိုက်ဆုံးဟာသတစ်ပုဒ်ကို ပြောပြရင်း . . .

“ငရဲပြည်ဆိုတာကွာ ဗြိတိသျှတွေက ထမင်းချက်လုပ်၊ ပြင်သစ်တွေက စားပွဲထိုးလုပ်၊ ဂျာမန်တွေက ရဲတပ်ဖွဲ့တာဝန်ယူပြီး အီတလီတွေက ရထားမောင်းတဲ့နေရာပါကွာ” ဟုဆိုလိုက်သည်။

အမေရိကန်၏မိတ်ဆွေများထဲမှ တစ်ဦးတည်းသောဥရောပတိုက်သားက ခဏစဉ်းစားလိုက်ပြီး “အင်း ရဲတပ်ဖွဲ့တွေ၊ ရထားမောင်းတဲ့ လူတွေကတော့ မသိဘူးကွာ။ ငရဲမှာဗြိတိသျှတွေ ထမင်းချက်လုပ်ပြီး ပြင်သစ်တွေစားပွဲထိုးတဲ့ စားသောက်ဆိုင်မှာ အမြဲတမ်းလာစားတဲ့ဖောက်သည်တွေကတော့ အမေရိကန်တွေပဲကွ” ဟု ပြန်ပြောလိုက်ပါ၏။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဖိုလ်ဖိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဖိုလ်ဖိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသိဒ္ဓိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၀၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

Business
7DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011

# စားအုန်းဆီဈေး ဆက်လက်ကျဆင်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၁၈**

ပြင်ပစားအုန်းဆီဈေးကွက်တွင် တစ်ပတ်အတွင်း၌ တစ်ပိဿာလျှင် ၅၅၀ ကျပ်ထိ ဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း ဘုရင့်နောင်ဆီလက်ကားဈေးကွက်မှ စုံစမ်းသိရသည်။

စားအုန်းဆီဈေးနှုန်းမှာ ယခုလ ၁၀ ရက်တွင် တစ်ပိဿာလျှင် ၂၉၅၀ ကျပ်ထိ မြင့်တက်သွားရာမှ ယခုရက်ပိုင်း၌ ၃၅၀ ကျပ်ထိ ဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း ဆီလုပ်ငန်းရှင်များက ပြောသည်။

ယခုကဲ့သို့ စားအုန်းဆီဈေးနှုန်းများ ဆက်တိုက်ကျဆင်းလာခဲ့ခြင်းမှာ ယခုတစ်ပတ်အတွင်း၌ စားအုန်းဆီသင်္ဘောများ ဝင်ရောက်မှုများလာခြင်းကြောင့်ဖြစ်သည်ဟု ၎င်းတို့ကပြောသည်။

ထို့အပြင် စားအုန်းဆီ ကိုယ်စားလှယ်များကို ယခင်က တစ်ပတ်လျှင်တစ်ကြိမ် ဆီသုံးပီပါနှုန်း ထုတ်ပေးနေရာမှ ယခုတစ်ပတ်အတွင်း နှစ်ကြိမ် ခြောက်ပီပါထိ ထုတ်ပေးခဲ့ခြင်းကြောင့် ဆီဈေးနှုန်း ကျဆင်းလာခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။



"စားအုန်းဆီသင်္ဘောက မေလ ၉ ရက်ကနေ ၂၁ ရက်အတွင်းကိုသင်္ဘော၁၀စီးလောက်ဝင်မယ်ဆိုတော့ ဈေးနှုန်းကဆက်ကျနိုင်တယ်" ဟု စားအုန်းဆီလုပ်ငန်းရှင်တစ်ဦးကပြောသည်။

စားအုန်းဆီမှာ ယခုလလယ်ပိုင်းအတွင်း၌ပင် တန်ချိန် ၃၀၀၀၀ ဝန်းကျင်ဝင်ရောက်လာနိုင်ကြောင်း ၎င်းကပြောသည်။

မလေးရှားစားအုန်းဆီဈေးနှုန်း FOB မှာ ယခုလ ၁၆ ရက်တွင် တစ်တန်လျှင် ၂၀၀ ဒေါ်လာရှိပြီး ပြည်တွင်းငွေလဲနှုန်း ၉၀၀ ကျပ်ဖြင့်တွက်၍ ဆိပ်ကမ်းရောက်ဈေးနှုန်းမှာ တစ်ပိဿာ ၁,၉၅၀ ကျပ်ဖြစ်ကြောင်း ဆီကုန်သည်များအသင်းတွင် ဖော်ပြထားသည်။

စားအုန်းဆီကိုယ်စားလှယ်များ၏ ဆီထုတ်ဈေးမှာ ပိဿာ ၂,၀၀၀ ကျပ်နှုန်းဖြစ်ပြီး မြို့တွင်း ပြန်ရောင်းဈေးမှာ တစ်ပိဿာ ၂,၀၃၀ ကျပ်နှင့်မြို့ပြင်ရောင်းဈေးမှာ တစ်ပိဿာ ၂,၀၄၀ ကျပ်ဖြစ်သည်။

စားအုန်းဆီဈေးနှုန်း ပြင်ပလက်ကားဈေးမှာ ယခုမေလ ၂၀ ရက်နေ့တွင် တစ်ပိဿာလျှင် ၂၀၃၀ ကျပ်ထိ ကျဆင်းလာခဲ့သည်။ လာမည့်လအတွက် စားအုန်းဆီကြိုရောင်းဈေးမှာ ၂၀၀၀ ကျပ်နှုန်းဖြစ်၍ လက်ရှိဈေးများထက် ဆက်လက်ကျဆင်းနိုင်ကြောင်း ဆီလုပ်ငန်းရှင်များက ပြောသည်။

# ပဲအချို့ အရောင်းအဝယ်ကောင်းလာကာ ဈေးတက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ - ၁၈**

ပဲမျိုးစုံဈေးကွက်တွင် နိုင်ငံခြားဝယ်လက်ရှိလာခြင်းကြောင့် ယခုရက်ပိုင်း၌ အရောင်းအဝယ်ကောင်းနေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင် အရောင်းအဝယ်ဈေးကွက်မှ ပဲကုန်သည်များကပြောသည်။

"ပြီးခဲ့တဲ့တစ်ပတ်ထဲမှာနိုင်ငံခြားကုမ္ပဏီတွေနဲ့ အရောင်းအဝယ်စာချုပ် ချုပ်ကြရတာတွေရှိတယ်။ အဲဒါကြောင့် ပို့ကုန်လုပ်ငန်းရှင်တွေ အဝယ်များလာတာကြောင့် အရောင်းအဝယ်သွက်လာတာ"ဟုပဲကုန်သည်တစ်ဦးက ပြောသည်။

ပဲအရောင်းအဝယ်ကောင်းလာသကဲ့သို့ ဝယ်လိုအားကောင်းနေသော ခရမ်းရွှေဝါပဲတီစိမ်းမှာလည်း ဈေးနှုန်းမြင့်တက်လာခဲ့သည်။ ပဲတီစိမ်းဈေးနှုန်းမှာ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း တစ်တန်လျှင် ၄၇၀,၀၀၀ ကျပ်ဝန်းကျင်မှ ယခုရက်တွင် ၅၄၀,၀၀၀ ကျပ်ဖြစ်၍ နှစ်ရက်အတွင်း ကျပ် ၇၀,၀၀၀ သောင်းဝန်းကျင် ဈေးမြင့်တက်လာခဲ့သည်။

"ဈေးတက်တာက နိုင်ငံခြားဝယ်ဈေးတက်လို့ လိုက်တက်တာဆိုပေမယ့် အပြင်ဈေးတက်သလောက်တော့ လိုက်မတက်သေးဘူး။ ဈေးက တက်ရိပ်ရှိပေမယ့် ကုန်သည်တွေ ထုတ်ရောင်းတဲ့ပဲပေါ်မူတည်ပြီး ဈေးနှုန်းအတက်အကျရှိနိုင်တယ်"ဟု ပဲကုန်သည်တစ်ဦးကပြောသည်။



ပဲဈေးကောင်းလာခြင်းကြောင့် ပဲကောင်းများတွင် မိုးမိပဲများ ရောလာပါက နိုင်ငံခြားဈေးတက်သော်လည်း ပြည်တွင်းဈေးကျဆင်းလာနိုင်ကြောင်းသိရသည်။

ပဲဈေးကွက်တွင်ရောင်းအားအကောင်းဆုံးဖြစ်သော မတ်ပဲမှာ ဈေးနှုန်းများစွာ ပြောင်းလဲမှုမရှိကြောင်း ပဲကုန်သည်များကပြောသည်။

ယခုရက်ပိုင်း မတ်ပဲဈေးနှုန်းများမှာ မတ်ပဲ Raw တစ်တန်လျှင် ၆၁၀,၀၀ ကျပ်၊ RC တစ်တန်လျှင် ၆၂၆,၀၀၀ ကျပ်၊ SQRC တစ်တန်လျှင် ၇၃၇,၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ပြုလုပ်နေကြကြောင်းသိရသည်။ ပဲစင်းငုံနီ RC မှာလည်းတစ်တန်လျှင်၅၃၀,၀၀၀ ကျပ်ဈေးဝန်းကျင်ဖြင့် ဈေးနှုန်းအတက်အကျမရှိကြောင်း ပဲကုန်သည်များကပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၂၇ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၄ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၆၈ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၇ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၄ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၈၉၄ | ကျပ် |

၂၀၁၁ မေ ၂၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၆၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၀၆၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၆၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၄၉၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၉၄ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၈၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၂. ၇၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၂၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၅၇. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၇၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၇၃၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၂၅၈၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၀. ၉၃၇၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ဒေါ်လာ | ၂၈. ၁၂၂၃ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၅၀၈. ၄၀၀ |
| ရေနံစိမ်း | စည် | ၁၁၂. ၃၉၀ |
| ငွေ | ၁ အောင်စ | ၃၅. ၀၈၇ |
| ကြေးနီ | ပေါင် | ၄၁၂. ၁၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၂၃၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ မေ ၂၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# မွေးမြူရေးအစားအစာ ဈေးတက်နိုင်ဟုဆို

**သန်းဌေး**

**ရန်ကုန်၊ မေ - ၁၀**

မိုးရာသီကာလတွင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းသုံးအစားအစာများ ရှားပါးလာ၍ ဈေးတက်လာနိုင်ကြောင်း မြန်မာနိုင်ငံ၊ ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများ အသင်းဥက္ကဋ္ဌ ဦးအုန်းလွင်ကပြောသည်။ စာ(၃၄)သို့



7 DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011




# ရွှေဈေးနှုန်း ၆၆၅,၀၀၀ ကျပ်အောက် စတင်ကျဆင်း

သိမ့်သိမ့်စိုး

ရန်ကုန်၊ မေ-၁၈


ကမ္ဘာ့ရွှေဈေးနှုန်းများ ကျဆင်းနေခြင်းကြောင့်ပြည်တွင်းရွှေဈေးနှုန်းများမှာ တစ်ကျပ်သားလျှင် ၆၆၅,၀၀၀ ကျပ်အောက်သို့စတင်ကျဆင်းလာခဲ့ကြောင်း ရွှေဈေးကွက်တွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းတစ်အောင်စလျှင် ၁,၅၃၀ ဒေါ်လာဝန်းကျင်မှ ယခုရက်ပိုင်း ၁,၄၈၅ ဒေါ်လာဝန်းကျင်ထိ ဈေးနှုန်းများကျဆင်းလာခဲ့သည်။ ထို့ကြောင့်ပြည်တွင်းရွှေဈေးမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၇၅,၀၀၀ ကျပ်ဝန်းကျင်မှ၆၆၄,၅၀၀ ကျပ်ထိ ကျဆင်းလာသည်။

ယခုကဲ့သို့ ဈေးနှုန်းများကျဆင်းလာခြင်းကြောင့် ရွှေအရောင်းအဝယ်ဈေးကွက်တွင် အထည်ဈေးကွက် အရောင်းအဝယ်သွက်လာသကဲ့သို့ အပိုင်းဈေးကွက်တွင်လည်း လုပ်ငန်းရှင်အချို့ပြန်လည် အရောင်းအဝယ်ပြုလုပ်လာခဲ့ကြောင်း သိရသည်။

"ဒီဈေးက ကြိုက်ဈေးတန်းဖြစ်နေတော့ အရောင်းအဝယ်ကောင်းတယ်။ အပိုင်းဈေးကွက်မှာဆို သကြၤန်ပြီးကတည်းက အရောင်းအဝယ်မဖြစ်တာ ဒီရက်ပိုင်းမှပြန်ဝယ်လာကြတယ်"ဟု ရွှေဆိုင်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

လက်ရှိကာလတွင် ပြည်တွင်းရွှေဈေးနှုန်းမှာ ကမ္ဘာ့ရွှေ



ပေါက်ဈေးနှင့်စာပါက တစ်ကျပ်သားလျှင် ၅,၀၀၀ ကျပ်ဝန်းကျင်ဈေးမြင့်နေခဲ့ကြောင်း သိရသည်။

"ရွှေက အတက်အကျခန့်မှန်းရတော့ ခက်နေတယ်။ ဒါပေမဲ့ ကမ္ဘာ့ရွှေဈေးကျရင်တော့ ဈေးက ဆက်ကျနိုင်တယ်။ ဒါပေမဲ့ ၆၅၀,၀၀၀ ကျပ်အောက်တော့ မကျနိုင်ဘူး"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။




## စာ(၃၃) - မွေးမြူရေးအစားအစာ ဈေးတက်နိုင်ဟုဆို မှ

"ကြိတ်ခွဲမှုနည်းတော့ အစာရှားမယ်။ အစာရှားတော့ ဈေးတက်မယ်။ ဒါကို အစာပြတ်မှာကြောက်ပြီး အတင်းလိုက်ဝယ်ကြတော့ အစာပြတ်လပ်မှုဖြစ်လာမယ်"ဟု ၎င်းကပြောသည်။

မွေးမြူရေးလုပ်ငန်းသည် စိုက်ပျိုးရေးကိုအခြေခံကာ သီးနှံကြိတ်ခွဲရာမှထွက်လာသော ဘေးထွက်ပစ္စည်းကို အားထားနေရကြောင်း အသင်းဥက္ကဋ္ဌကပြောသည်။

ယခုအခါ စားအုန်းဆီကို ပြည်ပမှ လွတ်လပ်စွာတင်သွင်းခွင့်ပေးလိုက်သောကြောင့် မြေပဲဆန်ကို ကြိတ်ခွဲမှုလျော့လာနိုင်သည်။ မြေပဲဆန်ဈေးမကျသော်လည်း ဆီဈေးကျလာနိုင်ကြောင်း ဆီစက်များမှ ကြိတ်ခွဲမှုကိုထိန်းထားနိုင်ကြောင်း ၎င်းကပြောသည်။

"ဒါဆို ဆီကြိတ်ရာကထွက်မယ့် မြေပဲဖတ်၊ နှမ်းဖတ်ဈေးတက်လာမယ်"ဟု ၎င်းကပြောသည်။

ထို့ကြောင့် မွေးမြူရေးအစာဖြစ်သော ပဲပုပ်ဖတ်၊ ဖွဲနုခြောက်နှင့် ပဲဖတ်များမှာ ပြည်ပမှ ကြိုတင်သွင်းထားကြရန် လိုအပ်မည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

"ပဲဆီဈေး တစ်ပိဿာ ၂,၅၀၀ ကျပ်အောက်ဆို ရှုံးပြီ။ ဒါဆို မရောင်းနိုင်ဖြစ်မယ်။ မျှခြေပျက် ရင် ကျွန်တော်တို့စက်ရပ်ထားရမယ့်အဖြစ်ပဲ"ဟု ရောဝတီမြေပဲဆီထုတ်လုပ်ရေးမှ ဦးခင်စိုးက ပြောသည်။ ယခုရက်ပိုင်းအတွင်း ပဲဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ၄,၀၀၀ ကျပ်ဖြစ်ကြောင်း လက်လီဆီဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

တိရစ္ဆာန်အစာ၊ ဈေးနှုန်းနှင့်ပစ္စည်းအဆင်ပြေရန်မှာ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များရန်လိုအပ်သကဲ့သို့ ဆီထွက်၊ သီးနှံနှင့်စပါးအထွက်ကောင်းရန်လည်း လိုအပ်ကြောင်း၊ ဆီဈေး၊ ဆန်ဈေးနှုန်းများ မျှမျှတတရှိနေပါက အားလုံးအဆင်ပြေနေမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။



## 7DAY BOOK REVIEW

# ဒို့ဘဝဆေးကျောင်း မမေ့စကောင်း (ပါမောက္ခဒေါက်တာ အောင်ခင်-ခွဲစိတ်)



လူတိုင်းလူတိုင်း ငယ်စဉ်ဘဝ အမှတ်တရများကို အမြဲလွမ်းဆွတ် သတိတရရှိကြစမြဲပင်ဖြစ်သည်။ ငယ်စဉ်ကျောင်းသားဘဝ၊ထိုမှ တစ်ဖန် လုပ်ငန်းခွင်ဝင်စဘဝ ထိုမှတစ်ဆင့်တက်ကာ အိမ်ထောင်သည်ဘဝ စသည့်စသည့် ဖြစ်ပျက်ခဲ့ကြသည့် အမှတ်တရအဖြစ်အပျက်များအား မမေ့နိုင်မပျောက်နိုင် သတိရကြမြဲဖြစ်သည်။

ထိုသို့ သတိရခြင်းများအားအချို့ကလည်း ငယ်ပေါင်းကြီးဖော်တွေစုံတိုင်း တသသပြန်ပြောင်းပြောတတ်ကြသလို အချို့ကလည်း စာတစ်စောင်ပေတစ်ဖွဲ့ဖန်တီး၍ စာဖတ်သူများထံ အရောက်ပေးပို့လေ့ရှိကြသည်။

စာဖတ်သူများထံအရောက် ပေးပို့ကြသူများထဲ၌ စာရေးခြင်းအတတ်ပညာတွင် ထူးချွန်သူများသည်ထူးချွန်သည့်အလျောက် စာဖတ်သူများသည် ယင်းတို့၏ အမှတ်တရ ဘဝစာမျက်နှာများထဲမှ သင်ခန်းစာယူစရာ အတုယူအားကျစရာပျော်ရွှင်ကြည်နူးစရာများကို ရရှိကြပါသည်။

ယခုလည်း ဆရာဝန်စာရေးဆရာများထဲမှတစ်ဦးဖြစ်သူ ခွဲစိတ်ပါမောက္ခဒေါက်တာအောင်ခင်က သူ၏ ဆေးကျောင်းသားဘဝ အတွေ့အကြုံများကို "ဒို့ဘဝဆေးကျောင်း မမေ့စကောင်း"ဟူသော အမည်ဖြင့်ဆေးကျောင်းသားဘဝ အမှတ်တရစာအုပ်တစ်အုပ်ထွက်ပေါ်လာပါသည်။

ဒေါက်တာအောင်ခင်က သူ ဆေးကျောင်းတက်စဉ်က တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်လေးများအား သူတတ်စွမ်းသည့် စာရေးခြင်းအတတ်ပညာနှင့် စာဖတ်သူများဖတ်ကောင်းစေရန်ရည်ရွယ်ဖန်တီးထားသည်။

ဒေါက်တာအောင်ခင်တို့ တက်ခဲ့ရသောဆေးကျောင်းသည် ယနေ့ခေတ်ဆေးကျောင်းများကဲ့သို့မဟုတ် အခက်အခဲများကြားမှ ထွန်းထွန်းပေါက်ပေါက်ဖြစ်စေရန် ကြိုးစားသင်ယူခဲ့ရသည့် အချိန်ကာလဖြစ်သည်။

သို့သော် ထိုခေတ်အချိန်က ပညာသင်ယူကြသူများသည် ခက်ခဲပင်ပန်းစွာဖြင့်ပင် မိမိတို့သင်ယူကြရမည့် ပညာရပ်များအား တန်ဖိုးထားစွာ ကြိုးစားပမ်းစားသင်ယူကြသည်ကို ဒေါက်တာအောင်ခင်၏စာအုပ်တွင် တွေ့ရသည်။

စာအုပ်၏ အမည်သည် "ဒို့ဘဝဆေးကျောင်းမမေ့စကောင်း" ဟုဆိုသော်လည်း ဆေးကျောင်းတက်ခဲ့ရသည့် အဖြစ်အပျက်များသာမဟုတ် ဆေးကျောင်းတက်နေစဉ်ဖြစ်ပျက်ခဲ့သည့် ခေတ်ပြိုင်ဖြစ်စဉ်များကိုလည်း ထည့်သွင်းရေးသားထားသဖြင့် ထိုခေတ်နှင့် လက်လှမ်းမမီသူများအဖို့ ဗဟုသုတရစရာဖြစ်ပါသည်။

စာအုပ်တွင်ဆေးပညာလောကနှင့် တပ်မတော်သမိုင်းတွင်ပါ မော်ကွန်းထိုးရလောက်သည့် ဆေးကျောင်းသား အာဇာနည်ဗိုလ်ကြီး သူရမွန်ထော်သက်ညွန့် အကြောင်းအားလည်း တစေ့တစောင်းဖော်ပြထားရာနှောင်းခေတ်လူများအတုယူဖွယ်ရာ ဖြစ်ပါသည်။ ထို့အပြင် ဆေးကျောင်းထဲတွင်ထားရှိသည့်အလောင်းများအခန်းသို့ သွာရောက်ကြပုံ ကြံတောသချိုင်းတွင် တစ္ဆေခေါ်သည့် အခန်းတို့မှာ လူငယ်ဘာသာဘာဝ စူးစမ်းလိုစိတ်နှင့်ပျော်ရွှင်စိတ်များကို ဖော်ပြနေသည့် အခန်းများပင်ဖြစ်သည်။

အလားတူ ဆေးတက္ကသိုလ် တတိယနှစ်အရောက် လက်တွေ့ဆင်းရသည့် အတွေ့အကြုံ များ အလုပ်သင် ဆရာဝန်ဘဝ အတွေ့အကြုံများသည် လက်ရှိဆေးကျောင်းတက်နေဆဲ ကျောင်းသားများနှင့် ဆရာဝန်ဘဝကို စိတ်ဝင်စားသူများအတွက် ဗဟုသုတရဖွယ်ဖြစ်ပါသည်။

စာရေးသူသည် သူ၏စာအုပ်တွင် ဆေးကျောင်းတက်ရသည့် အတွေ့အကြုံများသာမက ဆေးပညာ၏ အရေးပါပုံနှင့် ထိုဆေးပညာများကို တွေ့ရှိခဲ့သူများ၏ တန်ဖိုးကိုလည်း ထည့်သွင်းရေးသားထားသဖြင့် ဆေးပညာ၏တန်ဖိုးနှင့် တီထွင်သူများ၏တန်ဖိုးကို သိရှိသဘောပေါက်ရသည်။

ပညာရှင်စာပေတိုက်၏ ပွဲဦးထွက်စာအုပ်အဖြစ်ထုတ်ဝေခြင်းဖြစ်ပြီး တန်ဖိုး ၃,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge

### မွှေးပျံ့တဲ့ ကိုယ်သင်းရနံ့ထွက်စေတဲ့ဆေး

ဆေးပြားငယ်တစ်ခုက ခန္ဓာကိုယ်တွင်းကို အပူဓာတ်ထုတ်ပေးပြီး ချွေးပြန်အောင်ပြုလုပ်မည်ဖြစ်သည်။ ယင်းကြောင့်ချွေးနံ့ပျောက်ဆေးများနှင့် တန်ဖိုးကြီးရေမွှေးပုလင်းများကို လွှင့်ပစ်ချင်စိတ်ပေါက်သွားမည်ဖြစ်သည်။ ဘရာဇီးနိုင်ငံသား သုတေသီများအဖွဲ့သည် ခန္ဓာကိုယ်မှထုတ်လွှတ်သော အနံ့ဆိုးများအစား မွှေးပျံ့သောကိုယ်နံ့ထွက်စေသည့်ဆေးကိုတီထွင်နိုင်ခဲ့ကြသည်။

ဆီယာရာရှိ Federal တက္ကသိုလ်မှ သုတေသီများသည် ကြက်သွန်ဖြူ ကညွတ်နှင့်ဟင်းများက အရေပြား၊ ဆီးနှင့်ချွေးတို့တွင် အနံ့ဆိုးများထွက်စေခြင်းကို တားဆီးနိုင်ရန်အတွက် တီထွင်ခဲ့ခြင်းဖြစ်သည်။ Fyber Sense ဆေးပြားကို သောက်သုံးပါက ချွေးထွက်လာလျှင်လာဗန်ဒါပန်းနံ့ ထုတ်လွှတ်ပေးပြီး သဘာဝဆေးမြစ်များနှင့်ထုတ်လုပ်ထားသည်ဟု သိရသည်။ Fyber Sense ဆေးပြားကို ကျန်းမာရေးဆိုင်ရာပညာရှင်များ၏ ထောက်ခံချက်ရရှိရန်နှင့်ကမ္ဘာတစ်လွှားရောင်းချနိုင်ရန်အတွက် နှစ်အနည်းငယ်ကြာသည်အထိ လေ့လာစမ်းသပ်မှုများပြုလုပ်ရဦးမည်ဟု သိရသည်။

*—Source: Reader's Digest*

## တစ်ပတ်တာကံကြမ္မာ

မေ ၂၅ ရက် မှ ၃၁ ရက် အထိ

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ကြိုတင်တွက်ဆထားသည်နှင့် လက်တွေ့ဖြစ်ပေါ်မှုကို အလုံးစုံ အံချော်နေတတ်သည်။ ပုံသေတွက်ဆပြီး လုပ်မရ။ ဆုံးဖြတ်ထားသည့်ကိစ္စများ မဖြစ်မနေ ဦးတည်ချက်ပြောင်းရမည်။ ဆုံးဖြတ်ချက်ပြင်ရမည်။ ဤသို့အပြောင်းအလဲဖြစ်ရန် အခြေအနေ အရပ်ရပ်က ဖန်တီးမည်။ ငွေကြေးနှင့်ပတ်သက်၍လည်း သတိရှိရမည်။ လက်လွှန်ဆုံးရှုံးသွားမှုများရှိက အတိုင်းအတာ အလွန်များသွားတတ်သည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အလုံးစုံကောင်းသည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ ရန်များကြားမှ အရာရာအောင်မြင်မှုရမည်။ ဘဝတိုးတက်ခြင်းများ အခိုင်အမာဖြစ်မည်။ စိတ်ပင်ပန်းမှုများကြားမှ တိုးတက်မှုရရှိမည်။ ကာလအတန်ကြာ ဆောင်ရွက်ထားသည်များကို အပြီးသတ်ဆောင်ရွက်နိုင်မည်။ ခရီးကိစ္စ၊ အလုပ်ကိစ္စအထူးအောင်မြင်မည်။ စီးပွားကံကောင်းမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

နာမည်အောင်မြင်မှုရှိမည်။ လုပ်သမျှ လူသိထင်ရှားဖြစ်မည်။ ဥစ္စာကံတက်လမ်းပွင့်မည်။ အခက်အခဲကြားမှ တိုးတက်ခြင်းနှင့် အောင်မြင်မှုများ ဖန်တီးရရှိမည်။ ငွေများတစ်ပြိုင်နက်တည်း သုံးစွဲပစ်ရတတ်သည်။ ကပ်စေးနည်းသူများပို၍ ငွေကုန်မည့်ကိန်းဖြစ်သည်။ အလုပ်ပို၊ ကိစ္စပိုများကြုံမည်။ ကျန်းမာရေးတွင် ကြီးမားသော အညံ့မရှိ။ လမ်းကူး၊ လမ်းဖြတ်သတိရှိရမည်။ ရေနှင့်ပတ်သက်သည့် ခရီးရှည်သွားလာခြင်း ရှောင်ပါ။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အလုပ်တိုးတက်မည်။ ရည်ရွယ်ချက်အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ မိတ်ကောင်း၊ ဆွေကောင်း အထောက်အကူရမည်။ ပေါ်လာသည့် အခြေအနေပေါ် လက်တွေ့အသုံးချ၍ ထူးခြားသည့် ဘဝအလှည့်အပြောင်းများဖြစ်မည်။ အလုပ်နှင့်ပတ်သက်သော ကံအထူးကောင်းသည်။ ကံကြောင့်လည်း ငွေဝင်ကိန်းရှိသည်။ အပျောက်အရှုများမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်တတ်သည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

မှန်းသည်တစ်မျိုး၊ လက်တွေ့တစ်မျိုး အလွန်ပင် အလွဲလွဲ အချော်ချော်နိုင်သည့် ကာလဖြစ်ပါသည်။ ကျန်းမာရေးပိုင်း အညံ့ရှိမည်။ ကာလအတန်ကြာ ဝေးကွာနေသူများနှင့် ပြန်လည်စုစည်းဆုံစည်းမည့် ကာလဖြစ်သည်။ ထွက်ပေါက်ရှာပြီး ငွေကုန်မည်။ ဤကာလအတွင်းဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချမည်ဆိုက တစ်ကြိမ်မကစဉ်းစား၍ အချိန်ယူပါ။ ပြီးမှဆုံးဖြတ်ပါ။ ပစ္စည်းအပျောက်အရှုသတိထားပါ။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ရင်းနှီးသူများနှင့် စကားများရတတ်သည်။ အယူအဆမတူသောသူများနှင့်ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်ရမည်။ ကြန့်ကြာနေသည့် ရပိုင်ခွင့်များ လက်ဝယ်ပြန်ရအောင် ဆောင်ရွက်နိုင်သည့်ကာလဖြစ်သည်။ ရပ်ဝေး၊ တိုင်းတစ်ပါးနှင့် ဆက်စပ်သော ကိစ္စများဆောင်ရွက်အကျိုးပေးမည်။ ပျိုရွယ်သူများအဖို့ မေတ္တာရေးတွင် အနည်းငယ်အညံ့ရှိသည်။ ရေတွင်ပျော်ပါးခြင်း တတ်အားသမျှရှောင်ပါ။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အထူးစန်းပွင့်မည်။ ပြောစကား၊ ဆိုစကားအောင်မြင်မည်။ မိမိဖြစ်လိုသည်များ၊ ဆန္ဒရှိသည်များ ပြည့်ဝမည်။ စုပေါင်းတွဲဖက်လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။ အမျိုးသမီး မိတ်ဆွေအကြီးအကဲထံမှ အကူအညီရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးသည်။ ပျိုရွယ်သူများအဖို့ အိမ်ထောင်ကိစ္စ၊ မင်္ဂလာကိစ္စများ ကြုံတွေ့ရမည်။ မိသားစုတွင် အလှူအတန်းပြုရမည်။ ရန်အနှောင့်အယှက်များမည်။ ကြီးမားသော အညံ့ မဟုတ်ပါ။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

မိမိဆောင်ရွက်ထားသည့် ကိစ္စများမှ အကျိုးဆက်ကောင်းများ ရရှိမည်။ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည် ဖော်နိုင်မည်။ ရုတ်တရက်ဆုံးဖြတ်လိုက်သည့် ကိစ္စများမှ ထူးခြားသော အောင်မြင်မှုများ ရရှိမည်။ ငွေရေး၊ ကြေးရေးကိစ္စများ၊ အလုပ်ကိစ္စများတွင် ရဲရဲရှေ့တိုး၍ လုပ်သင့်သော ကာလဖြစ်သည်။ မြှုပ်နှံထားသည့် ငွေကြေးများမှ အကျိုးအမြတ်ရရှိမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အကြံသစ်များ အောင်မြင်မည်။ ရည်ရွယ်ချက်သစ်များကို လက်တွေ့အကောင်အထည်ဖော်ရန်အခါကျရောက်သည်။ အလွန်စိတ်ရှည်သည်းခံရမည့် ကာလဖြစ်သည်။ ပြဿနာများကိုလည်း သတိနှင့် ကိုင်တွယ်ရမည်။ မိမိဆောင်ရွက်လိုက်သည်များမှ အခက်အခဲများဖြေရှင်းနေရမည်။ အတိုက်အခံ၊ အခက်အခဲများကြုံမည်။ အာမခံခြင်း၊ တာဝန်ယူခြင်းများ ရှောင်ပါ။ ကျန်းမာရေး ဂရုစိုက်ပါ။ အနေအထိုင်သတိရှိပါ။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ကျန်းမာရေး ဂရုစိုက်ရမည်။ ရန်နှင့်ယှဉ်၍ လုပ်ငန်းများလုပ်ရမည်။ စိတ်အနှောင့်အယှက်များတစ်မျိုးပြီးတစ်မျိုးပေါ်မည်။ မိမိအပေါ် စိတ်ဒုက္ခပေးသော သူများနှင့် နေ့စဉ်ရင်ဆိုင်နေရမည်။ ကိုယ့်ကိစ္စထက် တစ်ပါးသူကိစ္စအတွက် အချိန်ပေးဆောင်ရွက်နေရမည်။ လုပ်ငန်းခွင်မှ သူများအဖို့ အလွန်သတိရှိရမည့် ကာလဖြစ်သည်။ အမှားအယွင်းများတစ်မျိုးပြီး တစ်မျိုးပေါ်မည်။ ခက်ခဲသော ပြဿနာများကို ဖြေရှင်းနေရမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အကောင်းအဆိုး ရောထွေးနေသည်။ ငွေကြေးကံကောင်းမည်။ ကိုယ်လုပ်နေသော ကိစ္စတွင် စိတ်မဝင်စားသလို ဖြစ်မည်။ လုပ်ငန်းတွင် မကြာခဏ ပြဿနာဖြစ်မည်။ သူတစ်ပါးက ကိုယ့်ကိုအကြောင်းမဲ့ အနှောင့်အယှက်ပေးပြီး အကျိုးမဲ့အောင်ပြုမည်။ မကောင်းသတင်းအတင်းအဖျင်းပြောမည်။ ကျိန်းသေတွက်ဆထားသည်များ တလွဲတချော်ဖြစ်မည်။ ကိုယ်ကကူညီထားသူကပင် ကျေးဇူးမသိသော ကိန်းဆိုက်မည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အလုံးစုံကောင်းသည်။ ဆောင်ရွက်သမျှ အဆင်ပြေမည်။ အကြံသစ် ရည်ရွယ်ချက်သစ်များ လက်တွေ့အကောင်အထည် ဖော်နိုင်သည်။ အပြောင်းအလဲနှင့် တက်လမ်းပွင့်မည်။ ငွေကြေးကံ၊ စီးပွားကံ တိုးတက်မည်။ အလုပ်ကိစ္စအောင်မြင်မည်။ ခရီးနှင့်ပတ်သက်သော ကံကောင်းသည်။ အစာအိမ်၊ ဝမ်းဗိုက်ဒုက္ခပေးတတ်သည်။ အဆုတ်အအေးမိတတ်သည်။ အသွားအလာ၊ အနေအထိုင် အထူးဂရုစိုက်ပါ။

7DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011



# ရွှေဆိုမှ ရွှေ သယံဇာတလေ

ကြည်နေဝင်းမင်း

တန်ဖိုးတစ်ခုကို အဆုံးစွန်ဆုံး ထိန်းသိမ်းထားသော ပစ္စည်းဟူသော 'ရွှေ' ၏ ရပ်တည်ချက်မှာ ရာစုနှစ်ပေါင်းများစွာပင် မပြောင်းမလဲတည်ရှိခဲ့ပါသည်။ ရွှေသတ္တုများ၏ ရှားပါးမှုကလည်း တန်ဖိုးသင့်ပေးချေခြင်းတစ်ခုအတွက် ယုံကြည်စိတ်ချထားသော ပစ္စည်းအဖြစ် အသိအမှတ်ပြုမှု ရရှိထားသည်။

သို့ဖြစ်လာခြင်းမှာလည်း မတော်တဆ သမိုင်းဝင်ဖြစ်ရပ်တစ်ခု(သို့မဟုတ်)တိုက်ဆိုင်မှုကြောင့်မဟုတ်ပေ။ အခြားအရာဝတ္ထုများမှာရွှေ၏ ဂုဏ်သတ္တိများ မရှိဟူသောအကြောင်းပြချက် ရိုးရိုးလေးကြောင့်ပင်ဖြစ်သည်။ အခြားအရာဝတ္ထုများ (ရှားပါးသတ္တုများ) မှာပေါများလွန်းခြင်း၊ ဓာတုဗေဒတုံ့ပြန်မှုရှိခြင်း၊ ပျက်စီးလွယ်ခြင်း စသည့်အခြင်းအရာများ ရှိသည်။ အများစုမှာ ရှားရှားပါးပါးမရှိခြင်းဖြစ်သည်။

လူ့သမိုင်းတစ်လျှောက်တွင်လည်း ဧကရာဇ်များ၊ ဘုရင်များ၊ ဘုရင်မများ၊ နိုင်ငံတော်အစိုးရများ၊ ဗဟိုဘဏ်များနှင့် ရင်းနှီးမြှုပ်နှံသူများသည် 'ရွှေ' သာလျှင် ၎င်း၏ တန်ဖိုးကို ထိန်းသိမ်းထားနိုင်သည်ဟု ယုံကြည်ခဲ့ကြသည်။ ယင်းမှာလည်း ရိုးရိုးလေးပင်ဖြစ်သည်။ ရွှေမှလွဲ၍ အခြားပစ္စည်းများ၊ ငွေကြေး၊ ချက်လက်မှတ်၊ အစိုးရငွေတိုက်ဘွန်းတို့မှာစိတ်ကြိုက်ထုတ်နိုင်ခြင်း(သို့မဟုတ်)ပုံနှိပ်နိုင်ခြင်းကြောင့် ဖြစ်သည်။ ရွှေသတ္တုသာလျှင် အကန့်အသတ်ရှိသည့် အကောင်အထည်ပြနိုင်သောပိုင်ဆိုင်မှု(ပစ္စည်း)ဖြစ်သည်။

ထို့အတွက်ကြောင့်လည်း ရင်းနှီးမြှုပ်နှံသူများက 'ရွှေ' ကို ငွေကြေးဖောင်းပွမှုအားထေမိစေသည့် အကောင်းဆုံးပစ္စည်းဟု ရှုမြင်ခဲ့ကြသည်။ အမြတ်ရရန်၊ ငွေရှာရန်မဟုတ် ငွေတန်ဖိုး မဆုံးရှုံးစေရန်ကာကွယ်ခြင်းဖြစ်သည်။

သို့သော် ယခုအခါ အားလုံးပြောင်းလဲလာပါသည်။ လွန်ခဲ့သောဆယ်နှစ်အတွင်း ရွှေမှာတန်ဖိုးတရိပ်ရိပ်တက်လာသည်။ ဆယ်စုနှစ်အတွင်းမှာပင် တန်ဖိုးငါးဆတက်လာခဲ့ပြီး ရွှေတစ်အောင်စလျှင် ကန်ဒေါ်လာ ၁၅၀၀ သို့ရောက်ရှိလာသည်။ ထို့အတွက်ရွှေကို တန်ဖိုးထိန်းသိမ်းသည့်ပစ္စည်းအဖြစ်သာ မမြင်ကြတော့ဘဲ မြိုးမြိုးမြက်မြက် အမြတ်ရနိုင်သော ရင်းနှီးမြှုပ်နှံမှုအဖြစ် သဘောထားလာကြသည်။

အတိုးနှုန်းနည်းပါး၍ ငွေစုဆောင်းခြင်းမှာ ဆွဲဆောင်မှုလျော့ပါးလာခြင်း၊ ရေတိုအခြင်းအရာများဖြစ်သည့် အရှေ့အလယ်ပိုင်းနှင့် မြောက်အမေရိကဒေသ၌ မငြိမ်မသက်ဖြစ်ခြင်း စသည်တို့ကို ဘေးဖယ်ထားလျှင်ပင် ရပ်တန့်မရအောင် ရွှေဈေးတက်လာခြင်း၏ နောက်ကွယ်တွင် အရေးပါသည့် အကြောင်းအရာ သုံးမျိုးရှိသည်။

ပထမအကြောင်းအရာမှာ ကမ္ဘာတစ်ဝန်းတွင် ငွေရေးကြေးရေးအရ သက်သာရာရစေခြင်းဟူ၍ ငွေကြေးအမြောက်အမြားတိုးမြှင့် ပုံနှိပ်ထုတ်ဝေနေရာ ငွေကြေးဖောင်းပွမှု မြင့်တက်လာပြီး ငွေသားထက် ရွှေမှာ ဆွဲဆောင်မှုပိုရှိလာသည်။ ဒုတိယအကြောင်းအရာအားဖြင့် ခိုင်မာသည်ဟု သာမန်အားဖြင့် ယူဆထားသည့် ကမ္ဘာသုံးငွေကြေးများမှာလည်း ယိမ်းယိုင်နေပုံရသည်။ အမေရိကန်ဒေါ်လာမှာ အားနည်းနေသည်။ တောင်လိုပုံနေသော အစိုးရကြွေးမြီပြဿနာကို အစိုးရက ကိုင်တွယ်ဖြေရှင်းရန် စိတ်အားမထက်သန် (သို့မဟုတ်) မဖြေရှင်းနိုင်ဖြစ်နေသည်။ ယူရိုငွေကြေးမှာလည်း အလားတူပြဿနာများကြုံတွေ့နေရ၍ အားနည်းနေသည်။





နောက်ဆုံးအချက်မှာ အရှေ့နှင့်အနောက် စီးပွားရေးအရ မျှခြေမညီမျှမှု ဖြစ်သည်။ အရှေ့ကမ္ဘာမှ ငွေစုဆောင်းသူများနှင့် အနောက်ကမ္ဘာမှ ငွေသုံးစွဲသူများဟူသော ဆန့်ကျင်ဘက်အနေအထားတွင် အနာဂတ်ကမ္ဘာ စီးပွားရေးဦးတည်ရာကို စိတ်မချနိုင်ဖြစ်နေကြသည်။ ရင်းနှီးမြှုပ်နှံမှု မန်နေဂျာတစ်ဦးကမူ 'ရွှေ' သည် မရေရာ မသေချာမှုကို ပြသနေသည့် ဘာရိုမီတာတစ်ခုဟုဆိုပါသည်။

ယင်းအခြေအနေတွင် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ချမ်းသာကြွယ်ဝလာသည့် လူလတ်တန်းစားများက ရွှေနှင့် ရွှေထည်ပစ္စည်းဝယ်ယူမှု မြင့်တက်လာသလို၎င်း နှစ်နိုင်ငံ ဗဟိုဘဏ်များကလည်း ရွှေချောင်းများ ဝယ်ယူမှု တိုးမြှင့်လာရာ 'ရွှေ' မှာ ရင်းနှီးမြှုပ်နှံရန်ဆွဲဆောင်မှုရှိလာသည်သာမက သေချာပေါက်အမြတ်ရနိုင်သည့်ပစ္စည်း ဖြစ်လာခဲ့သည်။

သို့သော် ရွှေမှာ ရင်းနှီးမြှုပ်နှံစရာ ပစ္စည်းမဟုတ်ကြောင်း စိစစ်လေ့လာသူ အများစုကဆိုပါသည်။ "ရွှေကို ရင်းနှီးမြှုပ်နှံစရာလို့မြင်လာတာ မှားပါတယ်" ဟု Fidelity Investments မှရင်းနှီးမြှုပ်နှံမှုဒါရိုက်တာ တွန်စတီဗင်ဆင်က ဆိုပါသည်။

"ရွှေက ဝင်ငွေတစ်ရပ်မပေးပါဘူး။ တန်ဖိုးသင့်ဖို့လည်း မဖြစ်နိုင်ပါဘူး။ ဈေးတက်လာတယ်ဆိုတာ'ဝယ်ထား'ဆိုတဲ့ထောက်ခံချက်မဟုတ်ပါဘူး။ တကယ်တော့ အဲဒါနဲ့ဆန့်ကျင်ဘက်ပါပဲ" ဟူ၍ မစ္စတာစတီဗင်ဆင်က ဆက်ပြောပါသည်။

ဒေါ်လာ၏ ရေ့အလားအလာအားနည်းနေသောကြောင့် ရွှေဈေးနှုန်း မကြာမီကျဆင်းလာမည်ဟု မစ္စတာစတီဗင်က မမျှော်လင့်သော်လည်း ရေရှည်တွင် ရွှေဈေးနှုန်း အစစ်အမှန်မှာ ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် ဆက်စပ်နေကြောင်း၊ သို့ဆိုလျှင် ယင်းကုန်ကျစရိတ်မှာ တစ်အောင်စ ဒေါ်လာ ၁၅၀၀ ထက်များစွာလျော့နည်းပါသည်။ ထုတ်လုပ်မှုကုန်ကျစရိတ်ထက် မြင့်မားသော ဈေးနှုန်းမှန်သမျှမှာ ဈေးတက်မည်ဟု ကြိုတင်ခန့်မှန်းဆချက်များသာဖြစ်ကြောင်း ၎င်းကဆိုပါသည်။

လက်ရှိတွင်လည်း ငွေကြေးဖောင်းပွမှုကို ခွာချလိုက်ပါက လက်ရှိရွှေဈေးနှုန်းမှာ ၁၉၈၀ ခုနှစ်တွင် အထွတ်အထိပ် ကာလဈေးနှုန်းထက် လျော့နည်းနေဆဲဖြစ်သည်။ ငွေကြေးဖောင်းပွလာမှုနှင့်ပြန်လည် ထိန်းညှိလိုက်ပါက ဈေးနှုန်းမှာ ကန်ဒေါ်လာ ၂၀၀၀ အထိပင် ရောက်ရှိနေရပါမည်။

ယင်းအချက်ကို အခြားပိုင်ဆိုင်မှု စီမံခန့်ခွဲရေး ကုမ္ပဏီတစ်ခု၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူယိုဂီဒီဝမ်ကလည်း သဘောတူညီပါသည်။ လက်ရှိရွှေဈေးမြင့်တက်လာခြင်းမှာ ကြိုတင်မှန်းဆခြင်းနှင့် အကြောက်တရားဖြင့် ကုန်သွယ်မှုများကြောင့်ဖြစ်ကြောင်း ၎င်းကဆိုပါသည်။ ရွှေဈေးကန်ဒေါ်လာ ၁၅၀၀ ဆိုသည်မှာ အချိန်မရွေးပေါက်ထွက်နိုင်သည့် ပူဖောင်းကဲ့သို့ ဖြစ်နေကြောင်း ၎င်းကဆိုသည်။

ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထလာ၍ ငွေကြေးအတိုးနှုန်းများ မြင့်တက်လာပါက ရွှေဈေးထိုးကျသွားနိုင်ကြောင်း မစ္စတာဒီဝမ်က ပြောကြားပြီး ဈေးပြုတ်ကျသွားမည်ဆိုလျှင် ကန်ဒေါ်လာ ၁,၁၀၀ အထိပင် ရောက်ရှိသွားနိုင်သည်ဟု ၎င်းကဆိုပါသည်။

မည်သို့ပင်ဆိုစေ ကမ္ဘာ့ရွှေဈေးမှာ တက်ရိပ်ပြနေဆဲဖြစ်သည်။ ဒေါ်လာမှာ အခြေမခိုင်ချင်။ ယူရိုငွေကြေးမှာလည်း ကြွေးမြီပြဿနာများကြောင့် လှုပ်တုပ်တုပ်ဖြစ်နေရာ ရွှေနှင့်အတူ အခြားသယံဇာတပစ္စည်းများကို ထွန်းသစ်စ နိုင်ငံကြီးများက ရသလောက်လိုက်လံ စုဆောင်းကြမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ သံယံဇာတ ပိုင်ဆိုင်သော နိုင်ငံများသည်သာ မိမိတို့၏ သယံဇာတများကို မည်သို့ထိန်းသိမ်းမည်နည်းဆိုသည့်အချက်မှာ . . . . ။

*—Ref: BBC*

ယနေ့ နိုင်ငံတကာတွင် ထိပ်တန်းအရေးကြီးအကြောင်းအရာတစ်ရပ်ကို ကမ္ဘာသူ၊ ကမ္ဘာသားလူသားဆန်သူတိုင်း အလေးထားနေကြရပြီဖြစ်ပါသည်။ အခြားမဟုတ်ကမ္ဘာကြီးကို ကယ်တင်ကြဖို့ဖြစ်သည်။ ယင်းကို လိုလားသူများ၏ ကြံဆလာမှုများကြောင့် နည်းလမ်းများရထားကြပြီးလည်း ဖြစ်ပါသည်။

နည်းလမ်းဟူသည် ကားလက်တွေ့မဟုတ်သေး၊ လက်တွေ့မပါသောကြံဆမှုသက်သက်သည် မည်သို့မျှအရာ ရောက်နိုင်မည်မဟုတ်။ အကျိုးရလဒ် တစ်စုံတစ်ရာမျှ ဖြစ်ထွန်းနိုင်မည်လည်း မဟုတ်။

ကမ္ဘာကြီးကို ကယ်တင်မည်ဟု ကြုံးဝါးနေကြသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကို နေရာအနှံ့တွင် ပုံစံမျိုးစုံဖြင့် တွေ့မြင်နေကြရသည်။ ကြွေးကြော်သံဖြင့် လုပ်ရင်းကိုင်ရင်း ကြွယ်ဝချမ်းသာလာကြသူများလည်း ပေါ်ပေါက်လာကြသည်။ အင်အားကြီးဆိုသော နိုင်ငံများလည်း နင်လား၊ ငါလားဆိုသောအခါကမ္ဘာမြေကြီးကယ်တင်ရေးအတွက် မဖြစ်မနေ၊ မဆိုင်းမတွ လုပ်ရကိုင်ရမည်ဆိုသည်များကို ဆင်ဝှေ့ရန်ရှောင်လုပ်လာကြသည်။ သည်လိုနှင့် လူ့ပယောဂကြောင့် ဘက်ပေါင်းစုံတွင် နည်းလမ်းစုံဖြင့် ပတ်ဝန်းကျင်တစ်ခွင်လုံးသည် ညစ်ညမ်းမှုအဖုံဖုံဖြင့် ပို၍ပို၍ ပြည့်နှက်နေရတော့သည်။ အချို့ဆို မိမိ၏အမှတ်မထင်လုပ်ရပ်များသည် ညစ်ညမ်းမှုပါလားဆိုသည်ကိုပင် သိမြင်ပုံမရ။ တားမြစ်ကန့်သတ်ရမည်ကိုလည်း အမှတ်တမဲ့။

ကမ္ဘာကြီးသည် တစ်နေ့ထက်တစ်နေ့ မနိုင်ဝန်ကို ပိုထမ်းနေရသည်။ တိုးပွားလာနေသော လူဦးရေ၊ အလွန်အကျွံထုတ်ယူနေသော သယံဇာတများ၊ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပွားနေသော စစ်ပွဲများ၊ လွန်ကဲသော ကိုယ်ကျိုးစီးပွား ကာကွယ်နေမှုများနှင့် အတောမသတ်သည့် လောဘတရားများ၊ မပြတ်သားသော ပတ်ဝန်းကျင်ရေးရာ မူဝါဒများစသည်တို့၏ ဒဏ်ရာ ဒဏ်ချက်များက ကမ္ဘာမြေအနှံ့အပြားတွင် ရှောင်မလွဲတွေ့မြင်နေရသည်။ အကျိုးဆက်အနေဖြင့် အကြိမ်ရေတိုးပွားလာနေသော ထိုထိုသော အကြောင်းများနှင့် ဆက်စပ်လျက်ရှိသော ရေ၊ မြေ၊ လေ ညစ်ညမ်းမှုများ အလယ်တွင် မျိုးဆက်သစ်တို့ နေရစ်ကြပေတော့ဟုဆိုရမလောက်ပင်။ ကမ္ဘာကျော်သတင်းစာဆရာသောမတ်ဖရီးမင်း ရေးထားသကဲ့သို့ပင် ပူပြင်း၊ ပြားချပ် ကျပ်ညပ်သော ကမ္ဘာကိုသာ နောင်မျိုးဆက်သစ်တို့အတွက် ထားခဲ့ရတော့မည့် ပုံစံပင်။ ယခုခေတ်မီလောကကြီးက ထပ်ဆင့်သယ်ဆောင်လာပြန်ချေပြီ။ လူ့ဘဝကို အနှောင့်အယှက်ပေးသော၊ ကျန်းမာရေးကို ထိခိုက်စေသော အမယ်သစ် ညစ်ညမ်းမှုများဖြစ်သည့် အသံညစ်ညမ်းမှုနှင့် အလင်းညစ်ညမ်းမှုတို့ဖြစ်သည်။

မိမိ၏ ကိုယ်ကျိုးစီးပွားတစ်ခုတည်းဖြင့် အများသူငါအားလျစ်လျူရှုကာ အခိုးအငွေ့တစ်လူလူဖြင့် အသံကုန်ဟစ်နေကြသော မီးစက်ကြီးငယ်များ၊ ကားအစီးရေပိုများလာသည်နှင့် အတူ အင်ဂျင်မကောင်းတော့သော ကားမျိုးစုံကြောင့် ပိုညစ်ညမ်းလာသော ရန်ကုန်လေထု။ လူနေရပ်ကွက်များတွင် ဆိုင်ဖွင့်၍ အသံကုန်အစွမ်းပြနေကြသော အသံချဲ့စက်အရောင်းဆိုင်ကြီးငယ်များ၊ လမ်းတကာတွင် အကြောင်းအမျိုးမျိုးပြ အလှူခံကြကုန်သော ပုဂ္ဂိုလ်များ၊ ဆေးရောင်းကြသူများ ယုတ်စွအဆုံး ထီဆိုင်နှင့် ဈေးသည်အမျိုးမျိုးတို့၏ အသံချဲ့စက်သံများက အရုဏ်တက်ချိန်မှ သည် သူငယ်ခေါင်းချချိန်တိုင်အောင် နှိပ်စက်နေကြသည်။ အချို့ဈေးဝယ်စင်တာကြီးများသည်လည်း ရွာဘုရားပွဲများကဲ့သို့ အသံချဲ့စက်များဖြင့် မိမိအကျိုးကိုသာကြည့်ပြီး ပတ်ဝန်းကျင်အားအနှောင့်အယှက်ပေးသည့် သဘောဆောင်နေသည်ဖြစ်၍ ယနေ့ခေတ်ကာလ ဒီမိုကရေစီကျင့်စဉ်နှင့်လားလားကြီး ဆန့်ကျင်နေသည်မှာ ထင်ရှားလှပါသည်။



ကမ္ဘာကျော် သတင်းစာဆရာ
သောမက်ဖရီးမင်း ရေးထားသကဲ့သို့ပင်
ပူပြင်း၊ ပြားချပ် ကျပ်ညပ်သော
ကမ္ဘာကိုသာ နောင်မျိုးဆက်သစ်တို့အတွက်
ထားခဲ့ရတော့မည့် ပုံစံပင်...

ယခုနောက်ဆုံး ရန်ကုန်-မြို့တွင်ပင် အလင်းညစ်ညမ်းမှုကို စတင်တွေ့လာရပြီဖြစ်သည်။ တည်ဆောက်လာကြသော ခေတ်မီအဆောက်အအုံများကို နည်းမျိုးစုံဖြင့် အလှဆင်ကြရာတွင် ရောင်ပြန်မှန်ချပ်များ အသုံးပြုအလှဆင်ကြခြင်းဖြစ်သည်။ ယင်းအဆောက်အအုံများ၏ တည်နေရာ၊ နေသွားရာလမ်းကြောင်းနှင့် ကားလမ်းမကြီးများအပေါ် သက်ရောက်နေသော ယင်းအဆောက်အအုံကြီးများ၏ အလှဆင်မှန်ချပ်များမှ အလင်းပြန်မှု စသည်တို့သည် ယာဉ်မောင်းသူများနှင့် လမ်းသွားလမ်းလာများအဖို့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သော အလင်းညစ်ညမ်းမှုများပင် မဟုတ်ပါလား။

ယခုကာလများတွင် ဈေးဝယ်စင်တာကြီးများ၊ ဟိုတယ်ကြီးများ ခေတ်မီနည်းပညာများ အသုံးပြုတပ်ဆင်ထားသော LED TV ကြော်ငြာကြီးများမှ စူးရှသော အလင်းရောင်များ၏ ဒုက္ခကိုကြုံဖူးသူတိုင်း သိကြမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးပြီး နိုင်ငံကြီးအချို့တွင် အလားတူ အလင်းရောင်စူးရှသည့် ကြော်ငြာ တီဗီကြီးများကို တွေ့ဖူးပါသည်။ အထူးသဖြင့် ယာဉ်အသုံးပြုသူများကို အနှောင့်အယှက်မဖြစ်စေရန် ထည့်သွင်းစဉ်းစားတပ်ဆင်ကြရသည်။ ရန်ကုန်နှင့် မြို့အချို့တွင်လည်း LED TV များ တိုးလာရာ ထိုအချက်စဉ်းစားသင့်သည်။ မော့ကြည့်မှသာ မြင်နိုင်သည့် အထက်အမြင့်တွင်သာ တပ်ဆင်ကြရသည်။ ပြည်တွင်းမှတော့ မြင်ကွင်းတူရူတွင် စူးရှသော အလင်းရောင်များကို ရှောင်လွဲမရအောင်ပင် ရည်ရွယ်တပ်ဆင်ထားလေသလား မှတ်ရသည်။ အချို့တီဗီများဆိုလျှင် အသံကျယ်များပင်ထုတ်လွှင့်ထားသည့်အတွက် အသံညစ်ညမ်းမှုဖြင့်ပင် ထပ်ဆင့်၍ ပတ်ဝန်းကျင်အား ကမ်းကုန်နှိပ်စက်နေသည့်အလား ထင်မှတ်ရပေသည်။ ညစ်ညမ်းမှုဟူသမျှသည် အန္တရာယ်ကို ဖိတ်ခေါ်နေကြသည်ချည်းဖြစ်၏။ အန္တရာယ်ဖြစ်လာမှ ဆိုလျှင်လည်း ညစ်ညမ်းမှုအဆင့်မှသည် ဘေးဒုက္ခပေးသော အဆင့်ရောက်လာပြီးဖြစ်၍ အစားထိုးမရနိုင်သည့် ဆုံးရှုံးမှုများ ရှိလာမည်ဖြစ်သည်။

တစ်ဖက်သား၏ အကျိုးစီးပွားကိုသော်လည်းကောင်း၊ မွေးရာပါအခွင့်အရေးများကိုသော်လည်းကောင်း မထိခိုက် မနှောင့်ယှက်သမျှ မိမိနှစ်သက်ရာကို လွတ်လပ်စွာဆောင်ရွက်နိုင်ခြင်းအား ဒီမိုကရေစီစနစ်၏ ကျင့်ဝတ်တစ်ရပ်ဟု ဆိုပါလျှင် မိမိတို့၏ ကိုယ်ကျိုးစီးပွားအတွက် တစ်ပါးသူတို့အား အနှောင့်အယှက်ဖြစ်စေသည့် ညစ်ညမ်းမှုအသီးသီးကို မပြုမိစေရန် ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ဂရုပြုနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

## သစ်တောထိန်းသိမ်းခြင်းဖြင့် ကာဗွန်လျှော့ချရေးနည်းလမ်းများ တောင်ကိုရီးယားသစ်တောအဖွဲ့နှင့်ပူးပေါင်းဆွေးနွေး

**အိဖြူမွန်**

**ရန်ကုန်၊ မေ - ၁၂**

ကာဗွန်ရောင်းဝယ်ခြင်းဈေးကွက်တွင် မြန်မာနိုင်ငံပါဝင်လာစေရန်အတွက် သစ်တောထိန်းသိမ်းကာကွယ်ခြင်းနည်းလမ်းဖြစ်သော REDD နည်းလမ်း အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုသုံးခုကို မြန်မာနိုင်ငံ အာဆီယံကိုယ်စားလှယ်၊ တောင်ကိုရီးယား သစ်တောဝန်ဆောင်မှု(Korea Forest Service)၊ ကုလသမဂ္ဂတို့ ပူးပေါင်းဆွေးနွေးအကြံပေးခဲ့ကြောင်း သတင်းရရှိသည်။

REDD (Reduction of emission from Deforestation and Forest Degradation) နည်းလမ်းသည်မူလပေါက်ရောက်နေသော သဘာဝသစ်တောများ ပြုန်းတီးမှုကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် တောအရည်အသွေးလျော့ကျနေသော သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ကာဗွန်လျှော့ချခြင်းနည်းလမ်းဖြစ်သည်။

ယင်းနည်းလမ်းနှင့်ပတ်သက်၍ ဆွေးနွေးသည့်အဆင့်သာရှိခဲ့ရာမှ ယခုအခါ မြန်မာနိုင်ငံတွင် REDDအကောင်အထည်ဖော်မည့် အခွင့်အရေးများရှိနေသောကြောင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုသုံးခုအား အဖွဲ့သုံးဖွဲ့ခွဲ၍ မည်သို့လုပ်ဆောင်ရမည်ကို အကြံပေးဆွေးနွေးခဲ့ကြသည်။

ကြိုတင်ပြင်ဆင်မှုသုံးခုမှာ မြန်မာနိုင်ငံတွင် သစ်တောအမျိုးအစားအလိုက် ကာဗွန်စုပ်ယူမှုအခြေအနေကို တိုင်းတာရမည့် နည်းပညာများ(REDD road map)၊ အကယ်၍ REDD အကောင်အထည်ဖော်ဖြစ်ပါက သစ်တော ထိန်းသိမ်းခြင်းနှင့် သစ်တောအား မှီခိုနေရသော ဒေသခံတို့၏ အကျိုးခံစားခွင့်များ (National Strategy)၊ REDD အကောင်အထည်ဖော်ရာ၌ ရင်းနှီးကျွမ်းဝင်မှုမရှိသော ဒေသခံနှင့် သစ်တောဝန်ထမ်းများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်ရမည့်အချက်များ (Capacity Building)တို့ကိုဆွေးနွေးကြသည်။

"ကိုယ့်တောတွေဟာ ကာဗွန်ဘယ်လောက်စုပ်ယူတယ်ဆိုတာ အသေးစိတ်သိဖို့လိုတယ်။ တစ်တောတည်းမဟုတ်ဘူး။ မြန်မာနိုင်ငံမှာ ပေါက်ရောက်နေတဲ့ တောအားလုံးကို တိုင်းတာရမှာ။ မြန်မာနိုင်ငံမှာ သစ်တောတွေ တိုင်းတာ နည်းနှစ်ခုရှိတယ်။ ကောင်းကင်ဓာတ်ပုံရိုက်တဲ့နည်း (Remote Sensing)၊ GIS (Geographic Information System) ဂြိုဟ်တုနဲ့ ရိုက်တဲ့နည်းရယ်။ အဓိက UN က ပေးထားတဲ့ လမ်းအတွင်းဆွဲရမယ်"ဟု REDD road map အဖွဲ့တွင် ပါဝင်ဆွေးနွေးသူ သစ်တောပညာရှင် ဦးအုန်းက ပြောသည်။

ယခုအချိန်သည်REDD အားလူသိနည်းသောကြောင့် ကျွမ်းကျင်မှုဆိုင်ရာလည်း အားနည်းသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် REDD အဆင်သင့်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရာ၌ အရည်အသွေးပြည့်ဝသော အခြေခံလိုအပ်ချက်(Capacity Building)ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ထို REDD စနစ်တွင် ဒေသခံများ ပါဝင်လာစေရန်အတွက် အသိပညာပေး ဟောပြောပွဲများ၊ သစ်တောပြုန်းတီးမှုကိုဖြစ်ပွားစေသောသူများသည် REDD တွင် ပါဝင်လာစေရန် ပုဂ္ဂိုလ်ကစီးပွားရေးမြှုပ်နှံမှုများ ဖန်တီးပေးရန်လိုအပ်ကြောင်း Capacity Building အဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင်တစ်ဦးကပြောသည်။

ထိုသို့ REDD အသက်ဝင်လာစေရန်အတွက် (National Strategy) နိုင်ငံတော်အစိုးရသည် မဟာဗျူဟာ၊ နည်းဗျူဟာများကို အသေးစိတ်ချပြရမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့်သင့်လျော်သော နည်းဗျူဟာများ ချမှတ်နိုင်ရန်အတွက် အခြားသော အာဆီယံနိုင်ငံများ၏ REDD နည်းလမ်းများကို မျှဝေပေးခဲ့ကြောင်း National Strategy တက်ရောက်ခဲ့သူက ပြောသည်။

# Commodity Watch

7DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 58,100 |
| Intel P4 Dual Core 2.7 (E 5400) Processor | 53,700 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 121,400 |
| Intel P4 Core i3 3.1 GHz (1155,2400) Processor | 177,800 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 267,500 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 53,700 |
| MSI P43-C51 (775) Motherboard | 69,500 |
| MSI H55M-E32 (1156) Motherboard | 83,600 |
| ASUS P7P55DE-Pro (1156) Motherboard | 176,000 |
| ASUS P7H55-MLX (1156) Motherboard | 79,200 |
| ASUS P5G41C-MLX (775) Motherboard | 55,400 |
| Gigabyte P41-ES3G (775) Motherboard | 66,000 |
| Gigabyte H55M-S2V (1156) Motherboard | 87,100 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 41,400 |
| 1 GB DDR2 (800) Kingston Memory | 19,400 |
| 2 GB DDR3 (1333) Kingston Memory | 22,000 |
| 4 GB DDR3 (1333) Kingston Memory | 40,500 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1 TB Seagate SATA | 54,600 |
| 2 TB Seagate SATA | 92,400 |
| **PCI Express Card** | |
| MSI N220GT-MD 1G OC 1GB PCI Express Card | 73,900 |
| MSI 8400GS 512MB PCI Express Card | 38,700 |
| MSI R5450 1GB DDR3 PCI Express Card | 48,400 |
| ASUS EAH 5750 Formula 1GB PCI Express Card | 130,200 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 48,400 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 53,700 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 75,700 |
| Gigabyte 8400STC 512I 512MB PCI Express Card | 35,200 |
| **Memory Stick** | |
| Memory Stick Toshiba 16 GB | 32,000 |
| Memory Stick SanDisk 8 GB | 16,000 |
| Memory Stick Toshiba 8 GB | 16,500 |
| Memory Stick pqi 8 GB | 16,000 |
| Memory Stick SanDisk 4 GB | 9,000 |
| Memory Stick Adata 4 GB | 9,900 |
| Memory Stick Apacer 4GB | 7,000 |
| **UPS** | |
| SVC (600 VA) | 29,000 |
| SVC (1.2 KVA) | 56,300 |
| Power Pro (650 VA) | 34,500 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 32,000 |
| Allways (1.2 KVA) | 64,000 |
| EAST (650 VA) | 29,900 |
| EAST (1.2 KVA) | 57,200 |
| LNYX (600 VA) | 31,000 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 26,400 |
| ASUS DVD Writer (SATA) | 27,300 |
| Liteon DVD Writer (SATA) | 23,800 |
| **အိတ်ဆောင်တိပ်ပိငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ မေလ (၁၃) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.53Ghz 2GB DDR3, 500GB HDD,15.6″ | 589,000 |
| Intel Atom 1.50 Ghz 2GB DDR3, 500GB HDD,10.1″ | 343,000 |
| **Asus** | |
| Intel Core i5 2.67 Ghz 2GB DDR3, 500GB HDD,14.0″ | 712,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,180,000 |
| **Hp** | |
| Intel Core i3 2.40 Ghz 4GB DDR3,500GB HDD,15.6″ | 651,000 |
| **Sony** | |
| Intel Core i5 2.53 Ghz 4GB DDR3, 500GB HDD,14.0″ | 1,070,000 |
| **Toshiba** | |
| Intel Core i3 2.4 Ghz 2GB DDR3, 320GB HDD,14.0″ | 606,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်- အထက်ပါဈေးနှုန်းများမှာ မေ (၂၀)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်း ရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၇ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၈၇ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၂၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၈,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၀၀၀ |
| ကျောက် | တစ်ကျင်း | ၇၄,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၁၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) အထူ | ၁ ပေနှုန်း | ၃၈၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မေ(၂၀) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၄,၀၀၀-၁၅၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| မုန်လာဉနီ | ၁ ပိဿာ | ၁,၀၀၀- ၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၅၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၅,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်သီး(ပိန္နဲ) | ၁ ပိဿာ | ၅၀၀-၈၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၂၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မေ (၁၄) ရက်က ကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧည့်ယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၄၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၄၅၀-၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၈၀၀ |
| အာလူး | တစ်ပိဿာ | ၆၅၀- ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၃၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀-၁၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဇမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၈၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၃၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၀၀၀-၂,၁၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၆၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၆၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၅၀၀-၂၅,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၃,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၄,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၆,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၉,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၈၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀-၂,၃၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၄၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၅၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၂၅,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၄,၀၀၀-၂၅,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |

မေ(၁၉)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။


## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/အ/သ | ၁၅၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၀/၂၀ | ၂၂၅ |
| တောင်းအေ့စ်ပစ်ကပ် | ၂၀၀၀ | - | ၁၉၀ |
| စူဇူကီး R- (2Way) | - | ၂၀ | ၁၄၈ |
| တိုယိုတာ (လီမိတက်) | ၉၂ | ၄၀ | ၄၅၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၈/၉၉ | ၄၀ | ၅၈၀ |
| မတ်ခ်တူး(ခာတ်ဆီ)ရွှေငါး | ၂၀၀၂ | ၄၀ | ၈၇၀ |
| ဆပ် | ၉၅ | ၄၈ | ၇၅၀ |
| ပါဂျဲရို (လေလံ) | ၉၇ | ၅၈ | ၉၅၀ |

မေ (၂၀) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | May (14) | May (15) | May (16) | May (17) | May (18) | May (19) | May (20) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ |
| Octane ဒီဇယ် | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ |
| Premier ဒီဇယ် | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ |




# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**
အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ PH: 557448 Ext (856), 09-8034582, 09-73037776

**ဝိုင်းရောင်းမည်**
၁၅/၅၀၃၊ ၂၃-လမ်း၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇဌာနီပန်းခြံအနီး၊ နေပြည်တော်၊ ပေ(၄၀×၆၀)၊ ပွဲစားမလို
ဖုန်း-၀၉ ၄၉၂၉၇၃၂၈

**Tr. Phyllis (Eng Ray)**
IELTS ,TOEFL
Grammar, Conversation
**Ph: 09 5143165**
**(Sanchaung)**

**Japanese Training**
Azure Intercultural Japanese Language School, Intermediate Level Duration-5 Months, Hours-120, BasicLevel -5 Months, Hours-120 ဖုန်း-၀၁ ၆၅၂၃၁၈

**သဇင် Body Beauty**
အမျိုးသမီးများအတွက် ရင်သားပြုပြင်ပေးခြင်း၊ အဆီချပေးခြင်း၊ အရပ်ရှည်စက်၊ မျက်ဝန်းအရေးအကြောင်းများပြင်ဆင်ခြင်း။၃၅-ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ၄-လွှာ။

**အလှပြင်သင်တန်းကျောင်း**
Prim Mary (အမျိုးသမီးသီးသန့်)ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်၊ ပန်းအလှပြင်၊ (၂)လပြတ်၊ သင်တန်းကြေး- ၂ သိန်းခွဲ၊ နေ/စားရေး ၁လ-၅၀၀၀၀ ကျပ်။ ဖုန်း-၀၉ ၇၃၀၀၅၆၁၁

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
စမ်းချောင်း၊ အောင်ချမ်းသာလမ်း၊ ၂-ထပ်၊ ပျဉ်ထောင်သွပ်မိုး၊ ရေမီး၊ ဂရန်အမည်ပေါက်၊
ဖုန်း-၀၁ ၅၁၄၀၄၈

**သင်ကြားပေးမည်**
၈၊ ၉၊ ၁၀ တန်း နွေသုံးလပြတ်၊ နှစ်လုံးပေါက်၊ ဘာသာစုံ၊ တစ်ဘာသာချင်း၊ အထူးစာသင်ဝိုင်းများ။
ဖုန်း-၀၉ ၄၃၀၃၀၁၁၀၊ ၂၉၆၉၃၄

**ဆရာအေး(ဓါတုဗေဒ)**
အတွေ့အကြုံ(၂၅)နှစ်ရှိ ဆရာကိုယ်တိုင်၉၊၁၀တန်းဓာတုဗေဒဘာသာကို အိမ်အရောက်သင်ကြားပေးသည်။
ဖုန်း-၀၉ ၄၃၀၃၀၁၁၀၊ ၂၉၆၉၃၄

**English (U.M.N)**
အင်္ဂလိပ်စကားပြော သုံးလအတတ်၊ နွေရာသီတန်းခွဲသစ်၊ နိုင်ငံခြားသွား ၁-လအမြန်၊ အိမ်တစ်ဦးချင်းသီးသန့်၊ ဖုန်း-၃၈၉၁၇၃၊ ၀၉ ၅၀၀၆၆၈၀

**သင်ကြားပေးသည်**
ဆရာဦးမြင့်သန်း (B.Sc Maths), B.Ed ၇ မှ ၁၀ တန်းထိ၊ သင်္ချာသီးသန့် အထူးဝိုင်းများ အိမ်အရောက်သင်ကြားပေးနေပါသည်။
ဖုန်း-၀၉ ၇၃၁၆၃၀၄၄၊ ၆၄၄၃၀၆

**သင်ကြားပေးသည်**
ဆရာမြစိန်(B.S.C, B.R.E) KGI မှ Secondary II ထိ၊ ၈ မှ ၁၀ တန်းအထိ၊ အင်္ဂလိပ်၊ တရုတ်စကားပြောနှင့် နိုင်ငံခြားသားများအတွက် မြန်မာစာ။
ဖုန်း-၀၉ ၇၃၀၁၁၈၀၉

**ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်)**
ကွန်ပျူတာဖြင့် နက္ခတ်အမည်ပေးသည်။ အခန်း(၂)မြောက်ဘက်မုခ်၊ မဟာဝိဇယစေတီတော်ကြီး။
ဖုန်း-၃၇၅၈၄၅၊ ၂၉၆၁၈၄

**ဝန်ဆောင်မှု**
MK Computer မှ Window install, Game, Network, Internet ချိတ်ဆက်ခြင်းတို့ကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။
ဖုန်း-၀၉ ၇၃၀၂၂၈၅၅

**ပန်းလေသင်း**
အချိန်ပိုင်း စာရင်းဆွဲသည်။ စာရင်းစစ်ပေးသည်။ ဖုန်း-၀၉ ၇၃၀၆၃၀၉၃

**အိမ်အရောက်သင်ကြားပေးသည်**
M.Sc, B.Sc(Maths) ဘွဲ့ရ ဆရာမ ဒေါ်ခင်ငြိမ်းဝင်းမှ ၈၊ ၉၊ ၁၀တန်းအတွက် မြန်မာ၊ Bio, Chem: ဘာသာများသင်ကြားပေးသည်။
ဖုန်း-၀၉ ၅၁၃၈၂၈၇

**အိမ်အရောက်သင်ကြားပေးသည်**
ဆရာမဒေါ်အေးမြတ်သူမှ ၈၊ ၉၊ ၁၀ တန်းဘာသာစုံ တစ်ဦးချင်း(သို့)၅ဦးဝိုင်း၊ Guide များ စီစဉ်ပေးသည်။
ဖုန်း-၀၉ ၇၃၀၅၄၁၄၇၊ ၅၆၀၆၉၇

**သင်ကြားပေးသည်**
၇ မှ ၁၀ တန်းထိ အတတ်သင်သည်။ တက္ကသိုလ်ဝင်တန်း(ဇီဝတွဲ) အတတ်သင်ကြားပေးသည်။
ဖုန်း-၂၄၃၃၂၄/ မစန္ဒီ

**သင်တန်း**
IELTS (7.5 and above) GCE 'A', IGCSE, TOEFL, SAT, GRE, GMAT. Teacher Solomon
ဖုန်း-၀၉ ၅၄၁၇၇၈၁

**ယဉ်ကျေးမှုသင်တန်း**
ပုံပြင်၊ ဘုရားစာ၊ လိမ္မာယဉ်ကျေးအောင်သွန်သင်ဆုံးမ၊ တရားထိုင်နည်းလမ်း၊ အိမ်အရောက်သင်ကြားပေးပါသည်။ ဖုန်း-၀၉ ၇၃၀၄၉၅၄၃

**English ကျောင်းဖတ်စာ**
မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အင်္ဂလိပ်စာ သင်ခန်းစာများကို အိမ်အရောက်သင်ကြားပေးသည်။
ဖုန်း-၀၉ ၇၃၀၄၉၅၄၃

**အိမ်လိုက်သင်သည်**
Grade 1 မှ 7 ထိ Eng, Maths နှင့် ဘာသာစုံသင်သည်။ ဒေါ်နုနုရီ
ဖုန်း-၀၁ ၅၃၉၆၅၀၊ ၅၃၂၀၇၀

**ကားငှားရန်ရှိသည်**
Toyota Carina -ED (91 Model) Fully Aircon, All Power ၊ ကားကောင်း၊ ဆီစားသက်သာသည်။
ဖုန်း-၀၉ ၅၀၉၉၈၆၃

**သင်တန်း**
စီးပွားရေးနှင့် စီမံခန့်ခွဲမှုသင်တန်းများကို လက်တွေ့ကျကျသင်ကြားပေးပါသည်။ ဖုန်း-၃၈၆၆၉၃

**Library ရှိသည်**
Eng, Myanmar စာအုပ်များ၊ E.book များကို ဖတ်ရှုနိုင်မည်ဖြစ်သည်။
ဖုန်း-၃၈၆၆၉၃

**ဝန်ဆောင်မှု**
ကွန်ပျူတာ၊ Network ချိတ်ဆက်လိုပါက ၅၀၀၀ ကျပ်ဖြင့် အိမ်အရောက်ပြုပြင်ပေးသည်။
ဖုန်း-၀၉ ၇၃၁၅၀၄၀၆

**အိမ်အရောက်သင်ကြားသည်**
၈ မှ ၁၀ တန်းထိ ဘာသာစုံ၊ တစ်ဘာသာချင်း သင်ကြားပေးပါသည်။
ဖုန်း-၀၉ ၅၁၈၈၄၆၈

**အိမ်နှင့်မြေရောင်းမည်**
အမှတ်(၅၃၉)၊ သမိန်ဗရမ်းလမ်း၊ ပေါင်းရပ်ကွက်၊ ပေါင်မြို့၊ မွန်ပြည်နယ်။ ကျပ်သိန်း-၂၇၅၊ (ဒေါ်ချိုမြင့်စိန်)
ဖုန်း-၀၉ ၇၃၀၉၅၁၅၂ (ပိုင်ရှင်)

**အိမ်နှင့်မြေရောင်းမည်**
ပေ(၉၀×၂၈၀)၊ တစ်ထပ်တိုက်၊ ကျော်ဇေယျ(၁၆)ရပ်ကွက်၊ မြင်းခြံမြို့။ သိန်း- ၁၀၀၀၊ ဖုန်း-၀၉၄၉၂၄၇၇၇၆၊ ၀၉-၅၃၁၀၆၂၄(ဒေါ်အမာလှ)

**Guide လုပ်ပေးသည်**
ဘာသာစုံ၊ အတန်းစုံ Guide ပြုလုပ်ပေးသည်။ ဆရာဒေါ်ခင်ခင်အေး
ဖုန်း-၀၉ ၄၃၀၅၇၂၃၄

**Magnetic Music Training**
ဂီတဝါသနာရှင်များအတွက် Vocal, Guitar, Violin, Piano များကို အခြေခံမှစ၍ သင်ကြားပေးပါသည်။
ဖုန်း-၀၉ ၅၄၁၇၆၅၈

**သင်ကြားပေးသည်**
Professional Study Guide မှ မူကြိုမှ ၁၀တန်းထိ အိမ်အရောက်သင်ကြားပေးသည်။ ဖုန်း-၂၂၂၂၆၇

**သင်ကြားသည်**
ဆရာဦးတေဇာထွန်း (MSC) ရန်ကုန်တက္ကသိုလ်၊ ၁၀ တန်းသီးသန့်ဝိုင်းဘာသာစုံ၊ ဖုန်း-၀၉ ၇၃၁၁၂၃၄၆

**Guide လုပ်ပေးသည်**
Daw Su Mon Aung (B.Sc, Phy) မှ ၉ တန်း Phy, Maths, Chem အထူးသင်ကြားသည်။ ၉၊ ၁၀ တန်းဘာသာစုံ Guide လုပ်ပေးသည်။
ဖုန်း-၀၉ ၅၁၂၈၅၁၈

**ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်**
ပြင်ဦးလွင်မြို့မဈေးအနီး ပေ(၅၀×၆၀)၊ အုတ်တံတိုင်းခတ်ပြီး။ ၂ ထပ်တိုက်ခံ၊ ရေမီးစုံ၊ ပွဲစားမလို။
ဖုန်း-၀၉ ၂၀၄၅၃၂၀

**အိမ်အမြန်ရောင်းမည်**
အမှတ်(၈)၊ ပ-ထပ်(ခြေရင်းခန်း)၊ ၁၆၂-လမ်း၊ တာမွေ။ သိန်း- ၂၀၀(ညှိနှိုင်း)
ဖုန်း-၅၄၉၈၇၈

**အိမ်နှင့်ခြံရောင်းမည်**
ချောက်မြို့၊ GTI ကျောင်းဘေး၊ ပေ ၁၀၀ ပတ်လည်၊ ဆက်သွယ်ရန်-
ဖုန်း-၅၆၂၉၅၇

**အိမ်အရောက်သင်သည်**
မူလတန်းမှ အလယ်တန်းထိ ဘာသာစုံ Guide ပြသည်။ English 4 Skills, Grammar သီးသန့်သင်ကြားသည်။
ဖုန်း-၀၉ ၅၀၈၀၇၂၀
**ဖုန်း-၅၄၀၃၂၅၊**
**၀၉-၇၃၁ ၇၂၂၄၅(တာမွေ)**

**Guide လုပ်ပေးသည်**
Grade 5 မှ 11 ထိ Guide လုပ်ပေးပါသည်။ ဖုန်း-၅၅၃၉၆၆(တစ်ဆင့်) 8 am to 8 pm /ရွှေစင်

**သတင်းကောင်း**
ပြင်သစ်ဘာသာ ညှော့်လမ်းညွှန်သစ်များအတွက် လုပ်ငန်းခွင် လက်တွေ့ရှင်းလင်းပြသနိုင်ရန် သင်ကြားပြသပေးသည်။ ဖုန်း-၀၉ ၅၁၃၉၂၈၇

**ငှားရန်ရှိသည်**
စမ်းချောင်း၊ ဦးစံညိမ်းလမ်း၊ ၁၂×၅၀ ပေ၊ ပထမထပ် (ထပ်ခိုးပြည့်)
ဖုန်း- ၀၉-၇၃၁၂၇၇၂၀

7DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011

# ဗုဒ္ဓဘာသာပြတိုက်ကြီး သီရိလင်္ကာတွင် ဖွင့်လှစ်

**မေဝင်းမွန်**

**ရန်ကုန်၊ မေ - ၂၁**

မြတ်စွာဘုရားရှင်ပွင့်တော်သည့်ဗုဒ္ဓနှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဘာဘာနိုင်ငံများကို ကိုယ်စားပြုသည့် ကမ္ဘာ့ပထမဆုံး ဗုဒ္ဓဘာသာပြတိုက်ကို သီရိလင်္ကာနိုင်ငံတွင် မေလ ၂၀ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

ကမ္ဘာ့ပထမဆုံးဗုဒ္ဓဘာသာပြတိုက်တွင် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သည့်နိုင်ငံပေါင်း ၁၇ နိုင် ငံ၏ယဉ်ကျေးမှုအလိုက် ရုပ်တုများ၊ အနုပညာလက်ရာများ မြင်တွေ့ရမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံ အပါအဝင် ဗုဒ္ဓဘာသာနိုင်ငံများဖြစ် သည့် တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အိန္ဒိယ၊ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့ကို ကိုယ်စားပြုသည့်ပြခန်းများပါဝင်ကြောင်း သိရသည်။

၎င်းပြင် သီရိလင်္ကာနိုင်ငံ၊ အနုရဓ္ဓပူရမြို့တွင် အမြင့် ၅၂၂ ပေ ရှိသည့်အကြီးဆုံး ဗုဒ္ဓရုပ်ပွားတော်ကြီးကို ယခုလ ၁၃ ရက်က အုတ်မြစ်ချခဲ့ကာ ရူပီးသန်း ၁၀၀၀ အကုန်ကျခံကာ လပေါင်း ၃၀ အတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ထေရဝါဒဗုဒ္ဓဘာသာကို သီရိလင်္ကာနိုင်ငံအပြင် အရှေ့တောင် အာရှနိုင်ငံများဖြစ်သည့်မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့်ဗီယက်နမ်နိုင်ငံတို့တွင် ယုံကြည်ကိုးကွယ်ပြီး မဟာယာနအယူကို တရုတ်၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့က ယုံကြည်ကြကြောင်း သီရိလင်္ကာဝန်ကြီးချုပ်ကပြတိုက်ဖွင့်ပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဗုဒ္ဓဘာသာဆိုင်ရာ ရှေးဟောင်းဘုရားကျောင်းတော်များ၊ ရုပ်ပွားတော်များများစွာရှိသည့် သီရိလင်္ကာနိုင်ငံရှိ စွယ်တော်မြတ်ပူဇော်ပွဲမှာ မြန်မာနိုင်ငံမှ ခရီး သွားအများဆုံးသွားရောက်လေ့ရှိသည့် ခရီးစဉ်တစ်ခုဖြစ်သည်။

ဗုဒ္ဓသာသနာတော်နှစ်သည် မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီး ၃ လအကြာတွင် ရှင်မဟာကဿပ၊ အရှင်အာနန္ဒာနှင့် အဇာတသတ်မင်းတို့ပူးပေါင်းကာ ပထမသင်္ဂါယနာ တင်တော်မူစဉ်ကစ၍ ဗုဒ္ဓသာသနာတော်နှစ်တစ်နှစ်စတင်ရေတွက်ခြင်းမှ အစပြုခဲ့သည်။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး ယခုနှစ်ကဆုန်လပြည့်တွင် နှစ်ပေါင်း ၂၅၅၅ နှစ် ပြည့်ပြီဖြစ်ရာ မြတ်စွာဘုရားရှင်တရားတော် ဟောပြောခဲ့သည့်ကာလ ၄၅ ဝါကို ထည့်ပေါင်းပါက ၂၆၀၀ ပြည့်နှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

## စာ(၂၆) ကလောအလွန် တစ်ဘူတာ မှ

ဆရာကြီး ဒဂုန်တာရာက ဘယ်ညာ တွဲ သူနှစ်ယောက်ကို အားပြုမှေးကာတစ်ဆယ့်တစ်ထစ်မျှရှိသည့် လှေကားကို တစ်ထစ်ချင်းနား၍ အိမ်အပေါ်ထပ်သို့ အတော်ကြိုးစားပြီးတက်ရသည်။ သို့သော်ဆရာကြီး၏မျက်နှာတွင် အပြုံးတွေနှင့်။

"အခု ခါတိုင်းလို တော့ မဟုတ်ဘူး၊ သုံးလလောက်ရှိပြီ၊ အိပ်ရာပေါ် လှဲချင်ရင်ထချင်ရင်ကူပေးထူပေးရတယ်" ဟု အတူနေသူ ဆရာကြီး၏တူမ စာရေးဆရာမ သင်းမြစန္ဒီ ကဆရာကြီး၏ ကျန်းမာရေးအခြေအနေကိုပြောပြသည်။

အသက်အရွယ်ကလည်း ၉၂ ပြည့်၍ ၉၃ ထဲ ဝင်ပြီဆိုတော့ မှတ်ဉာဏ်တွေ ကောင်းနေသေးတာ၊ နားတွေကောင်းနေသေးတာ၊ ပြောနိုင်ဆိုနိုင်ရှိနေသေးတာကိုပင်ကျေးဇူးတင်ရသေးတော့၏။

ဆရာအံ့မောင်ကအခမ်းအနားမှူးလုပ်ကာ အခမ်းအနား စတော့နံပါတ်တစ်အစီအစဉ်အဖြစ် ဆရာကြီး၏ ဂုဏ်ကျေးဇူးများကို တက်ရောက်လာကြသူအားလုံးက ညီညာဖြဖြ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။

ကန်တော့ကြပြီးသည်နှင့် ဆရာကြီးကအမှာစကားပြန်လည်ပြောကြားကာ ဆရာထက်မြက်က ဆရာကြီးဒဂုန်တာရာ၏ မွေးနေ့ငြိမ်းချမ်းရေးပန်ကြားလွှာကို ဖတ်ကြားလေသည်။

ဆရာကြီးဒဂုန်တာရာသည် သူ့ဘဝတစ်လျှောက်တွင်ငြိမ်းချမ်းရေးအလံကိုသာစွဲမြဲစွာကိုင်စွဲလာခဲ့သည့်ငြိမ်းချမ်းရေးသမားစစ်စစ်ဖြစ်လေ၏။ ပြည်တွင်း ငြိမ်းချမ်းရေး နှင့်ပြည်တွင်းစစ် ရပ်စဲရေးကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့်အတူကြိုးပမ်းဆောင်ရွက်ခဲ့သူလည်းဖြစ်၏။

ဆရာကြီး၏ မေတ္တာစေတနာများကို ကြိုဆိုလိုက်ကြသည့် တက်ရောက်လာကြသူများ၏ လက်ခုပ်ဩဘာသံများကဝေဆာမြိုင်ဆိုင်စွာ ပေါ်ထွက်လာတော့သည်။

ကျွန်တော်ကိုယ်တိုင်၏ လက်ခုပ်သံ အပါအဝင်ဖြစ်သော လက်ခုပ်သံမြိုင်မြိုင်ကိုကြည်နူးရင်းမှပင်စာရေးဆရာမကြီးခင်နှင်းယုကိုစာပေမောင်နှမလည်းဖြစ်သည့်အပြင် သူမ၏အစ်ကိုလည်းတော်စပ်သူ သခင်နုပြောခဲ့ဖူးသော စကား တစ်ခွန်းကို အမှတ်ရမိလိုက်ပါသေးသည်။

အိမ်စောင့် အစိုးရဖြစ် သော တပ်မတော်အစိုးရကကျင်းပ ပေးသည့်၁၉၆၀အထွေထွေရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရလျက် အစိုးရဖွဲ့နိုင်လိုက်သဖြင့် ဝန်ကြီးချုပ်ဖြစ်လာသော ဦးနုကစာရေးဆရာမလည်းဖြစ်ညီမတော်သူလည်းဖြစ်သော ဆရာမကြီး ခင်နှင်းယုကို

"မိစုရေ. . . စာရေးဆရာဆိုတာ တိုင်းပြည် ပြဿနာတစ်ခုခုနဲ့ကြုံလာတဲ့အခါ ကိုယ် ဘယ်နေရာမှာရပ်တည်ရမယ် ဆိုတာ သိရတယ်. . ."ဟု ပြောဖူးခဲ့၏။

လွတ်လပ်ရေးတိုက်ပွဲ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများတွင် လက်တွဲကာ အသက်ပေးတိုက်ခဲ့ကြသူတွေ အချင်းချင်း ပြန်လည်တိုက်ခိုက်နေကြသည့် ထိုစဉ်က ပြည်တွင်းစစ်ကြီးကို ရပ်စဲပြေငြိမ်းအောင် ဆရာမကြီး ခင်နှင်းယုကို ရသဝတ္ထုတစ်ပုဒ်ရေးစေလိုသဖြင့် ထိုသို့အစချီကာပြောခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

သခင်အောင်ဆန်းတို့သခင်နုတို့ကိုဒွေးမြိုင်(ခေါ်)ဒဂုန်တာရာတို့ဆိုသည်ကလွတ်လပ်ရေးတိုက်ပွဲ၊ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲများအတွင်း ပခုံးဖက် လာခဲ့ကြသည့်ခေတ်ပြိုင်တွေဖြစ်ကြ၏။ ထို့ကြောင့် ဆရာဒဂုန်တာရာသည် နိုင်ငံရေးသမား တစ်ယောက်အဖြစ်ထက်စာရေးဆရာတစ်ယောက်အဖြစ်ကိုသာ မက်မောစွာခံယူခဲ့သော်လည်း နိုင်ငံရေးနှင့်ကင်းကွာခဲ့ သူကား မဟုတ်။ သူချစ်သော အမိတိုင်းပြည်ကို စေတနာမျက်စိဖြင့် အမြဲကြည့်မြင်၏။ အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေသောစကားကိုလည်းစေတနာနှလုံးသားဖြင့် ဆိုတတ်လေ၏။ ထို့ကြောင့် ဆရာကြီးသည် ငြိမ်းချမ်းရေးကို တောင်းဆိုလေတော့၏ဟု ကျွန်တော်ထင်၏။

မွေးနေ့ပွဲသို့ တက် ရောက်လာကြသည့် ကဗျာဆ ရာများက ဆရာကြီး၏ ၉၂ နှစ် ပြည့် မွေးနေ့အတွက်ကိုယ်စီကိုယ်ငဂုဏ်ပြုရေးသားစပ်ဆိုလာခဲ့ကြ သည့် ကဗျာများကို တစ်ဦးချင်း ထ၍ ရွတ်ကာ စာဆိုကြီး ဒဂုံတာရာ၏ မွေးနေ့အခမ်းအနားကိုကြည်နူးပျော်ရွှင်စွာ နိဂုံးချုပ်လိုက်ကြတော့သည်။

ကျွန်တော့်စိတ်ထဲတွင်တော့ ပြည့်ဝဖျော်ရည်တစ်ခွက်သောက်လိုက်ရသလို ကျေနပ်ပြည့်စုံသွားသည်ဟု ခံစားလိုက်ရ၏။

ဆရာကြီး၏အသက်က၉၃။ ကျွန်တော့်အသက်က ၆၂။ အနိစ္စသဘောဆိုသည်က သူသူကိုယ်ကိုယ် ကြိုတင်ခန့်မှန်း၍ ရသည် မဟုတ်။

သည်နေ့ဖြင့်ကျွန်တော့်အဖို့ တော့ဆရာကြီးကိုလည်းကန်တော့ခွင့်ရလိုက်ပြီ။ ကျွန်တော်ဆိုဆိုနေတတ်သည့် "ကလောအလွန် တစ်ဘူတာသီချင်း"ထဲမှကလော ဟိုဘက်မှဘူတာ ဆိုသည်မှာ ဆရာကြီး ဒဂုန်တာရာနေထိုင်ရာ အေးချမ်းလှပနေသည့် အောင်ပန်းမြို့လေးပါတကား ဟုလည်း သိလိုက်ရပြီမို့ စိတ်ထဲ နှလုံးထဲ ပေါ့ပါး ရွှင်ကြည်လန်းဆန်းလျက်. . .

## စာ(၄၁) အရှိန်ယူစပြုနေသည့် သစ်တောထိန်းသိမ်း ကာဗွန်လျှော့ချမည့်နည်းလမ်းများနှင့် မြန်မာ့သစ်တောများ အခန်းကဏ္ဍ မှ

သစ်တောထိန်းသိမ်းခြင်းအနက် REDD နှင့် ထိန်းသိမ်းသော နည်းလမ်းလည်းပါဝင်သည်။ REDD ကျင့်သုံးသော နိုင်ငံအများစုသည် မိမိနိုင်ငံတွင် မည်သည့်သစ်တောအမျိုးအစားများ ပိုင်ဆိုင်၍ ကာဗွန်မည်မျှစုပ်ယူကြောင်း၊ REDD နည်းလမ်းကို ကျင့်သုံးရန်အတွက် သစ်တောပြုန်းတီးမှုကိုဖြစ်စေသော အဓိက အကြောင်းအရင်းများကို ရှာဖွေ၍ ထိန်းသိမ်းရန်နည်းလမ်းများကို အဓိကထားဖော်ပြရသည်။ REDD နည်းလမ်းအရ ရရှိလာသော အကျိုးအမြတ် ခွဲဝေသုံးစွဲမှုကိုလည်း စနစ်တကျဖော်ပြရသည်။

ယခုလက်ရှိတွင် မြန်မာနိုင်ငံ၌ REDD အကောင်အထည်ဖော်ရန် အားနည်းနေသေးသည်။

လာအိုနိုင်ငံမှ အာဆီယံသစ်တောကိုယ်စားလှယ်က ယင်းနိုင်ငံအနေဖြင့် REDD နည်းလမ်းဖြင့် ထိန်းသိမ်းထားသော သစ်တောပမာဏသည် မြန်မာနိုင်ငံရှိ သစ်တောပမာဏထက် လျော့နည်းကြောင်း၊ မြန်မာနိုင်ငံသည် သစ်တောများ ပိုင်ဆိုင်သည့် အခွင့်အလမ်းကောင်းများ ရှိနေ၍ REDD အကောင်အထည်ဖော်မည်ဆိုပါက ယင်းနည်းလမ်းတွင် ပြည်သူလူထုကပါ ပါဝင်လာစေရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း အကြံပေးပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံမှ အာဆီယံသစ်တောကိုယ်စားလှယ်ကလည်း ယင်းနိုင်ငံတွင် ထိန်းသိမ်းကာကွယ်ရန် သစ်တောများမရှိသော်လည်း ဈေးကွက်တွင် ကာဗွန်ရောင်းဝယ်ပါက ကာဗွန်ရောင်းဝယ်သည့် ကုမ္ပဏီများရှိကြောင်း ပြောကြားခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ခြေလှမ်းများဟန်ပြင်နေသောကြောင့် သစ်တောရောင်းဝယ်ခြင်းမှ ဝင်ငွေနှင့် ကာဗွန်ရောင်းဝယ်ခြင်း ဝင်ငွေ နှိုင်းယှဉ်တွက်ချက်ပါက REDD နည်းလမ်းအား အကောင်အထည်ဖော်ရန် တွန့်ဆုတ်နေကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ ပြည်တွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖရီဒါအသင်းမှ ဒုတိယဥက္ကဋ္ဌဦးအုန်းက "မြန်မာနိုင်ငံမှာလက်ရှိသဘာဝသစ်တော ဟက်တာ ၃၄ သန်းကျော်ရှိတယ်။ တစ်ဝက်ကို သစ်ခုတ်ရောင်းမယ်။ ပြန်စိုက်မယ်။ နောက်တစ်ဝက်ကို ထိထိရောက်ရောက် ထိန်းသိမ်းထားနိုင်ရင် လုံခြုံမှုရှိနေပါသေးတယ်" ဟု ၎င်းပုဂ္ဂိုလ်က သူ့အမြင်ကို ပြောပြသည်။

REDD နှင့် ပတ်သက်၍ လက်ရှိပြင်ဆင်မှုသည် FAO နည်းလမ်းကို အခြေခံ ကာဗွန်စုပ်ယူမှုကို တွက်ထားချက်ထားပြီး ကျန်အချက်များသည် လိုအပ်နေသေးကြောင်း သစ်တောသုတေသနဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

"ကျွန်တော်တို့နိုင်ငံမှာ ရွက်ပြတ်ရောနှောတောက ပိုပေါက်ရောက်တယ်။ ပိုများတယ်။ FAO နည်းလမ်းနဲ့ တွက်ထားတာတော့ ရှိတယ်။ REDD လုပ်မယ်ဆိုရင်တော့ ပိုစနစ်ကျဖို့လိုတယ်။ ပိုပြီး သုတေသနလုပ်ဖို့လိုတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ထပ်မံပြောကြားသည်။

သစ်တောသုတေသနဌာနမှ သဘာဝရွက်ပြတ်ရောနှောသစ်တောများအား သုတေသနပြုလုပ်ချက်အရ ရွက်ပြတ်ရောနှောသစ်တောတစ်ဟက်တာလျှင် မြေဆီလွှာနှင့် သစ်ပင်စုပ်ယူမှုအပါအဝင် ကာဗွန်တန်လေးရာကျော် စုပ်ယူကြောင်း စိုက်ပျိုးပြီး သစ်တောများ၏ စုပ်ယူမှုကို တိုင်းတာရာ၌ ခြောက်နှစ်သားအရွယ်သစ်တောတစ်ဟက်တာ၏ ကာဗွန်စုပ်ယူမှုသည် ၆၅ တန်ကျော်၊ သက်တမ်းအရင့်ဆုံး ၂၆ နှစ်သားအရွယ်သစ်တော တစ်ဟက်တာ၏ ကာဗွန် စုပ်ယူမှုမှာ ၁၂၅ တန်ကျော်သာရှိကြောင်း သဘာဝတောနှင့် စိုက်ပျိုးပြီး သစ်တော၏ ကာဗွန်စုပ်ယူမှု ကွာခြားချက်ကို ဖော်ပြထားသည်။

REDD နည်းလမ်းတစ်ခုသည် ကမ္ဘာတစ်ဝန်းကာဗွန်ရောင်းဝယ်ခြင်းဈေးကွက်ကို ဝင်ဆန့်နိုင်သည့်အပြင် ဖွံ့ဖြိုးပြီး နိုင်ငံများ၏ ရန်ပုံငွေထောက်ပံ့မှုကိုပါ မျှော်မှန်းနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် တဖြည်းဖြည်း ပြောင်းလဲလာသော ရာသီဥတုပြောင်းလဲခြင်းကိုပါ ထိန်းသိမ်းပေးနိုင်မည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်လေ့လာသူများက သုံးသပ်ပြသည်။

"REDD ပြင်ဆင်ထားတာကောင်းပါတယ်။ အခု climate change ...climate change ဆိုတာကြီးက တဖြည်းဖြည်း နီးကပ်လာတော့ ရာသီဥတု ထိန်းညှိပေးတဲ့ သစ်တောရဲ့ အခန်းကဏ္ဍက ချန်လှပ်ထားလို့မရဘူး။ သူများနိုင်ငံမှာတော့ REDD လုပ်ရင် လိုအပ်တာကတော့ အများကြီး ရှိနေသေးတယ်။ တဖြည်းဖြည်းနဲ့တော့ ရွေ့လာမှာပါ။

ရလာတဲ့အကျိုးအမြတ်ကို အစိုးရက ၁၀ ရာခိုင်နှုန်းယူတယ်။ ကျန်တာကို သစ်တောထိန်းသိမ်းကာကွယ်ရေး၊ ဒေသခံတွေရဲ့ Livehood အတွက် သုံးတယ်။ ဒါကတော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူဘူးပေါ့။ ကျွန်တော်တို့နိုင်ငံမှာတော့ သင့်တော်တဲ့ နည်းလမ်းကို သုံးရမှာပေါ့"ဟု ၁၀ နှစ်အတွေ့အကြုံရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတစ်ဦးက ပြောသည်။ မြန်မာနိုင်ငံအတွက် သန္ဓေတည်စပြုနေသော REDD မွေးဖွားရန် လေ့လာစောင့်ကြည့်ရမည့် အနေအထားတွင်ရှိပြီး ယခုလက်ရှိ အခြေအနေ၌ သက်ဆိုင်ရာဝန်ကြီးဌာန၏ ပါဝင်ပတ်သက်စိတ်ဝင်စားလာမှုသည် မြင့်မားလာသော်လည်း နိုင်ငံအတွင်း အရည်အသွေးပြည့်သည် လူစွမ်းအားအရင်းအမြစ်များ စနစ်တကျဖြစ်သည် အချက်အလက်များ၊ မူဝါဒဆိုင်ရာ တွန်းအားပေးမှုများ လိုအပ်နေသေးကြောင်း သဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာသူများက ဆိုသည်။

Environment

7DAY NEWS JOURNAL

Vol.10, No.10 · MAY 26, 2011

# အရှိန်ယူစပြုနေသည့်သစ်တောထိန်းသိမ်း၍ကာဗွန်လျှော့ချမည့်နည်းလမ်းများနှင့်မြန်မာ့သစ်တောများအခန်းကဏ္ဍ

**အိဖြူမွန်**

မြန်မာနိုင်ငံ၌ သစ်တောပျက်များ ထိန်းသိမ်းခြင်း၊ လက်ရှိသစ်တောများ ထိန်းသိမ်းခြင်းဖြင့် ရာသီဥတုပြောင်းလဲခြင်းကိုဖြစ်ပေါ်စေသော ကာဗွန်လျှော့ချခြင်းဆိုင်ရာ နည်းလမ်းများကို နေပြည်တော် သစ်တောဝန်ကြီးရုံးတွင် ဆွေးနွေးခဲ့ကြသည်။ ယင်းအစည်းအဝေးတွင် အဓိကဇာတ်လိုက်မှာ REDD (Reduction of emission from Deforestation and Forest degradation ဖြစ်သည်။

မြန်မာနိုင်ငံအတွက် REDD အကောင်အထည်ဖော်မည့် ပထမဆုံး ခြေလှမ်းဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် UNDP နှင့် ယခင် သစ်တောရေးရာဝန်ကြီး ဦးသိန်းအောင်လက်ထက်တွင် REDD အကောင်အထည်ဖော်ရန် ဆွေးနွေးခဲ့သည်။ ဆွေးနွေးသည့် အဆင့်သာရှိခဲ့သော REDD သည် ၂၀၁၀ တစ်နှစ်တာ ကာလအတွင်း ခေတ္တခဏမှေးမှိန်ခဲ့သည်။ ၂၀၁၁ ခုနှစ် အစိုးရသစ်လက်ထက် ဝန်ကြီးအသစ်တွင် REDD သည် အသက်ဝင်လာခဲ့ပြီး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် ပြင်ဆင်သည့်အဆင့်ဖြစ်လာသည်။

အချို့သော အာဆီယံနိုင်ငံများတွင် REDD ကို လက်တွေ့ကျင့်သုံးကြပြီဖြစ်သည်။ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ဘာလီတွင်ပြုလုပ်ခဲ့သော ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့က REDD ကို ၂၀၁၂ ခုနှစ် လမ်းပြမြေပုံတွင် ထည့်သွင်းခဲ့သည်။ ၂၀၀၉ ခုနှစ်တွင်နှစ်စဉ်ကျင်းပနေကျဖြစ်သော UNFCCC အစည်းအဝေး၌ REDD ကို အသေးစိတ်အချက်များ ပေါ်ထွက်လာစေရန် ဆွေးနွေးခဲ့ကြသည်။ ယခင်က ရာသီဥတုပြောင်းလဲလာမှုကို လျော့ပါးစေရန်အတွက် သစ်ပင်များစိုက်ပျိုးရန်အချက်ကို အဓိက ဆွေးနွေးခဲ့ကြသည်။ သို့သော် စိုက်ပျိုးပြီးသစ်ပင်များ၏ ကာဗွန်စုပ်ယူမှုသည် မူလသဘာဝတောများ၏ ကာဗွန်စုပ်ယူမှုပမာဏထက် လျော့နည်းနေသောကြောင့် သစ်တောပျက်များပြန်လည်ထိန်းသိမ်းခြင်း၊ သစ်တောပြုန်းတီးမှုကို ထိန်းသိမ်းခြင်း (REDD )သည် အကောင်းဆုံး နည်းလမ်းတစ်ခုဖြစ်သည်ဟု ယုံကြည်လာကြသည်။



မြန်မာနိုင်ငံတွင် REDD နှင့်ပတ်သက်၍ ယခုလက်ရှိတွင် အကောင်အထည်ဖော်မှုပိုင်းသည် အားနည်းနေသော်လည်း ကြိုတင်ပြင်ဆင်သည့် အနေအထားကို ရောက်ရှိနေပြီဖြစ်သည်။ သစ်တောပိုင်ဆိုင်မှုပမာဏများသောကြောင့် REDD အကောင်အထည်ဖော် အသက်ဝင်လာရန် အခြေအနေကောင်းတစ်ခု ဖြစ်ကြောင်း ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ထောက်ပြပြောဆိုလာကြသည်။

"အခုလက်ရှိကတော့ ဘောမဲ့တောဥယျာဉ်တွေကို target ထားတယ်။ လုပ်လို့ရတယ်လို့ပဲ ချပြသေးတာပါ။ ဒီအထဲမှာပြင်ဆင်ရမှာ အများကြီးလိုသေးတယ်။ အခု ဆွေးနွေးပွဲကလည်း ဘယ်လိုပြင်ဆင်ထားသင့်တယ်ဆိုတာပဲ အဓိကဆွေးနွေးကြတာပါ။ သစ်တောဝန်ထမ်း အချို့ကလည်း REDD ဆိုတဲ့ဝေါဟာရကိုစိမ်းနေသေးတယ်။ ပေါ်လာတာလည်း သိပ်မကြာသေးဘူးလေ"ဟု သစ်တောသုတေသနဌာနမှ တာရှိသူတစ်ဦးကပြောသည်။

REDD သည် ကာဗွန်ဈေးကွက်၌ အရေးပါသော အခန်းကဏ္ဍတွင်ပါဝင်လာမည်ဟုလည်း သဘာဝပတ်ဝန်းကျင်လေ့လာသူများက သုံးသပ်သည်။ လက်ရှိတွင် REDD နည်းလမ်းအကောင်အထည်ဖော်သော ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွံ့ဖြိုးပြီး နိုင်ငံများ၏ ရန်ပုံငွေပံ့ပိုးမှုကိုသာ မှီခိုနေရသေးကြောင်း သဘာဝပတ်ဝန်းကျင်လေ့လာသုံးသပ်သူများက ဆိုသည်။

ရာသီဥတုပြောင်းလဲခြင်းအား လျော့ပါးအောင်ပြုလုပ်မည် သစ်တောပိုင်ဆိုင်သော ဖွံ့ဖြိုးဆဲ နိုင်ငံများအား ထောက်ပံ့မည့်စာရင်းတွင် မြန်မာနိုင်ငံလည်း ပါဝင်သည်။ မြန်မာနိုင်ငံအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး(သစ်တော၊ ဂေဟဗေဒစနစ်၊ မြေအသုံးချမှု) အတွက် Global Environment Facility မှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၄ သန်းကို ပေးရန်လျာထားပြီး ဖြစ်သည်။

***စာ(၄၀) သို့***

## Environment Cartoon



## မြန်မာနိုင်ငံတွင် အများဆုံးရှိသောရွက်ပြတ်ရောနှောတောများက ကာဗွန်ကိုအဓိကစုပ်ယူပေးနိုင်

**အိဖြူမွန်**

**နေပြည်တော်၊ မေ-၂၆**


မြန်မာနိုင်ငံတွင် သစ်တောအမျိုးအစားများစွာ ပေါက်ရောက်သည့် အနက်ရွက်ပြတ်ရောနှောတောသည် အဓိက အများဆုံးပေါက်ရောက်ပြီး ယင်းသစ်တော၏ ကာဗွန်စုပ်ယူမှုသည် သစ်တောတစ်ဟက်တာလျှင် ကာဗွန် တန် ၄၀၀ကျော် စုပ်ယူနိုင်ကြောင်း သစ်တောသုတေသန ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးကပြောသည်။

ယင်းအချက်အလက်သည် ၂၀၀၉ ခုနှစ်တွင် FAO နည်းလမ်းကို အခြေခံ၍ ယေဘုယျအားဖြင့် ရွက်ပြတ်ရောနှောများပေါက်သည့် ပဲခူးရိုးမရှိ သစ်တောများကို တိုင်းတာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလက်ရှိ မြန်မာနိုင်ငံတွင် ပေါက်ရောက်သောသစ်တောများအနက် ရွက်ပြတ်ရောနှောတောသည် ၃၈ ရာခိုင်နှုန်းရှိ၍ ကာဗွန်လျှော့ချခြင်းနှင့် ကာဗွန်ရောင်းဝယ်ခြင်း၏ အခွင့်အလမ်းကောင်းတစ်ခုဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကသုတေသနပြုချက်ကို ကိုးကား၍ ပြောသည်။ ကာဗွန်ရောင်းဝယ်ရေး (Carbon Trading) တွင် ကာဗွန်တစ်တန်ကို စုပ်ယူနိုင်သော သစ်တောကို ထိန်းသိမ်းပါက အမေရိကန်ဒေါ်လာ၄ဒေါ်လာနှင့်၁၀ဒေါ်လာကြားတွင်ရှိသည်။ ကာဗွန်ဈေးကွက်တွင် ကာဗွန် တစ်တန်စုပ်ယူသော သစ်တောထိန်းသိမ်းမှုကို အမေရိကန်ဒေါ်လာ ၇ ဒေါ်လာ ပျမ်းမျှရရှိပါက ရာသီဥတုပြောင်းလဲခြင်းကိုဖြစ်ပေါ်စေသောကာဗွန်ဈေးကွက်သည် နိုင်ငံအများစု ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလာနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားအချို့က အကြံပြုကြသည်။

မြန်မာနိုင်ငံ၏ သစ်တောပိုင်ဆိုင်မှုသည် FAO ၏ ၂၀၁၀ပြည့်နှစ်စာရင်းကောက်ယူချက်အရ ဟက်တာ ၃၁သန်းကျော်ကို ပိုင်ဆိုင်ထားသည်။ သို့သော်လည်း နိုင်ငံတကာအသိအမှတ်ပြုကာဗွန်လျော့ပါးစေသော နိုင်ငံ တစ်နိုင်ငံဖြစ်သည့် လက်မှတ်မရှိသေးသောကြောင့်ပြင်ဆင်ထားသင့်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်အချို့ကပြောသည်။

သစ်တောသုတေသန ဦးစီးဌာန၏ သုတေသနပြုချက်အရ သဘာဝသစ်တောများ၏ ကာဗွန်စုပ်ယူမှုသည် စိုက်ပျိုး သစ်ပင်များ၏ ကာဗွန်စုပ်ယူမှု ပမာဏထက် များပြားသောကြောင့် ကာဗွန်ဈေးကွက်တွင် ဝင်ဆံ့လိုပါက သဘာဝသစ်တောထိန်းသိမ်းခြင်း နည်းလမ်းသည် အကောင်းဆုံးဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

မြန်မာနိုင်ငံတွင် အဓိက သစ်ပင်အမျိုးအစား ခုနစ်မျိုး ပေါက်ရောက်ပြီး ယင်းတို့မှာ ကျွန်းသစ်၊ ပျဉ်းကတိုး၊ ပိတောက်၊ သင်းဝင်၊ ယမနေ၊ ယင်းမာ၊ ထောက်ကြံ့တို့ဖြစ်သည်။ ယင်းသစ်အမျိုးအစားများအနက် ပိတောက်နှင့် သင်းဝင်သစ်တို့မှာ ကာဗွန်စုပ်ယူမှုအား အကောင်းဆုံးသစ်ဖြစ်ပြီး တစ်ဟက်တာလျှင်ကာဗွန်၁၃၈တန်ကျော် စုပ်ယူကြောင်း သစ်တောသုတေသနဌာနမှ သိရသည်။






Tourism

7DAY NEWS JOURNAL

Vol.10, No.10 · MAY 26, 2011

# ကိုရီးယားခရီးသွား၁,၀၀၀ခန့်လစဉ်လာရောက်မည့်အစီအစဉ် ကုမ္ပဏီနှစ်ခုလက်မှတ်ထိုး



အောင်သူရ

**ရန်ကုန်၊ မေ - ၁၈**

မြန်မာနိုင်ငံသို့ ကိုရီးယားဧည့်သည် လစဉ် ၁,၀၀၀ ခန့် လာရောက်မည့် ကိုရီးယား-မြန်မာ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးကို နှစ်နိုင်ငံ ခရီးသွားကုမ္ပဏီနှစ်ခု လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံဘက်မှ မြန်မာ့ခရီးသွားလုပ်ငန်းစု ဥက္ကဋ္ဌဦးဇော်သီဟနှင့် ကိုရီးယားနိုင်ငံမှ Onnuri Travel Company United ဥက္ကဋ္ဌတို့သည် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရုံးတွင် မေလ ၁ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။ ယခုကဲ့သို့ အစီအစဉ်မျိုးကို ၂၀၀၆ ခုနှစ်က ဆောင်ရွက်ခဲ့ဖူးပြီး ကိုရီးယားနိုင်ငံမှ ကမ္ဘောဒီးယား၊ ကမ္ဘောဒီးယားမှ စင်းလုံးငှားလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရန် စီစဉ်ခဲ့သော်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်မှု နည်းပါးခဲ့သည်ဟု ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

ပြီးခဲ့သည့်နှစ် ခရီးသွားရာသီတွင် ကိုရီးယားဧည့်သည်တစ်သောင်းခန့်သာ လာရောက်ခဲ့ပြီး နိုင်ငံခြားဧည့်သည်များသည် ပုံမှန်ခရီးသွားရာသီဖြစ်သော အောက်တိုဘာမှ ဧပြီလအထိ လာရောက်လေ့ရှိသည်။ အဆိုပါလက်မှတ်ရေးထိုးသည့်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် ငပလီ၊ ငွေဆောင်၊ ချောင်းသာ ကမ်းခြေဒေသများ၊ မြိတ်ကျွန်းစုဒေသများ၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများ၌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ကိုရီးယားနိုင်ငံမှ လုပ်ငန်းရှင်အချို့ ဆွေးနွေးခဲ့ကြကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

## PHOTO NEWS

တစ်ကမ္ဘာလုံးရှိ သန်းနှင့်ချီသောခရီးသွားများသည် ၂၀၁၁ ခုနှစ်အတွက် အာရှဒေသတွင် ခရီးသွားလာမှုအကောင်းဆုံး နေရာဒေသ (2011 Travellers' Choice Destination) အဖြစ် ဟောင်ကောင်ကို ရွေးချယ်ခဲ့ကြသည်။ အာရှတွင် ခရီးသွားလာမှုအကောင်းဆုံးနေရာဒေသ ၁၀ ခုအနက် ဟောင်ကောင်ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ ခရီးသွားများက ဟောင်ကောင်ကို ဈေးဝယ်လို့မှဆုံးနိုင်တဲ့မြို့ ညအချိန်လှည့်ပတ်သွားလာစရာ အကောင်းဆုံးနှင့် ည၏အလှအပများရှိရာမြို့နှင့် Dim Sum များကို အရသာရှိရှိ စားနိုင်သည့်မြို့ဟု အသီးအသီးတင်စားသတ်မှတ်ခဲ့သည်။ ပုံတွင် ဟောင်ကောင်မှခရီးသွားများအား ဆွဲဆောင်မှုနေရာဖြစ်သော ဒစ္စနေးအပန်းဖြေဥယျာဉ်သို့ လာရောက်လည်ပတ်ကြသော ခရီးသွားများကို တွေ့ရစဉ်။

*Ref: asiatraveltips*









7DAY NEWS

သို့ ဆက်သွယ်လိုပါက -
ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊






7DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011

# Cartoon





















7 DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011

# ထိုင်းနှင့် ကမ္ဘောဒီးယား ကာကွယ်ရေးဝန်ကြီးများ ဆွေးနွေးမည်



**ဖနွမ်းပင်၊ မေ - ၁၇**

ကမ္ဘောဒီးယား ကာကွယ်ရေးဝန်ကြီးတီယာဘန်သည် ထိုင်းကာကွယ်ရေးဝန်ကြီး ပရာဝစ်ဝေါင်ဆူဝမ်နှင့် နယ်စပ်အရေးအရာများကို ဂျကာတာတွင် ပြုလုပ်မည့် ငါးကြိမ်မြောက် အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတွင် ဆွေးနွေးသွားမည်ဟု ပြောကြားလိုက်သည်။ အင်ဒိုနီးရှားနိုင်ငံသို့မထွက်ခွာမီ ဖနွမ်းပင်လေဆိပ်၌ သတင်းထောက်များအားၾငင်းက "ပရာဝစ်နဲ့ကျွန်တော့်အကြားအစည်းအဝေးတစ်ခုလုပ်ဖို့ရှိပါတယ်။ အဲဒီအချိန်မှာကမ္ဘောဒီးယားနဲ့ ထိုင်းအကြားက နယ်စပ်ပဋိပက္ခကို ဆွေးနွေးမှာပါ" ဟုဆိုသည်။

ကမ္ဘောဒီးယား ကာကွယ်ရေးဝန်ကြီး တီယာဘန်က ၎င်းတို့သည် ထိုင်းဘက်မှတောင်းဆိုထားသော ပရီဗီဟာ ဘုရားကျောင်းအနီး ဧရိယာ ၄ ဒသမ ၆ စတုရန်းမီတာ နယ်မြေမှ ဆုတ်ခွာပေးရန် မဖြစ်နိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထိုနေရာမှာ၎င်းတို့၏ ပိုင်နက်နယ်စပ်ဖြစ်ကြောင်းဆိုသည်။ ၎င်းကကမ္ဘောဒီးယားနှင့် ထိုင်းအကြား အထွေထွေနယ်စပ်ကော်မတီ အစည်းအဝေးအား အင်ဒိုနီးရှားဘက်မှ စစ်ဆေးလေ့လာသူများ ပါဝင်မှသာ ကျင်းပနိုင်မည်ဖြစ်ကြောင်း ပြောသည်။ မကြာသေးမီက ဖြစ်ခဲ့သည့်နှစ်နိုင်ငံနယ်စပ် ပစ်ခတ်မှုများတွင်လူပေါင်း ၁၉ ဦးသေဆုံးခဲ့ကာအရပ်သားတစ်သိန်းခန့်၎င်းတို့၏ နေအိမ်များမှ ထွက်ပြေးခဲ့ရသည်။

*—Ref: CNA*

# မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာ ဆေးရုံတက်



**ကွာလာလမ်ပူ၊ မေ - ၁၈**

ယခင် မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာ မိုဟာမက်သည် ရင်ဘတ်အောင့်သဖြင့် မေ ၁၈ နံနက်အစောပိုင်းတွင် ဆေးရုံတင်ခဲ့ရကြောင်း သိရသည်။ ဝန်ကြီးချုပ်ဟောင်း၏ ပြန်ကြားရေးအရာရှိဆူဖီယူဆွတ်ဖ်က "သူဟာဒီမနက်မှာပဲ နေမကောင်းဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့် သူ့ကို အမျိုးသားနှလုံးရောဂါအင်စတီကျူဒ်ဆေးရုံမှာ တင်ထားခဲ့ရပါတယ်။ သူ့အခြေအနေကတော့တည်ငြိမ်နေပြီး လက်ရှိမှာတော့အနားယူနေပါတယ်" ဟု အေအက်ဖ်ပီသတင်းသို့ ပြောသည်။

မဟာသီယာသည် ရာထူးတွင် ၂၂ နှစ်ကြာ အာဏာဆွဲကိုင်ပြီးနောက် ၂၀၀၃ ခုနှစ်တွင်အနားယူခဲ့သည်။ ၎င်းသည် မလေးရှားနိုင်ငံရေးတွင် ဩဇာကြီးသော ပုဂ္ဂိုလ်ဖြစ်နေဆဲဖြစ်ပြီး မကြာခဏဆိုသလိုပင် မျက်မှောက်ရေးရာများအကြောင်း ဝေဖန်ပြောဆိုလေ့ရှိသည်။ မစ္စတာ မဟာသီယာသည် ၁၉၈၉ နှင့် ၂၀၀၇ ခုနှစ်များတွင် နှလုံးသွေးကြောပိတ်မှု ကုသရန်ခွဲစိတ်မှု နှစ်ကြိမ်ခံယူခဲ့ဖူးသည်။

*—Ref: CNA*

# တ ုတ်နိုင်ငံတွင် နေ့စဉ်ကွန်ပျူတာလုံးရေ သန်း ၁၅၀ ခန့် အသုံးပြု

**ဘေဂျင်း၊ မေ - ၁၆**

ဘေဂျင်းအခြေစိုက် တရုတ်ကွန်ပျူတာလုံခြုံရေး ကုမ္ပဏီတစ်ခု၏ ထုတ်ပြန်ချက်အရတရုတ်နိုင်ငံတွင် နေ့စဉ်ကွန်ပျူတာ လုံးရေပေါင်း သန်း ၁၅၀ ခန့်ကို အသုံးပြုနေကြောင်း၊ သို့သော် ယင်းမှခြောက်ဆယ်ရာခိုင်နှုန်းခန့်မှာ စက်လည်ပတ်မှု မြန်နှုန်းနှေးခြင်း စသည့် ပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ အဆိုပါကုမ္ပဏီမှာ တရုတ်ပြည်၏ အကြီးမားဆုံး anti-virus ဆော့ဖ်ဝဲကုမ္ပဏီတစ်ခုဖြစ်သော Qihoo 360 ဖြစ်သည်။

ယင်းကုမ္ပဏီ၏ အစီရင်ခံစာအရတရုတ်ပြည်တွင်း၌ အသုံးပြုနေသော ကွန်ပျူတာများသည် မလိုအပ်သော ပရိုဂရမ်များ အသုံးပြုထားသည့်အတွက် စက်ဖွင့်ရာတွင် လေးလံနေတတ်ကြောင်း တရုတ်တွင် ကွန်ပျူတာများအတွက်စက်အပြည့်အဝလည်ပတ်ပြီး အသုံးပြုရန် အသင့်အနေအထားရောက်ရန် ပျမ်းမျှ ၅၆ စက္ကန့်ခန့် အချိန်ယူရကြောင်း ဆိုသည်။ တရုတ်နိုင်ငံ၌ ယခုနှစ်ကုန်တွင် Qihoo ကုမ္ပဏီထုတ်အခမဲ့ ကွန်ပျူတာ လုံခြုံရေး ဆော့ဖ်ဝဲအား အသုံးပြုသူပေါင်း ၃၂၈ သန်းခန့် ရှိလာမည်ဟု ခန့်မှန်းထားသည်။

—Ref: Xinhua





## နောက်ကျောဖုံး - အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအစီအစဉ်ကို အိုဘားမား ကာကွယ်ပြောဆို မှ

မကြာခဏ လက်ခုပ်တီးချီးမြှင့်ခံရသည့်မိန့်ခွန်းတွင် အိုဘားမားက ၁၉၆၇ ခုနှစ် အာရပ်-အစ္စရေး စစ်ပွဲနယ်နိမိတ်သတ်မှတ်ချက်များပြန်လည်လက်ခံရန် အစ္စရေးနိုင်ငံအား တိုက်တွန်းပြောကြားသည်။

ဆွေးနွေးညှိနှိုင်းမှုများအတွက် ချမှတ်ထားသော အခြေခံမူဘောင်များမှာ ယခင် အမေရိကန်အစိုးရအဆက်ဆက်အပါအဝင် ဆွေးနွေးဘက်များက ချမှတ်ထားသည့်အခြေခံအချက်များဖြစ်ကြောင်း အမေရိကန် အစ္စရေးပြည်သူ့ရေးရာကော်မတီ(AIPAC)၏ ကိုယ်စားလှယ်ပေါင်း တစ်သောင်းအား အိုဘားမားကပြောကြားသည်။

ရွေးကောက်ပွဲဝင်ရန် ပြန်လည်ပြင်ဆင်နေသော သမ္မတတစ်ယောက်အတွက်အငြင်းပွားမှုကိုရှောင်ရှားနေခြင်းမှာ လွယ်ကူသောကိစ္စဖြစ်ကြောင်း၊ သို့သော် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်လည်ဖြစ်ပေါ်ရန် အလွန်အရေးကြီးသောအခြေအနေကြောင့် ၎င်းအနေဖြင့် ယခု ရပ်တည်ချက်ကိုချပြရခြင်းဖြစ်ကြောင်း အိုဘားမားကပြောကြားသည်။

အိုဘားမားသည် လွန်ခဲ့သော စက်တင်ဘာလအတွင်းက အစ္စရေး-ပါလက်စတိုင်း ညှိနှိုင်းဆွေးနွေးမှုများ ပြန်လည်စတင်ခြင်းကိုကြီးကြပ်ပေးခဲ့သည်။ သို့သော် အစ္စရေးဝန်ကြီးချုပ် နေတန်ညာဟုက အနောက်ဘက်ကမ်းခြေဒေသတွင် အစ္စရေးတို့၏ အိမ်ရာဆောက်လုပ်မှု ရပ်တန့်ထားခြင်းကို သက်တမ်းတိုးရန် ငြင်းဆန်ခဲ့ပြီးနောက် ဆွေးနွေးပွဲများ ပျက်ပြားခဲ့ရသည်။

၁၉၆၇ ခုနှစ်မတိုင်မီနယ်စပ်မျဉ်းများအား ပြန်လည်အသိအမှတ်ပြုရေး အိုဘားမား၏ပြောကြားမှုကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟုက ထိထိရောက်ရောက်ပယ်ချခဲ့ပြီး အိုဘားမားမိန့်ခွန်းပြောကြားပြီး နောက်တစ်ရက်တွင် အိမ်ဖြူတော်သမ္မတရုံးခန်းသို့ လာရောက်၍ ယင်းသို့ အသိအမှတ်ပြုပါက အစ္စရေးနိုင်ငံအား စစ်ရေးအရ ကာကွယ်နိုင်မည်မဟုတ်ကြောင်းပြောကြားခဲ့သည်။

ယခု တစ်ကြိမ်တွင်မူ နေတန်ညာဟုက ၁၉၆၇ ခုနှစ် နယ်စပ်မျဉ်းများအကြောင်း မပြောခဲ့ဘဲ ထိုအစား ၎င်း၏ရုံးမှနေ၍ “AIPAC တွင် သမ္မတ အိုဘားမားပြောကြားခဲ့သည်များကို အသိအမှတ်ပြုတန်ဖိုးထားကြောင်း (ဝန်ကြီးချုပ်) နေတန်ညာဟုက ပြောကြားသည်”ဟု ဖော်ပြခဲ့သည်။

—*Ref: AFP*

## နောက်ကျောဖုံး - ယီမင်အာဏာ လွှဲပြောင်းရေးအစီအစဉ် ပျက်ပြား မှ



ဆာလေးသည် ယခင်ကလည်း သဘောတူညီချက်များကို လက်မှတ်ထိုးရန် နောက်ဆုံးအချိန်တွင်မှ နှစ်ကြိမ်တိုင်တိုင် ငြင်းဆန်ဖူးသူဖြစ်ပြီး ပင်လယ်ကွေ့နိုင်ငံများအဖွဲ့က ကြားဝင်ညှိနှိုင်းပေးသည့်သဘောတူညီချက်ကို လက်မှတ်ထိုး၍ ရာထူးမှ နုတ်ထွက်ရန် အကြီးအကျယ်ဖိအားပေးခြင်းခံနေရသည်။

၎င်း၏အုပ်ချုပ်ရေးအပေါ် ဆန့်ကျင်ဆန္ဒပြမှုများမှာလည်း သုံးလကြာမြင့်ခဲ့ပြီဖြစ်ပြီး ဆန္ဒပြမှုများအတွင်း လူပေါင်း ၁၇၀ကျော် သေဆုံးခဲ့သည်။

လက်မှတ်ရေးထိုးရန်အစီအစဉ်ပျက်ပြားသွားကြောင်း ယင်းအစီအစဉ်တွင် ပါဝင်ခဲ့သည့် သံတမန်တစ်ဦးက ရိုက်တာသတင်းဌာနအားပြောကြားပြီး ထို့အတွက် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(GCC)သည် ၎င်းတို့ တင်ပြခဲ့သည့်အစီအစဉ်ကို ပြန်လည်ရုပ်သိမ်းဖွယ်ရှိကြောင်း ပင်လယ်ကွေ့သံတမန်တစ်ဦးကပြောကြားသည်။

အဗ္ဗဒူလာဆာလေး သည် အာရပ်ကျွန်းဆွယ်နိုင်ငံအား ၃၃ နှစ်ကြာ အုပ်ချုပ်ခဲ့ပြီး နောက် သဘောတူညီချက်အတိုင်းသာ ဆိုပါက ဂုဏ်သိက္ခာရှိရှိဖြင့်ရာထူးမှ ဆင်း ခွင့်ရမည်ဖြစ်ပြီး ဖမ်းဆီးခံရခြင်းမှလည်း ကင်းလွတ်နိုင်မည်ဖြစ်သည်။

သို့သော်ဆာလေး၏ သစ္စာခံတပ်ဖွဲ့ဝင် ရာပေါင်းများစွာက ယင်းသဘောတူညီချက်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ကာ လမ်းမကြီးများအား ပိတ်ဆို့ခဲ့ပြီး အာရပ်နှင့် အနောက်တိုင်း သံတမန်များ စုဝေးနေသည့် သံရုံးတစ်ရုံးကိုလည်း ဝန်းရံပိတ်ဆို့ခဲ့ကြကြောင်း သိရသည်။

—*Ref: Reuters*

## Leader's Profile

# ဂျမေကာဝန်ကြီးချုပ် ဘရုစ်ဂိုးလ်ဒင်း

ရဲမင်း



အိုရက်ဘရုစ်ဂိုးလ်ဒင်းသည် ဂျမေကာနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ၂၀၀၇ ခုနှစ်မှစတင်၍ ဂျမေကာနိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးရယူထားသူဖြစ်သည်။

ဂိုးလ်ဒင်း၏ အမေနှင့်အဖေ နှစ်ဦးစလုံးမှာ ကျောင်းဆရာများဖြစ်ပြီး ဂိုးလ်ဒင်းသည် သားသမီးလေးဦးအနက်မှ တတိယမြောက်ဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင် စိန့်ကက်သရင်း ဒေသ၌မွေးဖွားခဲ့ပြီးကလေးဘဝအား၎င်းဒေသမှာပင်ဖြတ်သန်းခဲ့သော ဂိုးလ်ဒင်းသည် ၁၉၅၅ ခုနှစ်တွင် မိခင်တာဝန်ကျရာ ဂျမေကာနိုင်ငံ မြို့တော်ကင်းစတန်သို့ ပြောင်းရွှေ့ခဲ့သည်။

ဘရုစ်ဂိုးလ်ဒင်းသည် ငယ်စဉ်ကပင်နိုင်ငံရေးအသိုင်းအဝိုင်းတွင်ကြီးပြင်းခဲ့သူဖြစ်ပြီး၎င်း ၂နှစ်သားအရွယ်မှာပင် ၎င်း၏ဖခင်တားဆီးယက်စ်ဂိုးလ်ဒင်းမှာ ပြည်သူ့လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံရသည်။ ၁၉၇၂ ခုနှစ်တွင် အနားယူချိန်အထိ ၎င်းပြည်သူ့လွှတ်တော်နေရာအား တားဆီးယက်စ်ဂိုးလ်ဒင်းက ထိန်းသိမ်းထားနိုင်ခဲ့သည်။

ဘရုစ်ဂိုးလ်ဒင်းသည်အခြေခံပညာရေးကို စိန့်ဂျော့ချ်ကောလိပ်တွင် ငါးနှစ်ကြာ သင်ယူခဲ့ပြီး နောက်ဂျမေကာကောလိပ်သို့ ပြောင်းတက်၍ A Level ဆက်လက်သင်ကြားခဲ့သည်။ အဆင့်မြင့်ပညာရေးအတွက်၁၉၆၆ခုနှစ်တွင် University of the West Indies ၌စတင်တက်ရောက်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ပြည်သူ့အုပ်ချုပ်ရေး အထူးပြုဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ရရှိခဲ့သည်။

ပညာရေးပြီးဆုံးပြီးနောက် ၎င်း၏ ဖခင်နည်းတူ နိုင်ငံရေးလောကထဲဝင်လာခဲ့သည့် ဂိုးလ်ဒင်းသည် ဖခင်၏ ဂျမေကာလေဘာပါတီ၏ ဥက္ကဋ္ဌအဖြစ် ၁၉၉၅ ခုနှစ်အထိ တာဝန်ယူလုပ်ဆောင်ခဲ့သည်။ သို့သော် ၁၉၉၅ ခုနှစ်တွင်ပါတီနှင့် သဘောထား ကွဲလွဲကာဂိုးလ်ဒင်းက အမျိုးသားဒီမိုကရက်တစ်လှုပ်ရှားမှု (NDM) ကို တည်ထောင်ခဲ့သည်။ သို့သော် ၂၀၀၂ ခုနှစ်တွင် ဂျမေကာလေဘာပါတီနှင့် ပြန်ပေါင်းထုပ်ခဲ့သည့်ဂိုးလ်ဒင်းသည် ၂၀၀၃ ခုနှစ် လေဘာပါတီ ဥက္ကဋ္ဌပြန်ဖြစ်လာသည်။ လေဘာပါတီကို ကိုယ်စားပြု၍ပင် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဂျမေကာပါလီမန်၏ အတိုက်အခံခေါင်းဆောင်ဖြစ်လာသည်။

၂၀၀၇ ခုနှစ်စက်တင်ဘာလ သုံးရက်တွင် ပြုလုပ်သည့် ဂျမေကာအထွေထွေရွေးကောက်ပွဲ၌ ဘရုစ်ဂိုးလ်ဒင်းသည် ဂျမေကာ၏ရှစ်ယောက်မြောက်ဝန်ကြီးချုပ်ဖြစ်လာသည်။ မစ္စတာဘရုစ်ဂိုးလ်ဒင်းသည် လော်နာဂိုးလ်ဒင်းနှင့် အိမ်ထောင်ပြုထားပြီး သားသမီးသုံးဦး ထွန်းကားထားသည်။

—*Ref: Wikipedia*

## ရုရှားနိုင်ငံခြား ထောက်လှမ်းရေးအကြီးအကဲနှင့် ကင်ဂျုံအီလ် တွေ့ဆုံဆွေးနွေး

မော်စကို၊ မေ - ၁၈

ရုရှားနိုင်ငံခြား ထောက်လှမ်းရေးဌာနအကြီးအကဲ မီးခေးလ်ဖရက်ကော့ဗ်ဦးဆောင်သည့်ရုရှားသံတမန် ကိုယ်စားလှယ်အဖွဲ့သည် မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအီလ်နှင့် ပြုံယမ်းမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ကိုရီးယားဗဟို သတင်းအေဂျင်စီ (KCNA) ကပြောကြားသည်။

ကွန်မြူနစ်နိုင်ငံ၏ မြို့တော်တွင်ပြုလုပ်ခဲ့သည့်ဆွေးနွေးပွဲများမှာနွေးထွေးပျူငှာမှု ရှိခဲ့ကြောင်းနှင့် အစည်းအဝေးအပြီး ပြုလုပ်သည့် ညစာစားပွဲ၌ မစ္စတာ ဖရက်ကော့ဗ်က ခေါင်းဆောင်ကင်ဂျုံအီလ်နှင့် ၎င်း၏ ရာထူးအား ဆက်ခံမည့်သူ၏သား ကင်ဂျုံအမ်အားလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသတင်းတွင်ဖော်ပြသည်။

အစည်းအဝေးတွင် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အလုပ်သမားပါတီမှ အရာရှိများလည်း တက်ရောက်ခဲ့သည်။

လွန်ခဲ့သော ၂ နှစ်အတွင်း ရုရှား၊ အမေရိကန်၊ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ရပ်တန့်နေသော ဆွေးနွေးပွဲများကို ပြန်လည်စတင်ရန် ကြိုးပမ်းနေကြသည်။

မြောက်ကိုရီးယား၏ ဒုံးကျည် စမ်းသပ်မှုများအား ကုလသမဂ္ဂက ရှုတ်ချခြင်းကို ကန့်ကွက်သည့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံက ၂၀၀၉ ခုနှစ် ဧပြီလတွင် ဆွေးနွေးပွဲများမှ နုတ်ထွက်သွားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက ၎င်းတို့၏ပထမဦးဆုံး နျူကလီးယားစမ်းသပ်မှုအား ၂၀၀၆ ခုနှစ်အောက်တိုဘာ ၉ ရက်တွင်ပြုလုပ်ခဲ့ပြီးနောက် ကုလသမဂ္ဂက ဆုံးဖြတ်ချက်အမှတ် (၁၇၁၈)ကို ချမှတ်ခဲ့ကာ နျူကလီးယားစမ်းသပ်မှုများ၊ ဒုံးကျည်စမ်းသပ်မှုများကိုပိတ်ပင်ထားခဲ့သည်။

—*Ref: RIA Novosti*

## နောက်ကျောဖုံး - ပါကစတန် စစ်အခြေစိုက်စခန်း တိုက်ခိုက်ခံရ မှ



ထို့အတူ အနည်းဆုံး စစ်သွေးကြွငါးဦးလည်း သေဆုံးသွားကြောင်း အမည်မဖော်လိုသည့်အရာရှိတစ်ဦးအား ကိုးကား၍သတင်းစာက ဖော်ပြသည်။

တိုက်ခိုက်မှုများမှာ ည ၁၀ နာရီခွဲခန့်တွင်စတင်ဖြစ်ပေါ်ခဲ့ပြီး ပါကစ္စတန်တပ်ဖွဲ့ဝင်သုံးဦးနှင့်စစ်သွေးကြွခြောက်ဦး သေဆုံးသွားကြောင်း ဒေသခံ အူရဒူတယ်လီဗေးရှင်း ARY အား ကိုးကား၍ ဆင်ဟွာသတင်းက ဖော်ပြသည်။

တိုက်ခိုက်မှုတွင်စစ်သွေးကြွ ၁၅ဦးအထိပါဝင်နိုင်ပြီး ပေါက်ကွဲမှုအကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကြောင်း ပါကစ္စတန်သတင်းစာ ကဖော်ပြသည်။ ယင်းတိုက်ခိုက်မှုများမှာ ပါကစ္စတန် တာလီဘန်အဖွဲ့က ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း မေလ ၂၃ ရက်တွင် ပြောကြားပြီး ယင်းမှာ အိုစမာဘင်လာဒင် သေဆုံးခြင်းအတွက် လက်စားချေခြင်းဖြစ်ကြောင်း ပါကစ္စတန် တာလီဘန်အဖွဲ့ကတယ်လီဖုန်းဖြင့်ဆက်သွယ်ပြောကြားကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

—*Ref: UPI/Reuters*

7 DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011





# အယ်လ်ကိုင်ဒါအုပ်စုဟာ အခက်ခဲဆုံးအချိန်တွေ ရင်ဆိုင်နေရပါတယ်

## ဂျာမန်သတင်းထောက်လှမ်းရေးအကြီးအကဲ အန်နဲ့စ်အာလောက်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

မကြာသေးမီက ပါကစ္စတန်မှာ ဘင်လာဒင်ကို အသေဖမ်းမိခဲ့ခြင်းဟာ အနောက်တိုင်းအတွက်တော့ အောင်ပွဲတစ်ခုဖြစ်ခဲ့သလို အနာဂတ်မှာလည်း အယ်လ်ကိုင်ဒါလို အစွန်းရောက်အဖွဲ့တွေရဲ့ လက်စားချေအကြမ်းဖက်တိုက်ခိုက်မှုတွေကြုံတွေ့ရစေမလားဆိုတဲ့ အကြောက်တရားကိုလည်း တိုးပွားစေခဲ့ပါတယ်။ အန်နဲ့စ်အာလောက်ဟာ ဂျာမနီရဲ့ နိုင်ငံရပ်ခြားထောက်လှမ်းရေး အေဂျင်စီ BND ရဲ့အကြီးအကဲဖြစ်ပါတယ်။ ဒါ့ကြောင့်ဂျာမန်စပိုင်းဂဲလ် မီဒီယာကပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ မစ္စတာအာလောက်ဟာ ဘင်လာဒင်ရဲ့သေဆုံးမှုက အယ်လ်ကိုင်ဒါအပေါ် ဘယ်လို သက်ရောက်နိုင်သလဲဆိုတဲ့ အကျိုးဆက်တွေနဲ့ အနာဂတ်မှာလည်း ယင်းအဖွဲ့ရဲ့ တိုက်ခိုက်မှုတွေ ဖြစ်ပေါ်လာနိုင်တယ်လို့ သူမျှော်လင့်ထားချက်တွေအကြောင်း ပြောပြခဲ့ပါတယ်။

**ဘင်လာဒင် သေဆုံးတာဟာ အယ်လ်ကိုင်ဒါအဖွဲ့အတွက် ဘယ်လောက်များ ထိခိုက်သွားပါသလဲ။**

အယ်လ်ကိုင်ဒါတစ်ဖွဲ့လုံးအတွက် တစ်နည်းပြောရရင် ဗဟိုအဖွဲ့နဲ့ ဒေသဆိုင်ရာ အဖွဲ့တွေအားလုံးဟာ ဘင်လာဒင်သေဆုံးခြင်းကြောင့် အဓိက သင်္ကေတ၊ အဓိကဦးဆောင် ပုဂ္ဂိုလ်တစ်ဦးဆုံးရှုံးလိုက်ရတာပါပဲ။ ဘင်လာဒင်ဟာ တချို့စစ်ဆင်ရေးတွေမှာ တစ်ခါတလေဆို အဓိကပါဝင်ခဲ့တာမဟုတ်ပါဘူး။ ဒါပေမဲ့သူဟာ အယူအဆအတွေးအခေါ်ပိုင်းမှာ အဓိကပုဂ္ဂိုလ်ဖြစ်ခဲ့သလို မဟာဗျူဟာပိုင်းခေါင်းဆောင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဘင်လာဒင်ကပဲယနေ့ကာလမှာ အစ္စလာမ်မစ် မာဂရက်လို၊ အီရတ်က အယ်လ်ကိုင်ဒါအဖွဲ့လို အုပ်စုတွေက သူတို့ကွန်ရက်ထဲကို ဘယ်လိုဝင်ပါမလဲဆိုတာကိုလည်း ဆုံးဖြတ်ပေးခဲ့တယ်။ သစ္စာခံကျမ်းကျိန်ကြတာတွေကလည်း ဘင်လာဒင်ကိုပဲ ဦးတည်ခဲ့ကြတာ။ အဖွဲ့ကို မဟုတ်ပါဘူး။ အတိတ်တုန်းကတော့ ဘဏ္ဍာရေး ထောက်ပံ့သူအတော်များများဟာ ဘင်လာဒင်ကိုပဲ အဖွဲ့ရဲ့ သင်္ကေတခေါင်းဆောင် အဖြစ်မှတ်ယူကာ (အယ်လ်ကိုင်ဒါ) ကွန်ရက်ကိုထောက်ပံ့ခဲ့ကြတယ်။ ဒီလိုပဲ ဘင်လာဒင်ရဲ့ ယီမင်နဲ့ ဆော်ဒီက အဆက်အသွယ်တွေကိုထောက်ပံ့ခဲ့တယ်။ သူတို့ရဲ့ ရန်ပုံငွေတွေ ဆက်စီးဆင်းဦးမလားဆိုတာကတော့ အခု မေးခွန်းထုတ်ချင်စရာ ဖြစ်နေတယ်။ ဒီလိုပဲ ဘင်လာဒင်ကို ထောက်ခံတဲ့သူတွေဟာလည်း သူ့နေရာဆက်ခံမယ့်ခေါင်းဆောင်သစ်ကို အမိန့်နာခံမလားဆိုတာ မရှင်းသေးဘူး။

**ဘင်လာဒင် သေဆုံးခြင်းဟာ အယ်လ်ကိုင်ဒါရဲ့ အဆုံးသတ်ပဲလား။**

မဟုတ်ပါဘူး။ ဒါပေမဲ့ သီးသန့်အယ်လ်ကိုင်ဒါအုပ်စုတွေကတော့ ပိုပြီးအမှီအခိုကင်းကင်း ဆက်ရှိလာပါလိမ့်မယ်။ ဒေသဆိုင်ရာအဆင့်မှာ ပိုအားကောင်းလာတာ ကျွန်တော်တို့ မြင်ရပါလိမ့်မယ်။ ဒါပေမဲ့ ဘင်လာဒင်ရဲ့ အယူအဆရေးရာ သဘောတရားတွေကိုတော့ ဆက်သုံးနေမှာပါ။ အဖွဲ့ငယ်တွေဖြစ်ကြတဲ့ မာဂရက် (သို့မဟုတ်) အာရေဘီယံပင်နီဆူလို အဖွဲ့တွေဟာလည်း တစ်ဖွဲ့ကို တစ်ဖွဲ့မမှီခိုဘဲ လွတ်လွတ်လပ်လပ် လှုပ်ရှားလာပါလိမ့်မယ်။ ဒါ့ကြောင့် အဓိက အယ်လ်ကိုင်ဒါဗဟိုလို့ခေါ်တဲ့ ပါကစ္စတန်နဲ့ အာဖဂန်နစ္စတန်မှာ နောက်ထပ်ဘာဆက်ဖြစ်လာမလဲဆိုတာ လုံးဝမရှင်းလင်းသေးပါဘူး။

**ဘင်လာဒင်ဟာ ဂူတွေထဲမှာပုန်းနေခဲ့တာလို့ သံသယဖြစ်ခဲ့ကြတယ်။ ဒါပေမဲ့ သူ့ကိုအိမ်တစ်လုံးနဲ့ နေတာတွေ့ရတော့ အံ့ဩမိပါသလား။**

ကျွန်တော်တို့ဟာ ဒီလိုပုံစံမျိုးကို ခါလစ်ရှိတ်ခ်မိုဟာမက်၊ အဘူဇူဘေဒါနဲ့ ရမ်ဇီဘင်နယ်လ်ရှစ်တို့တုန်းကလည်း ကြုံဖူးပါတယ်။ သူတို့အားလုံးဟာ အဓိကပါကစ္စတန်မြို့ကြီးတွေမှာ ပုန်းခိုခဲ့သူတွေချည်းပါ။ ဘင်လာဒင်ဟာ ရိုးရိုးရှင်းရှင်းနဲ့ပဲ အံ့ဩစရာဖြစ်အောင် လုပ်ခဲ့တာ ဖြစ်နိုင်ပါတယ်။

**သူဟာ အဲဒီမှာနေခဲ့ရာမှာ ပါကစ္စတန်စစ်တပ်(သို့မဟုတ်) ထောက်လှမ်းရေးတို့က မသိဘဲ နေခဲ့တယ်ဆိုတာ လက်ခံလို့ဖြစ်ပါ့မလား။**

ဒါကတော့ ခက်ခဲတဲ့မေးခွန်းပါ။ အဲဒီအဆောက်အအုံက မြို့ရဲ့ဗဟိုမှာ မရှိပါဘူး။ ပြီးတော့လည်း အဲဒီပတ်ဝန်းကျင်မှာ အိမ်တွေကို နံရံအမြင့်တွေနဲ့ ကာထားတတ်တာ ပုံမှန်ကိစ္စပါ။ ပါကစ္စတန်တွေ ဘာကိုသိခဲ့သလဲဆိုတဲ့ကိစ္စကို မစူးစမ်းဘဲ နေပါစို့လား။

**အယ်လ်ကိုင်ဒါဟာ လက်စားပြန်ချေနိုင်လောက်အောင် အင်အားရှိနေဆဲပဲလား။**

အယ်လ်ကိုင်ဒါအတွက်က လက်စားချေဖို့ အရေးဟာ ဦးစားပေးဖြစ်တယ်လို့ ကျွန်တော်မယုံကြည်ပါဘူး။ အတိတ်တုန်းကလည်း ဒီအဖွဲ့ဟာ တိုက်ခိုက်မှုတွေ ထပ်လုပ်ဖို့ သီးသန့်နေ့စွဲတွေ သတ်မှတ်လိုက်နာတာ မရှိခဲ့ဘူး။ မကြာခင်မှာပဲ တိုက်ခိုက်မှုတွေကို မြင်ရဖို့ ကျွန်တော် ဆက်ဆက်မျှော်လင့်ထားတယ်။ အဲဒါတွေက ဘယ်နည်းနဲ့ မဆို ဖြစ်နိုင်တယ်။ ဒါပေမဲ့ အခုတော့ တိုက်ခိုက်မှုတွေဟာ ဘင်လာဒင်သေဆုံးမှုနဲ့ ဆက်နွယ်လာပါလိမ့်မယ်။ ပါကစ္စတန်ကတော့ လက်ရှိအချိန်မှာ အန္တရာယ်ရှိနေပါတယ်။

**ဂျာမနီအတွက်ရော ခြိမ်းခြောက်မှုက ဘယ်လိုရှိပါသလဲ။**

ဒီအချိန်မှာတော့ ကျွန်တော်တို့ဟာ သီးခြားစီရှိနေပြီး အဖွဲ့အစည်းပုံစံတွေထဲမှာ မပါဝင်တဲ့အကြမ်းဖက်တိုက်ခိုက်ရေးသမားတွေကိုလည်း အာရုံစိုက်ရပါမယ်။ ဖရန့်ဖတ်မှာ တိုက်ခိုက်ခဲ့တဲ့ အေရစ်ယူလို၊ ၂၀၀၆ က ဂျာမနီမှာ ရထားတွေကို ခရီးဆောင်အိတ်ဗုံးတွေနဲ့ ဖောက်ခွဲဖို့ ကြိုးစားခဲ့တဲ့ ဗုံး ခွဲရေးသမားတွေလို တစ်ကိုယ်တော်တိုက်ခိုက်ရေးသမားတွေကို သတိထားရမယ်။ သူတို့ဟာ အနည်းဆုံးတော့ အယ်လ်ကိုင်ဒါက အဖွဲ့အစည်းနဲ့တိုက်သလိုမျိုး ကြီးမားတဲ့ ခြိမ်းခြောက်မှုရှိပါတယ်။

**ဘင်လာဒင်နေရာကို ဘယ်သူဆက်ခံမလဲ။**

လက်ရှိမှာတော့ အယ်လ်ကိုင်ဒါဗဟိုအုပ်စုဟာခေါင်းဆောင်မှုကိစ္စကို ဘယ်လိုဖြေရှင်းသလဲ မရှင်းလင်းသေးပါဘူး။ မောင်းသူမဲ့လေယာဉ်တွေနဲ့ တိုက်ခိုက်ခံရမှုတွေ၊ အဖမ်းခံရမှုတွေကြောင့် ဒီအဖွဲ့ဟာ သွေးထွက်လွန်နေပါတယ်။ ဒါ့ကြောင့် မျိုးဆက်သစ်တွေကို စနစ်တကျပျိုးထောင်ပေးဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ဘင်လာဒင်ရဲ့ ဒုစစ်ဦးစီးမှူးအေမန်အယ်လ်ဇဝါဟီရီ ကလည်း လူကြိုက်နည်းပြီး အခြားခေါင်းဆောင်ပိုင်းတွေနဲ့ ပဋိပက္ခတွေလည်းရှိတယ်။ ယီမင်ရဲ့ အယ်လ်ကိုင်ဒါအဖွဲ့ခေါင်းဆောင် အန်ဝါအယ်လ်အော်လာကီကတော့ ဘယ်နေရာမှာ ပါဝင်နေသလဲ မရှင်းလင်းဘူး။ သူကတော့ ဦးဆောင်နိုင်စွမ်းရှိတယ်။ အဓိကစစ်ဆင်ရေးတွေကိုလည်း ဦးဆောင်ဖူးတယ်။ သူ့ရာထူးကြီးလာမယ်ဆိုရင်လည်း အံ့ဩစရာမဟုတ်ပါဘူး။ ဒါပေမဲ့ လက်ရှိအနေအထားမှာတော့ အုပ်စုတွေအများကြီးကြားမှာ ပဋိပက္ခတွေကိုဖြေရှင်းနိုင်၊ ပေါင်းစပ်နိုင်၊ ဦးဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးချင်းကိုတော့ ကျွန်တော် မမြင်မိဘူး။ ဗဟိုအယ်လ်ကိုင်ဒါအုပ်စုဟာ အခက်ခဲဆုံး အခြေအနေတွေရင်ဆိုင်နေရတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**အကြမ်းဖက်လှုပ်ရှားမှုတွေက အတိတ်တုန်းကတော့ စက်ဝိုင်းပတ်သလို သံသရာလည်ပြီး ပြန်ပေါ်လာတတ်ပါတယ်။ အာရပ်ကမ္ဘာမှာ ဒီမိုကရေစီလှုပ်ရှားမှုတွေ ပေါ်လာတာနဲ့ ဘင်လာဒင်သေဆုံးခြင်းတို့ဟာ အစ္စလာမ်စ်အကြမ်းဖက်ဝါဒကို အကျဘက်ရောက်သွားစေနိုင်ပါသလား။**

ဒီမျှော်လင့်ချက်ကိုတော့ ကျွန်တော်ဝေမျှနိုင်မှာ မဟုတ်ပါဘူး။ အာရပ်ကမ္ဘာမှာ ဖြစ်တဲ့ဆန္ဒပြမှုတွေက သိပ်ကွဲပြားခြားနားတဲ့ အကြောင်းအရင်းတွေကြောင့် ဖြစ်တာပါ။ တကယ်လို့ ဒါတွေဟာပိုပြီး ပုဂ္ဂလိကဆန်ပြီး၊ ဘာသာရေးကြောင့် မဟုတ်ဘဲ စီးပွားရေး၊ လူမှုရေး ဖိနှိပ်မှုတွေကြောင့် ဖြစ်လာတာဆိုရင် ဂျီဟတ်ဒ်ဝါဒီတွေကို ဖြစ်ပေါ်စေခဲ့တဲ့ အစွန်းရောက်မှုဟာလည်း လှုပ်ရှားမှုတွေရဲ့ရှေ့မှာ ပြန်ပေါ်နိုင်ပါတယ်။ အကြမ်းဖက်ဝါဒဟာ လူအများစုအတွက်တစ်ခါမှ မဟုတ်ခဲ့ပါဘူး။ လတ်တလောမှာတော့ ကျွန်တော်တို့ဟာ အစ္စလာမ်မစ်အကြမ်းဖက်ဝါဒဒေသအလိုက်ချဲ့ထွင်လာနေတာကို စုံစမ်းနေပါတယ်။ အထူးသဖြင့် အရှေ့နဲ့ အနောက်အာဖရိကဒေသတွေမှာပေါ့။ ဒီကိစ္စမှာ ဘင်လာဒင်သေတာကရော၊ ဒီမိုကရေစီလှုပ်ရှားမှုတွေ ဖြစ်တာကပါ ထူးထူးခြားခြား အခန်းကဏ္ဍကနေရှိမနေပါဘူး။



*—Ref: Interview wiht Head of Geman Intelligence*

7DAY NEWS JOURNAL

# Entertainment

Vol.10, No.10 • MAY 26, 2011



မေလ ၂၁ရက်နေ့ ညက ကန်တော်ကြီး မျှော်စင်ကျွန်းတွင် ဟစ်ဟော့ပ်နှင့် ရော့ခ်ဂီတပေါင်းစပ် ခံစားရသည့် Solo Live အမည်ရတေးဂီတ ဖျော်ဖြေပွဲတစ်ခုကို ပြုလုပ်ခဲ့ရာ ဂီတအမျိုးအစား နစ်ခုလုံးကို နစ်သက်သော ပရိသတ်အများအပြား လာရောက်အားပေးခဲ့ကြသည်။ ပုံတွင် လူငယ်ကြိုက် ဂီတအဖွဲ့ဖြစ်သော Wanted အဖွဲ့မှ အဆိုတော် ဖော်ကာ ဖျော်ဖြေနေစဉ်။ ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

## Ctalk Miss Tourism ခင်ရူပ ပြောပြတဲ့

# ဂျာနယ်လစ်ဇင်ကျောင်းသူဘဝဖြတ်သန်းမှုအကြောင်း

ချမ်းခိုက်ခိုက်

အသက် ၁၄ နှစ်အရွယ် ကတည်းက မော်ဒယ်လောကထဲသို့ ရောက်ရှိလာတဲ့ မော်ဒယ်ခင်ရူပဟာ မော်ဒယ်သက်တမ်းသုံးနှစ်အတွင်း Miss Pupa၊ Miss Fatherland၊ Miss People Choice နဲ့ Miss Tourism စတဲ့ဆုလေးဆု ရရှိထားသူဖြစ်ပါတယ်။ နောက်ဆုံးရရှိထားတဲ့ Miss Tourism ဆုအတွက် ထိုင်း၊ ကိုရီးယားစတဲ့နိုင်ငံတွေကို ခရီးသွားသံတမန်အနေနဲ့ သွားရောက်ဖို့ရှိနေပြီး အာဆီယံအဆင့်မော်ဒယ်ပြိုင်ပွဲတွေကို ဝင်ပြိုင်ဖို့ ရည်မှန်းထားတဲ့ခင်ရူပဟာ မော်ဒယ်အဖြစ် လှုပ်ရှားနေသလို ဗိုလ်တထောင်ကောလိပ်မှာ သတင်းစာပညာသာသာရပ်အဓိကနဲ့ပထမနှစ်တက်ရောက်နေပြီးသူမရဲ့ ဂျာနယ်လစ်ဇင်ကျောင်းသူဘဝဖြတ်သန်းမှုအကြောင်းကို ပြောပြခဲ့ပါတယ်. . . .။

B.A (Journalism) ဆိုတာက အသစ်ပေါ်လာတဲ့ မေဂျာလည်းဖြစ်တယ်။ ရူပက ကိုးတန်းလောက် ကတည်းက ဆရာဝန်၊ အင်ဂျင်နီယာဖြစ်ဖို့ စိတ်ကူးမရှိခဲ့ဘူး။ ဒီမေဂျာပေါ်လာတော့ ကိုယ့်အတွက်လည်းအကျိုးရှိမယ်၊ ဗဟုသုတတွေ အများကြီးရမယ်၊ ဗိုလ်တထောင်ကောလိပ်ဆိုတော့ သွားလာရတာကလည်း အဆင်ပြေတယ်။ ဒါကြောင့် B.A (Journalism) ကိုရွေးချယ်ခဲ့တာပါ။

ဘာသာရပ်က ကိုးခုရှိပါတယ်။ ဂျာနယ်နဲ့ပတ်သက်တာ အဓိက နှစ်ဘာသာပါပါတယ်။ ကျန်တာကတော့ အထွေထွေဗဟုသုတတွေပေ့ါ။ ပြီးတော့ ရူပတို့ ဂျာနယ်လစ်ဇင်မှာ ကျူရှင်မရှိဘူး။ ကျောင်းမှာပဲ တစ်ခါတည်းအပြီးသင်တယ်။ နှစ်ပတ်တစ်ခါ ကျူတိုရီရယ်တွေရှိတော့ ရူပတို့အတွက် စာလည်း ကျေတယ်။ တကယ်လည်းတတ်တယ်။ ကိုးကားရတဲ့စာအုပ်စာတမ်းတွေကတော့ မဂ္ဂဇင်းတို့၊ ဂျာနယ်တို့၊ သတင်းစာတို့ပါ။ ဒီဘာသာရပ်ကို လေ့လာမယ်ဆိုရင်တော့ အထွေထွေဗဟုသုတလည်း ရှိဖို့လိုသလို စာဖတ်ဖို့လည်းလိုတယ်။ တွေ့သမျှစာတွေကို လေ့လာနေမှရမယ်။ အရာရာကို ကိုယ်က စိတ်ဝင်စားတတ်ရတယ်။ ကျောင်းမှာပြောသလိုဆိုရင်စပ်စုတတ်ရမယ်။ ရူပဆို အရမ်းစပ်စုတယ်။ သတင်းသမားပိုးပါလာတယ်လို့ ပြောရမယ်။ အရင်ကဆို ဒီပညာရပ်ကို နိုင်ငံရပ်ခြားအထိတောင် သွားသင်ရတာမျိုးရှိတယ်လေ။ အခုကျတော့ ကိုယ့်နိုင်ငံမှာတင် သင်ယူနိုင်တယ်။

ကျောင်းမှာ လက်တွေ့ပိုင်း (Practical) ပိုင်းနဲ့ သီအိုရီပိုင်းဆိုပြီး သင်ရပါတယ်။ ရူပတို့ ပထမနှစ်မှာတော့ လက်တွေ့ပိုင်းထက် သီအိုရီပိုင်းက ပိုများပါတယ်။ ရူပတို့ပထမနှစ်က အခုမှဂျာနယ်လစ်ဇင်ဆိုတာကို သင်ယူထိတွေ့ရတဲ့သူတွေဆိုတော့ အခြေခံအချက်အလက်လေးတွေကိုအဓိက နားလည်အောင်သင်ယူပြီးတော့မှ လက်တွေ့ပိုင်းကို သင်ယူရတာပိုအဆင်ပြေတာဆိုတော့ လက်တွေ့ပိုင်းက နည်းပါသေးတယ်။

စာ(၄၉)သို့



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ‘နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံရေးကို စိတ်လှုပ်ရှားစိတ်ဝင်စားပါတယ်’

ဇေယျာသော်နှင့် တွေ့ဆုံခြင်း အေးသူစံ

အက်ဆစ်အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ Nitric Acid ဇေယျာသော်ဟာ လွတ်ငြိမ်းချမ်းသာခွင့်ကြောင့် အိမ်ပြန်ရောက်သူတွေထဲမှာ တစ်ဦးအပါအဝင်ပါ။ မေလ ၁၆ ရက်က ကော့သောင်းကနေ ရန်ကုန်မြို့ နေအိမ်ကို သူပြန်လည်ရောက်ရှိလာပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်နီးပါးလောက်က သူပြန်လာပြီလို့ အွန်လိုင်းပေါ်မှာ သတင်းထွက်ပေါ်ခဲ့ပေမယ့်လည်း ယခုနှစ် မေလ၁၇ ရက်မှသာ အမှန်တကယ်ပြန်လည်ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့အပြန်ခရီးကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ သူငယ်ချင်းများဖြစ်တဲ့ ရန်ရန်ချမ်း၊ မျိုးကျော့မြိုင်တို့အပါအဝင် ဂီတလုပ်ဖော်ကိုင်ဖက်တွေ၊ မိတ်ဆွေတွေနဲ့ မိသားစုဝင်တွေ သွားရောက်ကြိုဆိုခဲ့ကြပါတယ်။ ရန်ကုန်ပြန်ရောက်ရောက်ချင်းမှာပဲ ဇေယျာသော့်ကို သူ့ရဲ့ဖြတ်သန်းခဲ့တဲ့အတွေ့အကြုံတွေအကြောင်း မေးမြန်းခွင့်ရခဲ့ပါတယ်။



Acid အဖွဲ့သားများဖြစ်သော ရန်ရန်ချမ်း၊ အနဂ္ဂတို့နှင့်အတူတွေ့ရသော ဇေယျာသော်

**ကိုဇေယျာသော် ရန်ကုန်ကို မနေ့က ဘယ်အချိန် ပြန်ရောက်လာတာပါလဲ။**

မနေ့က(၁၇. ၅. ၁၁)ညနေ ငါးနာရီခွဲမှာ အဲမန္တလေးလေကြောင်းလိုင်းနဲ့ ရန်ကုန်ကို ပြန်ရောက်ပါတယ်။ ကော့သောင်းကနေ နေ့ခင်း နှစ်နာရီခွဲက ထွက်ခဲ့တာပါ။

**အစ်ကိုကိုယ်တိုင်အပြင်လောကနဲ့ပြန်လည်ထိတွေ့ခွင့်ရတဲ့အချိန်မှာဘယ်လိုအတွေးမျိုးအရင်ဆုံး ခေါင်းထဲရောက်လာပါသလဲ။**

ကျွန်တော်တစ်ယောက်တည်းတင်မဟုတ်ဘဲနဲ့ အကျဉ်းကျခံနေရတဲ့သူတွေက တစ်နိုင်ငံလုံးမှာ အများကြီးရှိနေပါသေးတယ်။ အားလုံးကျွန်တော်နဲ့အတူတူ လွတ်မြောက်မယ်ဆိုရင် ပိုကောင်းတာပေ့ါဗျာ။

**ကိုဇေယျာသော်ရဲ့အမှုကိုအယူခံတင်ရာမှာယခင်စွဲဆိုထားတဲ့ပုဒ်မကနေ ပုဒ်မပြောင်းလိုက်ပြီး အရေးယူခဲ့တယ်လို့လည်းသိရပါတယ်။ အယူခံဝင်ရတဲ့အခါ ဘယ်လိုပုဒ်မပြောင်းလိုက်တာပါလဲ။**

နဂိုစွဲဆိုထားတဲ့ပုဒ်မ ၈ ဆိုတာက တရားမဝင်အသင်းအဖွဲ့ဖွဲ့တာပါ။ အယူခံတင်လိုက်တော့ပုဒ်မ ၇ ကိုပြောင်းလိုက်ပါတယ်။ ပုဒ်မ ၇ က အသင်းမှာ ပူးပေါင်းပါဝင်လှုပ်ရှားမှုဖြစ်သွားပါတယ်။ နဂိုပုဒ်မ ၈ နဲ့စွဲဆိုထားချိန်က ၅ နှစ်ကို ပုဒ်မ ၇နဲ့ပြောင်းလိုက်ချိန်မှာ ၂နှစ် လျှော့ချခံလိုက်ရပါတယ်။ နောက်ပြီး ကျွန်တော် အထိန်းသိမ်းမခံရခင်မှာ နိုင်ငံခြား ခရီးသွားလိုက်ပါတယ်။ အဲဒီကအပြန် ကျွန်တော့်မှာ နိုင်ငံခြားငွေအကြွေတွေပါလာပါတယ်။ နိုင်ငံခြားငွေ တရားမဝင် ကိုင်ဆောင် မှုပုဒ်မ ၂၄/၁ နဲ့ တစ်နှစ် စုစုပေါင်းလေးနှစ်ဖြစ်သွားပါတယ်။

**ထိန်းသိမ်းခံရစဉ်ကနေ အခု ပြန်လည်လွတ်မြောက်လာချိန်အထိ စုစုပေါင်း အချိန်ကာလ ဘယ်လောက်ကြာမြင့်ခဲ့ပါသလဲ။**

ကျွန်တော် ၂၀၀၈ ခုနှစ်၊ မတ်လမှာ အထိန်းသိမ်းခံရပါတယ်။ စုစုပေါင်းအထဲမှာ သုံးနှစ်နဲ့ နှစ်လနေခဲ့ရပါတယ်။ လေးနှစ်ဆိုတော့ လွတ်ဖို့ ၁၀လလောက် လိုပါသေးတယ်။

**ဂီတအလုပ်တွေကိုရောဘယ်လိုပုံစံနဲ့ဆက်လုပ်သွားဖို့ရှိပါသလဲ။**

ဂီတနဲ့ပတ်သက်လို့ကတော့ ဟစ်ဟော့ပ်ဂီတကို ငယ်ငယ်လေးတည်းက မြတ်နိုးလို့ သီဆိုဖြစ်ခဲ့တာပါ။

စာ(၄၉)သို့

7 DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011



## ဟောင်ကောင်မှာကြိတ်ကြိတ်တိုး အားပေးခံရတဲ့ ဂျပ်စတင်ဘီဘာ

**ဟောင်ကောင်၊ မေ – ၁၆**

ကနေဒါပေါ့ပ်အဆိုတော် ဂျပ်စတင်ဘီဘာသည် ဟောင်ကောင်သို့ ဖျော်ဖြေပွဲပြုလုပ်ရန် ရောက်ရှိစဉ်ပရိသတ်များ၏ ဝရုန်းသုန်းကားကြိုဆိုမှုများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရကြောင်း သိရသည်။ ဟောင်ကောင်ရှိဆန်းဒေးမောနင်းပို့စ် သတင်းစာ၏အဆိုအရ ဂျပ်စတင်ဘီဘာသည် ဟောင်ကောင်လေဆိပ်သို့ ၎င်းရောက်ရှိလာပုံကို YouTube ဗီဒီယိုဝက်ဘ်ဆိုက်တွင် လွှင့်တင်ခဲ့ပြီး ယင်းဗီဒီယိုကို ကြည့်ရှုမှုအကြိမ်ပေါင်း ၁၃၅,၀၀၀ ရှိခဲ့ကြောင်းသိရသည်။

ထို့ပြင်သတင်းစာက ဟောင်ကောင်မိန်းကလေးပရိသတ်များ သည် ဂျပ်စတင်ဘီဘာကိုလေ ဆိပ်တွင် တိုးဝှေ့ကြိုဆိုခဲ့ရာ ဘီဘာ၏ ကိုယ်ရံတော်များထက် မိန်းကလေးများက သုံးဆခန့်ပိုများ၍ ဘီဘာသည် ကြိုးစားရုန်းထွက်ခဲ့ရကြောင်းဆိုသည်။ ဂျပ်စတင်ဘီဘာသည် ၎င်း၏ဟောင်ကောင်ဖျော်ဖြေပွဲကို My World ကမ္ဘာလှည့် ဖျော်ဖြေပွဲ၏ နောက်ဆုံးရှိုးပွဲအဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဟောင်ကောင်ရှိထိုင်ခုံ၁၃,၅၀၀ဆံ့ အားကစားကွင်းထဲတွင် ရုံပြည့်ရုံလျှံကြည့်ရှုအားပေးခံခဲ့ရသည်။ —Ref: AFP




## မြောက်အမေရိက ဝင်ငွေအကောင်းဆုံး ႑ပ်ရှင်အဖြစ် Thor ဇာတ်ကား နှစ်ပတ်ဆက် ဗိုလ်စွဲ



**လော့စ်အိန်ဂျလိစ်၊ မေ – ၁၆**

ပါရာမောင့်တ်ရုပ်ရှင်ကုမ္ပဏီက ထုတ်လုပ်သော Thor ရုပ်ရှင်ကားသည် ရုံတင်ပြသအပြီး ဆယ်ရက်အတွင်း အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါပါဝင်သောမြောက်အမေရိကတွင် စုစုပေါင်းဝင်ငွေဒေါ်လာ ၁၁၉ ဒသမ ၃ သန်းရရှိကာ ဝင်ငွေအကောင်းဆုံးဇာတ်ကားများစာရင်းတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ထို့ပြင် ယင်းဇာတ်ကားသည် နိုင်ငံပေါင်း ၆၀ ရှိနိုင်ငံတကာရုပ်ရှင်ရုံများတွင်လည်း လူကြိုက်များလျက်ရှိပြီး ဝင်ငွေကန်ဒေါ်လာ ၂၂၅ သန်းရရှိနေသည်ဟု စာရင်းများအရသိရသည်။ ယူနီဗာဆယ် ရုပ်ရှင်စတူဒီယို၏ အဆိုအရလည်း ရုပ်ရှင်ကြည့်သူများတွင် အမျိုးသမီးအများစုဖြစ်ကာ ၆၇ ရာခိုင်နှုန်းရှိပြီး ပရိသတ်စုစုပေါင်း၏ ထက်ဝက်ကျော်မှာလည်း ၃၀နှစ်နှင့်အထက်ဖြစ်ကြောင်းဆိုသည်။ ဒါရိုက်တာဂျပ်စတင်လင်း ရိုက်ကူးသော Fast Five ဇာတ်ကားမှာ စုစုပေါင်းဝင်ငွေကန်ဒေါ်လာ ၁၆၈ ဒသမ ၈ သန်းဖြင့် ဒုတိယနေရာမှလည်းကောင်း၊ Priest (3D) ရုပ်ရှင်မှာဝင်ငွေကန်ဒေါ်လာ ၁၄ ဒသမ ၅ သန်းဖြင့် တတိယနေရာမှလည်းကောင်း အသီးသီးရပ်တည်ခဲ့ကြသည်။ —Ref: Xinhua

## တွစ်တာဝက်ဘ်ဆိုက်တွင် ပရိသတ်အများဆုံးစံချိန်ကို လေဒီဂါဂါရရှိ



**နယူးယောက်၊ မေ – ၁၆**

အမေရိကန်ပေါ့ပ် အဆိုတော် လေဒီဂါဂါသည် သူမ၏ အယ်လ်ဘမ်သစ် Born This Way ထွက်ရှိချိန်နှင့် တိုက်ဆိုင်ကာ ဖေ့စ်ဘွတ်ခ်ဝက်ဘ်ဆိုက်တွင်Gagaville ကဲ့သို့သူမအမည်ဖြင့် အွန်လိုင်းဂိမ်းလွှင့်တင်ခဲ့သကဲ့သို့ အခြားနာမည်ကျော် လူမှုဝက်ဘ်ဆိုက်တစ်ခုဖြစ်သော တွစ်တာတွင်လည်းပရိသတ်ဆယ်သန်းကျော်ရရှိကာစံချိန်သစ်တင်နိုင်ခဲ့ကြောင်းသိရသည်။ လေဒီဂါဂါသည် ပြီးခဲ့သည့်မေလ ၁၅ ရက် သန်းခေါင်ယံအချိန်တွင် ယင်းသို့ follower ခေါ်လူမှုကွန်ရက် ပရိသတ်ဆယ်သန်းပြည့်ခဲ့ခြင်းဖြစ်သည်။


လေဒီဂါဂါသည် မူလကမူ အခြားနာမည်ကျော်လူငယ်ပေါ့ပ်အဆိုတော် ဂျပ်စတင်ဘီဘာ၏ ပရိသတ်ကိုးသန်းကိုမီရန်အနည်းငယ်လိုခဲ့ပြီး တွစ်တာတွင် ပရိသတ်ဦးရေ ဒုတိယအများဆုံး အနုပညာရှင်ဖြစ်လာခဲ့သည်။ ဂျပ်စတင်ဘီဘာသည် လေဒီဂါဂါကို ကျော်ဖြတ်ကာ တွစ်တာတွင် ပရိသတ်အများဆုံး နာမည်ကျော်အဖြစ်ပြီးခဲ့သည့်လကအထိ ရပ်တည်ခဲ့သည်။

—Ref: Time

# ကိုရီးယားရေတပ်၏ ဓာတ်ပုံစာအုပ်တွင် မင်းသားဟွန်ဘင်းပါဝင်

**ဆိုးလ်၊ မေ – ၁၆**

ကိုရီးယားမင်းသား ဟွန်ဘင်းသည်ဥပဒေအရစစ်မှုထမ်းလျက်ရှိနေရာ ယခုအခါ ဘေအန်ယောင်းကျွန်းရှိ ရေ့တန်းရေတပ်အခြေစိုက်ခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေကြောင်း၊ သို့သော် ၎င်းသည် ရေတပ်မှထုတ်ဝေသော ဓာတ်ပုံစာအုပ်တွင်ပါဝင်ရိုက်ကူးပေးဦးမည် ဖြစ်ကြောင်း သိရသည်။ ကိုရီးယားရေတပ်ကလည်း ဟွန်ဘင်းသည် မကြာမီထုတ်ဝေတော့မည့် ဓာတ်ပုံစာအုပ်တွင်ပါဝင်မည်ဖြစ်ကြောင်း ဆိုသည်။ သို့သော်၎င်းတို့သည် ဟွန်ဘင်း၏ ကျော်ကြားမှုကို အမြတ်ထုတ်ခြင်းမဟုတ်ကြောင်း ရေတပ်ကဆိုသည်။



ရေတပ်၏ ကြေညာချက်တွင် "စာအုပ်ကို ထုတ်ဝေသွားမှာပါ။ ဒါပေမဲ့ ဒါဟာဟွန်ဘင်းရဲ့ ဓာတ်ပုံအယ်လ်ဘမ် မဟုတ်ပါဘူး။ အခြားလူတွေ အများကြီးလည်းပါဝင်ထားပါတယ်" ဟုပြောသည်။ ဟွန်ဘင်းသည် ယခင်ကလည်း ကိုရီးယားရေတပ်အတွက် ဓာတ်ပုံ၊ ပိုစတာများ ရိုက်ကူးပေးဖူးသည်။ အဆိုပါ ဓာတ်ပုံစာအုပ်အားကိုရီးယားနိုင်ငံတွင် လာ-မည့် ဇွန်နှင့် စက်တင်ဘာလအ-တွင်း ရောင်းချသွားရန် စီစဉ်ထားသည်ဟု သိရသည်။ —Ref: CNA

## စာ – ၄၇၊ ခင်ရှုပအင်တာဗျူးမှ

သာဘာတွေအားလုံးကလည်း အင်္ဂလိပ်လိုသင်ရတာဆိုတော့ ကိုယ့် အတွက် အင်္ဂလိပ်စာပိုပြီး တက်မြောက်လာတယ်။ စကားလုံးဝေါဟာရလည်း ကြွယ်ဝလာတယ်။ မြန်မာစာကိုလည်း စာရေးပုံရေးနည်းကအစ၊ သဒ္ဒါနဲ့ သတ်ပုံသတ်ညွှန်းကအစ သေချာသင်ပေးတဲ့အတွက် ပညာရပ်ကြီးအသစ်တစ်ခုကို စပြီးသင်ရတဲ့သူအနေနဲ့ ဗဟုသုတတွေလည်း တစ်ရက်ထက်တစ်ရက်တိုးတိုးပြီး ရလာပါတယ်။ တစ်ခါတလေ စာသင်ရတာများရင်တော့ အတန်းထဲမှာ ငိုက်တာပေါ့။ ဒါပေမဲ့ များသောအားဖြင့်တော့ စာသင်ရတာ ပျော်ပါတယ်။

သတင်းစာပညာလေ့လာမှု အတွက် ပြင်ပကနေ လေ့လာနေတာတော့ သိပ်မရှိသေးပါဘူး။ ကျောင်းမှာတော့ ရှုပတို့ကိုသတင်းစာထုတ်ခိုင်းတယ်။ ကိုယ့်အဖွဲ့ထဲမှာ သတင်းတွေကို အတတ်နိုင်ဆုံးလိုက်ပြီးစုဆောင်းရတယ်။ ကော်လံတွေခွဲရတယ်။ သတင်းခေါင်းစဉ်ပေးတာကအစ၊ ဒိတ်လိုင်းပေးတာကအစ ကိုယ့်ရှေ့က စံဖြစ်တဲ့သတင်းစာ တွေကိုလိုက်လေ့လာပြီး ကိုယ့်သတင်းစာကို နာမည်လေးတွေပေးပြီးလုပ်ရတာ အရမ်းစိတ်လှုပ်ရှားဖို့ ကောင်းတယ်။

သတင်းသမားတွေထဲမှာ တော်တော်များများကို အားကျပါတယ်။ လေးစားပါတယ်။ တကယ့်အရည်အချင်းရှိတဲ့သူတွေပါ။ အကုန်လုံးကတော့ ရှုပအတွက် သင်ဆရာမြင်ဆရာတွေပါပဲ။ အကုန်လုံးဆီကလည်း ရှုပ သင်ယူနေမှာပါ။

ရှုပက Mail Box ကဏ္ဍမှာ အင်တာဗျူးလုပ်နေရတော့ အနုပညာရှင်တွေကို အစီအစဉ်တင်ဆက်သူတစ်ယောက်အနေနဲ့ အင်တာဗျူးလုပ်ရတဲ့အခါ သူတို့ကိုမေးခွန်းတွေမေးရတာကိုလည်း ကြိုက်တယ်။ ကိုယ်တိုင် အနုပညာသမားဖြစ်နေတဲ့အတွက် အမေးခံရတဲ့အခါမှာလည်း ပျော်တယ်။ နှစ်ခုလုံးကတော့ ကောင်းပါတယ်။ ကိုယ်က မေးသူဆိုရင် ကိုယ်သိချင်တဲ့အကြောင်းလေးတွေကို သူတို့ဆီကသိရတယ်။ ကိုယ်ကပြန်ဖြေမယ်ဆိုရင် သူတို့သိချင်တာလေးတွေကိုပြန်ဖြေပြရတဲ့အတွက် ဒီနှစ်ခုက သဘောချင်းအတူတူပဲလို့ရှုပထင်ပါတယ်။

စာသင်နေရင်းနဲ့ပဲ ဆရာဆရာမတွေက သူတို့ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံလေးတွေ၊ အဖြစ်အပျက်လေးတွေကို သင်ခန်းစာယူနိုင်အောင် ဝေဖန်ပြောဆိုပြပေးတယ်။ ကိုယ်ကလည်း ဘယ်အချက်က ကောင်းတယ်၊ မကောင်းဘူးဆိုတာ ခွဲခြားတတ်လာတယ်။ ဥပမာတွေ၊ သင်ခန်းစာတွေလည်းရပါတယ်။

ဒီအနုပညာအလုပ်ဆိုတာကလည်း အခွင့်အရေးပေးတုန်းလုပ်နေရတော့ ကိုယ့်အောင်မြင်မှုအတွက်လည်း လုပ်ချင်သေးတယ်။ ကျောင်းပြီးသွားလို့ ရှုပအတွက် အချိန်လေးများရရင်တော့ နိုင်ငံခြားမှာ ဒီပညာကို ထပ်သင်ချင်သေးတယ်။ ရှုပမှာ အိပ်မက်တစ်ခုရှိတယ်။ ကိုယ်ကိုယ်တိုင်ဂျာနယ်တိုက်ထောင်မယ်။ ကိုယ်နဲ့ကျောင်းမှာ အတူလက်တွဲခဲ့တဲ့ သူငယ်ချင်းတွေကို အလုပ်ပြန်ခန့်မယ်။ သတင်းမျိုးစုံနဲ့ တကယ်ကို ပေါက်ပေါက်မြောက်မြောက် ဖြစ်သွားမယ့် ဂျာနယ်လေးတစ်စောင်လုပ်ချင်တယ်။ ရှုပက အယ်ဒီတာပေါ့။(ရယ်လျက်)

ရှုပဂျာနယ်မှာ ဖျော်ဖြေရေးနဲ့ အနုပညာ၊ စိတ်အပန်းဖြေစရာကဏ္ဍတွေ၊ ကျန်းမာရေး၊ နိုင်ငံတကာသတင်း၊ လက်ရှိ ဟော့နေတဲ့သတင်းတွေ စတဲ့ ဂျာနယ်တစ်စောင်ဖတ်လိုက်တာနဲ့ သတင်းတွေအကုန်စုံတဲ့ ဂျာနယ်ဖြစ်စေချင်တယ်။ အကြောင်းအရာတစ်ခုတည်းကို လုပ်ရတာမျိုးမကြိုက်ဘူး။

ဒါက ခင်ရှုပပြောပြသွားတဲ့ ဂျာနယ်လစ်ဇင်ကျောင်းသူဘဝ ဖြတ်သန်းမှုလေးပါ။ သူမဟာ 'အင်္ဂလိပ်စာအခြေခံတက်မြောက်ထားရမယ်' နဲ့ 'Tourism' နဲ့ ပတ်သက်တဲ့အခြေခံဗဟုသုတလေးတွေရှိရမယ်ဆိုတဲ့ အချက်နှစ်ချက်ကြောင့် Miss Tourism ဆိုတဲ့ Title ကို ဝင်ပြိုင်ခဲ့သူပါ။ ပြိုင်ပွဲမှာထူးခြားတာက IQ Test မေးခွန်းတွေကို အင်္ဂလိပ်လိုမေးတဲ့အတွက် သူမရဲ့အရည်အချင်းကို ထုတ်ဖော်ပြသခွင့်ရခဲ့ပြီး ဒီဆုရခဲ့တဲ့အတွက် အနုပညာခရီးမှာလမ်းတွေအများကြီးပွင့်သွားခဲ့ပါတယ်လို့ ဆိုပါတယ်။ ဒီဆုအတွက် သူမလှည့်လှည်သွားရမယ့် နိုင်ငံခြားခရီးစဉ်တွေမှာ ထင်ရှားကျော်ကြားတဲ့နေရာတွေ၊ အရမ်းခမ်းနားတဲ့ အရာတွေကို ဓာတ်ပုံတွေနဲ့ မှတ်တမ်းတင်မယ်။ ပြီးရင် အဲဒီနေရာရဲ့အချက်အလက် ဒေတာတွေကို လက်ချာ ပြန်ရေးထားမှာပါ။ ဆောင်းပါးရေးတာ အရမ်းဝါသနာပါတဲ့ခင်ရှုပက ခရီးသွားဆောင်းပါးလေးတွေကို ပြန်လည်ရေးသားဖို့ရှိပါတယ်လို့ ပြောပြခဲ့ပါတယ်။



**အေးသူစံ**

■ဒါရိုက်တာကိုဇော် (အရုဏ်ဦး) သည် ခန့်စည်သူ၊ ထွန်းထွန်း၊ ကျော်ကျော်ဗို၊ မိုးဟေကိုနှင့် မိုးပြည့်ပြည့်မောင်တို့ ပါဝင်သရုပ်ဆောင်မည့် 'ကိုယ့်အထာနှင့်ကိုယ်' ရုပ်ရှင်ကားကြီးကို မေလ ၁၉ ရက်နေ့တွင် ရန်ကုန် မြို့၌စတင်ရိုက်ကူးနေပြီဖြစ်သည်။ ယင်းဇာတ်ကားမှာ ဒရာမာဟာသ အမျိုးအစား ရုပ်ရှင်ကားဖြစ်ကြောင်း သိရသည်။

■ဖူးခက်ကမ်းခြေတွင် ယခုလဆန်းပိုင်းက သွားရောက်ရိုက်ကူးရန် စီစဉ်ထားခဲ့သော 'အလန်းဇယား' ရုပ်ရှင်ဇာတ်ကားကြီးမှာ ရာသီဥတု အခြေအနေကြောင့် ရိုက်ရက်ကို မေလ ၂၅ ရက်ဝန်းကျင်သို့ ရွှေ့ဆိုင်း ထားခဲ့ရသည်ဟု ယင်းဇာတ်ကားကို တွဲဖက်ဒါရိုက်တာအဖြစ် တာဝန်ယူမည့်ဇာတ်ညွှန်းဩရသကပြောသည်။ ဖူးခက်ကမ်းခြေတွင် ယခုရက်ပိုင်းအတွင်း မိုးများဆက်တိုက်ရွာသွန်းနေခြင်းကြောင့် ရိုက်ကူးရေးကို ရွှေ့ဆိုင်းထားရပြီး အဓိကပါဝင်သရုပ်ဆောင်ကြမည့်သရုပ်ဆောင်များအနက် မိုးအောင်ရင်နှင့်ဝတ်မှုန်ရွှေရည်တို့မှာ ကလောမြို့တွင်ဇာတ်ကားသွားရိုက်နေသည်မှာမေလ ၂၀ ရက်နောက်ပိုင်းမှသာပြန်ရောက်မည်ဖြစ်သော ကြောင့် ရိုက်ကူးမည့်ရက်ကိုရွှေ့ဆိုင်းထားရခြင်းဖြစ်ကြောင်း သိရသည်။

■စာရေးဆရာ ဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) စာရေးဆရာ၏ သားဖြစ်သူ အဆိုတော် မင်းထက်မောင်မောင်သည် ၎င်း၏ ဒုတိယစီးရီးဖြစ်သော 'ဖွင့်ပြောပြီ' ဗီစီဒီကာရာအိုကေကို မေလ ၁၈ရက်နေ့က စတင်ဖြန့်ချိခဲ့သည်။ မင်းထက်မောင်မောင်သည် 'မြင့်မိုရ်မေမေ' အမည်ရှိတစ်ကိုယ်တော်စီးရီးထွက်ရှိထားခဲ့ပြီး ဗီဒီယိုဇာတ်ကားပေါင်း ၁၁ ကား ရိုက်ကူးထားပြီးဖြစ်သည်ဟုသိရသည်။ ယခုစီးရီးကို ဒါရိုက်တာ ကျော်နှင်းဆီကတာဝန်ယူရိုက်ကူးထားပြီး အင်ပါယာတီးဝိုင်းက တီးခတ်ပေးကာ ပြည်သိန်းကျော်၊ ဂျီးနော်နှင့်နေနန်းတို့ရေးသားထားသည့် ကော်ပီ နှင့်ကိုယ်ပိုင်သံစဉ်တေးသီချင်းများဖြစ်သည်။

## စာ – ၄၇၊ ဇေယျာသော်နှင့် တွေ့ဆုံခြင်းမှ

ကျွန်တော့်အနေနဲ့ပရိသတ်ကို ချပြခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဂီတလှုပ်ရှားမှုတွေကိုတော့ အဆက်မပြတ်လုပ်နေမှာပါ။

**နိုင်ငံရေးကိုရော အခုချိန်မှာ ဘယ်လိုပုံစံနဲ့ဆက်လက်လှုပ်ရှား ဖို့ရှိပါသလဲ။**

ကျွန်တော်က ဒီနိုင်ငံမှာ နေထိုင်နေတဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံရေးကိုတော့ စိတ်လှုပ်ရှား စိတ်ဝင်စားပါတယ်။ အမြဲ တမ်းလည်း လေ့လာနေမှာပါ။

**ခုဆို မြန်မာနိုင်ငံမှာ အစိုးရအပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး ဒီမိုကရေစီအသွင်ဆောင်တဲ့ နိုင်ငံရေးဆီ ချဉ်းကပ်လာပြီလို့ ပြောကြတော့ ဒီနိုင်ငံရဲ့နိုင်ငံရေး အပေါ်အလားအလာဘယ်လိုမြင်မိ ပါသလဲ။**

အမှန်တကယ်ပွင့်လင်းလွတ်လပ်တဲ့ဒီမိုကရေစီစနစ်ဆိုရင်တော့ ကောင်းပါတယ်။ အခု ကျွန်တော်လွတ်လာသလိုပေါ့။ အကျဉ်းကျခံ နေရတဲ့အကျဉ်းသားတွေအားလုံး လွတ်မြောက်စေချင်ပါတယ်။

**အခုရန်ကုန်ကိုပြန်ရောက်ရောက်ချင်းမှာ အသွားချင်ဆုံးနေရာက ဘယ်နေရာလဲ။**

ကျွန်တော့်မှာ လောလောဆယ် ဘာအစီအစဉ်မှမရှိသေးပါဘူး။ အခု ရန်ကုန်ပြန်ရောက်ချိန်မှာ ကျွန်တော့်မိဘတွေကလည်း မန္တလေးကနေ ရန်ကုန်ကို ပြောင်း လာကြတော့ သူတို့အခုနေတဲ့ အိမ်အသစ်တောင် ကျွန်တော် မီးခလုတ်ဘယ်နားရှိမှန်းမသိသေးဘူးဖြစ်နေတယ်။ အခုချိန်မှာ အပြင်ကိုလည်း မထွက်ချင်ဘူးဖြစ်နေပါတယ်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Thor | Paramount | ၁၁၉,၄၅၅,၃၅၂ | ၂ |
| ၂။ | Bridesmaids | Universal Pic | ၂၆,၂၄၇,၄၁၀ | ၁ |
| ၃။ | Fast Five | N/A | ၁၆၉,၆၉၀,၄၇၀ | ၃ |
| ၄။ | Priest | Sony Pic: | ၁၄,၉၅၃,၆၆၄ | ၁ |
| ၅။ | RIO | 20th Century Fox | ၁၂၅,၂၄၃,၁၉၈ | ၅ |
| ၆။ | Jumping the Broom | Columbia Tristar | ၂၅,၇၆၀,၀၀၄ | ၂ |
| ၇။ | Something Borrowed | Warner Brons | ၂၅,၅၁၈,၇၃၃ | ၂ |
| ၈။ | Water For Elephants | Fox 2000 | ၄၈,၅၇၈,၈၇၅ | ၄ |
| ၉။ | Tyler Perry's Madea's Big Happy Family | Lionsgate, The Tyler Perry Comapny | ၅၀,၂၃၂,၁၈၂ | ၄ |
| ၁၀။ | Soul Surfer | Enticing Entertainment, Tirstar Pictures | ၃၉,၂၃၂,၉၅၆ | ၆ |

## Movie Review

### Kung Fu Panda 2



ယခုအခါ 'ပို' တစ်ယောက် The Dragon Worrier ဆိုသောဘွဲ့ကိုခံယူရင်း သူ့သူငယ်ချင်းကွန်ဖူးမာစတာငါးဦးနှင့်အတူ ငြိမ်းချမ်းရေးတောင်ကြားကို ကာကွယ်ရင်း အေးအေးလူလူ နေထိုင်နေသည်။

သို့သော် 'ပို' ၏ဘဝသစ်မှာ အစွမ်းထက်သော လူဆိုးတစ်ယောက်ကြောင့် ပျက်စီးရမလိုဖြစ်လာ သည်။ လူဆိုးက တရုတ်နိုင်ငံနှင့်တကွ ကွန်ဖူးပညာကိုပါ ဖျက်ဆီးရန်ကြိုးစားသောအခါ 'ပို'တို့တစ်တွေ ဒဏ္ဍာရီဆန်သော သူတို့ရဲ့ ကနဦးဖြစ်တည်မှု လျှို့ဝှက်ချက် များကိုပြန်လည်ရှာဖွေနိုင်မှသာ ရန်သူကိုအောင်နိုင်မည်ဖြစ်ကြောင်း သဘောပေါက်လာပါတော့သည်။

ကလေးနှင့် မိသားစုဝင်အကုန်လုံးကြိုက်နှစ်သက်မည့်အက်ရှင်စွန့်စားခန်း၊ ဟာသပေါင်းစပ် ထားသည့်ဇာတ်ကားတွင် Angelina Jolie, Dustin Hoffman, Jackie Chan တို့အသံဖြင့် ပါဝင်သရုပ်ဆောင်ထားသည်။ Jennifer Yuh Nelson ရိုက်ကူးထားသည့် ဇာတ်ကားကို Dreamworks Animation ကမေလ ၂၇ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports

7 DAY NEWS JOURNAL

Vol.10, No.10 • MAY 26, 2011



ဓာတ်ပုံ - အောင်အောင်

# စိတ်ဓာတ်ရှိလျှင် အောင်နိုင်ပါသည်

ဗိုလ်ဗိုလ်ဝင်း

"ရတနာပုံ. . . ရတနာပုံ"

မေ ၁၅ ရက် ညပိုင်း ရန်ကုန်မြို့ သုဝဏ္ဏကွင်း အထူးတန်းရှိ ပရိသတ်များ၏ အားပေးသံမှာ ပြိုင်ဘက်အသင်းက ဦးဆောင်ဂိုးသုံးဂိုးသွင်းယူထားသော်လည်း အားလျော့သွားခြင်းမရှိခဲ့ဘဲ တာဝန်ကျေပွန်စွာ ထွက်ပေါ်နေသည်။

AFC President's Cup 2011 အုပ်စု(ခ)ဒုတိယပွဲစဉ်တွင် မြန်မာနိုင်ငံ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နေသည့် ၎င်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာ ပထမပိုင်း ၃၉ မိနစ်မှာပင် ပါလက်စတိုင်းကလပ် မူကာဘာအသင်း၏ ဦးဆောင်ဂိုးသုံးဂိုးသွင်းယူခြင်းခံခဲ့ရသည်။

"တကယ်ပြောရရင် သုံးဂိုးသွင်းယူထားတာ ခံနေရတဲ့ အချိန်မှာ အားပေးနေရပေမယ့် ရင်ထဲမှာတော့ တော်တော်မကောင်းတော့ပါဘူး။ ၂၀၁၁ အတွင်းမှာ ဆိုးရွားနေတဲ့ မြန်မာ့လက်ရွေးစင်အသင်းရဲ့ နောက်ကို ရတနာပုံအသင်းလိုက်ရပြီလို့ ထင်ခဲ့မိတာပါ"ဟုပရိသတ်တစ်ဦးကပြောသည်။

သို့သော် သည်တစ်ကြိမ်တော့ မြန်မာပရိသတ်များ အားပေးရ ကျိုးနပ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ အိမ်ကွင်းပရိသတ်ရှေ့မှောက်တွင်ပြိုင်ဘက်အသင်းအား ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူကာ ပွဲအပြီးတွင် လေးဂိုးသုံးဂိုးဖြင့် အနိုင်ယူခဲ့ပြီး နောက်တစ်ဆင့်သို့ တက်ရောက်ရန် သေချာစေခဲ့သည်။

"ဒီပွဲ အနိုင်ရရှိခဲ့တာ ကစားသမားတွေရဲ့ နိုင်လိုစိတ် စိတ်ဓာတ်ပြင်းထန်မှုကြောင့်ပါ။ အံ့ဩဖွယ်ရာပါပဲ။ ဥပမာ-ရန်ပိုင်ဆိုရင် ဒီပွဲမှာ တော်တော်ကောင်းပါတယ်။ လက်ရွေးစင်အသင်းမှာ ဒီလိုခြေစွမ်းမျိုး မတွေ့ရပါ ဘူး။ တခြားအကြောင်းအရာတွေ ရှိနိုင်ပေမယ့် လက်ရွေးစင်အသင်းမှာ ဒီလိုစိတ်ဓာတ်မျိုး၊ ခြေစွမ်းမျိုးကို မြင်တွေ့ချင်ပါတယ်"ဟုပရိသတ်တစ်ဦးကဆိုပါသည်။

ပြီးခဲ့သည့် ဆူဇူကီးပြိုင်ပွဲမှစတင်၍ မြန်မာ့လက်ရွေးစင်အသင်း၏ ခြေစွမ်းမှာ ယခုအချိန်အထိ ဆက်လက်ဆိုးရွားနေဆဲဖြစ်သောကြောင့် ပရိုစနစ်ပြောင်းလဲပြီးနောက် ကစားသမားများ ဝင်ငွေကောင်းလာသော်လည်း စိတ်ဓာတ်မရှိကြဟု ဝေဖန်သံများ ထွက်ပေါ်ခဲ့သည်။

"တကယ်တော့ကစားသမားတွေမှာ စိတ်ဓာတ်ပျောက်ဆုံးနေတာမဟုတ်ဘဲ နိုင်ငံလက်ရွေးစင်အသင်းမှာ စိတ်ဓာတ်ပျောက်ဆုံးနေသလို ဖြစ်နေပြီး နိုင်ငံအတွက် ပြည်သူတွေအတွက် ကျေးဇူးဆပ်ဖို့လိုတယ်ဆိုတဲ့အသိကစားသမားတွေမှာရှိဖို့ လိုအပ်ပါတယ်" ဟု မြန်မာဘောလုံးကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြသည်။

"ဒီပွဲမှာ ကစားသွားတဲ့ ပြိုင်ပွဲစိတ်ဓာတ်မျိုး နိုင်ငံလက်ရွေးစင်အသင်းအတွက် လိုအပ်နေတာပါ။ အခုလက်ရွေးစင်အသင်းမှာ လူငယ်တွေ ဦးစားပေးရွေးချယ်တာလည်း ကောင်းပါတယ်။ ရှုံးရင်လည်း လူငယ်တွေနဲ့ပဲ ရှုံးပါစေ။ နိုင်ငံအတွက် ကြိုးစားပေးဆပ်ချင်စိတ်မရှိဘဲ ထိုက်တန်တဲ့ ခြေစွမ်းမရှိတဲ့ စီနီယာကစားသမားတွေကိုမရွေးသင့်တော့ပါဘူး" ဟုဝါရင့်အားကစားကလောင်ရှင် ဦးခင်မောင်ထွေး (ပျဉ်းမနား)က ပြောသည်။

ယခုနှစ် MNL ပြိုင်ပွဲတွင် ရလဒ်ဆိုးရွားနေသော ရတနာပုံအသင်းအတွက် ယခုပွဲရလဒ်သည် အလွန်အရေးကြီးကြောင်းနှင့် နိုင်ကိုနိုင်ရမည်ဆိုသည့် စိတ်ဓာတ်ဖြင့်နောက်ဆုံးမိနစ်အထိ ကြိုးစားယှဉ်ပြိုင်ရန် ကစားသမားများအား မှာကြားထားခဲ့ကြောင်း ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ပြောပါသည်။


"အုပ်စုအဆင့်ကို ဖြတ်ကျော်နိုင်ခဲ့လို့ အသင်းကို ဆရာက သိန်းတစ်ရာနဲ့ ဘောလုံးအဖွဲ့ချုပ်က သိန်းတစ်ရာဆုချီးမြှင့်ခဲ့ပါတယ်။ ဆရာတို့အနေနဲ့လည်း ဒီလို စိတ်ဓာတ်မျိုးကို နိုင်ငံ့လက်ရွေးစင်အသင်းမှာ မြင်တွေ့ချင်တာပါ။ ဆရာတို့ခုလို ငွေတွေအကုန်ခံပြီးလုပ်နေကြတာဟာလည်း အဓိကနိုင်ငံအသင်းအောင်မြင်မှုအတွက်ပါ"ဟုဒေါက်တာစိုင်းဆမ်ထွန်းကပြောသည်။

မြန်မာ့ဘောလုံး ပရိုစနစ်ပြောင်းလဲလာပြီးနောက်ပိုင်း ဘောလုံးသမားများအနေဖြင့် ဝင်ငွေများကောင်းလာခဲ့ပြီး အပျော်အပါးခံစားမှုများဘက် ပိုများလာကြောင်း ဝေဖန်သုံးသပ်ချက်များအပေါ်၌လည်း ရတနာပုံအသင်းပိုင်ရှင်က "ဒါကိုတော့ ငြင်းလို့မရပါဘူး။ ဆရာတို့အနေနဲ့လည်း အကယ်ဒမီက ကလေးတွေကို ငယ်စဉ်ကတည်းက စည်းကမ်းပိုင်းနဲ့ စိတ်ဓာတ်ပိုင်းကို အဓိကဦးစားပေးသင်ကြားပျိုးထောင်ပေးနေပါတယ်။ ရတနာပုံအသင်းမှာလည်း ၂၀၁၃ ဆိုရင် နိုင်ငံခြားသား ကစားသမားတွေမထားတော့ပါဘူး။ အကယ်ဒမီက ကလေးတွေကိုလည်း နိုင်ငံခြားတိုင်းပြည်တွေမှာ သွားရောက်လေ့ကျင့်နိုင်ဖို့ စီစဉ်ထားပါတယ်။

စာ(၅၁)သို့

အားကစားကြယ်ပွင့်

# ၂၀၁၁ ၏ အတောက်ပဆုံး တင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ်



ကိုထိုက်

ဆားဘီးယားတင်းနစ်ကစားသမားနိုဗက်ဂျိုကိုဗစ်ဟာ လက်ရှိမှာ ကမ္ဘာ့ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမားများအသင်း ATP ရဲ့ အဆင့်သတ်မှတ်ချက်အရ စပိန်ကစားသမား ရာဖေးနာဒယ်လ်ရဲ့နောက်မှာ အဆင့်နှစ်နေရာ ရရှိထားသူဖြစ်ပါတယ်။ ၎င်းဟာ တင်းနစ်အားကစားလောကရဲ့ အဓိကပြိုင်ပွဲကြီးများဖြစ်တဲ့ ဂရင်းဆလင်းပြိုင်ပွဲကြီးလေးရပ်အနက် ဩစတြေးလျအိုးပင်းပြိုင်ပွဲရဲ့ ချန်ပီယံသရဖူကို ၂၀၀၈ နဲ့ ၂၀၁၁ တို့မှာ ဆွတ်ခူးထားနိုင်လို့ ဆားဘီးယားကစားသမားတွေထဲမှာလည်း တစ်ဦးချင်း ဂရင်းဆလင်းချန်ပီယံနှစ်ကြိမ်ဖြစ်ဖူးသူအဖြစ် စံချိန်သစ်ရထားပါတယ်။ ဒ့ါအပြင် ၎င်းဟာ ကမ္ဘာ့နံပါတ်တစ်ကစားသမား ရော်ဂျာဖက်ဒါရားကို တစ်နှစ်အတွင်းရင်ဆိုင်တွေ့ရာမှာ သုံးကြိမ်အနိုင်ရဖူးတဲ့ (ဒေးဗစ်နယ်လ်ဘမ်ဒီယံ၊ အင်ဒီမာရေး၊ ရာဖေးနာဒယ်လ်တို့အပါအဝင်) ထိပ်တန်းတင်းနစ်သမားလေးဦးထဲက တစ်ဦးဖြစ်ပါတယ်။ ဒီလိုပဲ ၎င်းဟာ လက်ရှိကမ္ဘာ့အဆင့်တစ် နာဒယ်လ်ကို ပြိုင်ပွဲတစ်ခုထဲမှာပဲ နှစ်ကြိမ်နိုင်ဖူးတဲ့ ကစားသမားစံချိန်ကို ရထားပါတယ်။

## ဂျိုကိုဗစ်အတ္ထုပ္ပတ္တိ

နိုဗက်ဂျိုကိုဗစ်ကို ၁၉၈၇ မေလ ၂၂ ရက်မှာ ယခင်ယူဂိုဆလားဗီးယားပြည်ထောင်စု မြို့တော်ဘဲလ်ဂရိတ်မှာ မွေးဖွားခဲ့ပါတယ်။ ၎င်းဟာ အသက်လေးနှစ်အရွယ်ကပဲ တင်းနစ်ကစားခဲ့ပြီး ထိုစဉ်က ယူဂိုဆလဗ်တင်းနစ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဂျယ်လင်နာဂျင်ဆစ်က "မိုနီကာဆဲလက်စ်နောက်ပိုင်း တွေ့ဖူးသမျှ တင်းနစ်ပါရမီရှင်လူငယ်တွေထဲမှာ အတော်ဆုံး" ရယ်လို့ ချီးကျူးခံခဲ့ရပါတယ်။ ၎င်းဟာ အသက် ၁၂ နှစ်သားမှာ ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ နီကိုလာပီလစ်တင်းနစ်အကယ်ဒမီမှာ သုံးလခန့်တက်ရောက်ခဲ့ပြီးနောက် အသက် ၁၄ နှစ်အရွယ်မှာတော့ နိုင်ငံတကာကစားသမားဘဝကို စတင်ခဲ့ပြီး ဥရောပလူငယ်ပြိုင်ပွဲတွေမှာ စတင်အနိုင်ရခဲ့တာပါ။

## အစောပိုင်းတင်းနစ်သမားဘဝ

ဂျိုကိုဗစ်ဟာ ၂၀၀၁ ဂျူနီယာဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲမှာ ယူဂိုဆလားဗီးယားအသင်းမှာပါဝင်ခဲ့ပြီး တစ်ဦးချင်းပြိုင်ပွဲတွေမှာရှုံးနိမ့်ခဲ့ပါတယ်။ ဒီနောက်၎င်းဟာ ၂၀၀၅ ဩစတြေးလျအိုးပင်းပြိုင်ပွဲ လက်ရည်စစ်အဆင့်မှာ ဝင်ပြိုင်ခဲ့ပြီး ထိုစဉ်က ဗိုလ်စွဲခဲ့သူ မာရတ်ဆာဖင်ကို ရှုံးနိမ့်ခဲ့ပါတယ်။

စာ(၅၁)သို့






## နိုင်ငံတကာ အားကစားသတင်းတိုများ

- တရုတ်စားပွဲတင် တင်းနစ်ကစားသမား ကျန်ကျိုက်(၂၃ နှစ်)သည်နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့၌ပြုလုပ်ခဲ့သော ကမ္ဘာ့စားပွဲတင်တင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ၏အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင်တစ်နိုင်ငံတည်းသား ဝမ်ဟောက်အား အနိုင်ရဗိုလ်စွဲခဲ့သည်။
- စပိန်ရီးရဲလ်မက်ဒရစ်အသင်း၏ ပေါ်တူဂီတိုက်စစ်မှူး ခရစ်စတီယာနိုရော်နယ်ဒိုသည် ယခုဘောလုံးရာသီတွင် ၃၈ ဂိုးသွင်းကာလာလီဂါတွင် ဂိုးအများဆုံးသွင်းယူသည့် စံချိန်တင်ထားသော တယ်လ်မိုဇာရာနှင့်ဟူဂိုဆန်းချက်ဇ်တို့၏ စံချိန်များနှင့်အတူတူဖြစ်ခဲ့ပြီး အယ်မီရီယာနှင့် ပွဲတွင်ဂိုးသွင်းယူနိုင်ခဲ့ပါကလာလီဂါစံချိန်သစ်တင်နိုင်ရန် အလားအလာကောင်းနေသည်။
- အမေရိကန်မှ ကမ္ဘာ့အဆင့် ၁၁ ရှိတင်းနစ်ကစားသမား အင်ဒီရော့ဒစ်သည် ညာဖက်ပခုံးဒဏ်ရာကြောင့် ပြင်သစ်အိုးပင်းပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်းသိရသည်။
- စပိန်မှ ဖော်မြူလာဝမ်းကားမောင်းပြိုင်ပွဲဒရိုင်ဘာ ဖာနန်ဒိုအလွန်ဆိုသည် လက်ရှိကစားနေသော အီတာလျံ ကားမောင်းအသင်းဖာရာရီတွင် ၂၀၁၆ အထိ ဆက်လက်ကစားရန် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်သည်။
- စပိန်ရီးရဲလ်မက်ဒရစ်ကလပ်သည်ဂျာမန်ဘိုင်ယန်းမြူနစ်မှ တူရကီအလယ်တန်းလူ ဟမ်မစ်အယ်လ်တင်တော့ပ်(၂၈ နှစ်)အား လေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ကြောင်း သိရသည်။
- အေစီမီလန်အသင်း၏ အီတလီလက်ရွေးစင်ကစားသမားဟောင်း ပီယာလိုသည် မီလန်တွင် ၁၀ နှစ်တာကစားခဲ့ပြီးနောက် လာမည့်ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံး၍ အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း သိရသည်။

—*Ref: AP/AFP/Xinhua*

## မြန်မာဘောလုံးအသင်း အဆင့်ထပ်မံကျဆင်း



ဓာတ်ပုံ - အောင်အောင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၁၈**

မေလလယ်တွင် ထုတ်ပြန်ကြေညာခဲ့သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယခင်လထက် အဆင့်သတ်မှတ်ချက် ၆ ဆင့် ကျဆင်းသွားကြောင်း သတင်းရရှိသည်။

ယခုလ ၁၈ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် ၎င်းအဆင့် သတ်မှတ်ချက်တွင် ယခင်လက အဆင့် ၁၆၁ ရှိခဲ့သော မြန်မာအသင်းသည် ယခုလတွင် ရမှတ် ၇၄ မှတ်ရရှိကာ အဆင့် ၁၆၇ သို့ ရောက်ရှိသွားသည်။

အာဆီယံ နိုင်ငံများတွင် ထိုင်းအသင်းက ကမ္ဘာ့အဆင့် ၁၂၀ ဖြင့် ဦးဆောင်ထားပြီး အင်ဒိုနီးရှားအသင်းက အဆင့် ၁၃၀၊ ဗီယက်နမ်အသင်းကအဆင့်၁၃၄၊ မလေးရှားအသင်းကအဆင့်၁၄၃၊ စင်ကာပူအသင်းက အဆင့် ၁၄၄၊ ဖိလစ်ပိုင်အသင်းက အဆင့် ၁၅၆၊ လာအိုအသင်းက အဆင့် ၁၄၇၊ ကမ္ဘောဒီးယားအသင်းက အဆင့် ၁၇၆နှင့်ဘရူနိုင်းအသင်းက အဆင့် ၁၉၆ဖြင့် အသီးသီးရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်စပိန်အသင်းက အဆင့်၁တွင် ဆက်လက်ရပ်တည်လျက်ရှိပြီး ၎င်း၏နောက်တွင် နယ်သာလန်နှင့် ဘရာဇီးအသင်းတို့မှာ အစဉ်အတိုင်း ရပ်တည်လျက်ရှိသည်။ အင်္ဂလန်အသင်းမှာ ကမ္ဘာ့အဆင့် ၆ တွင် ရပ်တည်နေပြီး၊ ဂျပန်အသင်းမှာ အဆင့် ၁၄ ဖြင့် အာရှနိုင်ငံများတွင် ထိပ်ဆုံးမှ ဦးဆောင်ထားသည်။

မြန်မာအသင်းနှင့် ဇွန်တွင် ကမ္ဘာ့ဖလားပထမအဆင့် ခြေစစ်ပွဲယှဉ်ပြိုင်ကစားရန်ရှိသည့် မွန်ဂိုလီးယားအသင်းမှာ ကမ္ဘာ့အဆင့် ၁၇၉ တွင် ရပ်တည်လျက်ရှိသည်။

### စာ(၅၀) - စိတ်ဓာတ်ရှိလျှင် အောင်နိုင်ပါသည် မှ

ဒါတွေဟာ မြန်မာ့လက်ရွေးစင်အသင်းအတွက် အကျိုးရှိစေဖို့ ချည်းပါပဲ” ပြောပြပါသည်။

“ရတနာပုံအနေနဲ့ မူကာဘာနဲ့ ပွဲမှာ အရှုံးကနေ အနိုင်ပြန်ရအောင် ကစားနိုင်တာ စိတ်ဓာတ်ကောင်းလို့ပဲ။ မြန်မာနေရှင်နယ်လိဂ်မှာ ကစားနေတဲ့ လက်ရွေးစင်အဆင့် ကစားသမားတိုင်း ကလပ်ပွဲတွေမှာ ခြေပေါ်တယ်။ စိတ်ဓာတ်ကောင်းတယ်။ နိုင်ငံအသင်းအတွက် ကစားတဲ့ အချိန်မှာလည်း ဒီလိုစိတ်ဓာတ်တွေပါလာဖို့လိုနေတယ်ထင်တယ်။မလေးရှားမှာ ပရိုစပြောင်းတုန်းကလည်း ဒီလိုဖြစ်ဖူးတယ်။ ကစားသမားတွေက ကလပ်အသင်းအတွက်ပဲ ကောင်းကောင်း ကန်တယ်။ နိုင်ငံအသင်းအတွက်ဆို မကစားချင်ကြဘူး။ ဒါကြောင့် မလေးရှားဘောလုံးအဖွဲ့ချုပ်က နောက်ပိုင်းမှာ စည်းကမ်းချက်တွေ တင်းတင်းကျပ်ကျပ်ထုတ်ခဲ့ရတဲ့ သာဓကတွေရှိတယ်”ဟု အားကစားဂျာနယ်တစ်စောင်မှ အယ်ဒီတာတစ်ဦးကပြောပါသည်။

ပြီးခဲ့သည့် ဆူဇူကီးဘောလုံးပြိုင်ပွဲတွင် ရုပ်ပျက် ဆင်းပျက် ရှုံးနိမ့်ခဲ့ရသည့်နောက်ပိုင်း နိုင်ငံတကာပြိုင်ပွဲများတွင် နာလန်ပြန်မထူနိုင်သေးသော မြန်မာလက်ရွေးစင်ဘောလုံးအသင်းအတွက် AFC President's Cup ပြိုင်ပွဲတွင် မိမိထက် ခြေစွမ်းသာသော အသင်းများကို စိတ်ဓာတ်ဖြင့် အနိုင်ယူခဲ့သောမြန်မာနိုင်ငံကိုယ်စားပြုရတနာပုံအသင်း၏ အနိုင်ရလဒ်သည် မြန်မာပရိသတ်များအတွက် အတိုင်းအတာတစ်ခုအထိတော့ ကျေနပ်မှုရရှိစေခဲ့ပါသည်။ ထို့အတွက် ရတနာပုံကို ကျေးဇူးတင်ရမည်ဖြစ်ပါသည်။

### စာ(၅၀) - ၂၀၁၁ ၏ အတော်ပဆုံး တင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ် မှ

**၂၀၀၆ ခုနှစ်**

ဒီနှစ်မှာတော့ ဂျိုကိုဗစ်ဟာ မိသားစုလိုက် ဆားဘီးယားကနေ ဗြိတိန်ကို ရွှေ့ပြောင်းနေထိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူဟာပြင်သစ်အိုးပင်းပြိုင်ပွဲနဲ့ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွေမှာဝင်ပြိုင်ပြီးနောက် ကမ္ဘာ့အဆင့် ၄၀ စာရင်းထဲ ဝင်လာခဲ့ပြီးအောင်မြင်မှုတွေရလာခဲ့ပါတယ်။ ဒီနောက် ဒတ်ချ်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲမှာနီကိုးလတ်စ်မတ်ဆုကို အနိုင်ရကာချန်ပီယံဖြစ်ခဲ့ပါတယ်။ ဒီနောက်သူ့ရဲ့ ဒုတိယမြောက် ချန်ပီယံဆုအဖြစ် Open de Moselle ပွဲမှာ ဗိုလ်စွဲပြန်ကာ ကမ္ဘာ့အဆင့် ၂၀ စာရင်းထဲ ပထမဆုံးဝင်လာခဲ့ပါတော့တယ်။

**၂၀၀၇ ခုနှစ်**

ဂျိုကိုဗစ်ဟာ ၂၀၀၇ နှစ်စမှာတော့အဒယ်လိတ်ပြိုင်ပွဲမှာဗိုလ်စွဲခဲ့ပြီး ဩစတြေးလျအိုးပင်းပြိုင်ပွဲမှာတော့ ဖက်ဒဲရားကို ပထမအဆင့်ပွဲစဉ်တွေမှာ ရှုံးနိမ့်ခဲ့ပါတယ်။ ဒီနောက်၎င်းဟာ အင်ဒီးယန်းဝဲလ်နဲ့ကီးဘစ်စကိန်းမှာ လုပ်တဲ့ မာစတာစီးရီးတင်းနစ်ပြိုင်ပွဲတွေမှာ ဒုတိယနဲ့ ချန်ပီယံဆုတွေ အသီးသီးရခဲ့ပြီး ကမ္ဘာ့အဆင့် ၁၀ ထဲရောက်လာခဲ့ပါတယ်။

၎င်းဟာ ဝင်ဘယ်ဒန်ပြိုင်ပွဲဝင်ခဲ့ရာမှာလည်း မားကို့စ်ဘက်ဂ်ဒါတစ်ကို ငါးနာရီကြာအောင် ကွာတားဖိုင်နယ်မှာ ကစားကာ အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်မှာတော့ နာဒယ်ကို ကျောနဲ့ခြေထောက် ဒဏ်ရာပြဿနာတွေကြောင့် ရှုံးနိမ့်ခဲ့ရပါတယ်။ ဒီနောက်၎င်းဟာ မာစတာစီးရီးပြိုင်ပွဲ ရောဂျာဖလားမှာအနိုင်ရခဲ့ပြီး နာမည်ကျော်လာခဲ့ပါတယ်။ ၎င်းဟာ ထိုပွဲမှာ ကမ္ဘာ့အဆင့်သုံး အင်ဒီရော့ဒစ်ကို ကွာတားဖိုင်နယ်မှာ ကမ္ဘာ့နံပါတ်နှစ်နာဒယ်ကို ဆီမီးဖိုင်နယ်မှာ ကမ္ဘာ့နံပါတ်တစ်ဖက်ဒဲရားကို ဖိုင်နယ်မှာ အနိုင်ရပြီး ဘောရစ်ဘက်ကာပြီးနောက် ပြိုင်ပွဲတစ်ခုတည်းမှာပဲ ကမ္ဘာ့ထိပ်တန်းကစားသမားသုံးဦးကို တစ်ပွဲတည်းမှာ ဆက်တိုက်အနိုင်ယူလာခဲ့တဲ့ ကစားသမားဖြစ်လာပါတယ်။

**၂၀၀၈ ခုနှစ်**

ဂျိုကိုဗစ်ဟာ ဒီနှစ်မှာတော့ ဆားဘီးယားတင်းနစ်မယ် ဂျယ်လင်နာဂျန်ကိုဗစ်နဲ့ တွဲဖက်ကာ ဟော့ပ်မန်းဖလားပွဲကို ဝင်ခဲ့ပါတယ်။ ၎င်းတို့ဟာ ဖိုင်နယ်ကို ရောက်ခဲ့ပေမယ့် ဆရီနာဝီလီယံနှင့်မာဒီဖစ်ရှ်တို့ပါဝင်တဲ့ အမေရိကန်အသင်းကို ရှုံးနိမ့်ခဲ့ပါတယ်။ ဒီနောက်၎င်းဟာဆီမီးဖိုင်နယ်မှာ လက်ရှိချန်ပီယံ ရော်ဂျာဖက်ဒဲရားကို အနိုင်ရခဲ့ပြီး ဂရင်းဆလင်းပြိုင်ပွဲလေးရပ်စလုံးရဲ့ ဆီမီးဖိုင်နယ်ကို ရောက်ဖူးသူ အသက်အငယ်ဆုံး ကစားသမားဆိုတဲ့စံချိန်ကိုရလာပါတယ်။ ၎င်းဟာဗိုလ်လုပွဲမှာတော့ ဝီလ်ဖရိုင်းဆွန်ဂါကို လေးပွဲကစားပြီး အနိုင်ရကာ ၎င်းရဲ့ပထမဆုံး ဂရင်းဆလင်းချန်ပီယံဆုကို ရရှိခဲ့ပါတော့တယ်။

ဒီနှစ်ထဲမှာ အောင်မြင်မှုတွေရတဲ့အထဲက ထူးခြားတာကတော့ ဘေဂျင်းအိုလံပစ်မှာ ဝင်ပြိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ၎င်းဟာတစ်ဦးချင်းပြိုင်ပွဲမှာ နာဒယ်ကို ဆီမီးဖိုင်နယ်မှာ ရှုံးနိမ့်ခဲ့ပြီး တတိယလုပွဲမှတော့ ဂျမ်းစ်ဘလိခ်ကို အနိုင်ရကာပထမဆုံးသော အိုလံပစ်ကြေးတံဆိပ်ဆုကို ရရှိခဲ့ပါတယ်။

**၂၀၀၉-၁၀ ခုနှစ်များ**

ဒီနှစ်တွေပိုင်းမှာလည်း ၎င်းကအောင်မြင်မှုတွေ အများကြီးရခဲ့ပါတယ်။ ဩစတြေးလျအိုးပင်း ၂၀၀၉ မှာ အင်ဒီရော့ဒစ်ကို ရှုံးနိမ့်ထွက်ခွာခဲ့ရပေမယ့် ဘာကလေဒူဘိုင်းတင်းနစ် ချန်ပီယံရှစ်မှာဒေးဗစ်ဖာရာကို အနိုင်ရပြီး ၎င်းရဲ့တင်းနစ်ကစားသမားဘဝ ၁၂ ကြိမ်မြောက် သရဖူကို ရခဲ့ပါတယ်။ ၎င်းဟာ ချိုင်းနားအိုးပင်းပြိုင်ပွဲမှာလည်း မာရင်ဆီလစ်ကို အနိုင်ရဗိုလ်စွဲခဲ့ပါတယ်။ ဒီ ၂၀၀၉ ထဲမှာတော့ ၎င်းဟာ ကမ္ဘာ့အဆင့်သုံး နေရာမှာ သုံးနှစ်ဆက်တိုက် ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံဆုငါးဆုရခဲ့ပါတယ်။

၂၀၁၀ အတွင်းမှာတော့ ဂျိုကိုဗစ်ဟာ ဩစတြေးလျအိုးပင်းမှာ ဝင်ပြိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်နှစ်ဖြစ်လာခဲ့ပါတယ်။ ဒီပွဲမှာ ရှုံးနိမ့်ခဲ့ပေမယ့် ၎င်းဟာ ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်မှာတော့ သရဖူကာကွယ်နိုင်ခဲ့ပြီး ချန်ပီယံဆက်ဖြစ်ခဲ့ပါတယ်။ ဒီနောက် ၂၀၁၀ ပြင်သစ်အိုးပင်းပြိုင်ပွဲတွေမှာ ဝင်ပြိုင်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘဲ ချိုင်းနားအိုးပင်းမှာတော့ ဒေးဗစ်ဖာရာကို အနိုင်ရဗိုလ်စွဲခဲ့ပါတယ်။ ဒီနှစ်မှာပဲ “ဆားဘီးယား၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု”နဲ့ “တစ်နှစ်တာ အကောင်းဆုံး ဆားဘီးယား အားကစားသမားဆု” တွေကိုရရှိခဲ့ပါတယ်။

**၂၀၁၁ ခုနှစ်**

ဒီနှစ်မှာတော့ ဂျိုကိုဗစ်ဟာ အအောင်မြင်ဆုံးပါပဲ။ ၎င်းဟာ ဩစတြေးလျ အိုးပင်းမှာ အကြို ဗိုလ်လုပွဲ၌ လက်ရှိချန်ပီယံ ဖက်ဒဲရားကို အနိုင်ရပြီး ဗိုလ်လုပွဲမှာတော့ အင်ဒီမာရေးကို အနိုင်ရကာ ဒုတိယအကြိမ်မြောက် ဂရင်းဆလင်း သရဖူကို ရရှိခဲ့ပါတယ်။

ဒီနောက်မှာတော့ မကြာမီကမေ ၁၅ ရက်မှာ ကျင်းပခဲ့တဲ့ အီတာလျံအိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲမှာတော့ ဂျိုကိုဗစ်ဟာ ရာဖေးနာဒယ်ကို ၆-၄၊ ၆-၄ နဲ့နှစ်ပွဲဆက်အနိုင်ရပြီး ချန်ပီယံဖြစ်ကာ ဒီနှစ်တင်းနစ်ရာသီအတွင်း ၃၇ ပွဲဆက်တိုက်အနိုင်ရခဲ့တဲ့ စံချိန်ကိုရရှိခဲ့ပါတယ်။ ဒ့ါအပြင် ၎င်းဟာ ယခုအချိန်မှာ နှစ်ကြိမ်နိုင်ခဲ့တာမို့ နာဒယ်ကိုမြေစေးကွင်းမှာ နှစ်ကြိမ်နိုင်ဖူးတဲ့ ပထမဆုံးအားကစားသမားဖြစ်လာပါတယ်။

**ဂျိုကိုဗစ်ရခဲ့သော ဂရင်းဆလင်း ချန်ပီယံဆုများ**

- ၂၀၀၈ - ဩစတြေးလျအိုးပင်း
- ၂၀၁၁ - ဩစတြေးလျအိုးပင်း

**အောင်မြင်မှုမှတ်တမ်းများ**

- ၂၀၀၇ ကနေဒါအိုးပင်း - ထိပ်တန်းအဆင့်သုံးဦးကို ဆက်တိုက်နိုင်ခဲ့သည့် အသက်အငယ်ဆုံး တင်းနစ်ကစားသမား
- ၂၀၀၇ မိုင်ယာမီမာစတာ - အမျိုးသားတင်းနစ်ပြိုင်ပွဲအသက်ငယ်ဆုံးချန်ပီယံ (အသက် ၁၉ နှစ်၊ ဆယ်လ)
- ၂၀၀၇-၀၈ ဩစတြေးလျ၊ ပြင်သစ်၊ ဝင်ဘယ်ဒန်၊ ယူအက်စ်အိုးပင်း - အဓိကဂရင်းဆလင်းပြိုင်ပွဲလေးရပ်စလုံးတွင် ဆီမီးဖိုင်နယ်ရောက်သည့် အသက်ငယ်ဆုံး ကစားသမား
- ၂၀၁၁ ATP World Tour မာစတာ ၁၀၀၀ - တစ်ရာသီထဲ၌ ချန်ပီယံဆုလေးဆုရရှိ။

7DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011

# ဘာစီလိုနာ-မန်ယူ ဘယ်သူဗိုလ်စွဲမလဲ စောင့်ကြည့်ရမယ့် ယူအီးအက်ဖ်အေချန်ပီယံလိဂ် ဗိုလ်လုပွဲ

**ကိုထိုက်**

ဒီတစ်ပတ် တနင်္ဂနွေ ဥရောပလိဂ်ဘောလုံးပြိုင်ပွဲတွေ အပြီးမှာအားလုံးမျှော်လင့်စောင့်စားနေကြတဲ့ ချန်ပီယံလိဂ်ဗိုလ်လု ပွဲစဉ်ကိုရှုစားရတော့မှာဖြစ်ပါတယ်။ ဒီဗိုလ်လုပွဲကိုတော့ အင်္ဂလန်ပရီးမီးယားလိဂ်ချန်ပီယံ မန်ယူနဲ့ စပိန်လာလီဂါချန်ပီယံ ဘာစီလိုနာတို့ယှဉ်ပြိုင်ကြမှာကို အများသိကြမှာပါ။ နှစ်သင်းစလုံးဟာ ဥရောပမှာအောင်မြင်မှုအစဉ်အလာကြီးမားသလို မြန်မာပြည်တွင်းမှာလည်း လူကြိုက်များတဲ့ကစားသမားတွေ အသီးသီး ပါဝင်နေတဲ့ အတွက် စိတ်ဝင်စားစရာကောင်းတဲ့ ပွဲစဉ်ပါပဲ။ ဒီနှစ်သင်းဟာ ၂၀၀၉ ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ တွေ့ဆုံခဲ့ဖူးပြီး ထိုစဉ်က ဘာကာက ၂-၀ ဂိုးနဲ့အနိုင်ရထားဖူးပါတယ်။ ဒါ့အပြင်ဒီနှစ်သင်းဟာ ချန်ပီယံလိဂ်ဖလားကို သုံးကြိမ်စီဆွတ်ခူးထားပြီးဖြစ်တာမို့ ဒီပွဲအနိုင်ရသူဟာ ချန်ပီယံလိဂ်ဖလားကို လေးကြိမ်ရရှိတဲ့အသင်း ဖြစ်လာမှာပါ။

**၂၉၊ မေ။ တနင်္ဂနွေ**
ဘာစီလိုနာ - မန်ယူ
နံနက် ၁း၁၅ နာရီ

**နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု**
(၂၈-၅-၀၉) ဘာစီလိုနာ ၂-၀ မန်ယူ (ချန်ပီယံလိဂ်ဗိုလ်လုပွဲ)
(၃၀-၄-၀၈) မန်ယူ ၁-၀ ဘာစီလိုနာ (ချန်ပီယံလိဂ်)
(၂၄-၄-၀၈) ဘာစီလိုနာ ၀-၀ မန်ယူ (ချန်ပီယံလိဂ်)

**ဘာစီလိုနာ နောက်ဆုံးငါးပွဲရလဒ်**
(၁၆-၅-၁၁) ဘာစီလိုနာ ၀-၀ ဒီပိုတီဗို (လာလီဂါ)
(၁၂-၅-၁၁) လီဗန်တေး ၁-၁ ဘာစီ လိုနာ (လာလီဂါ)
(၈-၅-၁၁) ဘာစီလိုနာ ၂-၀ အက်စပန်ညို (လာလီဂါ)
(၄-၅-၁၁) ဘာစီလိုနာ ၁-၁ ရီးရဲမတ်ဒရစ် (ချန်ပီယံလိဂ်)
(၁-၅-၁၁) ရီးရဲဆိုစီဒတ် ၂-၁ ဘာစီလိုနာ (လာလီဂါ)



**မန်ယူနောက်ဆုံးငါးပွဲရလဒ်**
(၁၄-၅-၁၁) ဘလက်ဘန်း ၁-၁ မန် ယူ (ပရီးမီးယားလိဂ်)
(၈-၅-၁၁) မန်ယူ ၂-၁ ချယ်လ်ဆီး (ပရီးမီးယားလိဂ်)
(၅-၅-၁၁) မန်ယူ ၄-၁ ရှော်ကေး (ချန်ပီယံလိဂ်)
(၁-၅-၁၁) အာဆင်နယ် ၁-၀ မန်ယူ (ပရီးမီးယားလိဂ်)
(၂၇-၄-၁၁) ရှော်ကေး ၀-၂ မန်ယူ (ချန်ပီယံလိဂ်)

ဘာစီလိုနာဟာ မန်ယူကို ၂၀၀၉ ချန်ပီယံလိဂ် ဗိုလ်လုပွဲတုန်းကလည်း အနိုင်ရထားတာမို့ စိတ်ဓာတ်ပိုင်းအသာစီး ရထားပါတယ်။ ဒါ့အပြင့် စပိန်အသင်းပီပီ ဘောလုံးကို ကိုင်ကစားပြီး မက်ဆီ၊ ဒေးဗစ်ဗီလာစတဲ့ ထိပ်တန်းကစားသမားတွေနဲ့ ကစားကွက်ခင်းကာ ထိုးဖောက်ကစားလေ့ရှိတာမို့ မန်ယူတို့ကွင်းလယ်စိုးမိုးမှုရဖို့ ဦးစားပေး ကစားရပါလိမ့်မယ်။ ဒါ့အပြင် ဘာစီလိုနာနောက်တန်းဟာ ပူယိုးလ်၊ ပီကေး ဗဟိုခံစစ်နဲ့ အစွန်းနှစ်ဖက်မှာ အဘီဒယ်၊ ဒန်နီယယ်ဘဲလ်ဗက်စ်တို့ပါဝင်နေတာမို့ တိုက်စစ်ကို အကောင်းဆုံးလိုက်ပါ ပံ့ပိုးပေးနိုင်ကြပါတယ်။ ဘာကာ အလယ်တန်းကလည်း အင်နီယေစတာ၊ ဇာဗီအလွန်ဆို၊ ဘက်ဇ်ကွက်တို့ ပါဝင်နေတာမို့ ကမ္ဘာ့ ချန်ပီယံစပိန်အသင်း အလယ်တန်းပဲ ဖြစ်နေပါတယ်။

မန်ယူကတော့ မကြာမီကပဲ ပရီးမီးယားလိဂ်ဖလားကို (၁၉) ကြိမ်မြောက် ဆွတ်ခူးကာ အင်္ဂလန်ရဲ့ အအောင်မြင်ဆုံးကလပ် ဖြစ်လာခဲ့တာပါ။ မန်ယူရှေ့တန်းဟာရွန်နေး၊ ဟာနန်ဒက်ဇ်တို့ရဲ့ တိုက်စစ်နဲ့ တည်ဆောက်ထားပြီး၊ ဂစ်၊ ဗလန်စီယာ၊ ကာရစ်၊ ပက်ဂျီဆန်တို့ရဲ့ အတွဲအဖက်ကောင်းတဲ့ အလယ် တန်းနဲ့ ဝန်းရံထားပါတယ်။ မန်ယူနောက်တန်းဟာလည်း ဗီဒစ်၊ ဖာဒီနန်တို့ရဲ့ ဗဟိုခံစစ်နဲ့ပွဲထွက်လာပြီး ဘာကာရှေ့တန်းကို ဟန့်တားဖို့ကြိုးစားမှာပါ။

### နိုင်းယှဉ်ချက်

နှစ်သင်းစလုံး ဥရောပထိပ်သီးအဆင့် ဝါရင့်အသင်းတွေမို့ အမှားများတဲ့အသင်း ရှုံးဖို့ရှိနေပြီး၊ မိနစ်ကိုးဆယ်မှာ အဖြေပေါ်ဖို့ခက်မယ်လို့ ကျွမ်းကျင်သူများ ကမှန်းဆထားပါတယ်။ ဒါပေမဲ့ ဘာစီလိုနာတို့ဂိုးအရင်သွင်းနိုင်ရင် သွင်းဂိုးနည်းနည်းနဲ့မိနစ်ကိုးဆယ်မှာတင် အပြီးသတ်ရလဒ်ပေါ်ထွက်နိုင်ပါတယ်။ နိုင်ခြေအနေနဲ့ ရာခိုင်နှုန်းနဲ့ ပြောရရင်တော့ လူကြိုက်များလောက်အောင် ခြေစွမ်းပြနေတဲ့ ဘာစီလိုနာက ခြောက်ဆယ်ရာခိုင်နှုန်းရှိနေပြီး မန်ယူက တော့နိုင်ခြေလေးဆယ်ရာခိုင်နှုန်းရှိနေပါတယ်။ ဒါပေမဲ့ ဒီဗိုလ်လုပွဲကိုအင်္ဂလန်နိုင်ငံ ဝင်ဘာလေးကွင်းကြီးမှာ ကစားမှာမို့ မန်ယူတို့အနေနဲ့ ပရိသတ်အားပေးမှု ပိုသာနိုင်ပြီး အိမ်ကွင်းသဖွယ် စိတ်ဓာတ်အပြည့်နဲ့ ကစားနိုင်ပါတယ်။

ဒီပွဲမှာ မိနစ် ၉၀အတွင်း အဖြေမပေါ်ရင်တော့ အချိန်ပိုကတစ်ဆင့် ပင်နယ်တီအထိ ဆက်သွားနိုင်ပါတယ်။

### ဘာစီလိုနာ-မန်ယူ ဗိုလ်လုပွဲနှင့်ထူးခြားအချက်အလက် အချို့

၁။ ဘာစီလိုနာနှင့် မန်ယူသည် ချန်ပီယံလိဂ်ဖလား သုံးကြိမ်စီ ဆွတ်ခူးထား။
၂။ ၎င်းတို့နှစ်သင်း၏ ပထမဆုံး ဥရောပဖလားများကို ယခင် ဝင်ဘာလေကွင်းဟောင်းကြီးတွင် စတင်ရရှိခဲ့ဖူး။
၃။ ဘာစီလိုနာသည် ဗိုလ်လုပွဲသို့ ခြောက်ကြိမ်ရောက်ကာ သုံးပွဲနိုင်၊ သုံးပွဲရှုံးနိမ့်။
၄။ မန်ယူသည် ဗိုလ်လုပွဲသို့ လေးကြိမ်ရောက်ဖူးပြီး သုံးပွဲနိုင်၊ တစ်ပွဲရှုံးထား။
၅။ ဘာကာနောက်ခံလူ ပီကေးသည် ၂၀၀၄ တွင် မန်ယူ၌ ၂၃ ပွဲကစား၊ နှစ်ဂိုးသွင်းယူနိုင်ခဲ့။
၆။ ၂၀၀၉ ဗိုလ်လုပွဲတွင် မန်ယူကိုဂိုးမသွင်းနိုင်ခင်က မက်ဆီ သည် အင်္ဂလိပ်ကလပ်များနှင့် တွေ့ဆုံမှု နောက်ဆုံး ၁၀ကြိမ်တွင် တစ်ဂိုးမှ မသွင်းနိုင်ခဲ့။





# ဂျပန်စီးပွားရေး ဆုတ်ယုတ်လာ

**တိုကျို၊ မေ - ၁၈**

မတ်လ ၁၁ ရက်နေ့က လှုပ်ခတ်ခဲ့သောမြေငလျင်၊ နောက်ဆက်တွဲ ဆူနာမီနှင့် ချာနိုဘိုင်းပေါက်ကွဲမှု နောက်ပိုင်း ကမ္ဘာ့အဆိုးဝါးဆုံး နျူကလီးယား အကျပ်အတည်း၏ရိုက်ခတ်မှုများကြောင့် ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ယခုနှစ် ပထမသုံးလပတ်တွင် ၃ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း သိရသည်။ ယင်းမှာ ဒုတိယသုံးလပတ်နှစ်ကြိမ် စီးပွားရေးကျဆင်းလာခြင်းဖြစ်ပြီး သဘောတရားအရ စီးပွားရေးဆုတ်ယုတ်ခြင်းပင်ဖြစ်ကြောင်းသိရသည်။



ယခုစီးပွားရေးကျဆင်းမှုမှာ ခွဲခြားစိတ်ဖြာသူများ ခန့်မှန်းထားသည့် ၂ ရာခိုင်နှုန်းထက်ပိုမိုခဲ့ပြီး ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းနောက်ပိုင်း သုံးလပတ်နှစ်ကြိမ် ဆက်တိုက် စီးပွားရေးကျဆင်းလာခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ အဆိုးဝါးဆုံး စီးပွားရေးဆုတ်ယုတ်မှုကာလမှာ ၂၀၀၉ ခုနှစ် ဇန်နဝါရီ-မတ် ၃ လပတ်ဖြစ်ပြီး ထိုစဉ်က ၁၈ ဒသမ ၃ ရာခိုင်နှုန်း စီးပွားရေးကျုံ့သွားခဲ့သည်။

ပြည်တွင်းထုတ်ကုန်စုစုပေါင်းတန်ဖိုးမှာလည်း သုံးလပတ်အလိုက်ကြည့်ပါက ၀ ဒသမ ၉ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း အစိုးရက ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရသည်။

ပြင်းအားအဆင့် ၉ ရစ်ချ် တာစကေးရှိသော ငလျင်နှင့် အပျက်အစီးအများအပြားဖြစ်ပေါ်ခဲ့သည့် ဆူနာမီလှိုင်းများကြောင့် လူပေါင်း ၂၅,၀၀၀ ခန့်သေဆုံး (သို့မဟုတ်) ပျောက်ဆုံးခဲ့ရသည်။ ငလျင်နှင့် ဆူနာမီကြောင့် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယား ဓာတ်အားပေးစက်ရုံတွင်လည်း အရေးပေါ် အခြေအနေဖြစ်ပေါ်ခဲ့ရာ ယင်းကြောင့် ဂျပန်နိုင်ငံအနေဖြင့် ဒုတိယကမ္ဘာစစ်နောက်ဆုံး အဆိုးဝါးဆုံးအကျပ်အတည်းနှင့် ကြုံတွေ့ခဲ့ရသည်။

—*Ref: AFP*

# အိုဘားမား၏ ချမ်းသာကြွယ်ဝမှု ကန်ဒေါ်လာ ၃ ဒသမ ၈ သန်း အနည်းဆုံးရှိ

**ဝါရှင်တန်၊ မေ - ၁၇**

အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ ချမ်းသာကြွယ်ဝမှုသည် ကန်ဒေါ်လာ ၃ ဒသမ ၈ သန်းနှင့်အထက် ရှိပြီး ထို့ထက်လည်းများစွာမြင့်မားနိုင်ကြောင်း အိမ်ဖြူတော်မှ ထုတ်ပြန်ခဲ့သည့် ဘဏ္ဍာရေးအသိပေးမှုအစီရင်ခံစာအရ သိရှိရသည်။



အိမ်ဖြူတော်၏ အစီရင်ခံစာတွင် အနိမ့်ဆုံးနှင့် အမြင့်ဆုံးကွာဟမှုများကိုလည်း ပြသထားသည်။ အိုဘားမား၏ ပိုင်ဆိုင်မှု အများစုမှာ ဗဟိုဘဏ်ငွေစုစာချုပ်များ၊ စာရွက်များတွင် ပါဝင်နေပြီး တစ်မျိုးစီအတွက် ကန်ဒေါ်လာတစ်သန်းမှ ငါးသန်းကြားရှိသည်။ စာအုပ်ထုတ်ဝေခြင်းမှ ရသည့် ဝင်ငွေမှာလည်း ကန်ဒေါ်လာတစ်သန်းမှ ငါးသန်းရှိသည်။

အိုဘားမားနှင့်ဇနီးသည် မီရှယ်အိုဘားမားတို့သည် ၎င်းတို့၏ ငွေကြေးများစွာကို ပင်စင်ရန်ပုံငွေများတွင် မြှုပ်နှံထားသလို ၎င်းတို့၏ သမီးနှစ်ယောက်ပညာရေးအတွက်လည်း သတ်သတ်ဖယ်ထားကြောင်း တွေ့ရှိရသည်။

အနည်းဆုံးခန့်မှန်းပါက အိုဘားမားသည် ကန်ဒေါ်လာ ၃ ဒသမ ၈ သန်းချမ်းသာပြီး အများဆုံးဆိုပါက ၁၆ ဒသမ ၈ သန်းခန့် ကြွယ်ဝနိုင်သည်ဟု အစီရင်ခံစာကညွှန်းဆိုသည်။

ဒုတိယသမ္မတဂျိုးဘစ်ဒန်မှာမူ သန်းကြွယ်သူဌေးတစ်ဦးမဟုတ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။ သမ္မတနှစ်ဦး၏ ပိုင်ဆိုင်မှုများကို အစိုးရ၏ ကျင့်ဝတ်များဥပဒေနှင့်အညီ ဖော်ထုတ်ခြင်းဖြစ်ကြောင်း သိရသည်။

—*Ref: UPI*

# မူဘာရက် ပိုင်ဆိုင်မှု အားလုံးကို နိုင်ငံတော်သို့ လွှဲပြောင်းပေးအပ်

**ကိုင်ရို၊ မေ - ၁၅**

အီဂျစ် သမ္မတဟောင်း ဟော့စနီမူဘာရက်သည် အကျဉ်းချခံခြင်းမှ ရှောင်လွှဲနိုင်ရန် ၎င်း၏ ပိုင်ဆိုင်မှုအားလုံးကို နိုင်ငံတော်သို့ လွှဲပြောင်းပေးအပ်လိုက်ပြီ ဖြစ်ကြောင်း အယ်လ်အာရမ် အပတ်စဉ်ထုတ်စာစောင်က ဖော်ပြခဲ့ကြောင်းသိရသည်။

လွန်ခဲ့သော လေးရက်ကလည်း မူဘာရက်၏ဇနီး ဆူဇန်မူဘာရက်က သူမ၏ ပိုင်ဆိုင်မှုများဖြစ်သော ကန်ဒေါ်လာ ၃ ဒသမ ၄ သန်းနှင့် ကိုင်ရိုရှိ နေအိမ်အား နိုင်ငံတော်သို့လွှဲပြောင်းပေးခဲ့ပြီးနောက် တရားရုံးက သူမအား အာမခံဖြင့်လွှတ်ပေးလိုက်သည်။

မူဘာရက် (၈၃ နှစ်)သည် ဖေဖော်ဝါရီလ ၁၁ ရက်တွင် သမ္မတရာထူးမှနုတ်ထွက်ခဲ့သည်။ ၎င်းမနုတ်ထွက်မီ ၁၈ ရက်ကြာ မြင့်ခဲ့သည့် လူထုအုံကြွမှုအတွင်း လူပေါင်း ၈၀၀ ခန့်သေဆုံးခဲ့သည်။ မူဘာရက်နုတ်ထွက်ပြီး နောက်တိုင်းပြည်အာဏာကိုလွှဲပြောင်းရယူခဲ့သည့် စစ်ဘက်ကောင်စီကလည်းအစိုးရဟောင်းမှအရာရှိများ အာဏာအလွဲသုံးစားလုပ်ခဲ့သည်ကိုတွေ့ရှိရပါက ဥပဒေအရ အရေးယူသွားမည်ဟု ပြောကြားထားသည်။

—Ref: RIA Novosti

# ကွန်ပျူတာအမှားကြောင့် အမေရိကန် ဗီဇာကံထူးသူများ မှားယွင်းရွေးချယ်

**ဝါရှင်တန်၊ မေ - ၁၆**

အမေရိကန်အစိုးရ တာဝန်ရှိသူများက ၎င်းတို့သည် ကွန်ပျူတာအမှားကြောင့် လူပေါင်း ၂၂,၀၀၀ ကျော်ခန့်ကို အမေရိကန်ဗီဇာကံစမ်းမဲပေါက်သည်ဟု မှားယွင်းအကြောင်းကြားခဲ့မိ၍ ပြန်လည်မဲနှိုက်ပေးရန်ရှိကြောင်း မေလ ၁၃ ရက်တွင်ထုတ်ဖော်ပြောကြားလိုက်သည်။ အဆိုပါအမှားမှာ ကွန်ပျူတာပရိုဂရမ်ပိုင်းဆိုင်ရာ အမှားကြောင့် မှားယွင်းရွေးချယ်မိခဲ့ခြင်းဖြစ်ပြီး မဲပေါက်သူ ၉၀ ရာခိုင်နှုန်းမှာ ကံစမ်းမဲလျှောက်ထားချိန်ရက်သုံးဆယ် ကာလအတွင်းမှ ရွေးချယ်ခဲ့ခြင်းမဟုတ်ဘဲလျှောက်လွှာဖွင့်သည့် ပထမနှစ်ရက်တာအတွင်းမှ လူများကို ရွေးချယ်မိခဲ့ခြင်းဖြစ်ကြောင်းဆိုသည်။

အမေရိကန်အစိုးရ၏ အမေရိကန်ပြည်ဝင်ခွင့် ဗီဇာကံစမ်းမဲရွေးချယ်ရေး အစီအစဉ်မှ တာဝန်ရှိသူတစ်ဦးကလည်း "ကျွန်တော်တို့ဟာ ဒီပြဿနာကိုဖြစ်စေခဲ့တဲ့ အဆင်မပြေမှု၊ စိတ်အနှောင့်အယှက်ဖြစ်ရမှုတွေ အားလုံးကို တောင်းပန်ပါတယ်" ဟုသတင်းထောက်များကို ပြောကြားသည်။

အမေရိကန် အစိုးရသည် Diversity Immigrant Visa အစီအစဉ်ဖြင့် နှစ်စဉ်ကမ္ဘာတစ်ဝန်းမှဗီဇာကံစမ်းမဲ လျှောက်ထားသူများစွာမှ လူငါးသောင်းခန့်ကို ပြောင်းရွှေ့နေထိုင်စရိတ် အနည်းဆုံးဖြင့် ခေါ်ယူပေးနေပြီး ကံစမ်းမဲပေါက်သူများသည် အမေရိကန်တွင် Green Card ခေါ် အစိမ်းရောင်ကတ် ညီ့နိုင်ငံသားအဆင့်ဖြင့်နေထိုင်ခွင့်ရမည်ဖြစ်သည်။ ယခုနှစ် ၂၀၁၂ အတွက် အမေရိကန်ဗီဇာ ကံစမ်းမဲ အစီအစဉ်ကို ကမ္ဘာတစ်ဝန်းမှ လျှောက်ထားသူပေါင်း ၁၉ ဒသမ ၆ သန်းရှိကြောင်း သိရသည်။

—*Ref: Reuters*



7 DAY NEWS JOURNAL
Vol.10, No.10 · MAY 26, 2011

# ပျက်ကျခဲ့သည့် ကန်ရဟတ်ယာဉ် အစိတ်အပိုင်းများ ပါကစတန်ပြန်ပေးမည်

**နယူးဒေလီ၊ မေ - ၁၇**

အယ်လ်ကိုင်ဒါ ခေါင်းဆောင်အိုစမာဘင်လာဒင်အား စီးနင်းခဲ့သည့်စစ်ဆင်ရေးတွင် အမေရိကန်က အသုံးပြုခဲ့သည့် လျှို့ဝှက်အသံတိတ်ရဟတ်ယာဉ်၏ ကျန်ရှိသောအစိတ်အပိုင်းများကို အမေရိကန်နိုင်ငံသို့ ပြန်လည် ပေးအပ်သွားမည်ဖြစ်ကြောင်း စစ်ဘက်သတင်းရင်းမြစ်များကို ကိုးကား၍ ပါကစ္စတန်တယ်လီဗေးရှင်းက ကြေညာခဲ့ကြောင်း သိရသည်။

ကန်အထက်လွှတ်တော် အမတ်ဂျွန်ကယ်ရီနှင့် ပါကစ္စတန်အရာရှိများ တွေ့ဆုံပြီးနောက် ရဟတ်ယာဉ်၏ အမြီးပိုင်းအား အမေရိကန်သို့ ပြန်ပေးရန် ပါကစ္စတန်က သဘောတူညီခဲ့ခြင်းဖြစ်သည်။

"မနက်ဖြန်ဆိုရင် ရဟတ်ယာဉ်ရဲ့ အမြီးပိုင်းကို အမေရိကန် ပြန်သယ်သွားပါမယ်" ဟု ဂျွန်ကယ်ရီက သတင်းထောက်များအား ပြောကြားသည်။

အမေရိကန်၏ UH-60 Blackhawk ရဟတ်ယာဉ်တစ်စီးမှာမေလ ၁ ရက် အက်ဘော့တာဆက်မြို့ ဘင်လာဒင်စစ်ဆင်ရေးအတွင်းပျက်ကျသွားခဲ့သည်။ အမေရိကန်တပ်ဖွဲ့များက ၎င်းရဟတ်ယာဉ်ကို ဖောက်ခွဲဖျက်ဆီးခဲ့သော်လည်း ရဟတ်ယာဉ်၏အမြီးပိုင်းမှာ ကျန်ရှိခဲ့သည်။ ၎င်းအမြီးပိုင်းတွင် ရေဒါဖမ်းယူမှုလျှော့ချနိုင်ရန် ပစ္စည်းကိရိယာအများအပြားတပ်ဆင်ထားသည်ဟု ယုံကြည်ရသည်။ ပါကစ္စတန်သည် ၎င်းအစိတ်အပိုင်းအား တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ဖွယ်ရှိသည်ဟု မီဒီယာသတင်းရင်းမြစ်များက ခန့်မှန်းပြောဆိုခဲ့ကြသည်။



*—Ref: RIA Novosti*

# ဆီးရီးယားသမ္မတနှင့် ခေါင်းဆောင်များအပေါ် ပိတ်ဆို့တားဆီးမှုများ အမေရိကန် ချမှတ်

**ဝါရှင်တန်၊ မေ - ၁၉**

အစိုးရဆန့်ကျင်ဆန္ဒပြသူများအပေါ် အကြမ်းဖက်နှိမ်နင်းမှုများကို ဆီးရီးယား အစိုးရက ရပ်တန့်ရေး အိမ်ဖြူတော်က ဖိအားပေးရန်ကြိုးပမ်းနေစဉ်မှာပင် အမေရိကန်နိုင်ငံက ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်နှင့် အခြားအစိုးရထိပ်တန်းခေါင်းဆောင်ခြောက်ဦးအပေါ် ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့တားဆီးမှုများချမှတ်လိုက်ကြောင်း သိရသည်။

ဆီးရီးယားအစိုးရ၏ နှစ်လကြာနှိမ်နင်းမှုများကြောင့် အရပ်သားရာနှင့်ချီ၍ သေဆုံးခဲ့ပြီး ထောင်နှင့်ချီသော လူများကို ထောင်သွင်းအကျဉ်းချခဲ့ခြင်းအတွက် သမ္မတအာဆတ်အပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများ စွပ်စွဲထားသည့် ပြစ်ဒဏ်ချမှတ်ခြင်း အမိန့်ကြေညာစာကို ကန်သမ္မတ ဘားရက်အိုဘားမားက အတည်ပြုပေးခဲ့သည်။

ဆီးရီးယားနိုင်ငံတွင်လည်း ယမန်နေ့ညက ကန့်ကွက်ဆန္ဒပြမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်ခဲ့ကြောင်းနှင့် ယင်းမှာအတိုက်အခံများသည် အာဆတ်အပေါ် နိုင်ငံတကာ၏ဖိအားပေးမှုများကြောင့် ပို၍အားတက်လာသည်ကို ညွှန်ပြနေကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းမှာ ရက်သတ္တပတ်သုံးပတ်အတွင်း ဆီးရီးယားနိုင်ငံအပေါ် ဒုတိယအကြိမ်မြောက် ပိတ်ဆို့တားဆီးမှုများ ချမှတ်ခြင်းဖြစ်ပြီး သမ္မတအာဆတ်အပေါ် ပထမဦးဆုံး ပစ်မှတ်ထားချမှတ်ခြင်းဖြစ်သည်။

အိမ်ဖြူတော်သည် ဆီးရီးယားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို တုံ့ပြန်ခြင်းဖြစ်ကြောင်း၊ ဆီးရီးယားနိုင်ငံရှိအနည်းဆုံးမြို့ကြီးနှစ်မြို့တွင် လက်နက်ကိုင်ဆောင်မထားသည့် ဆန္ဒပြသူများအပေါ် သံချပ်ကာယာဉ်များဖြင့် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း ပိတ်ဆို့တားဆီးမှုများ ပြင်ဆင်ရာတွင် ပါဝင်ခဲ့သည့် ကန်အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောကြားသည်။

*—Ref: Washinton Post*



7 DAY NEWS JOURNAL
Vol.10, No.10 • MAY 26, 2011

# လေကြောင်းတိုက်ခိုက်မှုများရပ်တန့်ပါက ကုလဆုံးဖြတ်ချက်များ လစ်ဗျား လိုက်နာမည်ဟုဆို

**မော်စကို၊ မေ - ၁၇**

နေတိုးက လေကြောင်းတိုက်ခိုက်မှုများ အဆုံးသတ်၍ သူပုန်များကလည်း ရန်လိုမှုများ အဆုံးသတ်ပါက လစ်ဗျားနိုင်ငံသည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို လိုက်နာရန် အသင့်ရှိနေကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဆာဂျီလက်ဗ်ရော့က ပြောကြားသည်။



လစ်ဗျားကိုယ်စားလှယ် ဒေါက်တာမိုဟာမက်အာမက် အယ်လ်ရှာရစ်ဖ်နှင့်မော်စကိုမြို့တွင်တွေ့ဆုံခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ ဒေါက်တာအယ်လ်ရှာရစ်ဖ်သည် World Islamic Call Society ၏ အတွင်းရေးမှူးချုပ်ဖြစ်ပြီး လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီ၏ ပုဂ္ဂိုလ်ရေးရာ ကိုယ်စားလှယ်ဖြစ်သည်ဟု အချို့မီဒီယာသတင်းများကဆိုသည်။

ရုရှားသည် ထရီပိုလီအစိုးရနှင့် အတိုက်အခံများကြား ကြားဝင်ညှိနှိုင်းပေးသည့် အခန်းကဏ္ဍကိုဝင်ယူခြင်း မဟုတ်ကြောင်း ဆာဂျီလက်ဗ်ရော့က ပြောကြားပြီးထိုအစား ကုလသမဂ္ဂနှင့် အာဖရိကသမဂ္ဂတို့၏ကြားဝင်ညှိနှိုင်းရေးကြိုးပမ်းမှုများကို ထောက်ခံခြင်းဟု ဆာဂျီလက်ဗ်ရော့က ပြောကြားသည်။

"ထရီပိုလီ (လစ်ဗျားအစိုးရ) ဟာအာဖရိကသမဂ္ဂရဲ့လမ်းကြောင်းပြမြေပုံကို အခြေခံတဲ့ချဉ်းကပ်မှုတွေကိုစဉ်းစားပြီး ကုလဆုံးဖြတ်ချက် (၁၉၇၃) ပါအချက်တွေကို လိုက်နာဖို့ အသင့်ဖြစ်နေပြီလို့ ကျွန်တော်တို့ကို ပြောပါတယ်" ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့က ပြောသည်။

"တစ်ခုရှိတာကတော့ သူပုန်တွေကလည်း အလားတူလုပ်ဆောင်ပြီး နေတိုးကလည်း လေကြောင်းတိုက်ခိုက်မှုတွေကို ရပ်တန့်မယ်ဆိုရင်ပေါ့" ဟုၚင်းက ဆက်လက်ပြောကြားသည်။

မတ်လ ၁၇ ရက်တွင် လုံခြုံရေးကောင်စီက ချမှတ်ခဲ့သောဆုံးဖြတ်ချက်၌ လစ်ဗျားနိုင်ငံပေါ်တွင် လေယာဉ်မပျံသန်းရဇုန်သတ်မှတ်ရန်နှင့် ကဒါဖီတပ်ဖွဲ့များက အရပ်သားများအားတိုက်ခိုက်ခြင်းမှ ကာကွယ်ရန် လိုအပ်သည့်အရေးယူမှုများ ပြုလုပ်ရေးကိုခွင့်ပြုထားသည်။

*—Ref: RIA Novosti*

# အိုင်အမ်အက်ဖ်အကြီးအကဲ နုတ်ထွက်

**နယူးယောက်၊ မေ - ၁၈**

ဟိုတယ်ဝန်ထမ်း အမျိုးသမီးတစ်ဦးအား နယူးယောက်မြို့တွင် လိင်ပိုင်းဆိုင်ရာ စော်ကားမှုပြုလုပ်ခဲ့သည်ဟု စွဲချက်တင်ခံရပြီးနောက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲ ဒိုမီနစ်စထရောက်ခန်က ရာထူးမှနုတ်ထွက်ရန် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။

ရာထူးမှချက်ချင်းလက်ငင်း ဆင်းပေးရန် ၎င်း၏ ရည်ရွယ်ချက်ကိုအိုင်အမ်အက်ဖ်၏ အမှုဆောင်အရာရှိများ ဘုတ်အဖွဲ့ထံသို့ အသိပေးထားပြီဖြစ်ကြောင်း မစ္စတာစထရောက်ခန် (၆၂ နှစ်)က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

၎င်းအားစွဲဆိုထားသည့် ရာဇဝတ်မှုစွဲချက်များကိုလည်း မစ္စတာစထရောက်ခန်က ထပ်မံ၍ အခိုင်အမာငြင်းဆိုခဲ့သည်။ နယူးယောက်မြို့ ရစ်ကာကျွန်းအကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသည့် မစ္စတာစထရောက်ခန်သည် အာမခံပေးရန် ထပ်မံ၍ အယူခံဝင်ဖွယ်ရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အကြီးအကဲသစ်ရွေးချယ်ရေးအစီအစဉ်ကို မကြာမီရက် အနည်းငယ်အတွင်း အသိပေးကြေညာသွားမည်ဟု အိုင်အမ်အက်ဖ်ကပြောကြားသည်။ မစ္စတာစထရောက်ခန်ဖမ်းဆီးခံရပြီးနောက် ၎င်း၏နေရာကို အိုင်အမ်အက်ဖ်၏ ဒုတိယအကြီးအကဲ ဂျွန်လစ်စကီက ယာယီတာဝန်ယူထားသည်။

အသက် ၃၂ နှစ်အရွယ် ဟိုတယ်ဝန်ထမ်းအမျိုးသမီးအား လိင်ပိုင်းဆိုင်ရာစော်ကားမှုဖြင့် မစ္စတာစထရောက်ခန်အပေါ် စွဲဆိုထားသည့် ပြစ်မှုများတွင် ရာဇဝတ်မှုမြောက်သည့် လိင်မှုရေးရာပြုမူခြင်း၊ မုဒိမ်းကျင့်ရန်ကြိုးပမ်းမှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ တရားမဝင် ချုပ်နှောင်ထားမှု၊ အတင်းအကျပ် ကိုင်တွယ်ထိတွေ့ခြင်းဆိုသည့် စွဲချက်များပါဝင်နေကြောင်း သိရသည်။

မေလ ၁၇ ရက် တရားရုံးကြားနာမှုတွင် တရားသူကြီးက ကန်ဒေါ်လာတစ်သန်းအာမခံတင်ခြင်းကို ငြင်းပယ်ခဲ့သည်။

*—Ref: BBC*



7 DAY NEWS JOURNAL

# International

Vol.10, No.10 · MAY 26, 2011



## အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအစီအစဉ်ကို အိုဘားမား ကာကွယ်ပြောဆို

ဝါရှင်တန်၊ မေ - ၂၃

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အစ္စရေးနှင့် ပါလက်စတိုင်း ငြိမ်းချမ်းရေး သဘောတူညီချက်အတွက် ၎င်းချပြခဲ့သည်များကို အင်တိုက်အားတိုက် ကာကွယ်ပြောဆိုရင်း အစ္စရေးနိုင်ငံအပေါ် ထောက်ခံသူများကိုလည်း ပါလက်စတိုင်းတို့နှင့် ဆွေးနွေးပွဲများ လိပ်ခဲတည်းလည်းဖြစ်နေခြင်းမှ ထွက်ပေါ်လာနိုင်သည့် အန္တရာယ်များကို သတိပေးပြောကြားခဲ့ကြောင်းသိရသည်။

လွန်ခဲ့သောနှစ်ရက်က အိုဘားမားပြောကြားခဲ့သော မိန့်ခွန်းတွင် ချပြထားသည့်အခြေခံအချက်များ၌ ၎င်းဖန်တီးခဲ့သည့် အချက်များ မပါဝင်ကြောင်း အစ္စရေးအားလိုလားသည့် သြဇာကြီးမားသော AIPAC အဖွဲ့ဝင်များသို့ ပြောကြားသည့်မိန့်ခွန်းတွင် အိုဘားမားက ထည့်သွင်း ပြောကြားခဲ့သည်။

စာ(၄၅)သို့

## ယီမင်အာဏာ လွှဲပြောင်းရေး အစီအစဉ်ပျက်ပြား

ဆာနား၊ မေ - ၂၃

အနောက်တိုင်းနှင့် ပင်လယ်ကွေ့ သံတမန်များသည် ရာထူးမှ ဂုဏ်သိက္ခာရှိရှိ ဆင်းပေးရေး သဘောတူညီချက်ကို လက်မှတ်ထိုးရန် ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလေးအား စည်းရုံးသိမ်းသွင်းခြင်း မပြုနိုင်ခဲ့ကြောင်း သံတမန်များက ပြောကြားသည်။

စာ(၄၅)သို့

## ပါကစတန် စစ်အခြေစိုက်စခန်း တိုက်ခိုက်ခံရ

ကရာချိ၊ မေ - ၂၃

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ ရေတပ်နှင့် လေတပ် အဓိက စစ်အခြေစိုက်စခန်းကြီးတစ်ခုအား စစ်သွေးကြွများက မေလ ၂၂ရက် ညပိုင်းတွင်ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး တိုက်ခိုက်မှုများမှာ မေလ ၂၃ ရက်အထိ ဆက်လက်ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ကရာချိစစ်အခြေစိုက်စခန်းတွင် ဖြစ်ပေါ်ခဲ့သည့် ငါးနာရီကြာမြင့်ခဲ့သောတိုက်ခိုက်မှုများကြောင့် အနည်းဆုံး စစ်ဘက်တပ်ဖွဲ့ဝင်ငါးဦးသေဆုံးသွားကြောင်း ပါကစ္စတန်သတင်းစာ သည်အိပ်စပရက်ထရီဗြူန်းကဖော်ပြသည်။

စာ(၄၅)သို့

## ထိပ်တန်း အီးယူသံတမန် လစ်ဗျားနိုင်ငံတွင် သူပုန်များနှင့်တွေ့ဆုံ

ဘင်ဂါဇီ၊ မေ - ၂၃

ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးမူဝါဒအကြီးအကဲသည် လစ်ဗျားသူပုန်များနှင့် တရားဝင်အဆက်အသွယ်ပြုလုပ်ရန် လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့သို့ မေလ ၂၂ရက်က လေကြောင်းခရီးဖြင့် ရောက်ရှိလာကြောင်းသိရသည်။ ထိုအတောအတွင်း သူပုန်များ ထိန်းချုပ်ထားသောမြို့တစ်မြို့တွင်လည်း ဗုံးကျည်များ ကျရောက် ပေါက်ကွဲခဲ့သည်။



ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးမူဝါဒကော်မစ်ရှင်နာ ကက်သရင်း အက်ရှ်တန်သည် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးရုံးဖွင့်ရန် ဘင်ဂါဇီမြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း အတိုက်အခံအဖွဲ့၏ အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီကပြောကြားသည်။

"အီးယူရုံးဖွင့်လှစ်လိုက်တာဟာ လစ်ဗျားပြည်သူတွေအတွက် ကျွန်မတို့ရဲ့ မယိမ်းမယိုင် ထောက်ခံမှုကို ပြသလိုက်တာပဲဖြစ်ပါတယ်။ အီးယူက (ထောက်ခံမှုကို) အပြောတင်မဟုတ်ဘဲ လက်တွေ့အကောင်အထည်ဖော်လိုက်တာဖြစ်ပါတယ်"ဟု မစ္စအက်ရှ်တန်အား ကိုးကား၍ ကူးပြောင်းရေးကောင်စီကပြောကြားသည်။

အာဏာရှင်ကဒါဖီအနေဖြင့် ရာထူးမှ နုတ်ထွက်ပေးရန် မစ္စအက်ရှ်တန်က ထပ်မံတောင်းဆိုခဲ့သည်။ ၎င်းသည် အီးယူအဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံကို ကိုယ်စားပြုလာရောက်၍ ဘင်ဂါဇီမြို့မှ လူများနှင့် လစ်ဗျားပြည်သူများအပေါ် ထောက်ခံမှုပြသခြင်းဖြစ်ပြီး ၎င်းတို့ကို ရေရှည်ထောက်ခံသွားမည်ဖြစ်ကြောင်းပြောကြားသည်။

လစ်ဗျား အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီအား တရားဝင် လစ်ဗျားအစိုးရအဖြစ် အသိအမှတ်ပြုရေးမှာမူ အီးယူ၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းအနေဖြင့် ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒ အကြီးအကဲက ပြောကြားသည်။

—*Ref: UPI*


### Interview



**အယ်လ်ကိုင်ဒါအုပ်စုဟာ အခက်ခဲဆုံးအချိန်တွေ ရင်ဆိုင်နေရပါတယ်**

စာ- ၄၆

### News Analysis



**ရွှေဆိုမှ ရွှေ သယံဇာတလေ**

စာ- ၃၆

